

7Day Daily သတင်းစာ ဝိုင်းတော်သားများက တင်ဆက်ထားသော အထူးအချပ်ပို ၁၆ မျက်နှာကို မေတ္တာလက်ဆောင် ထည့်သွင်းပေးထားပါသည်



၇ ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
http://www.7daynewsjournal.com



TRI
LIVES BRILLIANTLY



အတွဲ(၁၂)၊ အမှတ်(၃၈) ၂၀၀၂ ဓတ် ၇ တွင် စတင်ထုတ်ဝေသည် ၁၃၇၅ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက် ၊ ဗုဒ္ဓဟူး ၊ (နိုဝင်ဘာ ၂၈ ၊ ၂၀၁၃)


# မြန်မာပြည်တွင် ပုဂ္ဂလိကပိုင်ပြုခြင်း(သို့မဟုတ်)ကွက်ကျားမိုးရွာခြင်း

**ထွန်းခိုင်၊ မိုးညို**

တိုကျို၊ ဟောင်ကောင်၊ စင်ကာပူ အစရှိသည့်အာရှထိပ်တန်းစီးပွားရေးမြို့တော်များထက်မြေဈေးကြီးသည်ဟု နိုင်ငံတကာစီးပွားရေးသမားများ ညည်းညူလေ့ရှိသည့်ရန်ကုန်မြို့တော်တွင်ဈေးချိုချိုနှင့်ရနိုင်သည့် မြေနေရာများရှိပါသည်။

မြန်မာနိုင်ငံ၏ မြို့တော်အဖြစ်မှ အဆင့်လျော့ကျခဲ့သော်လည်း စီးပွားရေးမြို့တော်အဖြစ်ဆက်လက်ရှိနေသည့် ရန်ကုန်၏အချက်အချာနေရာများကို အမှန်တကယ်ပေါက်ဈေးထက် အဆတစ်ရာခန့်လျော့နည်းသည့်ဈေးဖြင့်ရနိုင်သော နည်းလမ်းအချို့လည်းရှိသည်။

သို့သော်ထိုအခွင့်အရေးကို လူတိုင်းအတွက်တော့မဟုတ်ပါ။

စစ်အစိုးရခေါင်းဆောင်များက ၎င်းတို့အရပ်ဝတ်မလဲမီလပိုင်းအချိန်အထိ ပုဂ္ဂလိကပိုင်ပြုလုပ်ရေးခေါင်းစဉ်အောက်တွင်နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းအချို့ကို ၎င်းတို့နှင့် နီးစပ်သူများ၊ ၎င်းတို့ကိုယ်တိုင်ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ထားသည့်လုပ်ငန်းများထံသို့ ဈေးချိုချိုနှင့် လွှဲပြောင်းပေးခဲ့သည်။ စာမျက်နှာ ၃ ››

## အစိုးရနှင့်လွှတ်တော်ကြားက လစာဒိုင်ဘိတ်

**အေးသူစံ**

လွှတ်တော်ကိုယ်စားလှယ်များ၏ လစာနှင့် နေ့တွက်စရိတ်များ နှစ်ဆတိုးမြှင့်သင့်ပြီး အစိုးရအဖွဲ့ဝန်ကြီးများနှင့် အဆင့်တူဖြစ်သင့်ကြောင်း အမျိုးသားလွှတ်တော်တွင် နိုဝင်ဘာလဆန်းပိုင်းက ဆွေးနွေးသွားရာ အစိုးရအဖွဲ့ဝင်အချို့နှင့် အစိုးရဝန်ထမ်းအချို့က ယင်းအဆိုအပေါ် စိုးရိမ်ပူပန်မှုများ ဖြစ်ပေါ်လာသည်။

ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို တစ်လလျှင် သုံးသိန်းအစား ခြောက်သိန်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များကိုတစ်လလျှင် နှစ်သိန်းအစား လေးသိန်းနှင့် နေ့တွက်စရိတ်များကို တစ်နေ့လျှင် တစ်သောင်းအစား နှစ်သောင်း တိုးမြှင့်သင့်ကြောင်း အမျိုးသားလွှတ်တော်တွင် နိုဝင်ဘာ ၇ ရက်က ဆွေးနွေးခဲ့ခြင်းဖြစ်သည်။

အချပ်ပို IV ››

## ဆီးဂိမ်းဘောလုံးပြိုင်ပွဲ တာဝန်ရှိသူများ မစွက်ဖက်ရန် ဦးဇော်ဇော် ပြောကြား

စာမျက်နှာ ၈ ››




ရန်ကုန်မြို့တွင် ငြိမ်းချမ်းရေးအတွက် ဆန္ဒဖော်ထုတ်နေကြသူများ ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

## မြန်မာနိုင်ငံမှ တက်ကြွလှုပ်ရှားသူများ

**ရန်မျိုးနိုင်၊ ပြည်သိမ်း**

ဖိနှိပ်ချုပ်ချယ်မှုဆိုသော အမှောင်ကန့်လန့်ကာကြီးကို ရဲဝံ့စွာ စတင်ဖယ်ရှားပေးခဲ့သူများသည် တက်ကြွလှုပ်ရှားသူများ (activist)ပင်ဖြစ်ကြောင်း နိုင်ငံရေးအဆိုအမိန့် တစ်ရပ်ရှိသည်။ အချပ်ပို III ››

အာရှကိုပြုပြင်ပုံဖော်ရန် မြန်မာ့ငြိမ်းချမ်းရေးကိုကူညီကြပါ စာမျက်နှာ ၂၃ ››

## လူဦးရေ၏ ၉၉ ရာခိုင်နှုန်း အခွန်မဆောင်သောအခါ

**အိဖြူလွင်**

မြန်မာနိုင်ငံတွင် လူဦးရေ သန်း ၆၀ ကျော်ရှိသည်ဆိုသော်လည်း လက်ရှိတစ်ဦးချင်းအခွန်ပေးဆောင်မှုတွင် တစ်ရာခိုင်နှုန်းပင်မပြည့်ခြင်းကြောင့် မြန်မာနိုင်ငံ၏ အခွန်စနစ်တွင် မည်ကဲ့သို့ မှားယွင်းနေသလဲဟု မေးခွန်းထုတ်စရာဖြစ်နေသည်။

"ကျွန်တော်သာ သာမန်စီးပွားရေးလုပ်ငန်းရှင်တစ်ယောက်ဆိုရင် ကျွန်တော်လည်း အခွန်ဆောင်ဖြစ်မှာ မဟုတ်ဘူး။ ဘာလို့လဲဆိုတော့ ဘာမှမထူးဘူးလေ။ ရင်းနှီးငွေနည်းသွားတာပဲရှိမှာ" ထိုသို့ ပြောကြားလိုက်သူမှာ . . . အချပ်ပို V ››

## ၅၆၀၀ အိပ်မက်

**အေးမြတ်သူ**

ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့မှ မိုးမလုံသော နေအိမ်လေးကို သုံးနှစ်အတွင်း ပြုပြင်ရန် ရည်ရွယ်ချက်ဖြင့် ၂၀၀၇ နှစ်ကုန်ပိုင်းမှစ၍ အသက် ၂၂ နှစ်အရွယ် သိန်းကျော်ဦးတစ်ယောက် ရန်ကုန်မြို့သို့ အလုပ်လုပ်ကိုင်ရန် ထွက်လာခဲ့သည်။ သို့သော် သူ၏ ရည်ရွယ်ချက်မှာ လက်ရှိအချိန်ထိ အကောင်အထည်မပေါ်သေးပါ။

စာမျက်နှာ ၇ ››

အင်တာဗျူး

"အရင်တုန်းကလည်း ရှိခဲ့ပြီးသား။ ဒါဘာမှလည်း ခက်တာမဟုတ်ပါဘူး။ ဒါ ဖက်ဒရယ်တပ်မတော်ပဲလေ။ တစ်ယောက်နဲ့တစ်ယောက် အဓိပ္ပာယ်မဖွင့်ဘဲနဲ့ ကြောက်နေကြတာ

ဦးအောင်မင်းနှင့် တွေ့ဆုံခြင်း

စာမျက်နှာ ၂၀ ››








လျှော်ဖွပ်ရခက်တဲ့ အစွန်းအထင်းဆိုတာ
ပြဿနာမဟုတ်ပါ။
အဖြေက ဒီမှာ... အိုမို ဆပ်ပြာမှုန့်
Remove Stains in 1 Scrub*
OMO
Powder Detergent
အစွန်းအထင်းများကို
ပြိုင်ဘက်မရှိ ဖယ်ရှားပေးသည်

7 DAY NEWS JOURNAL
Vol.12, No.38 • NOVEMBER 27 , 2013

မျက်နှာဖုံးမှ

# မြန်မာပြည်တွင် ပုဂ္ဂလိကပိုင်ပြုခြင်း(သို့မဟုတ်)ကွက်ကျားမိုးရွာခြင်း

စစ်အစိုးရ၏ ဆယ်စုနှစ်နှစ်ခုကျော်ကြာ ကာလတွင် မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်သည် ပုဂ္ဂလိကပိုင်ပြုလုပ်ရေး ခေါင်းစဉ်အောက်တွင် အစိုးရ၏မျက်နှာသာပေးမှုများ ထပ်မံရရှိခဲ့ပြန်သည်။

၂၀၁၁ခုနှစ်အတွင်းကလယ်ယာ စိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနနောက်ရှိအမှတ်(၁၁)၊ သကြားစက်(အင်ငါးခွ)ကို ဦးပိုင်သို့အပြီးပြတ်ရောင်းချရာတွင်စက်ရုံ၏ မြေတန်ဖိုး ၂၅ရာခိုင်နှုန်းကို လျှော့နည်းသက်သာခွင့်ပေးရန် အစိုးရက ဆုံးဖြတ်ခဲ့သည်။

ထိုမျှမကသေး ရန်ကုန်မြို့၏ အထင်ကရနေရာဖြစ်သည့် ကမ်းနားလမ်းရှိ အမှတ်(၅၃)ခြောက်ထပ်ရုံးအဆောက်အအုံကိုကျပ်ငွေ ၁၂၇၇၇သန်းကျော်ဖြင့် ၂၀၀၈ ခုနှစ်က မြန်မာနိုင်ငံစီးပွားရေးဦးပိုင်လီမိတက်ကိုလွှဲပြောင်းပေးခဲ့သည်။ အဆိုပါ ပမာဏသည် ယင်းနေရာတစ်ဝိုက်ရှိမြေညီထပ်တိုက်ခန်း ၂၁ခန်းဝယ်လျှင်ကုန်ကျမည့်ပမာဏမျှသာရှိသည်။

သည်ထက်အံ့သြဖွယ်ကောင်းသည့် ဈေးနှုန်းများနှင့် မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်က မြေနေရာများရရှိခဲ့သည်များလည်း ရှိသည်။

တက္ကသိုလ်ရိပ်သာလမ်း ရှိ ကျပ်သိန်းသောင်းချီတန်သည့် မြေနေရာကို ကျပ်သိန်း ၉၆၀ နီးပါးဖြင့် မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်ကို စက်သုံးဆီဆိုင်ဖွင့်ခွင့်ပြုခဲ့သည်။ ယင်းဈေးနှုန်းသည် မြို့စွန်ရပ်ကွက်များရှိ အချက်အချာလမ်းမများတွင်ပင် အဆိုပါမြေအကျယ်အဝန်းလောက်ကိုရနိုင်ရန် ခက်ခဲသည့်ဈေးနှုန်းဖြစ်သည်။

ပို့ဆောင်ရေးဝန်ကြီးဌာနပိုင် မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းကို မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်က ၂၀၁၀ပြည့်နှစ်က လွှဲပြောင်းရယူရာတွင်လည်း အငြိမ်းစားဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ အကူအညီများ ပါဝင်ကြောင်း နီးစပ်သည့်အသိုင်းအဝိုင်းကပြောသည်။

ပုဂ္ဂလိကပိုင်ပြုလုပ်ရေး ခေါင်းစဉ်အောက်တွင် စစ်ဗိုလ်ချုပ်ကြီးများက မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်တစ်ခုတည်းကို ကွက်ကျားမိုးရွာကာအခွင့်အရေးပိုပေးခဲ့ခြင်းတော့မဟုတ်။ သူတို့ရင်းနှီးမြှုပ်နှံမှုပြုထားသည့်လုပ်ငန်းများ၊ သူတို့နှင့်ဖက်လှဲတကင်းနေထိုင်သူများ၏ လုပ်ငန်းများကိုပါ ပုဂ္ဂလိကပိုင်ပြုလုပ်ရေး ခေါင်းစဉ်အောက်တွင် ကြည့်ရှုစောင့်ရှောက်မှုများရှိခဲ့သည်။

အစိုးရနှင့်နီးစပ်သည့်လုပ်ငန်းရှင်များကို ၂၀၁၀မတ်လတွင် အစိုးရက စက်သုံးဆီဆိုင် ၂၅၀နီးပါးအစိုးရက သူနှင့်နီးစပ်သူများကို မယုံနိုင်စရာဈေးနှုန်းများဖြင့် ပုဂ္ဂလိကပိုင်ပြုလုပ်ရေး ခေါင်းစဉ်အောက်တွင် လက်လွှဲပေးခဲ့သည်။

တပ်မတော်ပိုင်မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်၊ အာဏာရပါတီဖြစ်လာမည့်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၊ ဦးတေဇ၏ ထူးဒရေးဒင်း၊ ဦးဇော်ဇော်၏ မက်စ်မြန်မာ၊ ဒေါက်တာစိုင်းဆမ်ထွန်း၏ လွယ်ဟိန်းကုမ္ပဏီ၊ ဦးအိုက်ထွန်း၏ ရွှေတောင်ကုမ္ပဏီအပါအဝင် အစိုးရနှင့်ဆက်ဆံရေးကောင်းခဲ့သူများကို အဆိုပါစက်သုံးဆီဆိုင်များကိုအဆပေါင်းများစွာလျှော့နည်းစွာဖြင့်ပေးခဲ့သည့်အတွက်ဝေဖန်ပြစ်တင်မှုများလည်းရှိခဲ့သည်။

“ဦးသန်းရွှေလက်ထက်က ဆီဆိုင် ၂၄၇ဆိုင်ကိုနှစ်ပဲခြောက်ပြားနဲ့ ရောင်းစားခဲ့လို့နိုင်ငံတော်မှာ နစ်နာခဲ့တဲ့သာဓကတွေရှိခဲ့တယ်”ဟု အစိုးရနှင့်လုပ်ငန်းရှင်များ၏ လက်သိပ်ထိုးရောင်းချသည့်ပေါ်လစီအပေါ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးဖုန်းမြင့်အောင်ကဝေဖန်သည်။

အစိုးရချုပ်ကိုင်ထားသည့် လုပ်ငန်းများကို ပုဂ္ဂလိကသို့ လွှဲပြောင်းစေခြင်းဖြင့်နိုင်ငံစီးပွားရေးတစ်စုံတရာအထောက်အကူပြုနိုင်သည်ဆိုသည့် ပညာရှင်တချို့၏ သုံးသပ်မှုများလည်း သည်တစ်ခေါက်တွင်တော့မှားခဲ့ရသည်။ လွန်စွာမှနည်းသည့်ဈေးဖြင့်လုပ်ကိုင်ခွင့်ရသည့် ပုဂ္ဂလိကဆီဆိုင်များထံမှ ဒေသတွင်းနိုင်ငံများထက်မလျှော့သည့်ဈေးနှုန်းဖြင့်ပင် ပြည်သူများက ဝယ်ယူသုံးစွဲနေခဲ့ရသည်။ ပိုပိုသာသာအနေဖြင့် အချိန်အတွယ်မပြည့်မှုများကိုပင် ခံစားခဲ့ရသည်။

တက်ကြွလှုပ်ရှားသူများ၊ ၎င်းတို့လယ်ယာမြေများပြန်ရရန်ကြိုးပမ်းသည့်လယ်သမားများကို မဆိုင်းမတွ တရားစွဲဆိုလေ့ရှိသည့် အစိုးရကသည်တစ်ကြိမ်တွင်တော့ ၎င်းတို့လုပ်ပိုင်ခွင့်ချပေးထားသည့်လုပ်ငန်းရှင်များကို ထိရောက်သည့်အရေးယူမှုမပြုခဲ့ဘဲ သတိပေးသည့်အဆင့်သာပြုလုပ်ခဲ့သည်။

“အခုဖြစ်နေတာတွေက ယုံကြည်လို့ အပ်နှံတာကိုပြည်သူဆီက အလွဲသုံးစားလုပ်နေတာနဲ့အတူတူပဲ”ဟု ဘဏ္ဍာရေးဝန်ကြီးဌာနတွင် နှစ်ပေါင်းများစွာတာဝန်ထမ်းဆောင်ခဲ့သူစီးပွားရေးပညာရှင်ဦးလှမောင်ကဝေဖန်သည်။

လွန်ခဲ့သည့်နှစ်ပေါင်းငါးဆယ်ကျော်က အာရှ၏ ဖွံ့ဖြိုးတိုးတက်ရန်အလားအလာအကောင်းဆုံးအခြေအနေတွင်ရှိခဲ့သည့် မြန်မာနိုင်ငံသည် ပုဂ္ဂလိကပိုင်စီးပွားရေးလုပ်ငန်းများကို ပြည်သူပိုင်သိမ်းရာမှ အစပြုပြီးအာရှ၏ အဆင်းရဲဆုံးအဖြစ်ကျဆင်းလာခဲ့ရသည်။ စီးပွားရေးအောက်ကျနောက်ကျခဲ့မှုမှ ရုန်းထွက်ရန်နောက်တစ်ကြိမ်အခွင့်အရေးရနေသည့်မြန်မာနိုင်ငံအတွက် ပုဂ္ဂလိကပိုင်ပြုလုပ်ရေးလုပ်ငန်းကကိုင်တွယ်ဖြေရှင်းသူများကို လိုက်ပြီးအကျိုးရောအပြစ်ပါဖြစ်လာနိုင်ကြောင်း 7Day ကမေးမြန်းခဲ့သည့် စီးပွားရေးပညာရှင်များက ပြောသည်။

“ပုဂ္ဂလိကပိုင်ပြုလုပ်ရေးက လုပ်ကို လုပ်သင့်တဲ့အရာ။ လုပ်နည်းကိုင်နည်းမှားရင်တော့အဆင်မပြေနိုင်ဘူး။ ကိုယ့်ဘေးနားက နိုင်ငံတွေမှာ ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကိုအသုံးချပြီး နိုင်ငံရဲ့စီးပွားရေးကိုကမ္ဘာမှာ ထိပ်တန်းစာရင်းဝင်သွားခဲ့တယ်” ဟု ဦးလှမောင်က ပြောသည်။

ပုဂ္ဂလိကပိုင်ပြုလုပ်ရေးတွင် အစိုးရနှင့် နီးစပ်သူများကိုသာ ရွေးချယ်ပေးခြင်းသည် လုံးဝမှားယွင်းသည့်တွေးခေါ်မှုများဖြစ်ကြောင်း ၎င်းကပြောသည်။ အမှန်တကယ်လုပ်ကိုင်သည့်လုပ်ငန်းရှင်များကို ချထားပေးပြီးအသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများကိုဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ပေးခြင်းဖြင့် နိုင်ငံ၏စီးပွားရေးကို တိုးတက်အောင် လုပ်ဆောင်နိုင်ကြောင်း ၎င်းကအကြံပြုသည်။

နအဖ အစိုးရမှ ဦးသိန်းစိန်အစိုးရသို့ အာဏာမလွှဲပြောင်းမီ ၂၀၀၈ခုနှစ်ဝန်းကျင် အစိုးရသစ်လက်ထက်ထိ ပုဂ္ဂလိကပိုင်ပြုလုပ်မှုများ အများဆုံးပြုလုပ်ခဲ့သည့် မြေ၊ စီးပွားရေးလုပ်ငန်း၊ စက်ရုံ၊ ဆီဆိုင်မှသည်ဖမ်းဆီးထားသောလိုင်စင်မဲ့ကားများထိ ပုဂ္ဂလိကသို့ လွှဲပြောင်းရောင်းချခဲ့သည်။ သို့သော် ဗိုလ်ချုပ်များ၊ ဝန်ကြီးများ၏ မိသားစုဝင်များ၊ အာဏာရှိသူနှင့် နီးစပ်သော၊ရင်းနှီးသောလုပ်ငန်းရှင်ကြီးများသာ လုပ်ခွင့်ရကြသည်။ ထို့ကြောင့် ၎င်းတို့ချမ်းသာသည်ထက် ချမ်းသာသွားကြသည်။

ပုဂ္ဂလိကပိုင်ပြုလုပ်ရေး ခေါင်းစဉ်အောက်တွင်နအဖအစိုးရသည် ပွင့်လင်းမြင်သာမှု အနည်းဆုံးဖြစ်ခဲ့ပြီး ယခုအစိုးရလက်ထက်တွင်အတော်အတန်ပွင့်လင်းလာကြောင်း ပုဂ္ဂလိကပိုင်ပြုလုပ်ရေးလေလံများတွင် ဝင်ရောက်ယှဉ်ပြိုင်သည့်လုပ်ငန်းရှင်များကပြောသည်။ သို့သော်လည်း ထောက်ပြဝေဖန်စရာများကရှိနေဆဲဖြစ်ကြောင်း ၎င်းတို့ကပြောသည်။

“တင်ဒါတောင်မကြေညာရသေးဘူး။ စီမံကိန်းဒဇိုင်းတောင်ထွက်နေတာတွေရှိတယ်”ဟု မြင့်မိုရ်မင်းဆောက်လုပ်ရေးကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာဦးမြင့်မောင်ကပြောပါသည်။

နိုင်ငံရေးပွင့်လင်းလာမှုနှင့် စီးပွားရေးပိတ်ဆို့မှုများ၊ ရုတ်သိမ်းမှုများကြောင့် ကမ္ဘာအရပ်ရပ်မှ ရင်းနှီးမြှုပ်နှံသူများမြန်မာနိုင်ငံသို့အပြေးတစ်ပိုင်းရောက်ရှိလာခဲ့ပြီဖြစ်သည်။ ပြည်ပမှလာရောက်သူများရော ပြည်တွင်းရှိ လက်လုပ်လက်စားများရောလက်လှမ်းမမီသည့်မြေဈေးနှုန်းများကို အစိုးရက လျှော့ဈေးဖြင့် ချထားပေးမှုများရှိခဲ့သည်။

သို့သော်လည်း ထိုအစီအစဉ်က အားလုံးအတွက်တော့ မဟုတ်ခဲ့ပါ။



# ဆက်သွယ်ရေးလုပ်ငန်းနဲ့အတူ ဘဝတက်လမ်းကြောင်းကို မြှင့်တင်လိုက်ပါ

မိမိဘဝတက်လမ်းကိုမြှင့်တင်ဖို့ တစ်နေ့တစ်ခြား များပြားလာတဲ့ အူရီးဒူးမြန်မာ မိသားစုဆီကို လာခဲ့ပါ။



ooredoo

အူရီးဒူးမြန်မာအနေနဲ့ ကိုယ့်ဝန်ထမ်းတွေအားလုံးကို တန်ဖိုးထားပါတယ်။ ဒါကြောင့် အူရီးဒူးမြန်မာရဲ့ဝန်ထမ်းဆိုရင် လစာလည်းကောင်းစေရမယ်၊ အပိုဆုကြေးငွေလည်း ရစေရမယ်၊ အလုပ်မှာတိုးတက်စေဖို့ သင်တန်းတွေလည်း မပြတ်ပေးနေမယ်၊ ရုံးကလည်း ခေတ်မီပြီး ကျယ်ကျယ်ပြန့်ပြန့်ရှိမယ်၊ အလုပ်အကိုင်တက်လမ်းလည်း ကောင်းစေရမယ်၊ ပြီးတော့ ပျော်စရာကောင်းပြီးတက်ကြွတဲ့ ကမ္ဘာ့အရပ်ရပ်က လုပ်ဖော်ကိုင်ဖက်တွေနဲ့အတူတူလည်း လက်တွဲအလုပ်လုပ်ရမယ်။

## Recruitment Manager

### လုပ်ငန်းတာဝန်များ

- Ooredoo Myanmar ၏ဂုဏ်သတင်း(Employer brand)ကို တည်ဆောက်ပြီး ပြည်တွင်းရှိ ဝန်ထမ်းကောင်းများ စွဲဆောင်နိုင်ရန်နှင့် ဝန်ထမ်းများ ရှာဖွေစုဆောင်းရေး မဟာဗျူဟာကို ရေးဆွဲနိုင်ရမည်။
- သက်ရောက်မှုအားကောင်းသော ဝန်ထမ်းရှာဖွေစုဆောင်းရေး ဆောင်ရွက်ချက်များကို HR လုပ်ထုံးလုပ်နည်းများအတိုင်း ဆောင်ရွက်နိုင်ရမည်။
- ဝန်ထမ်းရှာဖွေရေးလုပ်ငန်းဆောင်တာများ၊ လူတွေ့စစ်ဆေးမှုများ၊ အထောက်အထားစိစစ်ခြင်းများနှင့် ညှိနှိုင်းမှုပြုလုပ်ခြင်းများ စသည့် ဝန်ထမ်းခေါ်ယူရေး လုပ်ငန်းစဉ်တစ်ခုလုံးကို ကောင်းစွာဦးဆောင်နိုင်ပြီး မိမိတို့လုပ်ငန်းနှင့် သင့်တော်သော လျှောက်ထားသူများအား လုပ်ငန်းခွင်ထဲသို့ခေါ်ယူခန့်ထားနိုင်ရေးအား ဆောင်ရွက်နိုင်ရမည်။
- တက္ကသိုလ်များ၊ ကျောင်းသား အခြေပြုအသင်းအဖွဲ့များနှင့် လူမှုအဖွဲ့အစည်းများအကြား ကောင်းမွန်သောဆက်ဆံရေးများကို အမြဲမပြတ်တည်ဆောက်ပြီး ကျွမ်းကျင်ဝန်ထမ်းကောင်းများကို ရှာဖွေကာ ခေါ်ယူခန့်ထားနိုင်အောင် စွမ်းဆောင်နိုင်ရမည်။

### လိုအပ်သောအရည်အချင်းများ

- သက်ဆိုင်ရာ ရာထူးတွင် အနည်းဆုံး လုပ်ငန်းအတွေ့အကြုံ (၆) နှစ်ရှိရမည်။
- ဝန်ထမ်းရှာဖွေစုဆောင်းရေးဆိုင်ရာ နည်းလမ်းကောင်းများကို ကျွမ်းကျင်စွာနားလည်ရမည်။
- လုပ်ငန်းခွင်အတွင်းရှိအခြေအနေအရပ်ရပ်ကို ကျွမ်းကျင်စွာကိုင်တွယ် သုံးသပ်နိုင်သော အရည်အချင်းရှိသူဖြစ်ရမည်။
- မြန်မာနှင့် အင်္ဂလိပ်ဘာသာရပ်များကို အရေးအသား၊ အပြောအဆို ကျွမ်းကျင်ပိုင်နိုင်ရမည်။
- စီးပွားရေးဆိုင်ရာဘွဲ့ (သို့မဟုတ်) သက်ဆိုင်ရာနယ်ပယ်တွင် လုပ်ငန်းအတွေ့အကြုံကောင်းများ ရှိသူဖြစ်ရမည်။
- Microsoft Office ကို ကျွမ်းကျင်စွာအသုံးပြုနိုင်သူဖြစ်ရမည်။

## HR Operations Manager

### လုပ်ငန်းတာဝန်များ

- HR လုပ်ငန်းဆောင်တာများအား ကုမ္ပဏီ၏ မဟာဗျူဟာ၊ အဖွဲ့အစည်းတွင်းရှိ လူမှုပတ်ဝန်းကျင်ပုံစံနှင့် ဝန်ထမ်းများအပေါ်ထားရှိသော တန်ဖိုးစံနှုန်းများနှင့်အညီ ဆောင်ရွက်ပြီး ၎င်းတို့နှင့် ကိုက်ညီသင့်တော်သော မူဝါဒများအား ချမှတ်ကျင့်သုံးနိုင်ရမည်။
- HRဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့် လုပ်ငန်းစဉ်များကို Ooredoo Group မှ ကျင့်သုံးသော မူဝါဒများနှင့် ပေါင်းစပ်ပြီး အဖွဲ့အစည်း၊ လုပ်ငန်းခွင်ရှိ အခြေအနေများနှင့်လိုက်လျောညီထွေမှုရှိစွာ အကောင်အထည်ဖော် ဆောင်ရွက်ရမည်။
- HR ဆိုင်ရာစီမံအုပ်ချုပ်မှုစနစ် ( SAP: System, Application and Product ) ကို ချမှတ် ရေးဆွဲနိုင်ရမည်။
- စီမံအုပ်ချုပ်ရေးလုပ်ငန်းများနှင့်အတူ လစာပေးချေမှုစနစ်များ (Payroll System) နှင့် ဝန်ထမ်းစာချုပ်များ ( Employee Contracts ) အုပ်ချုပ်မှုများကိုပါ ဆောင်ရွက်ရမည်။
- လုပ်ငန်းခွင်အတွင်းတွင်ဖြစ်ပေါ်နေသော အခြေအနေများ အား HR ပိုင်းဆိုင်ရာ ရှုထောင့်မှနေ၍ သုံးသပ်ကိုင်တွယ်နိုင်ရမည်။

### လိုအပ်သောအရည်အချင်းများ

- စိန်ခေါ်မှုကြီးမားသော အဖွဲ့အစည်းများတွင် HR ပိုင်းဆိုင်ရာအတွေ့အကြုံအနည်းဆုံး (၁၀) နှစ် ရှိရမည်။
- စီမံခန့်ခွဲမှုပိုင်းဆိုင်ရာတွင် အနည်းဆုံး (၃) နှစ်မှ (၅) နှစ် အတွေ့အကြုံရှိရမည်။
- ဖြစ်ပေါ်လာသောအခြေအနေအရပ်ရပ်ကို ကောင်းမွန်စွာသုံးသပ်နိုင်ပြီး ပြည်တွင်းဈေးကွက်အခြေအနေများကို ကောင်းမွန်စွာနားလည်သိရှိထားရမည်။
- စီမံအုပ်ချုပ်မှုအနဲဆုံး (မိမိကိုယ်ပိုင်စွမ်းဆောင်ရည်) ဖြင့် လုပ်ငန်းများကို လုပ်ကိုင်နိုင်ရမည်။
- လုပ်ငန်းခွင်အတွင်းရှိအခြေအနေအရပ်ရပ်ကို ကျွမ်းကျင်စွာကိုင်တွယ် သုံးသပ်နိုင်သော အရည်အချင်းရှိသူဖြစ်ရမည်။
- စီးပွားရေးနှင့် စီမံအုပ်ချုပ်မှုဆိုင်ရာ ဒီဂရီ (သို့) သက်ဆိုင်ရာနယ်ပယ်ကိုအထူးပြုသော ပညာရပ်ဆိုင်ရာ အသိအမှတ်ပြုလက်မှတ်ရှိရမည်။

ကိုယ်ရေးရာဇဝင်ဖောင်ကို အင်္ဂလိပ်ဘာသာဖြင့်ရေးသား၍ **myanmarcareers@ooredoo.com** သို့ ပေးပို့လျှောက်ထားနိုင်ပါသည်၊
**www.facebook.com/ooredoomyanmar** သို့သွားရောက်၍လည်း ကိုယ်ရေးရာဇဝင်ဖောင်များကို ဖြည့်စွက်နိုင်ပါသည်၊
Ooredoo Myanmar Limited | 9th Floor, Centerpoint Tower, Yangon | T: +95-1-389 525

Life
7 DAY NEWS JOURNAL
Vol.12, No.38 • NOVEMBER 27 , 2013

# မရှိမဖြစ် ကစားကွင်း

ခင်မေဇော်(ဝါရှင်တန်)



ပုံစံသစ်ဖြင့် ပြန်လည်ဖွင့်လှစ်လိုက်သော မဟာဗန္ဓုလပန်းခြံအတွင်းရှိ ကလေးကစားကွင်းတွင် ဆော့ကစားနေသော ကလေးငယ်များ ဓာတ်ပုံ - ကျော်ဇင်သန်း

ကလေးဟုဆိုလိုက်လျှင် ကစားခြင်းနှင့် ခွန်တွဲ၍ လူတိုင်းသိမြင်ကြသည်။ ကလေးများ ကျန်းမာသန်စွမ်းရန်အတွက် ခုန်ပေါက်ကစားခြင်းလိုအပ်သည်ကို မိဘတိုင်း သိရှိသဘောတူကြလိမ့်မည်။ သို့သော်ကစားခြင်းသည် ပျော်ရွှင်ရုံ၊ ခန္ဓာကိုယ်ကျန်းမာသန်စွမ်းရုံမျှသက်သက်မဟုတ်ဘဲ ထို့ထက်များစွာ ပိုမိုကြောင်းကိုတော့ သတိပြုမိချင်မှ ပြုမိကြပေမည်။ ကလေးများအတွက် ကစားခုန်စားခြင်းက မရှိမဖြစ်လိုအပ်သည်။

မိမိတို့ကလေးဘဝက (ကံကောင်းလှစွာဖြင့် ယခုခေတ်ကဲ့သို့ ကျူရှင်များ၊ ဂိုက်များ၊ ဝိုင်းများ၊ ကွန်ပျူတာဂိမ်းများနှင့် စမတ်ဖုန်းအက်ပ်များလည်း မရှိသေးပေရာ) အိမ်အနီးအနားမှ ကလေးများနှင့် အိမ်အနီးအနားက ကွင်းပြင်များ၊ ကျယ်ပြန့်သော အိမ်ရာများရှေ့ရှိ မြက်ခင်းပြင်များ၊ ကျောင်းများအနီးရှိကွင်းပြင်များတွင် ကစားခဲ့ကြသည်။ ဘောလုံးတစ်လုံးမျှရှိလျှင် ကလေး ၂၀၊ ၃၀ အထိကစားနိုင်သလို ဘာမှမရှိလျှင်လည်း လူအုပ်စု နှစ်ဖက်ခွဲ၍ ပြေးတမ်း၊ လိုက်တမ်း ကစားနိုင်သေးသည်။ ထုပ်ဆီးတိုးခြင်း၊ ဖန်ခုန်ခြင်း၊ ဘောလုံးကစားခြင်းတို့သည် တောနေလူထု၏ ကစားနည်းသက်သက်မဟုတ်ခဲ့ဘဲ ရန်ကုန်လို မြို့ကြီးများတွင် ကစားစရာနေရာကရှိခဲ့ဖူးသည်။ အိမ်ရှိလူကြီးများကို အနှောင့်အယှက်မပေးရဘဲ စိတ်ကြိုက်အော်ဟစ်ပြေးလွှားရသည့် အရသာကို ဘာနှင့်မျှ မလဲနိုင်ခဲ့။

ပြီးခဲ့သည့် နှစ်ပိုင်း မြန်မာနိုင်ငံအပြောင်းအလဲကြားတွင် ကလေးများအတွက် ကစားစရာနေရာများက အဆောက်အအုံများ၊ ဆိုင်ခန်းနေရာများ၊ အိမ်များ၏ တိုးချဲ့အဖီများအဖြစ် ပြောင်းလဲသွားခြင်းကိုလည်း အထူးသဖြင့် မြို့ကြီးများတွင် တွေ့လိုက်ရသည်။ ကလေးများအတွက် အန္တရာယ်ကင်းစွာ ပြေးလွှားဆော့ကစားနိုင်သည့်မြေကွက်လပ်ဟူ၍ မတွေ့ရတော့ပါ။ အိမ်များ၊ မြေများ တန်ဖိုးတက်လာသဖြင့် မြေလွတ်ဟူ၍လည်း မတွေ့ရတော့ခြင်းဖြစ်သည်။ ထို့ကြောင့် ကလေးများအတွက် အရေးကြီးလှသော ကစားကွင်းများကို မြို့ပြတည်ဆောက်ရာတွင် သတ်သတ်မှတ်မှတ်ထည့်သွင်းတည်ဆောက်ရန် လိုအပ်လာသည်။

ကလေးနှင့် ကစားခုန်စားခြင်းတို့အကြောင်း တိုးတက်သော ကမ္ဘာ့ခေါင်းဆောင်ကြီးများကလည်း အလေးအနက်ထားခဲ့ကြသည်။

**စာမျက်နှာ (၆)သို့**



7DAY NEWS JOURNAL
Vol.12, No.38 • NOVEMBER 27 , 2013

စာမျက်နှာ (၅)မှ

## မရှိမဖြစ် ကစားကွင်း

အမေရိကန်နိုင်ငံ၏ (၂၆) ယောက်မြောက်သမ္မတ သီအိုဒေါ ရုစဗဲလ်က ကစားခုန်စားခြင်းသည် ကလေးများအတွက် အခြေခံလို အပ်ချက်ဖြစ်ပြီး ယင်းအခွင့်အရေးကိုလက်လွှတ်ခဲ့ရလျှင်ကလေးများ၏ လူပိုင်းစိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှုကို နှောင့်နှေးစေပြီး နောင်အခါ ရာဇဝတ်မှုခင်းများ ကျူးလွန်သည်အထိ ဖြစ်လာနိုင် သည်ဟုပြောဆိုခဲ့သည်။ ကလေးများ၏ ကစားပိုင်ခွင့်သည် သူတို့၏ မွေးရာပါအခွင့်အရေးဟု သူက ဆိုသည်။

ထိုစဉ်က အမေရိကန်ကစားကွင်းအဖွဲ့ဥက္ကဋ္ဌ လူသာဟာစလေဂူလစ်ကလည်း “ဒီမိုကရေစီခိုင်မာသည့် နိုင်ငံဖြစ်လိုလျှင် ကလေးအားလုံးအတွက်ကောင်းမွန်သော ကစားကွင်းများ မရှိမဖြစ်လိုအပ်သည်။ ကိုယ်ပိုင်အုပ်ချုပ်ခြင်းဆိုသည်ကို စာတွေ့သင်ကြားခြင်းထက် အတွေ့အကြုံမှ လက်တွေ့သင်ယူမှုရသည်”ဟု ဆိုခဲ့သည်။ ကလေးများကစားခုန်စားရင်း မိမိကိုယ်ကိုယ် ထိန်းချုပ်နိုင်ခြင်း၊ ၎င်းမှမိမိဆန္ဒနှင့်အများဆန္ဒတို့ကို မျှတစွာ သိရှိနားလည်ခြင်း၊ စည်းကမ်းဘောင်စသည်တို့ကို သင်ယူကြသည်ဟု ဆိုလိုခြင်းဖြစ်သည်။ ၁၈၉၅ ခုနှစ်တွင် အမေရိကန် နယူးယောက်ပြည်နယ်အတွင်း ကလေးကစားကွင်းဆိုင်ရာ ဥပဒေပြဋ္ဌာန်းပေးခဲ့ပြီး ကျောင်းတိုင်းတွင် ပြင်ပလေဟာပြင်ကစားကွင်းကို မပါမဖြစ် ထည့်သွင်းတည်ဆောက်ပေးခဲ့ရသည်။

လူဦးရေထူထပ်ပြီး မိုးမျှော်တိုက်ကြီးများနှင့် မြေနေရာလွတ်မရှိလောက်အောင် ပြည့်နှက်နေသည့် အမေရိကန်က မြို့ကြီးများနှင့် ကျန်ကမ္ဘာ့မြို့ကြီးများတွင် လူအများအပန်းဖြေနိုင်သည့် နေရာများ၊ ကလေးကစားကွင်းများကို နေရာတိုင်းတွင် တွေ့ရသည်မှာ ယင်းအတွက် ဥပဒေပြဋ္ဌာန်းသတ်မှတ်ထား၍ဖြစ်သည်။ နယူးယောက်မြို့ကိုကြည့်လျှင်ပင် ဈေးကြီးလှသော မြေဈေးများ ကြားကပင် လူဦးရေတစ်ထောင်အတွက် စုစုပေါင်း ၂ဒသမ ၅ ဧကအကျယ်ရှိသည့် နေရာလွတ်ကစားနိုင်သည့် နေရာရှိရမည်ဟု သတ်မှတ်ထားသည်။ ယင်းသတ်မှတ်ချက်ကိုပြည့်မီအောင် မလုပ်ဆောင်နိုင်သောဆင်းရဲသည့် လူနေရပ်ကွက်များအတွက် လူထုမြေယာစီမံချက်အဖွဲ့က ကျောင်းဝင်းများအတွင်း ကစားကွင်းများ၊ မြက်ခင်းကွင်းပြင်များဖြင့် ဖြည့်ဆည်းပေးကြသည်။ မြို့လယ်ကောင်တွင် ပန်းခြံများနှင့်အတူ ကစားကွင်းများ တည်ဆောက်ပေးကြရသည်။

ကလေးများဖွံ့ဖြိုးမှုအတွက် ပို၍ တိုးတက်သော နိုင်ငံများတွင် ကစားရင်း ပညာသင်သည့် နည်းပညာများကိုလည်း အသုံးပြုလာကြသည်။ ကစားကွင်းများတွင် ပြေးလွှားဆော့ကစားခြင်းမှ ရရှိသည့် ကလေးများ၏ ခန္ဓာကိုယ်ကြံ့ခိုင်မှု၊ ကစားဖော်များနှင့် ဆက်ဆံရေးမှ သင်ယူနိုင်မည့် လူမှုရေးပညာများအပြင် ဉာဏ်ရည်ကိုမြှင့်တင်ပေးနိုင်သည့် ကစားစရာများကို ကလေးကစားကွင်းများတွင် ထည့်သွင်းလာကြသည်။

ကစားခြင်းသည် ကလေးတစ်ယောက်၏ လူမှုရေးဖွံ့ဖြိုးမှု၊ စိတ်ခံစားမှု ဖွံ့ဖြိုးမှု၊ ခန္ဓာကိုယ် ဖွံ့ဖြိုးမှုနှင့် တီထွင်နိုင်စွမ်းရည်ဖွံ့ဖြိုးမှုတို့ကို ဖြစ်စေသည်။ ခြေလှမ်းတိုင်းသည် ကလေးများအတွက် သင်ယူခြင်းဖြစ်ရာ မွေးစအရွယ်မှစ၍ ကလေးများသည် စိတ်ဓာတ်၊ ဉာဏ်ရည်၊ လူမှုပညာဖွံ့ဖြိုးမှုအတွက် ကိုယ်ပိုင်အတွေ့အကြုံများကို ကိုယ်တိုင်ရယူနိုင်ရန်လိုအပ်သည်။ မိဘများက အချိန်ပြည့်စောင့်ကြည့်ပြီး လွတ်လွတ်လပ်လပ်ကစားရင်း ဘဝသင်ခန်းစာများ သင်ယူနိုင်သော နေရာမှာ ကစားကွင်းများပင် ဖြစ်သည်။ ယင်းကဲ့သို့လွတ်လပ်စွာ အန္တရာယ်ကင်းစွာ ကစားနိုင်မည့် နေရာများ ဖန်တီးပေးခြင်းတစ်ခုတည်းကပင် နိုင်ငံ၏ မကြာလှသော အနာဂတ်ကို ဦးဆောင်ကြမည့် သူများ အရည်အချင်းမြှင့်တင်ရေးတွင် အတော်ပင် အထောက်အကူဖြစ်နိုင်ကြောင်း တင်ပြလိုက်ပါသည်။




## ငါးစဉ်းကော

ဒီတစ်ပတ်ဝိုက်ဖီက ထားဝယ်ဒေသစာတစ်ခွက်ပြင်ဆင်ချက်ပြုတ် ထားပါတယ်။

ဒီဟင်းလေးအတွက် ငါးခြစ် (ငါးကြင်းသား)၁၀ ကျပ်သား၊ ရှောက်သီး၊ ငါးပိဖုတ်၊ ရှောက်ရွက်နဲ့ ကြက်သွန်ဖြူအနည်းငယ်ပဲလိုပါတယ်။ ငါးမြစ်ချင်းအသားက အညှီနံ့ရှိတာကြောင့် ငါးကြင်း ၅၀ သားကောင်ကို ခြစ်တဲ့ ငါးခြစ်သားကပဲ ပိုကောင်းပါတယ်။

ငါးခြစ်ထဲကို ရှောက်သီးစိတ် နှစ်စိတ်လောက် ညှစ်ထည့်ပြီး တစ်နာရီခွဲလောက်နှပ်ထားလိုက်ပါ။

ငါးပိဖုတ်လက်တစ်ဆစ်စာ၊ ကြက်သွန်ဖြူပါးပါးလှီး၊ ရှောက်ရွက်ပါးပါးလှီးထားပါမယ်။

ငါးခြစ်နှပ်တာ အချိန်ပြည့်ပြီဆိုရင် အသားက အဖြူရောင်လေး ပြောင်းသွားပါလိမ့်မယ်။ အရသာမြည်းကြည့်ပါ။ အချဉ်အရသာအနေတော်ပဲဆိုရင် ငါးပိဖုတ်၊ ကြက်သွန်ဖြူရှောက်ရွက်ထည့်ပြီး သုပ်လိုက်ရုံပါပဲ။ စားခါနီးမှ သုပ်တာ ကောင်းပါတယ်။ ဘာအရသာမှ ထည့်စရာမလိုတဲ့ ငါးအစိမ်းစင်းကောကို မြည်းစမ်းကြည့်ကြပါဦး။






# ၅၆၀၀ အိပ်မက်

**အေးမြတ်သူ**

ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့မှ မိုးမလုံသော နေအိမ်လေးကို သုံးနှစ်အတွင်း ပြုပြင်ရန် ရည်ရွယ်ချက်ဖြင့် ၂၀၀၇ နှစ်ကုန်ပိုင်းမှစ၍ အသက် ၂၂ နှစ်အရွယ် သိန်းကျော်ဦးတစ်ယောက် ရန်ကုန်မြို့သို့ အလုပ်လုပ်ရန် ထွက်လာခဲ့သည်။ သို့သော်သူ၏ ရည်ရွယ်ချက်မှာ လက်ရှိအချိန်ထိ အကောင်အထည် မပေါ်သေးပါ။

သူ၏နေရပ်တွင် တောထဲထင်းခွေသည့်အလုပ်မှအပ အခြားဝင်ငွေကောင်းကောင်းရသည့် အလုပ်မှာ သူ့အတွက်မရှိပေ။ ထို့ကြောင့် ရန်ကုန်မြို့သို့ဆင်းလာပြီး ဖိနပ်စက်ရုံတစ်ခုတွင် ၂၀၀၈ ခုနှစ်မှစ၍ လုပ်ကိုင်ခဲ့သည်။

လစာသုံးသောင်းခွဲဖြင့် စတင်လုပ်ကိုင်ခဲ့ပြီး ခြောက်နှစ်ခန့်အကြာယခုအခါလုပ်ခလစာခုနစ်သောင်းခွဲခန့် ရရှိနေပြီဖြစ်သည်။ ငါးနှစ်အတွင်း လစာနှစ်ဆတိုးခဲ့သော်လည်း လက်ရှိရနေသည့်လစာမှ အသုံးစရိတ်ဖယ်လိုက်ပါက အနည်းငယ်သာ အိမ်သို့ပို့နိုင်သည်။ ထို့ကြောင့် အိပ်မက်ထဲမှ အိမ်ဆောက်ရန်မှာလည်း ယနေ့အချိန်အထိ ဆန္ဒမပြည့်နိုင်သေး။

"ဒီမှာခြောက်နှစ်လောက် လုပ်နေပေမယ့် အိမ်တစ်လုံးပြန်ဆောက်ဖို့ နေနေသာသာ စားနိုင်ဖို့ လောက်ငရုံလောက်ပဲ မိသားစုကို ပို့နိုင်သေးတာ" ဟု အသက် ၂၉ နှစ်အရွယ် ကိုသိန်းကျော်ဦးက ပြောသည်။

ရန်ကုန်မြို့ရှိ စက်မှုဇုန်အတွင်းတွင် စက်ရုံတွင်အလုပ်လုပ်ကိုင်လျက်ရှိသော လုပ်သားများတွင် ကိုသိန်းကျော်ဦးကဲ့သို့နယ်မှ လာရောက်လုပ်ကိုင်သူ အများဆုံးဖြစ်သည်။ ၎င်းတို့အနက် ရခိုင်ပြည်နယ်နှင့် ဧရာဝတီတိုင်းတို့မှ လာရောက် လုပ်ကိုင်သူပိုများသည်။ လက်ရှိစက်ရုံလုပ်သားများသည် တစ်လလျှင်အခြေခံလစာငွေကျပ်နှစ်သောင်းခွဲမှသုံးသောင်းခွဲအတွင်းသာ ရရှိလျက်ရှိပြီး ခေတ်သစ်ကျွန် ပြုခံနေရသည့်ပုံစံသို့ ရောက်ရှိနေကြောင်း ပြည်တွင်းအလုပ်သမားရေး ဆောင်ရွက်လျက်ရှိသည့် Labor Right Clinic မှ စစ်တမ်းပြုလုပ်ပြီးနောက် ထုတ်ပြန်ခဲ့သော အစီရင်ခံစာတွင် ဖော်ပြခဲ့သည်။

လက်ရှိလုပ်သားတစ်ဦးလျှင် ထမင်းနှစ်နပ်၊ မုန့်ဖိုး၊ ခရီးစရိတ်ကို ဈေးအသက်သာဆုံး သုံးလျှင်ပင် တစ်နေ့အသုံးစရိတ် ကျပ် ၁၅၀၀ နှင့်အထက် ကုန်ကျလျက်ရှိသည်။ ထို့ကြောင့် ၎င်းတို့သည် မိမိအသုံးစရိတ်အပါအဝင် မိသားစုတို့အား ပြန်လည်ထောက်ပံ့နိုင်ရန် အတွက် အချိန်ပိုရသလောက် ဆင်းကြလေ့ရှိသည်။

အလုပ်ရှင်များဘက်မှ လုပ်သားများကို လုပ်ခလစာပေးမှုပုံစံအများစုမှာ အခြေခံလစာနည်းပါးစွာ ပေးပြီး အခြားခံစားခွင့်များကို ခေါင်းစဉ်များစွာ တပ်ကာ ကုန်ထုတ်စွမ်းအားပေါ် မူတည်၍ ပေးလေ့ရှိသည်။ အခြားခံစားခွင့်များအဖြစ် ရက်မှန်ကြေး၊ အချိန်ပိုကြေး၊ ကုန်ထုတ်လုပ်နိုင်မှုအပေါ် မူတည်ကာ ထည့်သွင်းပေးလျက်ရှိသည်။



*အထည်ချုပ်စက်ရုံ အလုပ်သမတစ်ဦးကို လုပ်ငန်းခွင်တွင် တွေ့ရစဉ်*

ဓာတ်ပုံ - နစ်ကီ

ယခင်အာဏာရှင်စနစ်မှ ယခုဒီမိုကရေစီအစိုးရ လက်ထက်ပြောင်းလဲလာခဲ့ပြီးနောက် ခေတ်စနစ်ပိုမိုပွင့်လင်းလာသောအခါ ၂၀၁၂ ခုနှစ် စက်ရုံလုပ်သားများသည် လုပ်အားခ နည်းပါးစွာ ရရှိနေမှုအပါအဝင် ၎င်းတို့အခွင့်အရေး ဆုံးရှုံးမှုများကို အလုပ်ရှင်သို့ တိုက်ရိုက်တောင်းဆိုကာ ဆန္ဒပြမှုများ ဆက်တိုက်ဖြစ်ပေါ်ခဲ့သည်။ အလုပ်ရှင်အလုပ်သမား အငြင်းပွားမှုများ ဆက်တိုက်ဖြစ်ပေါ်ခဲ့သည်။

ထိုသို့နေရာအနှံ့လုပ်ခလစာတိုးမြှင့်တောင်းမှုများ ပေါ်ပေါက်လာခဲ့ခြင်း၊ အာဆီယံစီးပွားရေးအသိုက်အဝန်း စတင်လျှင် လုပ်သားများ၏ လစာများ တိုးမြှင့်ပေးရမည့် အခြေအနေတို့ကြောင့် အစိုးရက စက်ရုံလုပ်သားများ အနိမ့်ဆုံး အခြေခံလစာနှုန်းထားသတ်မှတ်ပေးရန် အနည်းဆုံးအခကြေးငွေ ဥပဒေအား ယခုနှစ် ဇူလိုင် ၁၂ ရက်တွင်ပြဋ္ဌာန်းခဲ့သည်။ ဥပဒေအရ အနည်းဆုံးအခကြေးငွေဆိုင်ရာ အမျိုးသားကော်မတီအား ယာယီဖွဲ့စည်းပေးခဲ့ပြီးနောက် အလုပ်ရှင်အလုပ်သမားကိုယ်စားလှယ်များကို နှုန်းထားသတ်မှတ်နိုင်ရန် အစိုးရမှ သုံးကြိမ်တွေ့ဆုံခဲ့သည်။

ထိုသို့ တွေ့ဆုံခဲ့ရာတွင် လက်ရှိဆန္ဒပြတောင်းဆိုမှုများဖြစ်ပေါ်လျက်ရှိသည့် လက်ခစား (CMP) လုပ်ငန်းမှ အလုပ်ရှင် အလုပ်သမား ကိုယ်စားလှယ်များကို နိုဝင်ဘာ ၂၂၊ ၂၃ ရက်တွင် အစိုးရက ပထမဆုံးအကြိမ် တွေ့ဆုံဆွေးနွေးခဲ့သည်။ ထိုတွေ့ဆုံပွဲတွင် အ

**စာမျက်နှာ(၈)သို့**



# Home

7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.12, No.38 • NOVEMBER 27 , 2013



## ၂၀၁၃ နိုဝင်ဘာ ၂၇ မှ ဒီဇင်ဘာ ၃ အထိ

### မိုးလေဝသနှင့် ဇလဗေဒသန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းမှာ တိမ်ထူထပ်နိုင်ပြီး ကျန်ဘင်္ဂလားပင်လယ်အော်နဲ့ ကပ္ပလီပင်လယ်ပြင်တို့မှာ အများအားဖြင့် သာယာပါ့မယ်။ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းနဲ့ တောင်တရုတ် ပင်လယ်ပြင်တို့တွင် လေထုမငြိမ်မသက်ဖြစ်နိုင်ပြီး လေဖိအားနည်းရပ်ဝန်းများ ဖြစ်ပေါ်လာနိုင်ပါတယ်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေ**

ရခိုင်၊ မွန်-မုတ္တမကွေ့ ကမ်းရိုးတန်းနဲ့ ကမ်းလွန်ပင်လယ်ပြင်မှာ လှိုင်းအနည်းငယ်ရှိနိုင်ပြီး လှိုင်းအမြင့် (၁)ပေ မှ (၂)ပေခန့်ရှိနိုင်ပါတယ်။ ကျန်မြန်မာ့ပင်လယ်ပြင်မှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိနိုင်ပြီး လှိုင်းအမြင့် (၃)ပေမှ (၄)ပေခန့်ရှိနိုင်ပါတယ်။

**ညအပူချိန်များအခြေအနေ**

ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းတို့တွင် ညအပူချိန်များဟာ $14^{0}C$-$17^{0}C$ ခန့်၊ နေပြည်တော်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်တို့တွင် ညအပူချိန်များဟာ $18^{0}C$-$20^{0}C$ ခန့်၊ ကျန်ပြည်နယ်နဲ့တိုင်းဒေသကြီးတို့တွင် $21^{0}C$-$24^{0}C$ ရှိနိုင်ပါတယ်။

**မိုးတိမ်တောင်အခြေအနေ**

မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် မိုးတိမ်တောင်များ အနည်းငယ်ဖြစ်ပေါ်နိုင်ပြီး သေချာမှု ၃၀ ရာခိုင် နှုန်းရှိနိုင်ပါတယ်။

**မိုးရွာသွန်းမှုအခြေအနေ**

ကချင်ပြည်နယ်နဲ့ ကယားပြည်နယ်တို့မှာ ခြောက်ရက်ခန့်၊ ရှမ်းပြည်နယ်တောင်ပိုင်း၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ နေပြည်တော်၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနဲ့ ရန်ကုန်တိုင်းဒေသကြီးတို့တွင် တစ်ရက်မှသုံးရက်ခန့် မိုးအနည်းငယ် ထစ်ချုန်းရွာသွန်းနိုင်ပါတယ်။ မိုးရွာရန် ၆၀ ရာခိုင်နှုန်းရှိပါတယ်။ ကျန်ပြည်နယ်နဲ့တိုင်းဒေသကြီးတို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနိုင်ပြီးသာယာပါ့မယ်။

ဒေါက်တာထွန်းလွင် (MCCW)

စာမျက်နှာ(၇)မှ

## ၃၆၀၀ အိပ်မက်

လုပ်သမားများဘက်က အခြေခံလုပ်ခငွေအတွက် တစ်ရက်လျှင် ကျပ် ၃၆၀၀ အဖြစ် သတ်မှတ်ပေးရန် အများစု တောင်းဆိုခဲ့သော်လည်း အလုပ်ရှင်ဘက်မှ ၂၀၀၀ ကျပ်ထိသာ ပေးလိုကြောင်း ပြန်လည်ပြောကြားခဲ့ကြသည်။

အလုပ်သမားအများစုက လုပ်ခလစာအားတိုးမြှင့်သတ်မှတ်လျှင်လည်း ကုန်ဈေးနှုန်းတက်လာမည့် အနေအထားကြောင့် နဂိုရရှိနေသည့် လုပ်ခလစာထက် အနည်း ငယ်ပိုရရှိပါက ၎င်းတို့အတွက် ထူးမခြားနားသာ ဖြစ်လာမည်ဖြစ်ကြောင်း ပြောသည်။

အလုပ်သမားအများစုမှာ များသောအားဖြင့် နယ်မှလာရောက် လုပ်ကိုင်သူများဖြစ်သည့်အတွက် နေရေးထိုင်ရေးနှင့် အစားသောက်တို့သည် အဓိကအခက်အခဲများ ဖြစ်နေပြီး အထူးသဖြင့် ယခင်ကထက် နေစရိတ်ကြီးလာသည်။

အချို့သော စက်ရုံတို့မှ အဆောင်များ စီစဉ်ပေးသော်လည်း ထိုအဆောင်များတွင် လုပ်သားအနည်းငယ်သာ ထားနိုင်သည်။ ထို့ကြောင့် လက်ရှိတောင်းဆိုထားသည့် တစ်ရက်လုပ်ခ ကျပ် ၃၆၀၀ ရရှိပါက မိသားစုတို့ကို ပြန်လည်ထောက်ပံ့နိုင်သည့် အနေအထားမျိုးရရှိနိုင်ကြောင်း လုပ်သားများက ဆိုသည်။

"အခုတောင်းထားတဲ့ ၃၆၀၀ နှုန်းထားကို အလုပ်ရှင်တွေဘက်က ပေးမယ်ဆိုတာ မဖြစ်နိုင်သေးပါဘူး။ နှုန်းထားအတည်ဖြစ်ဖို့ကလည်း ကြာအုံးမယ်ထင်တယ်။ အခုရနေတဲ့ လစာငွေကို အိုတီအပါအဝင် ခံစားခွင့်ကြေးတွေ ရောပေါင်းထားတဲ့ တစ်သိန်းနှစ်သောင်းလောက်(တစ်ရပ် ၄၀၀၀) ပေးရင် ကျေနပ်တယ်။ အလုပ်သမားတွေဘက်က သက်သက်သာသာနဲ့ ရမယ့် ပုံစံမျိုးပေါ့။ တော်ကြာ ဒီထက်နှုန်းထား တက်သွားရင်လည်း ကုန်ဈေးနှုန်းက လိုက်သွားရင် ဘာမှမထူးဘဲဖြစ်နေမှာပဲကြောက်တယ်" ဟု ကိုသိန်းကျော်ဦးက သူ၏အမြင်ကို ပြော သည်။

စံကောင်းပီနံအိတ် စက်ရုံမှ အလုပ်သမားဖြစ်သူ ကိုအောင်ကျော်ထက်က "အနည်းဆုံးအခကြေးငွေကို အဝင်အထွက်မျှတဲ့ နှုန်းထားပဲဖြစ်စေချင်တာ။ အခုရတဲ့ တစ်သိန်းနှစ်သောင်းလောက်ကိုပဲ အခြေခံလစာ အနေနဲ့ပေးရင် မိသားစုကို ပြန်ထောက်ပံ့နိုင်လောက်မှာပါ။ အခု အနေအထားကတော့ ဘာမှမကျန်ဘူး" ဟုပြောသည်။

"အလုပ်သမားတွေအနေနဲ့ အဲဒီအနည်းဆုံး အခကြေးငွေ ဥပဒေကို ပြန်လေ့လာစေချင်တယ်။ အဲဒီထဲမှာ ဘယ်အပိုဒ်က ဘာတွေ ဖော်ပြထားတယ်ဆိုတာ။ အခု ၃၆၀၀ ကို တောင်းတယ်ဆို တာ နည်းနည်းများနေသလို ဖြစ်နေတဲ့အတွက် ရပ်တည်တဲ့အခြေခံက မှားနေလို့ ဥပဒေကို ပြန်လေ့လာပါလို့ ပြောချင်တယ်" ဟု အထည်ချုပ်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးမြင့်စိုးက ပြောသည်။

အနိမ့်ဆုံးအခကြေးငွေ သတ်မှတ်ရာတွင် အစိုးရက အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ချုပ် (ILO) နှင့် မြန်မာဖွံ့ဖြိုးမှုအရင်းမြစ်အဖွဲ့ (MDRI) တို့ပူးပေါင်းကာ နှုန်းထားသစ်သတ်မှတ်နိုင်ရန် မြေပြင်စစ်တမ်း ကောက်ခံမှုများကို ပြုလုပ်သွားမည်ဖြစ်ပြီး လိုအပ်သည့် အချက်အလက်များကို ၎င်းတို့အဖွဲ့မှ အကြံပြုပြောကြားသွားမည်ဟု ဆိုပါသည်။

MDRI အဖွဲ့မှ အကြီးတန်းသုတေသန ပညာရှင်ဒေါက်တာအောင်သူငြိမ်းက အနည်းဆုံးအခကြေးနှုန်းထားသတ်မှတ်ရာတွင် အလုပ်သမားများ အာဟာရချို့တဲ့မှု မရှိစေရန်နှင့် ဆင်းရဲတွင်းလွတ်မြောက်နိုင်ရန် ၎င်းတို့၏ မိသားစုဝင် အနည်းဆုံးလေးဦးအပေါ် အခြေခံ၍ စဉ်းစားသင့်ကြောင်း အနည်းဆုံးအခကြေးငွေ နှုန်းထား အလုပ်ရှင်အလုပ်သမား ဆွေးနွေးသည့်ပွဲတွင် အကြံပြုခဲ့သည်။

သို့သော် အလုပ်ရှင်များဘက်တွင်လည်း ယခုလောလောဆယ် အကျိုးအမြတ်များစွာ မရသေး၍ အလုပ်သမားများတောင်းဆိုသော လခပေးရန် အခက်အခဲရှိသည်ဟု ဆိုကြသည်။ လက်ရှိအနေအထားတွင် အခြားနိုင်ငံများနှင့် နည်းတူ အော်ဒါလက်ခံရရှိမှုအား တင်ဒါစနစ်ဖြင့် လေလံဆွဲရသည့်အတွက်လုပ်သားများတောင်းဆိုသော လုပ်ခလစာ ၃၆၀၀ ကျော်အား ပေးနိုင်ရန် အခက်အခဲရှိကြောင်း အလုပ်ရှင်များက ပြောကြား သည်။

"အဲဒီနှုန်းထားလောက် ပေးနိုင်ဖို့က အလုပ်ရှင်က သူ့ရဲလုပ်ငန်းအောင်မြင်မှုနဲ့ပဲ ဆိုင်မယ်။ အားလုံးတန်းတူကြီးဖြစ်ဖို့ထိတော့ မဖြစ်နိုင်သေးဘူး" ဟုကုန်သည်စက်မှုအသင်းချုပ်မှတွဲဖက်အထွေထွေအတွင်းရေးမှူး ဦးဆန်းလင်းက ပြောသည်။

သို့သော်ယခုအခါပြည်တွင်းတွင် အထည်ချုပ်စက်ရုံ ပေါင်း ၂၇၀၀ ကျော်ရှိပြီး ယခုနှစ် အတွင်းမှာပင် အထည်ချုပ်စက်ရုံပေါင်း ၅၀ ခန့်တိုးလာသည်။ ထို့အပြင် အစိုးရသစ်လက်ထက်တွင် ဥရောပနှင့် အမေရိကန်မှ ပိတ်ဆို့မှုများ ဖယ်ရှားပေးခဲ့ပြီးနောက် အထည်ချုပ်လုပ်ငန်းမှ ပြည်ပတင်ပို့မှုမှာ နှစ်စဉ်တိုးတက်နေပြီး ယခု ဘဏ္ဍာနှစ်မကုန်မီ ဒေါ်လာသန်း ၄၀၀ တန်ဖိုးပြည်ပသို့တင်ပို့ထားသည်။

အနည်းဆုံးအခကြေးငွေ နှုန်းထားသတ်မှတ်မှုနှင့်ပတ်သက်၍ အစိုးရမှ အဆင့်ငါးဆင့် သတ်မှတ်ထားရာ ယခုအခါ ဒုတိယအဆင့်ရောက်ရှိနေသည်။ ပထမအဆင့်မှာ အမျိုးသားကော်မတီ၊ ပြည်နယ်/တိုင်း ကော်မတီများဖွဲ့စည်းခြင်း၊ ဒုတိယအဆင့်တွင် နှုန်းထားသတ်မှတ်ရန် အလုပ်ရှင်အလုပ်သမား ကိုယ်စားလှယ်များ တွေ့ဆုံညှိနှိုင်းခြင်း၊ တတိယအဆင့်မှာ တိုင်း/ပြည်နယ်တို့တွင် နှုန်းထားအတည်ပြုသတ်မှတ်ခြင်း၊ စတုတ္ထအဆင့်တွင် အတည်ပြုသတ်မှတ်သော နှုန်းထားငွေကြေးအား တစ်နိုင်ငံလုံး အသိပေးကြေညာပြီးကန့်ကွက်လိုပါက ရက်ပေါင်း ၆၀ အတွင်း ကန့်ကွက်ရန်ကြေညာခြင်းနှင့် နောက်ဆုံး ပဉ္စမအဆင့်မှာ အနိမ့်ဆုံးအခကြေးငွေကို တရားဝင်ထုတ်ပြန်ပြဋ္ဌာန်းမည်ဖြစ်သည်။

အနည်းဆုံး အခကြေးငွေ နှုန်းထားသတ်မှတ်ရာတွင် တိုင်း/ပြည်နယ်ဒေသအသီးသီးရှိ လုပ်သားများ ရရှိမည့် လုပ်ခနှုန်းထားမှာ တူညီမည်မဟုတ်ဘဲ ဒေသအလိုက်၊ လုပ်ငန်းအမျိုးအစားအလိုက် ကွဲပြားမည်ဖြစ်သည်။

လုပ်ငန်းခေါင်းစဉ်များ ခွဲခြားကာ ပေးမှုအပေါ် အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ချုပ်မှ အထက်တန်းစီမံချက် အရာရှိမစ္စတာ ရစ်တစ်ရှ်စာနာက "လုပ်ငန်းကဏ္ဍ ၂၁ ခုရယ်၊ ပြည်နယ်/တိုင်း ၁၄ ခုအားလုံးပေါင်းရင် စံချိန်စံနှုန်းက မြန်မာနိုင်ငံတစ်ခုတည်းမှာပဲ အနိမ့်ဆုံးလုပ်ခခေါင်းစဉ်ပေါင်း သုံးရာကျော် ထွက်လာပါလိမ့်မယ်။ လုပ်ငန်းစဉ်အကောင်အထည်ဖော် အသက်ဝင်ဖို့ ခက်ခဲရှိလာနိုင်တယ်" ဟု သုံးသပ်ပြောကြားသည်။

ပြည်တွင်းတွင် အနည်းဆုံးအခကြေးငွေ နှုန်းထားသတ်မှတ်ပုံစံအား အိုင်အယ်လ်အိုက မြို့ပြနှင့်ကျေးလက်ဒေသတို့ကို ပျမ်းမျှအားဖြင့် ခွဲခြားသတ်မှတ်သွားသင့်ကြောင်း အကြံပြုပြောကြားထားသည်။ အနိမ့်ဆုံးအခကြေးငွေနှုန်းထားအမြန်ဆုံး အကောင်အထည်ဖော်ရန် ဆုတောင်းနေကြသူများအနက် ကိုသိန်းကျော်ဦးလည်း တစ်ယောက်အပါအဝင် ဖြစ်သည်။

"ကျွန်တော်အရင်ကတော့ အဆင်ပြေရင် နယ်ပြန်ပြီး မိဘတွေနဲ့အတူ အလုပ်ပြန်လုပ်ဖို့စဉ်းစားပေမယ့် အခုတော့ ကျွန်တော်နယ်မပြန်တော့ဘဲ ကျွန်တော်တို့လို အခွင့်အရေးဆုံးရှုံးနေတဲ့ လုပ်သားတွေကို ကူညီပြီး အတူဆောင်ရွက်သွားဖို့ ရည်ရွယ်ချက်ပြောင်းသွားပြီ" ဟု ကိုသိန်းကျော်ဦးက ပြောပါသည်။

# ဆီးဂိမ်းဘောလုံးပြိုင်ပွဲတွင် တာဝန်ရှိသူများ မစွက်ဖက်ရန် ဦးဇော်ဇော်ပြောကြား

သန်းထူး

**နေပြည်တော်၊ နိုဝင်ဘာ - ၂၅**

ဆီးဂိမ်းဘောလုံး ပြိုင်ပွဲများတွင် တာဝန်ရှိသူများအနေဖြင့် ဒိုင်၏ အဆုံးအဖြတ်ကို ကျော်လွန်ပြီး ဝင်ရောက်စွက်ဖက်ခြင်း မပြုလုပ်ရန် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌဦးဇော်ဇော်ကပြောကြားသည်။

ဘောလုံးပွဲများတွင် လုံခြုံရေးအခြေအနေအရ ဆုံးဖြတ်ရန်ရှိလာပါက ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်၊ အာရှဘောလုံးအဖွဲ့ချုပ်တို့၏ စည်းမျဉ်းများအတိုင်းပွဲရပ်ခြင်း၊ ပွဲစတင်ခြင်းကိုနိုင်ငံတကာ အသိအမှတ်ပြု ဒိုင်လူကြီးကသာ ဆုံးဖြတ်ကြောင်း ၎င်းတို့၏ဆုံးဖြတ်ချက်သည် အတည်ဖြစ်ကြောင်း ဦးဇော်ဇော်က ရှင်းပြသည်။

"ဒီမှာကျတော့ နည်းနည်းလေး အာဏာရှိတဲ့ပုဂ္ဂိုလ်မှားတဲ့အခါကျတော့ ရပ်လိုက်ပါလား၊ ပြန်စလိုက်ပါလားဆိုရင် နိုင်ငံတကာစည်းမျဉ်းစည်းကမ်းနဲ့ဆန့်ကျင်တာဖြစ်သွားမယ်။ ဒါကြောင့် နည်းနည်းလေးကြိုပြောထားချင်တာပါ" ဟုနေပြည်တော်ရှိ ဇေယျာသီရိဘောလုံးကွင်းတွင် နိုဝင်ဘာ ၂၂ရက်က ကျင်းပခဲ့သော သတင်းစာရှင်းလင်းပွဲအစည်းအဝေး၌ ဦးဇော်ဇော်ကပြောကြားခဲ့သည်။

ထိုကဲ့သို့ ဝင်ရောက်လွှမ်းမိုးခြင်းများ ပြုလုပ်ပါက ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်နှင့် အာရှဘောလုံးအဖွဲ့ချုပ်များက ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ခွင့်ကို ၃ကြိမ်၊ (သို့မဟုတ်) ၅ကြိမ်စသည့်ဖြင့်ပိတ်ပင်ခြင်းမျိုး ပြုလုပ်လာနိုင်သည့်အပြင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်အနေဖြင့် ဖြေရှင်း၍ မရနိုင်ကြောင်း၎င်းက ဆက်လက်ရှင်းပြသည်။

"ဒါက ဖီဖာရဲ့ Regulation အမှန်ပါ။ ဖြစ်နိုင်တဲ့ အနေအထားမျိုးလည်းရှိတဲ့အတွက်ကြောင့်မို့လို့ နောက်ဆုံးကွန်မန့်က ဒိုင်လူကြီးရဲ့ ကွန်မန့်ပဲဖြစ်တယ်ဆိုတာကို တစ်ခါတည်းတင်ပြတာပါ" ဟု ဦးဇော်ဇော်က ရှင်းလင်းပြောကြားသည်။

GS ဂယာရွှေတိုး အိန္ဒိယ-နီပေါ-သီရိလင်္ကာ-ထိုင်း-ပြည်ပသာသနာပြုအဖွဲ့



ခရီးစဉ်မဏ်ိအထူးအစီအစဉ်
သံဝေဇနီယလေးဌာန+အဝိဇဟိတလေးဌာန-(၁၅)ရက်ခရီး (22.12.2013)
သံဝေဇနီယလေးဌာန(၇)ရက်ခရီး (22.12.2013)
သီရိလင်္ကာ - ကန္ဒီ - (စွယ်တော်) (၇) ရက်ခရီးစဉ်
မှတ်ချက် - ခရီးစဉ်တိုင်းတွင် (၁၆) ဦးသာ လက်ခံပါသည်။
ဒေါ်ဝင်းဝင်းကိုယ်တိုင်ဦးဆောင်၍ ခရီးစဉ်တစ်လျှောက်နွေးထွေးသော ဝန်ဆောင်မှုများဖြင့် ကူညီလိုက်ပို့ဆောင်ပေးပါမည်။
YangonHotline : 221586 , 222527, 09 73196436 Mandalay Hotline : 0933274747, 09402582048

✧ ကိုယ်စားလှယ်များအလိုရှိပါသည် ✧
SUZUKI နှင့် KAISER ကိုင်စာ အမျိုးအစား မော်တော်ဆိုင်ကယ်များကို
သက်ဆိုင်ရာမြို့နယ်အလိုက်ရောင်းချနိုင်ရန်အတွက်
ကုမ္ပဏီနှင့် အကျိုးတူပူးပေါင်းလုပ်ကိုင်လိုသူ
နယ်ကိုယ်စားလှယ်များ အလိုရှိပါသည်။
(မှတ်ချက် - လက်ရှိဆိုင်ကယ်လုပ်ငန်းလုပ်ကိုင်နေသူဖြစ်ရပါမည်။)
ဆက်သွယ်ရန် - ကိုနေလင်းဦး (SWIFT Investment and Trading Group Ltd.)
Phone ; 09 73056123 , 09 73218877

# Health

7 DAY NEWS JOURNAL

Vol.12, No.38 • NOVEMBER 27 , 2013


# ဗြိတိန်နှင့် မြန်မာပူးပေါင်း၍ ကူးစက်ရောဂါတိုက်ဖျက်ရေး ဆောင်ရွက်မည်

**ဝတ်ရည်အောင်**

**ရန်ကုန်၊ နိုဝင်ဘာ-၂၃**

ဗြိတိန်နှင့် မြန်မာနိုင်ငံတို့ ပူးပေါင်း၍ ကူးစက်ရောဂါတိုက်ဖျက်ရေး လုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

လူအချင်းချင်း ကူးစက်သည့်ရောဂါများနှင့် တိရစ္ဆာန်မှ လူသို့ ကူးစက်သည့်ကူးစက်ရောဂါများ ကာကွယ်ရေး၊ ကုသရေးနှင့် ထိန်းချုပ်ရေးလုပ်ငန်းများကို ယခုလ ၂၀ ရက်မှ ၂၂ ရက်အထိ ပြည်သူ့ကျန်းမာရေးတက္ကသိုလ်တွင် နှစ်နိုင်ငံမှ ပညာရှင်များဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ထိုဆွေးနွေးမှုတွင် ပညာရပ်ပိုင်းဆိုင်ရာ လုပ်ငန်းများအပြင် မူဝါဒပိုင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကိုပါ ဆွေးနွေးခဲ့ကြောင်း သိရသည်။

"နှစ်ပေါင်း ၃၀ ခန့်အတွင်း ကူးစက်ရောဂါပိုးအသစ် ၃၀ ကျော်ဖြစ်ပွားခဲ့တဲ့အထဲမှာ ၇၅ ရာခိုင်နှုန်းကျော်က တိရစ္ဆာန်တွေကတစ်ဆင့် ကူးစက်ခဲ့တာပါ။ တစ်ချိန်တည်းမှာ ဒီဆွေးနွေးမှုက လုံခြုံတဲ့စီးပွားရေးအဖြစ် ပြောင်းလဲလာနိုင်ဖို့ ပညာရပ်ပိုင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်ဖို့ မျှော်လင့်ပါတယ်" ဟု မြန်မာနိုင်ငံဆိုင်ရာ ဗြိတိသျှသံရုံး ဒုတိယအကြီးအကဲက ပြောသည်။

မြန်မာနိုင်ငံသည် ကမ္ဘာလှည့်ခရီးသွားများနှင့်ပတ်သက်သည့် ကူးစက်ရောဂါစစ်ဆေးရေးနှင့်သတင်းအချက်အလက်ဖလှယ်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေကြောင်း သိရသည်။

ဗြိတိန်နိုင်ငံ၏ နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေးဌာနမှ မြန်မာနိုင်ငံတွင် မွေးကင်းစကလေးနှင့် မိခင်ကျန်းမာရေးလုပ်ငန်းများကို မြို့နယ် ၄၂ မြို့နယ်တွင် ဆောင်ရွက်ရန် ထောင်စုနှစ် ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေအဖွဲ့ (3MDG) သို့ ပေါင်သန်း ၅၀ ထောက်ပံ့ထားကြောင်း သိရသည်။

ထို့အပြင် ဆေးယဉ်ငှက်ဖျားရောဂါကုသရေးလုပ်ငန်းများအတွက် ပေါင်ဆယ်သန်းနှင့် ပဋိပက္ခဖြစ်ပွားရာ ကချင်နှင့် ရခိုင်ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်ပေါင်သန်း ၂၀ ပံ့ပိုးကူညီထားသည်။

# ရင်သားကင်ဆာအများစု အသိနောက်ကျပြီးမှ ရောက်လာဟုဆို




**ဝတ်ရည်အောင်**

**ရန်ကုန်၊ နိုဝင်ဘာ-၂၃**

မြန်မာနိုင်ငံတွင် ရင်သားကင်ဆာဖြစ်ပွားမှုနှုန်းမှာ အမျိုးသမီးဦးရေတစ်သိန်းလျှင် ၁၂၅ ဦးဖြစ်ပွားနေပြီး လူနာအများစုမှာ အသိနောက်ကျပြီးမှ ဆေးကုသမှု ခံယူရန်ရောက်ရှိလာကြောင်း ဒေါက်တာဝင်းမြင့်က ပြောသည်။

ရင်သားကင်ဆာသည် နေအိမ်တွင်ပင် မိမိဘာသာစမ်းသပ်၍ အကျိတ်ရှိ၊ မရှိ စစ်ဆေးနိုင်သည့်ရောဂါဖြစ်ပြီး စောစီးစွာသိရှိကုသပါက အသက်ရှင်နိုင်မှုရာခိုင်နှုန်း ၉၀ ရာခိုင်နှုန်းကျော်ရှိကြောင်း "ရင်သားကင်ဆာနှင့် မျှော်လင့်ချက်" ဟောပြောပွဲတွင် ၎င်းကထည့်သွင်းပြောကြားခဲ့သည်။

"ရင်သားကင်ဆာနဲ့ ဆေးရုံရောက်လာသူအများစုက ကင်ဆာနောက်ဆုံးအဆင့်နဲ့ ရောက်လာကြတာများတယ်။ ပုံမှန်စစ်ဆေးမှုတွေ မပြုလုပ်ကြတဲ့အခါ အသိနောက်ကျပြီး နောက်ဆုံးရင်သားကိုခွဲထုတ်လိုက်ရတဲ့အထိ အချို့ဆိုရင် သေဆုံးတဲ့အထိဖြစ်ပွားကြတယ်"ဟု ဒေါက်တာဝင်းမြင့်က ပြောသည်။

ရင်သားကင်ဆာဖြစ်ပွားပါက ရင်သားအပေါ်ယံအရေပြားချိုင့်ခြင်း၊ တွန့်ခြင်း၊ ဖောင်းခြင်း၊ အရေပြားတွင် နှင်းခူကဲ့သို့သော အနာများဖြစ်ပေါ်ခြင်း၊ ရင်သားမှ အရည်ကြည်များထွက်ရှိခြင်း၊ ရင်သားထိပ်ခေါင်းအတွင်းပိုင်းတို့ ချိုင့်ဝင်ခြင်း၊ နီရဲခြင်းတို့ဖြစ်ပေါ်ပြီး ချိုင်းနှင့် ရင်သားနေရာများတွင် အကျိတ်များဖြစ်ပေါ်လာမည်ဖြစ်ကြောင်း သိရသည်။

ပြည်တွင်းတွင်အသက်(၄၀) ကျော်သည့် အမျိုးသမီးများတွင် ရင်သားကင်ဆာဖြစ်ပွားနှုန်း ပိုမိုများပြားပြီး ရင်သားကင်ဆာသည် မျိုးရိုးလိုက်ခြင်းကြောင့် သော်လည်းကောင်း၊ အီထရိုဂျင်ဟော်မုန်းများ များပြားနေသူများနှင့် သားဥအိမ်ကင်ဆာဖြစ်ပွားဖူးသူများတွင် ဖြစ်ပွားနိုင်ခြေများပြားကြောင်း သိရသည်။

ရင်သားကင်ဆာရောဂါကာကွယ်ရန် ရေချိုးသည့်အချိန်များတွင် မိမိရင်သားတွင် အကျိတ် ရှိ၊ မရှိ ပုံမှန်စစ်ဆေးခြင်းဖြင့် ရောဂါ စောစီးစွာ သိရှိနိုင်ရန်ဆောင်ရွက်သင့်ကြောင်း သိရသည်။

ခန့်မှန်းတွက်ချက်မှုများအရ မြန်မာနိုင်ငံတွင် ကင်ဆာရောဂါဖြစ်ပွားသူ တစ်သိန်းကျော်ခန့်ရှိမည်ဟု ခန့်မှန်းထားကြပြီး ရန်ကုန်၊ မန္တလေးနှင့် တောင်ကြီးပြည်သူ့ဆေးရုံများသို့ တက်ရောက်ကုသသူ ကင်ဆာဝေဒနာရှင် ခုနစ်ထောင်ခန့်သာရှိကြောင်း ကင်ဆာရောဂါနှင့်ပတ်သက်သည့် အသိပညာပေးဟောပြောပွဲတွင် ထည့်သွင်းပြောကြားခဲ့သည်။

# ဆေးလိပ်ကြောင့် အဆုတ်ရောဂါလက္ခဏာများ မပြသမီ ဆဲလ်များ ပျက်စီးနေနိုင်ဟု ကန်သုတေသီရှာဖွေတွေ့ရှိ

**နယူးယောက်၊ နိုဝင်ဘာ-၂၃**

ကျန်းမာရေးကောင်းသည်ဟု ထင်ရပြီး ဆေးလိပ်သောက်ခြင်းကြောင့် မည်သည့်ကျန်းမာရေးထိခိုက်မှုမျှမတွေ့ရဟု သတ်မှတ်ခြင်းခံထားရသော ဆေးလိပ်သောက်သူ၌ ကျန်းမာရေးညံ့ဖျင်းမှုရှိနေနိုင်ကြောင်း ကန်သုတေသနပညာရှင်တစ်ဦးက ပြောကြားသည်။

အမေရိကန်နိုင်ငံ နယူးယောက်မြို့ Weill Cornell ဆေးကျောင်းမှ သုတေသနပညာရှင် ရိုနယ်ခရစ္စတယ်သည် ဆေးလိပ်မသောက်သူ၏ အသက်ရှူလမ်းကြောင်းရှိ ဆဲလ်များအကြား ကွဲပြားခြားနားချက်ကို လေ့လာတွေ့ရှိခဲ့သည်။ အဆောက်အအုံအပြင်ဘက်၌ ဆေးလိပ်သောက်သူက ၎င်းကျန်းမာရေးမထိခိုက်ဟု ပြောကြားနေသော်လည်း ယင်းမှာ စိတ်ကူးယဉ်သက်သက်သာ ဖြစ်သည်ဟု ခရစ္စတယ်က ပြောကြားသည်။

ယင်းဆေးလိပ်သောက်သူ၏ အသက်ရှူလမ်းကြောင်း အတွင်းနံရံများကို ကြည့်လိုက်လျှင် သာမန်လူများနှင့်မတူဘဲ သိသိသာသာ ကွဲပြားခြားနားနေသည်ဟု ခရစ္စတယ်ကပြောကြားသည်။ ထို့ကြောင့် ဆေးလိပ်ဖြတ်ခြင်းဖြင့် ဆေးလိပ်ကြောင့်ဖြစ်သော ဆဲလ်ဒဏ်ရာများကို သက်သာပျောက်ကင်းစေနိုင်ကြောင်း၊ သို့ရာတွင် အချို့သောဆဲလ်များမှာ နဂိုမူရင်းအတိုင်း ပြန်ကောင်းလာမည်မဟုတ်တော့ကြောင်း၊ ဆေးလိပ်ကို စ၍မသောက်ခြင်းသာလျှင် အကောင်းဆုံးဖြစ်ကြောင်း ခရစ္စတယ်က အကြံပြုထားခဲ့သည်။

အမေရိကန်နိုင်ငံတွင် ဆေးလိပ်သောက်သုံးမှု (သို့မဟုတ်) ဆေးလိပ်ငွေ့ရှူရှိုက်မိမှုတို့ကြောင့် လူ၄၄၀,၀၀၀ နှစ်စဉ်သေဆုံးလျက်ရှိသည်ဟု ကန်ကျန်းမာရေးဌာနက ထုတ်ပြန်သည်။

*—Ref: UPI*




7 DAY NEWS JOURNAL
Vol. 12, No. 38 • NOVEMBER 27 , 2013

# အခွံမာသီးများစားသုံးခြင်းဖြင့် အသက်ရှည်စေနိုင်

**လန်ဒန်၊ နိုဝင်ဘာ-၂၂**

အခွံမာသီးများကို ပုံမှန်စားသုံးပေးသူသည် အသက်ပိုရှည်စေနိုင်သည်ဟု နောက်ဆုံးထွက်ပေါ်လာသောသုတေသနပြုချက်တစ်ရပ်ကဖော်ပြသည်။ အခွံမာသီးစားသုံးသူများသည် ကျန်းမာရေး နှင့်ညီညွတ်သောနေထိုင်မှုပုံစံများလည်းရှိသည့်အပြင် အခွံမာသီးများ၌ အသက်ရှည်စေသည့်ဓာတ်များပါဝင်နေသောကြောင့် အခွံမာသီးမစားသူများထက် ပို၍အသက်ရှည်သည်ဟု အမေရိကန် သုတေသနအဖွဲ့ကပြောကြားသည်။

သုတေသနပညာရှင်များသည် နှစ်ပေါင်း ၃၀ ကြာအောင် လူ ၁၂၀,၀၀၀ ခန့်အား သုတေသနပြုခဲ့ရာ အခွံမာသီးများပိုစားလေလေ သေဆုံးနိုင်ခြေနည်းပါးလေလေဟု လေ့လာတွေ့ရှိခဲ့သည်။ သုတေသနပြုနေချိန် အတွင်း သီတင်းတစ်ပတ်လျှင် တစ်ကြိမ် အခွံမာသီးစားသူများသည် မစားသူများထက် သေဆုံးနိုင်ခြေ ၁၁ ရာခိုင်နှုန်းလျော့နည်းကြောင်းနှင့် တစ်နေ့လျှင်အခွံမာသီးလက်တစ်ဆုပ်ခန့်စားသုံးသူ၌ သေဆုံးနိုင်ခြေ ၂၀ ရာခိုင်နှုန်းလျော့နည်းကြောင်း ပညာရှင်များလေ့လာတွေ့ရှိခဲ့သည်။

အခွံမာသီး စားသုံးခြင်းကြောင့် နှလုံးရောဂါဖြင့်သေဆုံးနိုင်ခြေ ၂၉ ရာခိုင်နှုန်းလျော့နည်းခဲ့ပြီး ကင်ဆာရောဂါဖြင့် သေဆုံးနိုင်ခြေ ၁၁ ရာခိုင်နှုန်းလျော့ကျခဲ့သည်ကို သုတေသနပညာရှင်များ သိရှိခဲ့သည်။ အခွံမာသီးစားသုံးခြင်းသည် ကျန်းမာစေသောနေထိုင်မှုပုံစံနှင့်လည်းဆက်စပ်မှုရှိကြောင်း၊ အခွံမာသီးကြောင့် ဆေးလိပ်သောက်ခြင်းနှင့် ကိုယ်အလေးချိန်များလွန်ခြင်းများ နည်းပါးသွားကြောင်းနှင့် လေ့ကျင့်ခန်းလုပ်ရန် အလားအလာပိုများလာကြောင်း လေ့လာတွေ့ရှိခဲ့သည်။ အခွံမာသီးများသည် ကိုလက်စထရောဓာတ်လျော့ကျစေသည့်အပြင် ရောင်ရမ်းခြင်းနှင့် အင်ဆူလင်ခုခံနိုင်စွမ်းကို လျော့ကျစေသည်ဟု သုတေသနပညာရှင်များကပြောကြားသည်။ *—Ref: BBC*




# ငါးနှစ်အောက်ကလေး သေဆုံးနှုန်း ကျစေရန် ရွှေ့လျားယာဉ်များတွင် ကျန်းမာရေးကြော်ငြာများပါရှိမည်



**ဝတ်ရည်အောင်**

**ရန်ကုန်**- ငါးနှစ်အောက် ကလေးသေဆုံးနှုန်းကျဆင်းစေရန် နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်ခုနစ်ခုတို့တွင် ရွေ့လျားယာဉ်များ၌ ကျန်းမာရေးကြော်ငြာများကပ်၍ လူအများသတိပြုမိစေရန် ဆောင်ရွက်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

ရေဒီယို၊ တီဗီများတွင် ကျန်းမာရေးသတင်းအချက်အလက်များ ဖြန့်ဝေခဲ့ရာမှ ယခုပထမဆုံးအဖြစ် ဘက်စ်ကားများ၊ အငှားယာဉ်များ၊ လက်တွန်းလှည်းများတွင် မဖြစ်မနေ သိရှိလိုက်နာရန်လိုအပ်သည့် ကျန်းမာရေးဆောင်ပုဒ်များကို စတစ်ကာများကပ်ခြင်းကို ကျန်းမာရေးဝန်ကြီးဌာနနှင့် ကုလသမဂ္ဂ ကလေးများ ရန်ပုံငွေအဖွဲ့ (ယူနီဆက်)တို့ ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

"အရင်တုန်းက ပုံစံမဟုတ်ဘဲ အသစ်တစ်မျိုးလုပ်ရင် လူတွေကလည်း ပိုပြီးစိတ်ဝင်စားလာနိုင်တယ်။ နောက်နှစ်တွေကြာရင်လည်း နောက်ပုံစံတစ်မျိုးနဲ့ လူတွေဆီအချက်အလက်တွေရအောင် လုပ်လာနိုင်တယ်" ဟု မြန်မာနိုင်ငံဆိုင်ရာ ယူနီဆက်၏ ဌာနေကိုယ်စားလှယ်က ပြောသည်။

ရွေ့လျားယာဉ်များတွင် ကလေးအသက် ခြောက်လအထိ မိခင်နို့တစ်မျိုးတည်းသာ တိုက်ကျွေးရေး၊ ကလေးများသေဆုံးနိုင်သည့် ရောဂါများအား တားဆီးနိုင်မည့် ကာကွယ်ဆေးများ တိုက်ကျွေးရေး၊ အသက်ခြောက်လပြည့်ပြီးပါက အာဟာရဓာတ်များ စုံလင်စွာရရှိနိုင်ရန် ဖြည့်စွက်အစားအစာများ ကျွေးမွေးရေး၊ မိခင်မှ ကလေးငယ်သို့ ခုခံအား ကျဆင်းမှုရောဂါကူးစက်မှု မရှိစေရန် သွေးစစ်ဆေးခြင်းစသည့် လိုအပ်သည့် ကျန်းမာရေးဆောင်ပုဒ်များ ကပ်သွားမည်ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သိရသည်။

လူဦးရေများပြားပြီး အချက်အချာကျသည့်နေရာများတွင်လမ်းဘေးကြော်ငြာဆိုင်းဘုတ်များစိုက်ထူခြင်းအပြင် ရွေ့လျားယာဉ်များဖြင့် ကျန်းမာရေးအသိ ပညာဖြန့်ဝေခြင်းကို နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ တနင်္သာရီတိုင်းဒေသကြီးများ၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်များရှိ မြို့နယ် ၂၂ မြို့နယ်တွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

အသက်ငါးနှစ်အောက် ကလေးများ သေဆုံးနှုန်းကျဆင်း စေရန်အတွက် ကျေးလက်ဒေသများအထိ မိုဘိုင်းဖုန်းများ၏ စာပို့စနစ်ဖြင့် ကျန်းမာရေးသတင်း အချက်အလက် ရောက်ရှိစေရန်လည်းဆောင်ရွက်နေကြောင်းသိရသည်။









Regional
7Day News Journal
Vol.12, No.38 • NOVEMBER 27 , 2013

# မန်းတိုင်းကျောက်သွေး၊ ကျောက်ဖြတ် ဥပဒေပြင်ဆင်လိုသည့်အချက်များ ကြိုတင်စုဆောင်း

**မောင်တာ**

**ပြည်၊ နိုဝင်ဘာ-၂၂**

မန္တလေးတိုင်းဒေသကြီး ကျောက်သွေးကျောက်ဖြတ် ဥပဒေမှ ပြင်ဆင်ထည့်သွင်းလိုသည့် အချက်များကို စုဆောင်းထားပြီး နည်းဥပဒေမထုတ်ပြန်မီ သက်ဆိုင်ရာ အဖွဲ့အစည်းများသို့ တင်ပြဆွေးနွေးနိုင်ရန် စီစဉ်နေကြောင်း မန္တလေးမြို့ ကျောက်မျက်လုပ်ငန်းလုပ်ကိုင်သူများထံမှ သတင်းရရှိသည်။

ပြီးခဲ့သည့် စက်တင်ဘာလအတွင်း တိုင်းဒေသကြီး လွှတ်တော်မှ အတည်ပြုပြဋ္ဌာန်းခဲ့သည့် မန္တလေးတိုင်း ဒေသကြီး ကျောက်မျက်ရတနာ ဖြတ်တောက်ခြင်း၊ သွေးခြင်းလုပ်ငန်းဆိုင်ရာ ဥပဒေတွင် ဒေသခံ ကျောက်မျက်လုပ်ငန်း လုပ်ကိုင်သူများအတွက် အခက်အခဲဖြစ်စေနိုင်သည့်အချက်များ ပါဝင်လာ၍ ယခုကဲ့သို့ နည်းဥပဒေ မထုတ်ပြန်မီ သက်ဆိုင်ရာအဖွဲ့များသို့ တင်ပြနိုင်ရန် စုဆောင်းထားခြင်းဖြစ်ကြောင်း မန္တလေးမြို့ ကျောက်မျက်လုပ်ငန်းလုပ်ကိုင်သူများက ပြောသည်။

"ဒီဥပဒေက ၁၉၉၅ ခုနှစ်၊ ပြည်ထောင်စု ကျောက်မျက်ဥပဒေနဲ့ ဆန့်ကျင်သလိုဖြစ်နေတယ်လို့ထင်တယ်။ ပြီးတော့ ပြစ်မှု၊ ပြစ် ဒဏ်အပိုင်းတို့၊ တရားမဝင် ကျောက်မျက်အဖြစ် သတ်မှတ်မယ်ဆိုတာတွေကို ပြင်ဆင်ပေးစေလိုပါတယ်" ဟု မန္တလေးမြို့မှ မဟာအောင်မြေ ကျောက်မျက်ရောင်းဝယ်ရေး စခန်း (ကျောက်ဝိုင်း) အကျိုးတော်ဆောင်တစ်ဦးက ပြောသည်။

ပြဋ္ဌာန်းခဲ့သည့် ဥပဒေအရ မန္တလေးတိုင်းဒေသကြီးအတွင်း ကျောက်သွေး၊ ကျောက်ဖြတ်လုပ်ငန်းလုပ်ကိုင်သူများသည် မန္တလေးတိုင်းဒေသကြီးအစိုးရထံ လိုင်စင်လျှောက်ထားလုပ်ကိုင်ရမည်ဖြစ်သည်။

"အခွန်ရဖို့အတွက် လုပ်တယ်ဆိုလည်း ကျွန်တော်တို့လက်ခံနိုင်တဲ့ အခွန်ဖြစ်ဖို့ လိုတယ်။ နောက်ပြီး ဥပဒေမှာပါတဲ့ တချို့အချက်တွေကို ကျွန်တော်တို့ဘက်က လက်မခံနိုင်တဲ့အတွက် နည်းဥပဒေထွက်တဲ့အချိန်မှာပြင်ဆင်ထည့်သွင်းပေးဖို့ သက်ဆိုင်ရာ တိုင်းဒေသကြီး အစိုးရအဖွဲ့၊ လွှတ်တော်ကော်မတီတွေနဲ့ တွေ့ဆုံတင်ပြညှိနှိုင်းဖို့ပါ" ဟု မန္တလေးကျောက်ဝိုင်းမှ ကျောက်မျက်လုပ်ငန်းလုပ်ကိုင်သူတစ်ဦးက ပြောသည်။

နည်းဥပဒေ မထုတ်ပြန်မီ ကျောက်သွေး၊ ကျောက်ဖြတ်လုပ်ငန်း လုပ်ကိုင်သူများနှင့် တွေ့ဆုံညှိနှိုင်းမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ သစ်တောနှင့် သတ္တုဝန်ကြီး ဦးသန်းစိုးမြင့်က ပြောသည်။

ဥပဒေ ပြဋ္ဌာန်းနိုင်ခဲ့ခြင်းကြောင့် မန္တလေးတိုင်းအတွင်း ကျောက်သွေးကျောက်ဖြတ်လုပ်ငန်းများ လုပ်ကိုင်ရာတွင် ပိုမိုအဆင်ပြေ လုံခြုံမှုရှိပြီး ဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ကြောင်း မန္တလေး တိုင်းဒေသကြီး သစ်တောနှင့်သတ္တုဝန်ကြီး ဦးသန်းစိုးမြင့်က စက်တင်ဘာလအတွင်း ပြောကြားခဲ့သည်။

လိုင်စင်ဖြင့် လုပ်ကိုင်လျှင် လုပ်ငန်းအတွက် လိုအပ်သော စက်ကိရိယာများ တင်သွင်းခွင့်ရရှိနိုင်မည်ဖြစ်ပြီး ဥပဒေအရ အခွင့်အရေးနှင့် အကာအကွယ်များ အပြည့်ဝခံစားရမည်ဖြစ်ကြောင်း မန္တလေးတိုင်းအတွင်းရှိ ကျောက်သွေးကျောက်ဖြတ်လုပ်ငန်းများကို အကြီးစား၊ အသေးစားနှင့် တစ်နိုင်တစ်ပိုင်ဟူ၍ သုံးမျိုးခွဲကာ လိုင်စင်ထုတ်ပေးမည်ဖြစ်ပြီး ထိုက်သင့်သည့်အခွန်ငွေ ပေးဆောင်ရမည်ဟု ဆိုသည်။

ထို့အပြင် လိုင်စင်မရှိဘဲ လုပ်ငန်း လုပ်ကိုင်လျှင် တစ်နှစ်ထက်မပိုသော ထောင်ဒဏ် (သို့) ကျပ်နှစ်သိန်းထက်မပိုသောငွေဒဏ်နှင့် ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်ကြောင်း ဥပဒေတွင် ပြဋ္ဌာန်းထားသည်။

# ပြည်ခရိုင်အတွင်း ဆိုင်ကယ်ဦးထုပ်မဆောင်းဘဲ စီးနင်းပါက ဒီဇင်ဘာ ၁ ရက်မှစ၍ ဒဏ်ရိုက်မည်

**ဇော်မင်းထိုက်**

**ပြည်၊ နိုဝင်ဘာ-၂၂**

ပြည်ခရိုင်အတွင်းရှိ မြို့နယ်များတွင် ဆိုင်ကယ်စီးဦးထုပ်မဆောင်းသူများအား ဒီဇင်ဘာ၁ ရက်မှ စတင်ကာ တရားရုံးဒဏ်ကြေးနှင့် တိုင်း စီမံဒဏ်ငွေ ပေးဆောင်စေခြင်းဖြင့် အရေးယူ ဆောင်ရွက်တော့မည်ဖြစ်ကြောင်း ပြည်ခရိုင်၊ အမှတ် (၁၀) ယာဉ်ထိန်းတပ်ဖွဲ့စုရုံးမှ သတင်းရရှိသည်။



ပြည်မြို့တွင် ဆိုင်ကယ်စီးသူများအား မြင်ရစဉ်

ဓာတ်ပုံ- ဂျေမောင်မောင် (အမရပူရ)

ပြည်ခရိုင်အတွင်းရှိ မြို့နယ်များတွင် ယခင်ကပြည်မြို့မှလွဲ၍ ကျန်မြို့နယ်များတွင် ဆိုင်ကယ်စီးဦးထုပ် မဆောင်းသူများကိုဖမ်းဆီးအရေးယူခြင်း၊ ဒဏ်ငွေဆောင်ခိုင်းခြင်းများ မရှိသေးဟု ဆိုသည်။

ယခုအခါ ပြည်ခရိုင် အတွင်းရှိ သဲကုန်း၊ ရွှေတောင်၊ ပေါင်းတည်၊ ပန်းတောင်း၊ ပေါက်ခေါင်းမြို့များတွင် ယာဉ်စည်းကမ်းပညာပေး လုပ်ငန်းများ ဆောင်ရွက်နေကြောင်း၊ ပညာပေးကာလ ကျော်လွန်ပါက ဆိုင်ကယ်စီးဦးထုပ် မဆောင်းလျှင် တရားရုံးဒဏ်ငွေ ကျပ်၁,၅၀၀နှင့် တိုင်းစီမံဒဏ်ငွေ ကျပ် ၅,၀၀၀ ပေးဆောင်ရမည်ဖြစ်ကြောင်း၊ တိုင်းစီမံဒဏ်ငွေကို ပုဂ္ဂလိကဘဏ် မရှိသည့် မြို့နယ်များတွင် မြန်မာ့စီးပွားရေးဘဏ်များ၌ ငွေသွင်းပေးဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

"အဓိကကတော့ ဆိုင်ကယ်စီးဦးထုပ်မဆောင်းတာရယ်၊ ဆိုင်ကယ်တစ်စီးကိုသုံးယောက်စီးတာတို့၊ အရှိန်ပြင်းမောင်းတာ အစရှိတဲ့ ယာဉ်စည်းကမ်းဖောက်ဖျက်တာတွေကိုဖမ်းဆီးအရေးယူမယ်။ ယာဉ်ထိန်းတပ်ဖွဲ့မရှိတဲ့ မြို့နယ်တွေမှာ မြို့နယ်အုပ်ချုပ်ရေးတာဝန်ရှိသူတွေ၊ မြို့နယ်ရဲတပ်ဖွဲ့၊ ကညန၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့အစရှိတဲ့ပူးပေါင်းအဖွဲ့တွေက ဖမ်းဆီး အရေးယူသွားမယ်။ ဒဏ်ငွေဆောင်ခိုင်းမှာဖြစ်တယ်" ဟု ပြည်ခရိုင်ယာဉ်ထိန်းတပ်ဖွဲ့မှ ယာဉ်ထိန်းရဲအရာရှိတစ်ဦးက ပြောကြားသည်။

ယင်းကဲ့သို့ ဆောင်ရွက်ခြင်းမှာ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုချက်အရဖြစ်ပြီး တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များအားလုံးတွင် ယာဉ်စည်းကမ်းဖောက်ဖျက်သူများကို အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း၊ နိုဝင်ဘာလကို ပညာပေး ကာလဖြစ် သတ်မှတ်ကာဆောင်ရွက်နေကြောင်း သိရသည်။

သင် အမှန်တကယ် ကိုယ်အလေးချိန်ကို စနစ်တကျ လျှော့ချချင်ပါသလား?

Join with Your Slimming Guide

နိုဝင်ဘာလ (၂၇)ရက်နေ့ (အမျိုးသားနေ့)၊ နံနက် (၁၀)နာရီတနေ ညနေ (၆)နာရီထိ မန္တလေးမြို့က Diamond Plaza မှာ ဆုံကြမယ်နော်

- ခန္ဓာကိုယ်ထဲမှာရှိတဲ့ အဆီပမာဏ၊ ရေပမာဏ၊ ကြွက်သားထုထည်၊ ကလီစာပေါ်ရှိအဆီ နဲ့ တစ်နေ့တာ အဆီလောင်ကျွမ်း နှုန်းတွေကိုလည်း အတိအကျတွက်ချက်ပေးမယ်
- ကိုယ်အလေးချိန်လျှော့ချဖို့အတွက် ဘယ်လိုအစားအသောက်တွေကို စားသင့်တယ် ဆိုတာကိုလည်း ပြောပြပေးဦးမယ်
- လွယ်ကူရိုးရှင်းပြီး အချိန်ကုန်သက်သာတဲ့ လေ့ကျင့်ခန်းတွေကိုလည်း အကြံပြုပေးဦးမယ်
- အထူးအစီအစဉ်အနေနဲ့ Diet Consultant တွေနဲ့ Fitness Consultant တွေက စနစ်တကျ ကိုယ်အလေးချိန်လျှော့ချဖို့ ဆွေးနွေးပေးဦးမှာနော်

Free Check !
Free Consultation !

" Your Slimming Guide နဲ့အတူ Weight ချကြရအောင် "

E-mail: yourslimmingguide@gmail.com

Sponsored by G Trim
The Natural Fat Burner

7 DAY NEWS JOURNAL
Vol.12, No.38 • NOVEMBER 27 , 2013

# ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ရခိုင်မျိုးနွယ်စုများ မောင်တောနယ်စပ်သို့ ထပ်မံခိုလှုံလာ

**မောင်ကံ**

**မောင်တော၊** နိုဝင်ဘာ- ၂၃

ပြီးခဲ့သည့် အောက်တိုဘာမှ စတင်ဝင်ရောက်လာခဲ့သည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ရခိုင်မျိုးနွယ်စုများမှာ ယခုနှစ်ပွင့်လင်း ရာသီတွင်လည်း မောင်တောနယ်စပ်သို့ထပ်မံခိုလှုံလာကြောင်းသတင်းရရှိသည်။

"မနှစ်ကလည်း အောက်တိုဘာကစပြီး ဝင်လာခဲ့ကြတာပါ။ မိုးတွင်းကာလဆိုရင်မြန်မာဘက်ကို လာဖို့အတွက် လမ်းမကောင်းတာကြောင့် မလာကြတာဖြစ်ပါတယ်။ လာရတဲ့ခရီးက တောင်ကျော်လာရတဲ့အတွက် မိုးတွင်းမှာ ကူးလာဖို့အတွက် အဆင်မပြေကြပါဘူး။ အားလုံးကြားသိနေရတဲ့အတိုင်းပါပဲ။ ဘင်္ဂလားဒေ့ရှ်မှာက ဒီဇင်ဘာရွေးကောက်ပွဲနဲ့ ဆူပူအကြမ်းဖက်မှုတွေဖြစ်၊ လူတွေသေဖြစ်နေတာပါ။ ဒီအထဲ ကျွန်တော်တို့ ဗုဒ္ဓဘာသာဝင်တွေဆိုရင် အပြင်ထွက်အလုပ်လုပ်ရင် ရန်ပြုတာတွေခံနေရတဲ့အတွက် ဘဝလုံခြုံရေးအတွက် လုံခြုံမှုမရှိတာကြောင့် တိုင်းရင်းသားဗုဒ္ဓဘာသာအများစုနေထိုင်တဲ့ မြန်မာနိုင်ငံကို ဝင်ရောက်ခိုလှုံလာကြတာဖြစ်ပါတယ်"ဟု ဘင်္ဂလားဒေ့ရှ်နိုင်ငံ ရွာတော်ခရိုင်မှ ဝင်ရောက်ခိုလှုံလာသူတစ်ဦးက ပြောသည်။

ယခုနှစ် မောင်တောနယ်စပ်သို့ ဝင်ရောက်လာသည့် မိသားစု ၁၆ စု၊ လူဦးရေ ၅၀ နီးပါးရှိပြီး အဆိုပါအိမ်ထောင်စုများကို ဗဟိုကျောင်းတိုက်တွင် ယာယီ နေရာချထားကြောင်း၊ အဆိုပါ မိသားစုဝင်များအတွက် စားနပ်ရိက္ခာ၊ အဝတ်အထည်နှင့် အိုးခွက်ပန်းကန်များ လိုအပ်နေကြောင်း အဆိုပါအိမ်ထောင်စုများအား ကူညီပေးနေသူတစ်ဦးက ပြောသည်။

မောင်တောနယ်စပ်သို့ ဝင်ရောက် ခိုလှုံလာသူများအား မောင်တောမြို့နယ်အတွင်းရှိ လူသားချင်းစာနာထောက်ထားရေး အကူအညီပေးနေသည့် ယူအင်န်၊ အိုင်အင်န်ဂျီအိုအဖွဲ့များမှ အကူအညီတစ်စုံတစ်ရာ ပေးခြင်းမရှိဖြစ်နေသည်ဟု ဆိုသည်။

# နံ့သာနီဟုဆိုကာ စိုက်ထားသော အပင်များ ရွေးကြီးစေ့ပင်များ ဖြစ်နေ

**မျိုးမင်းဦး**

**မုံရွာ၊ နိုဝင်ဘာ- ၂၃**

မုံရွာမြို့နယ်အတွင်း စိုက်ပျိုးထားသည့် အိန္ဒိယနိုင်ငံဘက်မှတင်သွင်းလာသည်ဆိုသော နံ့သာနီမျိုးစေ့များသည် ရွေးကြီးစေ့အပင်များဖြစ်နေကြောင်း မုံရွာမြို့တွင် နေထိုင်သော သစ်တောဦးစီးဌာန ဝန်ထမ်းဟောင်းတစ်ဦးဖြစ်သူ ဦးမောင်ဇော်က ပြောကြားသည်။

"အိန္ဒိယဘက်ကနေ လွန်ခဲ့တဲ့ ၂ နှစ်ဝန်းကျင်ကစပြီး နံ့သာနီမျိုးစေ့တွေ တင်သွင်းလာတယ်။ အိန္ဒိယဘက်မှာ အသုံးပြုတဲ့ဒေသအခေါ် Common Name အနေနဲ့ နံ့သာနီအပင်ရော ရွေးကြီးစေ့အပင်ကိုပါ Red Sandal Wood လို့ခေါ်တယ်။ ဟိုဘက်နိုင်ငံမှာ နံ့သာနီမျိုးစေ့ကို ဥပဒေနဲ့ကန့်သတ်ထားတယ်။ အပင်အနေနဲ့လည်း ကွာပါတယ်။ အရင်တုန်းက နံ့သာနီပင်ဆိုတာ မမြင်ဘူးတော့ စိုက်ခဲ့ကြတယ်" ဟု ဦးမောင်ဇော်က ဆက်လက်ပြောကြားခဲ့သည်။



*နံ့သာနီအပွင့်ကိုတွေ့ရစဉ်*

ဓာတ်ပုံ - မျိုးမင်းဦး

"နံ့သာနီမျိုးစေ့တွေကို တမူးနယ်စပ်ကနေ ဝယ်လာတာ။ နို့ဆီဘူးတစ်ဘူးကို ကျပ်တစ်သောင်းခွဲပေးခဲ့ရတယ်။ မုံရွာအရှေ့ဘက် ကံမ္ဘကျေးရွာအနီးမှာ အပင်တစ်ရာကျော်စိုက်ထားတာ။ စိုက်ပြီး ၂ နှစ်နီးပါးကြာမှ နံ့သာနီပင်တွေမဟုတ်ဘဲ ရွေးကြီးပင်တွေဆိုလို့ အပင်တွေ အားလုံးခုတ်ပြီး သနပ်ခါးတွေပြောင်းစိုက်လိုက်တယ်" ဟု မုံရွာမြို့နယ် ကံမ္ဘကျေးရွာအနီး နံ့သာနီအပင်များ စမ်းသပ်စိုက်ပျိုးခဲ့သော ဒေသခံတောင်သူတစ်ဦးက ပြောသည်။

တရုတ်ဝယ်လက်ကြောင့် သာမကဆေးဖက်ဝင်အပင်ဖြစ်၍ နံ့သာနီအပင်များ စိုက်ပျိုးကြသူ ပိုမိုများပြားကြောင်း သိရှိရသည်။ မုံရွာမြို့နယ်အတွင်း ကံမ္ဘကျေးရွာ၊ ညောင်ဖြူပင်ကျေးရွာ၊ ခတ္တက္ကန်ကျေးရွာ၊ ကျောက္ကာကျေးရွာတို့တွင် နံ့သာနီပျိုးပင် စမ်းသပ်စိုက်ပျိုးသူ ပိုမိုများပြားလျက်ရှိပြီး မုံရွာမြို့ပေါ်ရှိနေ အိမ်အချို့တွင်လည်း နံ့သာနီအပင်များကို ရှားပါးသစ်ပင်အဖြစ် ပန်းအိုးများဖြင့် ထည့်သွင်း၍ အလှစိုက်ပျိုးထားသူများလည်း ရှိသည်။

နံ့သာနီကိုတရုတ်နိုင်ငံဘက်မှ ဝယ်လိုအားများပြားသဖြင့် စိုက်ပျိုးရေးလုပ်ငန်းများတွင် နံ့သာနီမျိုးစေ့များ ပျိုးထောင်၍ စိုက်ပျိုးခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။ နံ့သာနီအသားကို တိုင်းရင်းဆေးဝါးများတွင် အဓိက အသုံးပြုပြီး ရေမွှေး၊ ဖန်စီပစ္စည်းများ၊ ပန်းပုရုပ်တုများတွင် အသုံးပြုပြီး ရှေးခေတ်တရုတ်ပြည်တွင် တော်ဝင်နန်းသုံးပစ္စည်းများအဖြစ် နံ့သာနီအသားကိုသတ်မှတ်၍ နံ့သာနီ တစ်ပိဿာလျှင် ကျပ်နှစ်သိန်းဝန်းကျင်မှ ကျပ်လေးသိန်းအထိ ဈေးရရှိကြောင်း နံ့သာနီစိုက်ပျိုးသော မုံရွာမြို့ဒေသခံ စီးပွားရေးလုပ်ငန်းရှင်များက ပြောကြားသည်။

ဝန်ထမ်းအလိုရှိသည်။

**International Language & Business Centre (ILBC)**

အမှတ်-၃၄၊ လေးထောင့်ကန်လမ်း ၊ တာမွေမြို့နယ်။
ဖုန်း - ၅၄၅၇၂၀ လိုင်းခွဲ ၁၁၇၊ ၅၅၆၂၉၈

ILBC Front Office ဌာနအတွက်၊ **Receptionist** များ ထပ်မံအလိုရှိသည်။

- ကျား (သို့ ) မ
- အသက် ၂၀ မှ ၃၀ အတွင်း ဖြစ်ရမည်။
- တက္ကသိုလ်မှဘွဲ့ရပြီးဖြစ်ရမည်။
- ရုပ်ရည်သန့်ပြန့်၍ လူမှုဆက်ဆံရေး ကောင်းမွန်ပြီး အလုပ်အပေါ်စိတ်ဝင်စားသူ ဖြစ်ရမည်။
- အင်္ဂလိပ်စာ ရေး၊ ဖတ်၊ ပြော၊ အခြေခံရှိရမည်။
- ကွန်ပျူတာ အသုံးပြုနိုင်ရမည်။

စိတ်ပါဝင်စားသူများ ILBC Human Resources Department သို့ လာရောက်လျှောက်ထားနိုင်ပါသည်။

JOB OPPORTUNITY

**JETRO's "SECRETARY"**

Lady "Secretary", a graduate at least, age 20~25 yrs., having the *following qualities* are welcome to apply: "Have good health", "Pleasant personality", "Fluent in English", "Computer skills", "Japanese language skill" (an advantage), Experience and interest in office logistical & secretarial works", "High spirit in teamwork to support the office", "Confidence and adaptability in challenging works", "Necessary overtime works".

Please personally submit, not later than December 2nd 2013, your application, CV, recommendations, copies of relevant certificates & N.R.C, and a recent photo to [ Japan External Trade Organization (JETRO Ygn), Sedona Hotel Business Suites#04-02, No. 1, Kaba Aye Pagoda Rd., Yankin Township, Yangon, Tel: 544051~3, Fax: 544048 ]

# ရော်ဘာခြံအတွင်း အိပ်နေစဉ် ဆင်နင်းခံရပြီး အမျိုးသမီးတစ်ဦးသေဆုံး

**သန်းဌေး**

**ရန်ကုန်**-ရော်ဘာခြံထဲရှိတဲအတွင်း ဇနီးမောင်နှံနှစ်ဦးအိပ်ပျော်နေစဉ် ဆင်နင်းခံရပြီး ဇနီးသည်သေဆုံးခဲ့ကြောင်း သတင်းရရှိသည်။

နိုဝင်ဘာ ၂၃ရက် ညဉ့်သန်းခေါင်ယံ ၁၂နာရီခွဲတွင် ပဲခူးမြို့နယ်၊ ဆတ်ချောင်းကျေးရွာ၌ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

အဆိုပါကျေးရွာရှိ ဒေါ်ကျင်မေ၏ ရော်ဘာခြံတွင် တဲထိုးနေထိုင်သူ ဇနီးမောင်နှံ တဲအတွင်း၌ အိပ်ပျော်နေစဉ် အသံကြားသဖြင့် အပေါ်သို့ မော့ကြည့်ရာ အမြင့် ၉ပေခန့်နှင့် ၇ပေခန့်ရှိဆင်နှစ်ကောင်ကို တွေ့သဖြင့်အမျိုးသားသည် တဲဘေးရှိ လျှိုအတွင်းသို့ ထွက်ပြေးသွားခဲ့ပြီး ဇနီးဖြစ်သူမှာ တဲအတွင်း ကျန်နေခဲ့သည်။

နံနက် ၁နာရီတွင် တဲအတွင်း ပြန်ရောက်ရာ ဇနီးဖြစ်သူမှာ တဲဘေးမြေကြီးပေါ်တွင် ဆင်နင်းခံရသည့် ဒဏ်ရာများဖြင့် သေဆုံးနေသည်ကိုတွေ့ရပြီး တဲမှာလည်း ပျက်စီးသွားခဲ့သည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ပဲခူးအမှတ်(၃)နယ်မြေရဲစခန်းက သေမှုသေခင်းအမှတ်စဉ် ၁၃/၁၃ဖြင့်အမှုဖွင့်စစ်ဆေးနေကြောင်း သတင်းရရှိသည်။

ဒါန ဘုရားဖူးအဖွဲ့၏ ဗုဒ္ဓဂယာ ဘုရားဖူးခရီးစဉ်

သံဝေဇနီယနှင့် အဝိဇဟိတ ဗုဒ္ဓဌာနများ၊ ကမ္ဘာသမ္မနယူးဒေလီ အာဂရာ တပ်ချ်မဟာ နေရာများသို့ ( ၁၄ည / ၁၅ ရက် ) ခရီးစဉ် 950 USD + ၅၀၀၀၀/-
သံဝေဇနီယ ( ၄ )ဌာန နှင့် ဗုဒ္ဓဌာနများ ( ၇ ည / ၈ ရက် ) ခရီးစဉ် 850 USD + ၅၀၀၀၀/-
(ဗုဒ္ဓဂယာဘုရားဖူးခရီးစဉ်များ အပတ်စဉ် ပုံမှန် ထွက်ခွါနေပြီဖြစ်ပါ၍ အမြန်စာရင်းပေးသွင်းနိုင်ပါရန် နှိုးဆော်အပ်ပါသည်။)
ဒါနဘုရားဖူးအဖွဲ့ - အမှတ် (၂၅)၊ အခန်းအမှတ် (၃၀၃)၊ တတိယထပ်၊ ဓါတ်လှေခါးအမှတ်(၂)၊ ယုဇနစီးပွားရေးတာဝါ၊ ဓမ္မစေတီလမ်း၊ စမ်းချောင်း၊
ဖုန်း - 536348, 537707, 537708,09 500 1763, 09 501 3727, 09 7322 5849, 09 516 4664
မဇ္ဈိမဒေသသာသနာပြုအဖွဲ့ - အမှတ် (၁၃/က)၊ ငါးထပ်ကြီးဘုရားလမ်း၊ ပဟန်း၊ ရန်ကုန် • ဖုန်း - 545215, 545216, 555173
ဗုဒ္ဓဓမ္မဒါနစေတနာရှင်များအဖွဲ့-ရွှေမြင်တင်ဦးညို - အမှတ် (၁၂)၊ မြို့သစ် (၁)လမ်း၊ ကျောက်မြောင်း၊ တာမွေ၊ ရန်ကုန် • ဖုန်း- 542236
မန္တလေးရုံးခွဲ-(၃၀၈-B)၊၆၂ လမ်း၊ ၂၈×၂၉ လမ်းကြား၊ချမ်းအေးသာစံမြို့နယ်၊မန္တလေး •ဖုန်း -09 402 64 8989, 09 5300305

# ဘင်္ဂလားဒေ့ရှ်မှ မောင်တောနယ်စပ်သို့ အထွေးထည်များဝင်ရောက်

**မောင်ကံ**

**မောင်တော၊ နိုဝင်ဘာ - ၂၃**

ဆောင်းတွင်းကာလသို့ ရောက်ရှိလာပြီဖြစ်သောကြောင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံထုတ် ဆောင်းဝတ်အထည်များ မောင်တောနယ်စပ်ဈေးကွက်သို့ အများဆုံး ဝင်လာပြီး မောင်တောမှတစ်ဆင့် ရခိုင်ပြည်နယ်၊ မြို့နယ်အသီးသီးနှင့် ရန်ကုန်ဈေးကွက်သို့ တင်ပို့နေရကြောင်း ဆောင်းဝတ် အထည်များ တင်ပို့ရောင်းချနေသူတစ်ဦးက ပြောကြားသည်။

တစ်ဖက်နိုင်ငံမှ မောင်တောနယ်စပ်သို့ ဝင်ရောက်လာသည့် ဆောင်းဝတ်အထည်များမှာ ဖလန်နယ်၊ ဖလိုင်းအကျီနှင့် ညဝတ်အိပ်အထည်များဖြစ်ပြီး တစ်ထည်လျှင် ကျပ် ၁,၅၀၀၊ ၂,၀၀၀ ဈေးရှိနေကြောင်း သိရသည်။ "စစ်တွေ၊ ရန်ကုန်ဘက်ကို အများဆုံးတင်ပို့ရတာက ဖလန်နယ်အထည်နဲ့ ညဝတ်အိပ်အထည်တွေဖြစ်ပါတယ်။ ဈေးကောင်းလည်းရကြပါတယ်။ ညဝတ်အိပ်အထည်က ဝမ်းဆက်ဖြစ်တဲ့အတွက် တစ်စုံကို လေးထောင်၊ လေးထောင့်ငါးရာကျပ်ပေးရပါတယ်"ဟု မောင်တောမြို့မ ဈေးကြီးအတွင်းမှ အထည်ဆိုင်ရှင်တစ်ဦးက ပြောပြသည်။

ထို့အပြင် ဘင်္ဂလားဒေ့ရှ်နိုင်ငံထုတ် သိုးမွေးစောင်များနှင့် စောင်ပါးများလည်း အများအပြား ဝင်ရောက်နေပြီဖြစ်ပြီး စောင်များမှာ ယခင်နှစ်ထက် ဈေးမြင့်နေကြောင်း သိရသည်။ ယခုကဲ့သို့ ဈေးမြှင့်တက်နေခြင်းမှာ တစ်ဖက်နိုင်ငံတွင် မငြိမ်သက်မှုများ မကြာခဏဖြစ်ပေါ်နေသည့်အတွက် ပစ္စည်းရရှိမှုနည်းပါးကာ ဈေးမြင့်နေခြင်းဖြစ်ကြောင်း တစ်နိုင်တစ်ပိုင်ကုန်သွယ်သူတစ်ဦးက ပြောကြားသည်။

တစ်ဖက်နိုင်ငံထုတ် ဆောင်းဝတ်အထည်များနှင့် စောင်များကို မောင်တောနှင့် ဘင်္ဂလားဒေ့ရှ်သို့ နေ့စဉ်ကူးသန်းသွားလာနေကြသည့် တစ်နိုင်တစ်ပိုင်ကုန်သွယ်သူများက အများဆုံးတင်သွင်းလာကြခြင်းဖြစ်ကြောင်း သိရသည်။

# မောင်တောမြို့နယ်တွင် နိုဝင်ဘာ ၂၃ ရက်က ဗလီတစ်လုံးအပါအဝင် မီးလောင်မှု နှစ်ကြိမ်ဖြစ်ပွား



*မောင်တောမြို့ စည်ပင်ဈေးတွင် မီးလောင်သွားသော ဆိုင်ခန်းနှစ်ခန်းကို မြင်ရစဉ်*

ဓာတ်ပုံ - မောင်ကံ

**အောင်နိုင်**

**ရန်ကုန်၊ နိုဝင်ဘာ - ၂၃**

နိုဝင်ဘာ ၂၃ ရက် ညပိုင်းက မောင်တောမြို့နယ်တွင် ဗလီတစ်လုံးမီးလောင်ကျွမ်းမှုအပါအဝင်မီးလောင်ကျွမ်းမှုနှစ်ကြိမ်ဆက်တိုက်ဖြစ်ပွားခဲ့ကြောင်း ရခိုင်ပြည်နယ်အစိုးရမှ သတင်းရရှိသည်။

နိုဝင်ဘာ ၂၃ ရက် ည ၈ နာရီခန့်တွင် မောင်တောမြို့၊ မြို့သူကြီးဆောင်ပိုင်ညာကျေးရွာဘူးသီးတောင်ကားလမ်းဘေးရှိဗလီတစ်လုံး မီးလောင်ကျွမ်းခဲ့သည်။

မောင်တောရဲတပ်ဖွဲ့၊ ခမရ ၅၃၇၊ မီးသတ်တပ်ဖွဲ့နှင့် ဒေသခံများ ဝိုင်းဝန်းငြိမ်းသတ်သဖြင့် မိနစ် ၂၀ ခန့်အကြာတွင် မီးငြိမ်းသွားခဲ့သည်။ ထိခိုက်သေကျေမှုမရှိဘဲ မီးလောင်ကျွမ်းရသည့် အကြောင်းရင်းကို စုံစမ်းစစ်ဆေးနေကြောင်း ရခိုင်ပြည်နယ် အစိုးရအဖွဲ့မှ သတင်းထုတ်ပြန်သည်။

ထို့အတူ မောင်တောမြို့မ စည်ပင်ဈေးဆိုင်ခန်းအမှတ် ၂ဘီ ၁၁/၁၂ ၌ ည ၇ နာရီ ၁၀ မိနစ်ခန့် တွင် မီးလောင်ကျွမ်းမှု တစ်ခုဖြစ်ပွားခဲ့သည်။ မီးသတ်ကား နှစ်စီးဖြင့် ငြိမ်းသတ်ခဲ့သဖြင့် နာရီဝက်ခန့်အကြာတွင် မီးငြိမ်းသွားခဲ့ပြီး ကျပ်ငွေ ၁၀ သိန်းခန့်ဆုံးရှုံးခဲ့ကြောင်း သတင်းရရှိသည်။

မီးလောင်ကျွမ်းရခြင်း အကြောင်းရင်းမှာ ခြင်ဆေးခွေထွန်းထားခဲ့ပြီး ဆိုင်ပိတ်သွားခြင်းကြောင့်ဖြစ်ပြီး ဆိုင်ခန်းပိုင်ရှင်ကို ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၂၈၅ အရအမှုဖွင့် အရေးယူထားကြောင်း ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ သတင်းရရှိသည်။

ဖုန်းနှင့်တက်ဘလက်အသုံးပြုနည်း

Guide to Using Android for Phone & Tablet
မျိုးသူရ
ဖုန်းနှင့်တက်ဘလက်အသုံးပြုနည်း
Android ဖုန်းဖြင့် အင်တာနက်သုံးနည်း
Download, Setting, Game Install ပြုလုပ်နည်း။ ကွန်ပျူတာဖြင့်ချိတ်ဆက်၍ Data ဖိုင် ကူးနည်း။
GPS စနစ်သုံးနည်း။ Network အမျိုးမျိုးနှင့် ဖုန်း၊ တက်ဘလက်တို့မှ USB Interface အကြောင်း၊
အင်တာနက်၊ WiFi၊ WANN-Cellular တို့ချိတ်ဆက်နည်း။ Web Browser ဖြင့် အင်တာနက်သုံးနည်း။
Google မြေပုံ၊ Camera , File Manager, Application လမ်းညွှန်၊
WiFi Hotspot, Sharing, Viber, Bluetooth, Zapya, Tingo, Facebook သုံးနည်းများ။
Facebook မှ Twitter သို့ ကူးပြောင်းချိတ်ဆက်သုံးနည်း။

ကွန်ပျူတာစတင်တပ်ဆင် အသုံးပြုသူများအတွက်

PC Hardware A+
ကွန်ပျူတာတပ်ဆင်ပြုပြင်နည်း
မျိုးသူရ
ကွန်ပျူတာစတင်တပ်ဆင်အသုံးပြုသူများအတွက်.......
ကွန်ပျူတာစတင်တည်ဆောက်တပ်ဆင်ပုံနှင့် စမ်းသပ်စစ်ဆေးနည်း၊
ကွန်ပျူတာအတွင်းရှိ စက်ပစ္စည်း တစ်ခုစီ၏ လုပ်ဆောင်ပုံနှင့် စမ်းသပ်စစ်ဆေးနည်း၊
ကွန်ပျူတာ၏ အစိတ်အပိုင်းတစ်ခုစီကို အစားထိုး လည်းလှယ်နည်းနှင့် Troubleshooting
ကွန်ပျူတာ အစိတ်အပိုင်းတစ်ခုနှင့် တစ်ခု ဆက်စပ်လုပ်ဆောင်နေကြပုံ၊
ကွန်ပျူတာ၏အစိတ်အပိုင်းတစ်မျိုးစီရဲ့ အခြေခံသီအိုရီ သဘောတရားနှင့် upgrading
မိမိနှင့် သင့်တော်မည့် ကွန်ပျူတာတစ်လုံး ရွေးချယ်ဝယ်ယူတော့မည်ဆိုရင်
သိထားရမည့်အချက်များ။

ဖုန်းဖြင့် Social Network များအသုံးပြုခြင်း

မြသိန်းညီ
ဖုန်းဖြင့် Social Network များ အသုံးပြုခြင်း
Download
Android Apps တွေ နေ့စဉ်ထွက်ရှိနေပါတယ်။ ကိုယ်တိုင် ရှာဖွေ download ရယူပြီး Install လုပ်နိုင်ဖို့။
Facebook
မိတ်ဟောင်း၊ မိတ်ဆွေများရှာဖွေရန်နှင့် သတင်းအချက်အလက်များရ ယူခြင်း၊ Post တင်ခြင်း၊ Comment, like, share လုပ်ခြင်း၊ Message ပို့ခြင်း၊ Chat ပြောခြင်း။
Linked
အလုပ်ရှာဖွေလျှောက်ထားရန် Profile တင်ခြင်း၊ ကုမ္ပဏီများ၊ Group ဖွဲ့ပြီး ဆွေးနွေးဆောင်ရွက်ကြခြင်း။
Twitter
Facebook မှ Twitter သို့ ကူးပြောင်းချိတ်ဆက်နည်း။

ထွက်ပြီ မျက်ပွင့်စာပေ — ဖုန်း—၀၉—၇၃၀၀ ၂၉၆၅ ၊ ၀၉ ၇၃၀၀ ၅၈၈၂ E-mail : myatpwint.books@gmail.com ထွက်ပြီ

English 900 အင်္ဂလိပ်စကားပြောလေ့ကျင့်နည်း

ဆရာ ဦးခင်မောင်သန်း (ရွှေဆောင်)
MODERN ENGLISH 900
အင်္ဂလိပ်စကားပြောလေ့ကျင့်နည်းစာအုပ်
Modern English 900 စာအုပ်ကို အင်္ဂလိပ်ဘာသာ လေ့လာလိုက်စားသူများ၊ စနစ်တကျလေ့လာနိုင်ရန် ရည်ရွယ်ပြီး ရေးသားရခြင်း ဖြစ်ပါသည်။ Conversation (စကားပြော)၊ Intonation (အသံထွက်ဆိုနည်း)၊ Question and Answer (အမေးအဖြေ) စသည်တို့ကို လူတိုင်း မဖြစ်မနေ ပြောနေကျ ဝါကျ ၉၀၀ ဖြင့် ရှင်းလင်းပီသစွာ တင်ပြ ထားသည်။
မူရင်း MP3 CD ဖြင့် ပူးတွဲလေ့ကျင့်နိုင်စေရန် စီစဉ်ပေးထားတယ်။

ဟိုတယ်သုံးအင်္ဂလိပ်စကားပြော

English Speaking For HOTEL
ဆရာဦးခင်မောင်သန်း(ရွှေဆောင်)
ဟိုတယ်သုံးအင်္ဂလိပ်စကားပြော
ဧည့်ကြိုဌာန၊ စားတော်ဆက်၊ တယ်လီဖုန်းပြောခြင်း၊ ဟိုတယ်ခန်းမတို့တွင် တစ်ဦးနှင့်တစ်ဦး အပြန်အလှန်ပြောဆိုပုံ၊ တယ်လီဖုန်းဖြင့် စုံစမ်းမေးမြန်းပုံ၊ အဆင်မပြေငြင်းခုံရပုံ ဟိုတယ်သုံး အခေါ်အဝေါ်များ အဓိပ္ပါယ်ဖွင့်ဆိုချက်များကို အင်္ဂလိပ်စာပေ လေ့လာ လိုက်စားသူများ၊ ခရီးသွားများ၊ လူအများ နှင့်ပြောဆို ဆက်ဆံရသူများအတွက်

Family Album – ၁ / ၃

မိသားစုအယ်လ်ဘမ် အင်္ဂလိပ်စကားပြော
Family Album, U.S.A
ဆရာဦးခင်မောင်သန်း (ရွှေဆောင်စာတည်း)
မေရီ (ရွှေဆောင်)
Family Album (USA) အမေရိကန်သုံး အင်္ဂလိပ်စကားပြောလေ့ကျင့်နည်း စာအုပ်၊ စကားပြော လေ့ကျင့်ရုံသာမက လူမှုဘဝလုပ်ရှားမှုတို့ကို ယဉ်ကျေးမှု ဓလေ့စရိုက်တို့ကိုပါ Video ဖြင့် မှတ်တမ်းတင် သင်ပြပေးထားသော စာအုပ်ဖြစ်ပါသည်။ မူရင်းစာအုပ်အတိုင်း ပထမတွဲ ၊ ဒုတိယတွဲ တို့ကို DVD ဖြင့် ပူးတွဲလေ့ကျင့်နိုင်အောင် စီစဉ်ပေးပါသည်။ဗွီဒီယို ကြည့်ပြီး စကားပြောလေ့ကျင့်ကြမယ်။

သူနာပြု အင်္ဂလိပ်စကားပြော

သူနာပြုများ နှင့် ကျောင်းသား/ ကျောင်းသူများ အားလုံးအတွက်
ဆေးပညာလောကအတွက် အင်္ဂလိပ်စကားပြော
တန်ဖိုး– ၃၀၀၀
ဆရာ ဦးခင်မောင်သန်း (ရွှေဆောင်စာတည်း)
ရွှေဆောင်မေရီ(မင်းသွေးနိုင်)
B.Sc., [credit]M.Sc;QII; L.C.C.I; II (computer)
ဆေးတက္ကသိုလ်ဆရာဝန်လောင်းများ၊ သူနာပြုတက္ကသိုလ်တက်ရောက် သင်ကြားနေသူများ၊ သူနာပြုများ အတွက် မရှိမဖြစ်တတ်ထားရမည့်စာအုပ်။ သူနာပြုများ၊ ဆရာဝန်များ လောကတွင် လက်တွေ့အသုံးပြုနေသော စကားပြောနည်း၊ ပြောဟန်ဝေါဟာရများကို စုစည်းတင်ပြထားသည်။

ထွက်ပြီ မျက်ပွင့်စာပေ — ဖုန်း—၀၉—၇၃၀၀ ၂၉၆၅ ၊ ၀၉ ၇၃၀၀ ၅၈၈၂ E-mail : myatpwint.books@gmail.com ထွက်ပြီ

7 DAY NEWS JOURNAL
Vol.12, No.38 • NOVEMBER 27 , 2013

# လဂတ်ယန်စခန်းသို့ အသစ်ရောက်လာသည့် စစ်ရှောင်ဒုက္ခသည်များတွင် ဝမ်းပျက်၊ ဖျားနာသူများနေ



*ကချင်စစ်ဘေးရှောင်လဂတ်ယန်စခန်းကို အဝေးမှမြင်ရစဉ်*

ဓာတ်ပုံ- မရန်

**မရန်**

**မြစ်ကြီးနား၊ နိုဝင်ဘာ-၂၅**

ကေအိုင်အိုထိန်းချုပ် နယ်မြေရှိ လဂတ်ယန် စစ်ရှောင်စခန်းတွင် နမ်လင်းပါဘက်မှ အသစ်ရောက်ရှိလာသည့် စစ်ဘေးဒုက္ခသည်များသည် ဝမ်းပျက်ပြီး ဖျားနာသူများပြားကြောင်း လဂတ်ယန်စခန်း တာဝန်ခံဦးလဆမ်ကပြောကြားသည်။

"အဓိကတော့ ဝမ်းလျှော၊ ဝမ်းပျက်တာများတယ်။ အခု အသစ်ရောက်လာတဲ့သူ များတယ်။ အယောက် ၁၀၀ ကျော်ကျော်လောက်ရှိတယ်။ဖျားတဲ့သူတွေလည်းပါတယ်"ဟု စခန်းတာဝန်ခံမှဆိုသည်။

ထိုစခန်းတွင် ယခင်နေထိုင်သည့် စစ်ဘေးဒုက္ခသည်၆၈၇ဦးနှင့် နမ်လင်းပါမှ ထွက်ပြေးပြီး အသစ်ရောက်လာသည့်စစ်ဘေးဒုက္ခသည် ၁၀၀၀ ခန့်စုပေါင်းပြီး နေထိုင်လျက်ရှိသည်။

"ကလေးတွေရော၊ အသက်ကြီးတဲ့သူတွေပါ ဖျားတဲ့သူများလာတယ်။ ကျွန်မကလေးလည်း ချောင်းအရမ်းဆိုးတယ်။ တစ်ယောက်ဖျားတော့ နောက်တစ်ယောက်ပြီးတစ်ယောက် ဆက်တိုက်ဖျားနေကြတယ်" ဟု နမ်လင်းပါမှ လဂတ်ယန်စစ်ရှောင်စခန်းတွင် နေထိုင်လျက်ရှိသည့် စစ်ဘေးဒုက္ခသည်ဒေါ်နန်ဘောက်မှဆိုသည်။

နမ်လင်းပါမှ စစ်ဘေးဒုက္ခသည်များသည် ရွာမှထွက်ပြေးခဲ့ချိန် အဝတ်အထည်မလုံလောက်ဘဲ အချမ်းလွန်ကဲခြင်းနှင့် အစားအသောက်လုံလောက်စွာမစားသုံးနိုင်သည့်အတွက်ကြောင့် ယခုကဲ့သို့ ဖျားနာကြခြင်းဖြစ်ကြောင်း မိဘအချို့က သုံးသပ်ပြောဆိုသည်။

"ဝမ်းလျှောတဲ့လူတွေပိုများတယ်။ ဝမ်းထဲသွေးပါတဲ့ လူသုံးယောက်လောက်တော့ရှိတယ်" ဟု ထိုစခန်းရှိဆေးခန်းမှ ဆရာမတစ်ဦးကဆိုသည်။

နမ်လင်းပါ ကျေးရွာတွင် လွန်ခဲ့သည့် ၂၀၁၃ နိုဝင်ဘာ ၁၆ ရက်တွင် ကျေးရွာအတွင်းသို့အစိုးရတပ်များဝင်ရောက်လာပြီးနောက် ဒေသခံများနှင့်စစ်ဘေးဒုက္ခသည်၃၀၀၀ခန့် ထွက်ပြေးတိမ်းရှောင်ခဲ့ကြသည်။

# လူငယ်များရန်ပွဲကိုဝင်တားသည့်ရဲဓားထိုးခံရ

**စောရန်နိုင်**

**မကွေး၊ နိုဝင်ဘာ- ၂၃**

မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ စဘေကျေးရွာအုပ်စု ထန်းငယ်တောကျေးရွာတွင် နိုဝင်ဘာ ၂၄ ရက်ညပိုင်းကပွဲတော်အတွင်း ဖြစ်ပွားသော လူငယ်များ၏ ရန်ပွဲကိုဝင်တားသည့်လုံခြုံရေးရဲတပ်သားနှစ်ဦး ဓားထိုးခံရကြောင်း သတင်းရရှိသည်။

ဆန်းခေတ်သဘင်ဇာတ်ပွဲ ဖျော်ဖြေနေစဉ် မြိုင်မြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင်ဒုရဲအုပ်အောင်ဆန်းနှင့်အဖွဲ့သည် ဒေသခံကျေးရွာ အုပ်ချုပ်ရေးမှူးဦးကြည်ဆွေအဖွဲ့နှင့်ပူးပေါင်း၍ လုံခြုံရေးဆောင်ရွက်နေစဉ် ဇာတ်ခုံမြောက်ဘက်ထောင့်တွင်လူငယ်များစကားများရန်ဖြစ်နေကြသဖြင့် သွားရောက်ဖျန်ဖြေခဲ့သည်။ ထိုအချိန်တွင် ပိုက်သင်ကျေးရွာ၊ မြိုင်မြို့နယ်နေသူ စိုးနိုင်ဝင်းသည် ဓားဦးချွန်ကိုကိုင်ဆောင်လျက်ရမ်းကားနေသဖြင့် ရဲတပ်သားရဲနိုင်ဦးက ဝင်ရောက် ထိန်းသိမ်းရာ စိုးနိုင်ဝင်းသည် တပ်သားရဲနိုင်ဦးကို ဓားဖြင့်ထိုးရာ လက်ကိုင်ဖုန်းအားထိုးမိသဖြင့် ရဲတပ်သားမြတ်စိုးကျော်မှ ၄င်းကိုဝင်ရောက်ဖမ်းဆီးရန်ပြုစဉ် ၄င်းကဓားဖြင့်ထိုးသဖြင့်ရဲတပ်သားမြတ်စိုးကျော်တွင်ဒဏ်ရာ ရရှိခဲ့သည်။ စိုးနိုင်ဝင်းကိုမြိုင်မြို့နယ်၊မြို့မရဲစခန်းက အမှုဖွင့်ထားသည်။




## နယူးဟောင်ကောင် ဆေးကုခန်း

အဆင့်မြင့်နည်းပညာများ နောက်ဆုံးပေါ် စက်ကိရိယာများဖြင့် အထူးကုသပေးနေပါသည်။

### နှာခေါင်းရောင်နာ၊ လည်ချောင်းရောင်နာကိုတစ်ကြိမ်တည်းဖြင့် အမြစ်ပြတ်ကုသပေးခြင်း



နာတာရှည် နှာခေါင်း၊ လည်ချောင်းရောင်နာ၏ အဓိက လက္ခဏာရပ်မှာ နှာပိတ်ခြင်း၊ နှာရည်ယိုခြင်း၊ နှာချေခြင်း၊ နှာခေါင်းယားယံခြောက်သွေ့ခြင်း၊ နှာခေါင်းသွေးထွက်ခြင်း၊ အနံ့မရခြင်း၊ လည်ချောင်းနာကျင် ယားယံခြင်းနှင့် ခိုးလို့ခုလုဖြစ်နေခြင်းတို့မှာ ကင်ဆာ ရောဂါသို့ အလွယ်တကူပြောင်းလဲသွားနိုင်သည်။

နယူးဟောင်ကောင်ဆေးကုခန်းမှ နှာခေါင်းအလာဂျီ၊ နှာတွင်း လိုဏ်မြောင်းရောင်ရမ်းခြင်း၊ နှာခေါင်းထွက်သက် အသားဖု၊ နှာတာရှည်လည်ချောင်းနာ၊ အာသီးရောင်ခြင်းရောဂါများကို ကွန်ပျူတာစက်ကြီးများ(သို့မဟုတ်)နှာခေါင်းအတွင်းသို့ ပြောင်စင်ဆေးကြောကုသသည့်နည်း အသုံးပြု၍ တစ်ကြိမ်တည်းဖြင့် အမြစ်ပြတ် ကုသပေးပါသည်။

### အိမ်ထောင်ရေးသုခ သုတ်လွှတ်မြန်ခြင်း ပန်းသေရောဂါ ကုသပေးခြင်း

ကျောက်ကပ်အားနည်းခြင်း၊ ပန်းသေရောဂါ သုတ်လွှတ်မြန်သော ရောဂါများမှာ နေထိုင်မှုဘဝတွင် အရေးတကြီး လုပ်ငန်း ဖိအားများခြင်းကြောင့်ဖြစ်သည်။

နယူးဟောင်ကောင်ဆေးကုခန်းသည် နိုင်ငံတကာတွင်ခေတ်စားနေသည့် DEA အာရုံကြောဆေးထိုးကုသနည်းကိုအသုံးပြုပြီး ကျောက်ကပ်အားနည်းခြင်း၊ သုတ်လွှတ်မြန်ခြင်း၊ ပန်းသေခြင်း၊ အမျိုးသားအင်္ဂါသေးငယ်သွားခြင်းစသော ရောဂါတို့ကို အထူးကုသပေးနေပါသည်။

ဆေးကုသကြိမ်တစ်ကြိမ်တည်းဖြင့် သက်သာစေသည်။ အမျိုးသားတို့၏ မာန် တစ်ကြိမ်ထပ်မံတက်ကြွလာပါသည်။ ဤကုသနည်းဖြင့် ကမ္ဘာ့မြောက်များစွာသော အမျိုးသားများအတွက် သတင်းကောင်း ဖြစ်ပါသည်။

### PPH စအိုအူလမ်းကြောင်းကုထုံး

ကျွန်တော်တို့ ဆေးခန်း၏ စအို အူလမ်းကြောင်း ဌာနသည် ဂျာမနီနိုင်ငံ နောက်ဆုံးပေါ် စက်ကြီးများဖြင့် အတွင်းလိပ်၊ အပြင်လိပ်၊ ရောရာလိပ်၊ စအိုကွဲခြင်း၊ စအိုပတ်လည် ရောင်ရမ်းခြင်း၊ ဂရင်ဂျီနာ၊ အူအဆုံးပိုင်းအသားပို၊ အူမကြီးရောင်နာ၊ ဝမ်းချုပ်စသော ရောဂါများကို တစ်ကြိမ်တည်းဖြင့် အမြစ်ပြတ်ကုသပေးပါသည်။ မနာမကျင် ဆေးစွမ်းထက် အလုပ် မထိခိုက်သောကြောင့် ယနေ့ခေတ်၏ အကောင်းဆုံး၊ အမြန်ဆုံး၊ ထိရောက်မှုအရှိဆုံးနှင့် အန္တရာယ်အကင်းဆုံး ကုသနည်းဖြစ်ပါသည်။

### လည်ပင်း၊ ပုခုံး၊ ခါး၊ ပေါင်၊ အဆစ်အမြစ်ရောင်ရမ်းနာကျင်ခြင်းကို ကုသပေးခြင်း

လည်ပင်း၊ ပုခုံး၊ ခါး၊ ပေါင်၊ အဆစ်အမြစ် ရောင်ရမ်းနာကျင်ခြင်း အရိုးကျီးပေါင်းတက်ခြင်း၊ ခြေလက်ထုံကျဉ်ကိုက်ခဲခြင်းတို့သည် နာတာရှည်ရောဂါဖြစ်၍ ကျန်းမာရေးကို လွန်စွာ ထိခိုက်စေပါသည်။

နယူးဟောင်ကောင်ဆေးခန်းတွင် "လေဆာရောင်ခြည်"ဖြင့် ကုသပေး၍ရောဂါနေရာ အတိအကျ ရှာဖွေတွေ့ရှိခြင်း၊ ဆေးစွမ်းထိရောက်ခြင်း၊ လျှင်မြန်စွာ ပျောက်ကင်းသောကြောင့် လည်ပင်း၊ ပုခုံး၊ ခါး၊ ပေါင်၊ ခါးရိုးဆစ်ခွက် အစွယ်ထွက်၊ အဆစ်အမြစ် ရောင်ရမ်းနာကျင်ခြင်း၊ အရိုးကျီးပေါင်းတက်ခြင်း၊ ခြေလက်ထုံကျဉ်ကိုက်ခဲခြင်း၊ လေဖြတ်ပြီး နောက်ဆက်တွဲ ရောဂါများကို ပျောက်ကင်းအောင် ကုသပေးနေပါသည်။

### အချိန်တိုတွင်း ဆီးချိုရောဂါကို ပျောက်ကင်းအောင် ကုသပေးခြင်း

ဆီးချိုရောဂါသည်များသည် ရေ ခဏခဏသောက်ခြင်း၊ အစာခဏခဏစားခြင်း၊ ဆီးခဏခဏသွားခြင်း၊ ကိုယ်အလေးချိန်ကျဆင်းခြင်းတို့ကို တွေ့ရှိနိုင်ပါသည်။ အချိန်မှီ ကုသခြင်းမပြုပါက ရောဂါတိုး၍ မျက်စေ့မှုန်ခြင်း၊ အတွင်းတိမ်ဖြစ်ခြင်း၊ အရေပြား ယားယံခြင်း၊ ခြေလက် ထုံကျဉ်ခြင်း၊ ကိုယ်ခန္ဓာယာဉ်းရောင် ပြည်တည်ခြင်း၊ အားယုတ်ခြင်း၊ ပန်းသေခြင်း၊ ရာသီသွေး ရပ်စဲသွားခြင်း စသော ရောဂါများဖြစ်စေ ပါသည်။

ယခင်က ကုသနည်းမှာ ဆီးချိုကျဆေးနှင့် အင်ဆူလင်ဆေးတို့ဖြင့် ကုသပြီး အစားအစာကို တင်းကျပ်စွာ ထိန်းချုပ်ရပါသည်။ ဆီးချိုသွေးချိုကျလာသော်လည်းတစ်သက်လုံး ဆေးစားနေရပါသည်။ အသည်းနှင့်ကျောက်ကပ်ကိုပါ ထိခိုက်စေပြီး ဆေးစားနေသော်လည်း နောက်ဆက်တွဲရောဂါများကို ကာကွယ်မပေးနိုင်ပါ။ နယူးဟောင်ကောင်ဆေးခန်းတွင် ဆီးချို သွေးချိုကျ၍ ရောဂါပျောက်ကင်းပြီး နောက်ဆက်တွဲ ရောဂါလည်းမရှိတော့ပါ။ နေ့စဉ် ဆေးစားနေရသည့် ဒုက္ခလည်း လွတ်ငြိမ်းသွားလေတော့သည်။

**အရေပြားရောဂါအမျိုးမျိုး**
ကြက်နို့အစို၊ နင်းခူ၊ အရေပြားယားယံခြင်း

**ဝက်ရူးပျံရောဂါ**
ပါးစပ်အမြှုပ်ထွက်ခြင်း၊ ခြေလက်ကောက်ကွေးခြင်း၊ မျက်ဖြူလှန်ခြင်း



**ပိတ်ရက်မရှိ။**

မကြာခဏခေါင်းကိုက်ခြင်း

အိပ်မပျော်ခြင်း

ဆေးခန်းဖွင့်ချိန် - နံနက် (၈း၀၀)နာရီမှ ည (၈း၀၀)နာရီအထိ

အမှတ် (၂၄၇ A)၊ ဗိုလ်မြတ်ထွန်းလမ်းအပေါ်ဘလောက်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁-၈၆၁၀၅၁၀

# Education

7 DAY NEWS JOURNAL

Vol.12, No.38 • NOVEMBER 27 , 2013


## တနင်္သာရီတိုင်းဒေသကြီးအတွင်း တက္ကသိုလ်ဝင်တန်း အောင်ချက်ရာခိုင်နှုန်း ပြန်တက်ရန် ဆောင်ရွက်မည်

**စိုးမိုးအောင်**

**ရန်ကုန်၊ နိုဝင်ဘာ-၂၃**

တနင်္သာရီတိုင်းဒေသကြီးတွင် တက္ကသိုလ်ဝင်တန်း အောင်ချက်များတစ်နှစ်ထက်တစ်နှစ်ကျဆင်းလျက်ရှိသောကြောင့် ၂၀၁၄ ခုနှစ်တွင် အောင်ချက်မြင့်မားစေရန် တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ပညာရေးဌာနများပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းလူမှုရေးဝန်ကြီးက ပြောကြားသည်။

ယင်းသို့ ဆောင်ရွက်ရန် တိုင်းဒေသကြီးအတွင်းရှိအထက်တန်းကျောင်းများတွင် တက္ကသိုလ်ဝင်တန်းအောင်ချက် မြင့်မားစေရန်ညစာဖတ်ဝိုင်းများဖြင့် ကြပ်မတ်လေ့ကျင့်ခြင်း၊ စခန်းသွင်းလေ့ကျင့်ခြင်းများကို နိုဝင်ဘာလလယ်မှစ၍ ပြုလုပ်နေပြီဖြစ်ရာ တိုင်းဒေသကြီး အစိုးရအနေဖြင့် ညကျောင်းများ ဖွင့်လှစ်သင်ကြားနေသော ကျောင်းများအတွက် လိုအပ်သော စက်သုံးဆီများထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီးလူမှုရေး ဝန်ကြီးဒေါက်တာဝင်းအောင်က ပြောကြားသည်။

ထားဝယ်တက္ကသိုလ်နှင့် မြိတ်တက္ကသိုလ်မှ ကထိကများ၊ လက်ထောက်ကထိကများသည် ဘာသာရပ်အလိုက် သင်ခန်းစာများနှင့်ပတ်သက်သည်များ၊ မေးခွန်းများနှင့် ဖြေဆိုပုံများ၊ သိသင့်သိထိုက်သော အချက်များကို မြို့နယ်များအလိုက် လှည့်လည်ကွင်းဆင်း ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

တနင်္သာရီတိုင်းဒေသကြီးသည် တက္ကသိုလ်ဝင်တန်း မျှော်မှန်းအောင်ချက်ရာခိုင်နှုန်း ၅၀ သတ်မှတ်ထားသော်လည်း ၂၀၁၁ ခုနှစ်တွင် ၄၁ ဒသမ ၄၄ ရာခိုင်နှုန်း၊ ၂၀၁၂ ခုနှစ်တွင် ၄၆ ဒသမ ၉၃ ရာခိုင်နှုန်း ရရှိထားသော်လည်း ၂၀၁၃ ခုနှစ်တွင် ၃၇ ဒသမ ၅၇ ရာခိုင်နှုန်းသို့ အောင်ချက်ကျဆင်းခဲ့သဖြင့် ၂၀၁၄ ခုနှစ်တွင် အောင်ချက်မြင့်မားစေရန် ပညာရေးဌာနများနှင့်တိုင်းဒေသကြီးအစိုးရအဖွဲ့က ကူညီပံ့ပိုးပေးသွားမည်ဖြစ်သည်။

တိုင်းဒေသကြီး ပညာရေးညွှန်ကြားရေးမှူးရုံးအနေဖြင့် အခြေခံပညာအထက်တန်းအဆင့်ကျောင်းများ အောင်ချက်မြင့်မားရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုများကို ယခုလအတွင်း ကွင်းဆင်းကြပ်မတ်ဆောင်ရွက်သွားမည် ဖြစ်သည်။

ထားဝယ်ခရိုင်အတွင်း ဟိန္ဒား၊ ပကာရီ၊ မောင်မယ်ရှောင်၊ မောင်းမကန် စသည့်ကျောင်းများ အပါအဝင် အထက်တန်းကျောင်းများသည် ညကျောင်းများစတင်ဖွင့်လှစ်သင်ကြားနေပြီဖြစ်သည်ဟု ဆိုသည်။

တနင်္သာရီတိုင်းဒေသကြီး အတွင်း အထက်တန်းကျောင်း ၄၆ ကျောင်းရှိပြီး လာမည့်ပညာသင်နှစ်တွင် အထက်တန်းကျောင်းများ တိုးချဲ့ရန် စီစဉ်ထားကြောင်းသိရသည်။



မွန်ပြည်နယ်၊ ရေးမြို့နယ်အတွင်းရှိ ရွာတစ်ရွာမှ ကိုယ်ထူကိုယ်ထမွန်ဘာသာစာသင်ကျောင်းတစ်ကျောင်း

ဓာတ်ပုံ-7DN

## တိုင်းရင်းသားစာပေနှင့် ဘာသာစကား သင်ကြားနိုင်ရေးဆွေးနွေးပွဲ ပြုလုပ်မည်

**နေလင်းထွန်း**

**ရန်ကုန်၊ နိုဝင်ဘာ-၂၃**

နိုင်ငံလုံးဆိုင်ရာ ပညာရေးစနစ်ပြုပြင်ပြောင်းလဲရေး ကွန်ရက် (NNER) သည် တိုင်းရင်းသားစာပေနှင့် ဘာသာစကားသင်ကြားနိုင်ရေး ဆွေးနွေးပွဲကို လာမည့်နှစ်၊ဇန်နဝါရီလဆန်းတွင် ပြုလုပ်ရန်စီစဉ်နေကြောင်း သတင်းရရှိသည်။

တိုင်းရင်းသားစာပေနှင့် ဘာသာစကားသင်ကြားနိုင်ရေး ဆွေးနွေးပွဲတွင် တိုင်းရင်းသားပညာရှင်များ၊ပြည်ပပညာရှင်များအားဖိတ်ကြား၍ ကမ္ဘာ့နိုင်ငံများတွင် တိုင်းရင်းသားဘာသာသင်ကြားနေမှုများကို လေ့လာသွားမည်ဖြစ်ကြောင်း ၎င်းကွန်ရက်မှ သိရသည်။

နိုင်ငံလုံးဆိုင်ရာ ပညာရေးစနစ်ပြုပြင် ပြောင်းလဲရေးကွန်ရက် အဖွဲ့ဝင်များသည်နိုဝင်ဘာ ၁၅ ရက်က မြန်မာနိုင်ငံ ခရစ်ယာန်ကျမ်းစာတက္ကသိုလ်တွင် တိုင်းရင်းသားစာပေနှင့် ဘာသာစကားသင်ကြားနိုင်ရေး ဆွေးနွေးပွဲပြုလုပ်နိုင်ရေးနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

ပညာရေးဝန်ကြီးဌာနသည် အခြေခံပညာကျောင်းများတွင် တိုင်းရင်းသားဘာသာစကား သင်ကြားခွင့်ပြုမည်ဖြစ်ကြောင်း ကြေညာထားသော်လည်း လက်ရှိချိန်ထိ တိကျသေချာသော မူဝါဒနှင့် ဆောင်ရွက်ချက်များ ထွက်ပေါ်လာခြင်းမရှိသေးပေ။

ယင်းကွန်ရက်သည်အောက်တိုဘာလအတွင်းပြည်တွင်း၊ပြည်ပ ပညာရှင်များအား ဖိတ်ခေါ်၍ ကျောင်းသား၊ ကျောင်းသူများ၏ သင်ယူမှုပေါ် အားပေးသည့် စစ်ဆေးနည်းစနစ်ဆိုင်ရာ ဆွေးနွေးပွဲကို လက်ရှိစာမေးပွဲစနစ်ကို ပြုပြင်ပြောင်းလဲရန် လိုအပ်နေကြောင်း ကြေညာချက် ထုတ်ပြန်ခဲ့သည်။

## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနလက်အောက်ရှိ တက္ကသိုလ်များတွင်လည်း ကျောင်းသားအဆောင်ထားမည်

**နေလင်းထွန်း**

**ရန်ကုန်၊ နိုဝင်ဘာ-၂၃**

သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်များတွင် ကျောင်းသားအဆောင်များထားရှိရန် စီစဉ်လျက်ရှိပြီး ကျောင်းသားအဆောင်လက်ခံနိုင်သော တက္ကသိုလ်များ စာရင်းပြုစုလျက်ရှိကြောင်း သတင်းရရှိသည်။

ပညာရေးဝန်ကြီးဌာနသည် ၎င်းလက်အောက်ရှိ တက္ကသိုလ်များတွင် အဆောင်ထားမည်ဖြစ်ပြီး ကြေညာခဲ့ပြီး သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်စသည့် တက္ကသိုလ်များတွင် အဆောင်ထားရန် စီစဉ်နေပြီဖြစ်ကြောင်း ပြောသည်။

"လက်ရှိအဆောင်ရှိနေတဲ့ တက္ကသိုလ်တွေမှာ ကျောင်းသားထားမယ်။ လုံးဝမရှိရင် ဆောက်မယ်။ ယိုယွင်းနေတာတွေကိုတော့ ပြုပြင်သွားမယ်။ အဓိကအခက်အခဲက အဆောင်မရှိတာပါပဲ။ အရင်တုန်းက ကျောင်းတွေမှာပဲ အဆောင်ရှိတယ်။ အသစ်ဆောက်ထားတဲ့ ကျောင်းတွေက စာသင်ဆောင်နဲ့ ဘွဲ့နှင်းခန်းမပဲရှိတယ်။ ဒီနှစ်ကတော့လက်ကျန်အဆောင်ရှိတဲ့ ကျောင်းတွေပဲ အဆင်ပြေပါမယ်" ဟု သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ပညာရေးဝန်ကြီးဌာနသည် ရန်ကုန်တက္ကသိုလ်၊ မန္တလေးတက္ကသိုလ်၊ ရန်ကုန်ပညာရေးတက္ကသိုလ်၊ စစ်ကိုင်းပညာရေး တက္ကသိုလ်၊ မြစ်ကြီးနားတက္ကသိုလ်တို့တွင် ကျောင်းသား၊ ကျောင်းသူအားလုံးကို အဆောင်လက်ခံမည်ဖြစ်ပြီး ကျန်တက္ကသိုလ်၊ ကောလိပ်များတွင် ပထမနှစ်ကျောင်းသား၊ ကျောင်းသူများကို ဦးစားပေးအဆောင်ထားမည်ဖြစ်ကြောင်း နိုင်ငံပိုင်သတင်းစာများမှတစ်ဆင့်ကြေညာထားသည်။

"တက္ကသိုလ်က အဆောင်တွေမှာ ဆရာ၊ ဆရာမတွေ၊ ဝန်ထမ်းတွေနေတာ ရှိနေတယ်။ အခုပြောင်းရွှေ့ရမယ်လို့သတင်းထွက်နေတဲ့အတွက် စိုးရိမ်နေကြတယ်။ ဘယ်ကိုပြောင်းရမှန်းလဲမသိကြသေးဘူး။ ကြိုတင်ပြင်ဆင်မှုပိုင်းအရမ်းအားနည်းနေပါတယ်" ဟု ရန်ကုန်တက္ကသိုလ်တွင် ကထိကတာဝန်ထမ်းဆောင်နေသော ဆရာတစ်ဦးက ပြောသည်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအနေဖြင့် တက္ကသိုလ်အဆောင်များထားရှိမည့် မူဝါဒကို ချမှတ်ထားသော်လည်း လက်ရှိနေထိုင်လျက်ရှိသည့် ဝန်ထမ်းများအား နေရာပြောင်းရွှေ့ခိုင်းမည်မဟုတ်ကြောင်း ၎င်းဌာနမှအဆင့်မြင့် အရာရှိတစ်ဦးကပြောသည်။





RB Ph : 662107, 9669012, 0973028674, 02-77838, 053-27705, 074-20071, 081-2122838, 057-27170, 073-22158, 082-23561, 043-23859, 098763546, 067-24760, 0949850196, 075-25979. Fax-521905

7 DAY NEWS JOURNAL
Vol.12, No.38 • NOVEMBER 27 , 2013

# အောက်စဖို့ဒ်တက္ကသိုလ်ပညာသင်ဆု လျှောက်ထားနိုင်မည်

**နေလင်းထွန်း**

**ရန်ကုန်၊ နိုဝင်ဘာ-၂၃**

မြန်မာကျောင်းသားများအတွက် အောက်စဖို့ဒ်တက္ကသိုလ်တွင် ဘွဲ့လွန်ပညာသင်ယူနိုင်မည့် Oxford Lady Gore Booth Memorial Graduate Scholarship အစီအစဉ်သစ်ကို Prospect Burma က ကြေညာလိုက်သည်။

ပညာသင်ဆုအစီအစဉ်အတွက် မြန်မာကျောင်းသားနှစ်ဦးကိုရွေးချယ်သွားမည်ဖြစ်ပြီး ၂၀၁၄ ခုနှစ်ဇန်နဝါရီ ၂၄ ရက်နောက်ဆုံးလျှောက်ထားရမည်ဖြစ်ကာ ကျောင်းလခကင်းလွတ်ခွင့်နှင့်နေထိုင်စရိတ်အတွက် အနည်းဆုံးပေါင် ၁၃,၀၀၀ ကျော် ထောက်ပံ့သွားမည်ဖြစ်သည်။

အောက်စဖို့ဒ်တက္ကသိုလ်၏ စိန့်ဟူချ်ကောလိပ်တွင် မဟာဘွဲ့တက်ရောက်ရန် အချိန်ပြည့်သင်တန်းအတွက် နိုင်ငံတကာစီမံအုပ်ချုပ်မှုနှင့် သံတမန်ပညာနှင့် ပညာရေးပညာ၊ အချိန်ပိုင်းသင်တန်းအတွက် နိုင်ငံတကာလူ့အခွင့်အရေး ဥပဒေပညာနှင့် သင်ကြားသင်ယူမှုပညာတို့ကို လျှောက်ထားနိုင်မည်ဖြစ်ကြောင်း ကြေညာချက်တွင် ရေးသားထားသည်။

ပညာသင်ဆုလျှောက်ထားလိုသူများအနေဖြင့် အောက်စဖို့ဒ်တက္ကသိုလ်ဝင်ခွင့်လျှောက်ထားမှုပုံစံအတိုင်း သတ်မှတ်ရက်အမီလျှောက်ထားရမည်ဖြစ်ပြီး ပညာသင်ဆုအတွက် အလိုအလျောက်စဉ်းစားပေးမည်ဖြစ်ကြောင်း သိရသည်။

ပညာသင်ဆုရွေးချယ်ခံရသူများကို ၂၀၁၄ ခုနှစ် ဧပြီလတွင် အကြောင်းပြန်သွားမည်ဖြစ်ပြီး ပညာသင်ဆုအစီအစဉ်နှင့် အသေးစိတ်အချက်အလက်များကို http://ow.ly/ghxpt တွင် ဝင်ရောက်ကြည့်ရှုနိုင်မည်ဖြစ်သည်။




# အမေရိကန်ရှိ SUNYIT မှ ဘွဲ့လွန်ဘာသာရပ်များ လျှောက်ထားနိုင်

**ရန်ကုန်၊ နိုဝင်ဘာ-၂၄**

အမေရိကန်နိုင်ငံရှိ The State University of New York Instituteof Technology (SUNYIT) က ဘွဲ့လွန်ဝင်ခွင့်ရကျောင်းသားများအတွက် ပညာသင်ထောက်ပံ့ကြေး ကန်ဒေါ်လာ လေးထောင်ထောက်ပံ့မည်ဖြစ်ကြောင်း သတင်းရရှိသည်။

ဝင်ခွင့်လျှောက်ထားလိုသည့် မြန်မာနိုင်ငံမှ ကျောင်းသားများသည် ပညာရေးစနစ်မတူညီသဖြင့် University Preparation Program နှင့် Graduate Record Examination (GRE)(သို့မဟုတ်) Graduate Management Admission Test(GMAT)တို့ကိုဦးစွာတက်ရောက်ရမည်ဖြစ်သည်။

GMAT အနိမ့်ဆုံးရမှတ် ၄၀၀ (သို့မဟုတ်) GRE ၁၃၅ မှတ်ရရှိပါက အဆိုပါဘွဲ့လွန်သင်တန်းကိုဝင်ခွင့်ရရှိမည်ဖြစ်သည်။

ဝင်ခွင့်ရကျောင်းသားများသည် University Preparation Program အတွက် အမေရိကန်ဒေါ်လာ ရှစ်ထောင်ခန့်၊ GMAT သင်တန်းအတွက် အမေရိကန်ဒေါ်လာ တစ်ထောင့်ရှစ်ရာကျော်နှင့်GRE သင်တန်းအတွက်အမေရိကန်ဒေါ်လာ တစ်ထောင့်ခြောက်ရာကျော်ကုန်ကျမည်ဖြစ်ပြီး ဘွဲ့လွန်သင်တန်းအတွက် ကုန်ကျစရိတ်မှာ ကန်ဒေါ်လာတစ်သောင်းရှစ်ထောင်ကျော်ကုန်ကျမည်ဖြစ်ကြောင်း သိရသည်။

ဘွဲ့လွန်လျှောက်ထားနိုင်သည့် ဘာသာရပ်များမှာ MBA Technology Management၊ MS Computer Science၊ MS Telecommunication နှင့် MS Network & Computer Security ဘာသာရပ်တို့ဖြစ်သည်။

# ရွှေပါရမီပညာသင်ဆု ဒီဇင်ဘာ ၁၅ ရက်နောက်ဆုံးလျှောက်ထားနိုင်

**နေလင်းထွန်း**

**ရန်ကုန်၊ နိုဝင်ဘာ-၂၃**

ရွှေပါရမီပညာရေးဖောင်ဒေးရှင်း၏ ဒုတိယအကြိမ်မြောက် တက္ကသိုလ်ပညာသင်ဆု အစီအစဉ်အတွက် ၂၀၁၃တက္ကသိုလ်ဝင်စာမေးပွဲထူးချွန်စွာအောင်မြင်၍ အသက်မွေးဝမ်းကျောင်းတက္ကသိုလ်များတွင်ဝင်ခွင့်ရရှိထားသောကျောင်းသားများ ဒီဇင်ဘာ ၁၅ ရက်နောက်ဆုံးလျှောက်ထားနိုင်မည်ဖြစ်သည်။

အသက်မွေးဝမ်းကျောင်းတက္ကသိုလ်များတွင်ဝင်ခွင့်ရရှိထားပြီး တက်ရောက်ပညာသင်ကြားရန် အခက်အခဲရှိသော ကျောင်းသား၊ ကျောင်းသူများသည်သတ်မှတ်စည်းကမ်းချက်ဖြည့်စွက်၍ ရွှေပါရမီဖောင်ဒေးရှင်း၊ အမှတ် ၆၀ ၊ မြေညီထပ်၊ စဥ့်အိုးတန်းလမ်း၊လသာမြို့နယ်၊ ရန်ကုန်မြို့သို့ပေးပို့လျှောက်ထားရမည်ဖြစ်သည်။

ပညာသင်ဆုလျှောက်ထားသော ကျောင်းသားများအား စာတွေ့၊ လူတွေ့စစ်ဆေးမည်ဖြစ်ပြီး ရွေးချယ်ခံရသူများ စာရင်းကို ၂၀၁၄ ခုနှစ်၊ဖေဖော်ဝါရီလတွင် ကြေညာသွားမည်ဖြစ်ကြောင်း ရွှေပါရမီဖောင်ဒေးရှင်းက ကြေညာထားသည်။

ဆေးတက္ကသိုလ်၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်၊ သူနာပြုတက္ကသိုလ်၊ ရန်ကုန်နည်းပညာတက္ကသိုလ်၊ မန္တလေးနည်းပညာတက္ကသိုလ်၊ မြန်မာသတင်း အချက်အလက်နည်းပညာတက္ကသိုလ်၊ ရတနာပုံဆိုက်ဘာစီးတီးနည်းပညာတက္ကသိုလ်၊ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်နှင့် ပညာရေးတက္ကသိုလ်တို့တွင် တက်ရောက်ပညာသင်ယူခွင့်ရရှိထားသောကျောင်းသား၊ကျောင်းသူများသည် ရွှေပါရမီပညာသင်ဆု လျှောက်ထားနိုင်မည်ဖြစ်သည်။

# ဗီဇာသက်တမ်းတိုးမည့် ထိုင်းရောက် မြန်မာလုပ်သားများ၏ ကိုယ်ရေးအချက်အလက်များ အလုပ်ရှင်က ခြောက်လကြိုပို့ရမည်

**အေးမြတ်သူ**

**ရန်ကုန်**-ဗီဇာသက်တမ်းတိုးမြှင့်မည့် မြန်မာလုပ်သားများ၏ ကိုယ်ရေးအချက် အလက်များကို ထိုင်းအလုပ်ရှင်က မြန်မာသံရုံးသို့ ခြောက်လကြိုတင်ပေးပို့ရမည်ဖြစ်ကြောင်း အလုပ်သမားအလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

ထိုင်းနိုင်ငံအတွင်း လေးနှစ် ဗီဇာသက်တမ်းကျော်လွန်နေသည့် မြန်မာအလုပ်သမားများကို သက်တမ်းတိုးမြှင့်ပေးရာတွင် ယခင်က ခရမ်းရောင်ပတ်စ်ပို့မှ ယခုအခါ အနီရောင်ပတ်စ်ပို့အဖြစ် ပြောင်းလဲထုတ်ပေးတော့မည်ဖြစ်သည်။ ထို့ကြောင့် ထိုင်းအလုပ်ရှင်က ၎င်းလုပ်သားများအတွက် လိုအပ်သည့် ကိုယ်ရေးအချက်အလက်စာရွက်စာတမ်းများကို ထိုင်းနိုင်ငံရှိမြန်မာသံရုံးထံအနည်းဆုံး ခြောက်လကြိုတင်ပေးပို့ရမည်ဖြစ်သည်။

ထို့အပြင်ထိုင်းသို့ သွားရောက်လုပ်ကိုင်မည့် မြန်မာလုပ်သားများကို ယခင်က ခရမ်းရောင်ပတ်စ်ပို့သာ ထုတ်ပေးနေရာမှ ယခုအခါပတ်စပို့အနီရောင်ဖြင့် သွားရောက်လုပ်ကိုင်ရန် ပြောင်းလဲခွင့်ပြုခဲ့သည်။ ပတ်စ်ပို့အရောင်ပြောင်းလဲထုတ်ပေးသည့်အတွက် ယခင်အလုပ်သမားဝန်ကြီးဌာနမှ လုပ်ကိုင်ပေးခဲ့ပြီး ယခုအခါ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်ထဲရေးဝန်ကြီးဌာနတို့မှ ပြောင်းလဲလုပ်ကိုင်ပေးသွားမည် ဖြစ်သည်။

ဗီဇာသက်တမ်းကုန်ဆုံးနေသော မြန်မာလုပ်သားများကို ဗီဇာသက်တမ်းတိုး၍ ဆက်လက်အလုပ်လုပ်ကိုင်နိုင်ရန် ထိုင်းအလုပ်ရှင်များက လုပ်သားများ၏ ယာယီနိုင်ငံကူးလက်မှတ်မိတ္တူ၊ သာမန်နိုင်ငံကူးလက်မှတ်လျှောက်ထားသည့် ပုံစံ၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနပုံစံနှင့် နိုင်ငံသားဆိုင်ရာ အထောက်အထားမိတ္တူစသည့် အချက်အလက်များကို ထိုင်းအလုပ်သမားဝန်ကြီးဌာနမှတစ်ဆင့် မြန်မာသံရုံးသို့ ဗီဇာသက်တမ်းကုန်ဆုံးမည့် ရက်မတိုင်မီ အနည်းဆုံးခြောက်လကြိုတင်ပေးပို့ရမည် ဖြစ်သည်။

ထို့နောက်သက်တမ်းတိုးမည့် လုပ်သားများကို နိုင်ငံသားစိစစ်ပြီးပါက သာမန်နိုင်ငံကူးလက်မှတ်ထုတ်ရန်ထိုင်းနိုင်ငံရှိ မြန်မာသံရုံး(သို့)နယ်စပ်စခန်းများသို့ သွားရောက်ကာ နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စုဇယား မူရင်း၊ သာမန်နိုင်ငံကူးလက်မှတ်လျှောက်ထားသည့်ပုံစံတို့နှင့်အတူ ပြည်ထဲရေးဝန်ကြီးဌာနရှိသတင်းတပ်ဖွဲ့ထံ ခွင့်ပြုချက်တောင်းခံရမည်ဖြစ်သည်။



ပြည်ထဲရေးဝန်ကြီးဌာနမှ ခွင့်ပြုချက်ရရှိသော လုပ်သားများသည် အလုပ်ရှင်၏ အလုပ်ခေါ်စာနှင့်အတူ နယ်စပ်စခန်းများတွင် အလုပ်အကိုင်သက်သေခံကတ်ပြားထုတ်ယူပြီး ထိုင်းလဝကရုံးထံ ဗီဇာနှင့်ယာယီအလုပ်လုပ်ကိုင်ခွင့် ပြုချက်ရရှိရန်ဆောင်ရွက်ရမည်ဖြစ်ကြောင်း သတင်းရရှိသည်။

နိုဝင်ဘာလဆန်းပိုင်းမှ စ၍ ထိုင်းအလုပ်ရှင်များအနေဖြင့် သက်တမ်းတိုးမည့် ၎င်းတို့ လုပ်သားဆိုင်ရာအချက်အလက်များကို လာရောက်စာရင်းသွင်းသော လုပ်သားအရေအတွက်မှာ ၄၀ ကျော်သာ ရှိသေးကြောင်း သတင်းရရှိသည်။

## Free Classified

## ဝန်ထမ်းအလိုရှိသည်

**ဝန်ထမ်းအလိုရှိသည်**

- Receptionist (F-3 Posts) ၊ ဘွဲ့ရ၊ အသက်(၂၅)နှစ်အောက်၊ ရုပ်ရည်သန့်ပြန့်၍ လူမှုဆက်ဆံရေးကောင်းမွန်သူဖြစ်ရမည်။ Basic English Speaking & Basic Computer တတ်ကျွမ်းရမည်။
- Graphic Designer (F/M-5 Posts), Adobe Photoshop, Illustrator, Page-maker, CorelDraw Software များ တတ်ကျွမ်းရမည်။

ဖုန်း-၀၁-၂၀၄၀၂၀

---

**ဝန်ထမ်းအလိုရှိသည်**

Receptionist M(3)/F (2)
Housekeeping M (2)/ F (3)
Waiter/Waitress M/F (2)
Security M (2)
Driver M (2)

PH:01 525001

---

**ဝန်ထမ်းအလိုရှိသည်**

Site Engineer (SAE) M/F (4) Posts
Design Engineer M/F (2) Posts
အမှတ်(၃၀၂)၊ ၃လွှာ၊ တိုက်ဘီ၊ ပညာဝတီရိပ်သာ၊ ရန်ကင်းမြို့နယ်။

PH:01 546306

---

**ဝန်ထမ်းအလိုရှိသည်**

စာရင်းစစ် ကျား/မ (၄) ဦး
အသက် ၂၅ မှ ၃၅ နှစ်၊ အတွေ့အကြုံ သုံးနှစ်ရှိ၊ B.Com (or) B.Act (or) BA (Eco)-DA(or) LCCI Level III အောင်မြင်ပြီးသူ၊ နယ်တွင် တာဝန်ထမ်းဆောင်နိုင်သူ။

ဖုန်း-၀၁ ၆၈၄၁၈၅

---

**ဝန်ထမ်းအလိုရှိသည်**

ခြေသည်း၊ လက်သည်းပုံဖော်ကျွမ်းကျင် မ (၁) ဦး
ခေါင်းလျှော်ကျွမ်းကျင် မ (၃) ဦး

**Y1 Hair Design** ဖုန်း-၀၉ ၄၂၀၂၉၂၈၆၁

---

**ဝန်ထမ်းအလိုရှိသည်**

ဂျပန်နိုင်ငံ၏ ဆောက်လုပ်ရေး လုပ်ငန်းအတွက် အသက် ၂၀မှ ၃၅ နှစ်ကြား၊ ကျန်းမာသန်စွမ်းအမျိုးသားများ အလိုရှိသည်။ ယာဉ်မောင်းလိုင်စင်ရှိသူ ဦးစားပေးမည်။ ဖုန်း-၀၁ ၃၈၀၆၀၂

---

**ဝန်ထမ်းအလိုရှိသည်**

Cashier ကျား (၅) ဦး
Waiter ကျား (၅) ဦး
စားကိုင် ကျား (၃) ဦး
အကြော်ဆရာ ကျား (၃) ဦး
ဂိတ်ကြေးကောက်ဝန်ထမ်း ကျား (၅) ဦး

ဖုန်း-၀၉ ၃၁၂၇၆၃၅၃

---

**ဝန်ထမ်းအလိုရှိသည်**

Sale & Marketing F (5) Posts
ဘွဲ့ရ၊ အသက် ၂၇ နှစ်အောက်၊ လုပ်ငန်းအတွေ့ အကြုံရှိသူ။ ကြိုးစားမှုအပေါ်လစာ+ရာခိုင်နှုန်းခံစားခွင့်ရှိသည်။

ဖုန်း-၀၁ ၆၅၆၉၇၀

---

**ဝန်ထမ်းအလိုရှိသည်**

Networking ကျွမ်းကျင်ဝန်ထမ်း (၅) ဦး
PABX CCTV ကျွမ်းကျင်ဝန်ထမ်း (၅) ဦး
ဆက်သွယ်စုံစမ်းရန်-

ဖုန်း-၀၉ ၄၂၀၀၇၂၇၇၇

---

**ဝန်ထမ်းအလိုရှိသည်**

Designer M/F (3) Posts
Marketing M/F (4) Posts
အမှတ် (၃၆) ဝေဇယန္တာလမ်း၊ သစ္စာလမ်းမီးပွိုင့်အနီး၊ ကျော်သူ (၂၅) လမ်းထိပ်၊ တောင်ဥက္ကလာပမြို့နယ်။

ဖုန်း-၀၉ ၄၄၈၀၀၆၀၀၇

---

**ဝန်ထမ်းအလိုရှိသည်**

Sales Marketing M/F (10) Posts
Techanician M (3) Posts
Chemical Sales & Marketing M/F (3) Posts PH:09 422458034

---

**ဝန်ထမ်းအလိုရှိသည်**

Cashier F (4) Posts
Admin Assistant F (3) Post
Sales & Marketing M (2) Posts
Email: hr@spamgroup.com

PH:01 656860

---

**ဝန်ထမ်းအလိုရှိသည်**

ညစောင့် ကျား (၃) ဦး
သန့်ရှင်းရေးဝန်ထမ်း ကျား (၃) ဦး

ဖုန်း-၀၉ ၃၁၂၇၆၃၅၃

---

**ဝန်ထမ်းအလိုရှိသည်**

Senior Accountant ကျား/မ (၁) ဦး
အရောင်းဝန်ထမ်း မ (၂) ဦး
ယာဉ်မောင်း (၂) ဦး
(၁၄ ပေ ဒိုင်နာမြို့တွင်းမောင်းရန်)

ဖုန်း-၀၉ ၄၂၁၁၉၀၀၀

---

**ဝန်ထမ်းအမြန်အလိုရှိသည်**

အချက်အပြုတ် ကျွမ်းကျင် (ယိုးဒယား၊ တရုတ်၊ ရှမ်း)၊ မီးဖိုချောင် အကူ၊ ပန်းကန်ဆေး၊ စားပွဲထိုး၊ မုန့်ပို့၊ အအေးဖျော်ကျွမ်းကျင် အလိုရှိသည်။

ဖုန်း-၀၁ ၅၃၅၃၅၀

---

**ဝန်ထမ်းအလိုရှိသည်**

စာရင်းစစ် ကျား/မ (၄) ဦး
အသက် ၂၅ မှ ၃၅ နှစ်၊ အတွေ့အကြုံ သုံးနှစ်ရှိ၊ B.Com (or) B.Act (or) BA (Eco)-DA(or) LCCI Level III အောင်မြင်ပြီးသူ၊ နယ်တွင် တာဝန်ထမ်းဆောင်နိုင်သူ။

ဖုန်း-၀၁ ၆၈၄၁၈၅

---

**ဝန်ထမ်းအလိုရှိသည်**

ခြေသည်း၊ လက်သည်းပုံဖော်ကျွမ်းကျင် မ (၁) ဦး
ခေါင်းလျှော်ကျွမ်းကျင် မ (၃) ဦး
Y1 Hair Design

ဖုန်း-၀၉ ၄၂၀၂၉၂၈၆၁

---

**ဝန်ထမ်းအလိုရှိသည်**

ဂျပန်နိုင်ငံ၏ ဆောက်လုပ်ရေး လုပ်ငန်းအတွက် အသက် ၂၀မှ ၃၅ နှစ်ကြား၊ ကျန်းမာသန်စွမ်းအမျိုးသားများ အလိုရှိသည်။ ယာဉ်မောင်းလိုင်စင်ရှိသူ ဦးစားပေးမည်။ ဖုန်း-၀၁ ၃၈၀၆၀၂

---

**ဝန်ထမ်းအလိုရှိသည်**

မန်နေဂျာ ကျား/မ (၁) ဦး
ရုံးဝန်ထမ်း ကျား (၂) ဦး
အထွေထွေဝန်ထမ်း ကျား (၁၀) ဦး
ယာဉ်မောင်းကျွမ်းကျင် ကျား (၃) ဦး

ဖုန်း-၀၉ ၇၃၀၂၇၇၃၃

---

**ဝန်ထမ်းအလိုရှိသည်**

ပညာသင်ဝန်ထမ်း မ (၁၀) ဦး
အသက် ၁၆မှ ၃၅ နှစ်၊ ဓာတ်ပုံ ပညာကိုအမှန်တကယ်စိတ်ဝင်စားသူဖြစ်ရမည်။

ဖုန်း-၀၁ ၂၂၇၁၉၉

---

**ဝန်ထမ်းအမြန်အလိုရှိသည်**

အချက်အပြုတ်ကျွမ်းကျင်
(ယိုးဒယား၊ တရုတ်၊ ရှမ်း)
မီးဖိုချောင်အကူ/ပန်းကန်ဆေး
စားပွဲထိုး/မုန့်ပို့
အအေးဖျော်ကျွမ်းကျင်

ဖုန်း-၀၁ ၅၃၅၃၅၀

---

**ဝန်ထမ်းအလိုရှိသည်**

စင်တီမီတာနည်း/လက်မနည်းဖြင့် စက်ချုပ်ကျွမ်းကျင် အမြန်အလိုရှိသည်။

ဖုန်း-၀၉ ၅၀၄၉၁၁၀

---

**အလိုရှိသည်**

တိုင်းရင်းသား မော်ဒယ်ပွဲတော် အတွက် သီချင်း ဗီဒီဒီရိုက်မည်ဖြစ်၍ မြန်မာ၊ မွန်၊ ကချင်၊ ချင်း၊ ရှမ်းအစရှိသော မော်ဒယ်သရုပ်ဆောင် ကျား (၁၀) ဦး၊ မ (၁၀) ဦး အမြန်အလိုရှိသည်။

ဖုန်း-၀၉ ၄၃၁၀၆၅၆၇

---

**ယာဉ်မောင်းအလိုရှိသည်**

AD Van ၊ 5 စီစီ၊ စပေါ်-သုံးသိန်းကျပ်၊ တစ်နေ့တစ်သောင်းကျပ်၊ နေ့မောင်း၊ ရန်ကုန်မြို့တွင်းနေသူ ဦးစားပေးမည်။

ဖုန်း- ၀၉-၄၂၀၀၂၃၆၆၅

---

**ဝန်ထမ်းအမြန်အလိုရှိသည်**

Photoshop ကျွမ်းကျင် မ (၃) ဦး
ရုံးဝန်ထမ်း မ (၅) ဦး
ပညာသင်ဝန်ထမ်း မ (၅) ဦး

ဖုန်း-၀၁ ၂၂၇၁၉၉

---

**ဝန်ထမ်းအလိုရှိသည်**

Sales & Marketing F (2) Posts
Senior Accountant F (1) Post
Stock Controller F (1) Post

ဖုန်း-၀၁ ၈၅၅၀၆၁၀

---

**ဝန်ထမ်းအလိုရှိသည်**

ယာဉ်မောင်း (၂) ဦးအလိုရှိသည်။
၁၀ ဘီး-၁၂ ဘီးကားကြီးမောင်းနိုင်၊ အသက် ၃၀ မှ ၃၅ နှစ်၊ ကားကြီးယာဉ်မောင်းအတွေ့အကြုံရှိရမည်။

ဖုန်း-၀၉ ၄၂၁၁၉၀၀၀

---

**ဝန်ထမ်းအမြန်အလိုရှိသည်**

Air Con ကျွမ်းကျင် (၅) ဦး
သင်တန်းသား(အလုပ်သမား) (၅) ဦး
Naing Lin Air Con
အမှတ်(၁၇၈)၊ ဗဟိုလမ်း၊ (၁) ရပ်ကွက်၊ ကမာရွတ်မြို့နယ်။

ဖုန်း-၀၉ ၅၀၉၅၉၁၆

---

**ဝန်ထမ်းအလိုရှိသည်**

Design Engineer (Civil) F (1) Post
Driver M (3) Posts

PH: 09 49603091

---

**ဝန်ထမ်းအလိုရှိသည်**

ကျား (၁) ဦး၊ မ (၁) ဦး
ရွှေမိသားစု (အထည်ဆိုင်)
ယုဇနပလာဇာ၊ မြေညီထပ်။

ဖုန်း-၀၉ ၅၁၅၅၂၆၀

---

**ဝန်ထမ်းအလိုရှိသည်**

သူနာပြုဆရာမ (၃) ဦး
ဓာတ်မှန်ကျွမ်းကျင် (၂) ဦး
ဓာတ်ခွဲကျွမ်းကျင် (၂) ဦး
လားရှိုးမြို့ (အာယုသုခအထူးကုဆေးရုံ)

ဖုန်း-၀၉ ၅၀၂၆၆၀၂

---

**ဝန်ထမ်းအလိုရှိသည်**

နေ့ပိုင်းရုံးဝန်ထမ်း ကျား/မ (၁၀) ဦး
ညပိုင်းရုံးဝန်ထမ်း ကျား/ မ (၁၀) ဦး
နေ့ယာဉ်မောင်း (၃) ဦး
ညယာဉ်မောင်း (၃) ဦး
ဆက်သွယ်စုံစမ်းရန်-

ဖုန်း-၀၉ ၇၃၀၀၁၇၅၀

---

**ဝန်ထမ်းအလိုရှိသည်**

ယာဉ်မောင်း (၂) ဦးအလိုရှိသည်။
၁၀ ဘီး-၁၂ ဘီးကားကြီးမောင်းနိုင်၊ အသက် ၃၀ မှ ၃၅ နှစ်၊ ကားကြီးယာဉ်မောင်းအတွေ့အကြုံရှိရမည်။

ဖုန်း-၀၉ ၄၂၁၁၉၀၀၀

---

**ဟိုတယ်ရွှေဂုံတိုင် (နေပြည်တော်)**

HR Assistant (F/M) (3) Posts
Steward (M) (2) Posts
kitchen Helper (M) (2) Posts
Waiter (5) Posts
အမှတ်(၂၇၃)၊ ရွှေဂုံတိုင်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁ ၅၅၂၅၈၃

---

**ဝန်ထမ်းအလိုရှိသည်**

AutoCAD, 3ds Max,Revit အချိန်ပိုင်းပြသနိုင်သူ ဆရာ၊ ဆရာမ (၃) ဦး အမြန်အလိုရှိပါသည်။
email: ctmyanmar@gmail.com
ဖုန်း-၀၉ ၄၂၀၁၁၆၂၂၁

---

အသစ်ဖွင့်လှစ်လိုက်သည့် အခမဲ့အလုပ်ခေါ် ကြော်ငြာကဏ္ဍတွင် ထည့်သွင်းလိုပါက 7Day News ဂျာနယ်တိုက်သို့ ကွန်ပျူတာစာရိုက်ပြီး (1.5"x 2") ထက်မကြီးသောအရွယ်အစားဖြင့်လာရောက်ပေးပို့နိုင်ပါသည်။
အမှန်တကယ်ဝန်ထမ်းခေါ် ယူလိုသူများသာ ယခုကဏ္ဍကိုအသုံးပြုရန် မေတ္တာရပ်ခံအပ်ပါသည်။

7DAY NEWS JOURNAL
Vol.12, No.38 • NOVEMBER 27 , 2013

# ထီမထင်ကျောင်းတော်သားတွေရဲ့ အမည်အစဉ်မှာ ခေါင်းအပေါ် ဖျားမှာလ...

## (အမျိုးသားအောင်ပွဲနေ့ အထူးဆောင်းပါး)

**ချမ်းငြိမ်း**




"ကျွန်တော်တို့ထွက်လာခြင်းဟာ ရည်ရွယ်ချက်ရှိကြပါတယ်။ ဆရာတို့ခေါ် ပေမယ့်လို့အပိုပါပဲ။ သွေးဆောင်မနေပါနဲ့တော့။ ဆရာကြီး အခုထွက်သွားပါ။ မကြည့်ချင်ဘူး. . . မကြည့်ချင်ဘူး" စကားအဆုံး ဂျပ်ဆင်ကောလိပ် ဘီအေအထက်တန်းကျောင်းသားကိုမြင့် (နောင်နေရှင်နယ် ဦးမြင့်ဖြစ်လာသူ) သည် ဟန်ပင်မဆောင်နိုင်တော့ဘဲ ချုံးပွဲချငိုကြွေးလေသည်။ ကိုမြင့် ဗလုံးဗထွေးဖြင့် ငိုသံပါပါ ပြောနေစဉ်ကတည်းက ကျန်သပိတ်မှောက် ကျောင်းသားများသည်အချို့မှာ ခေါင်းကြီးငိုက်စိုက်ကျလျက်၊ အချို့မှာ အံတကြိတ်ကြိတ်မျက်ရည်တလည်လည်၊ အချို့ကားနားမထောင်ဝံ့၍ စုရုံးရာဇရပ်မှ တစ်နေရာသို့ ရှောင်ထွက်သွားကြ သည်။

ယခုလို မဖြစ်မီကလည်း သပိတ်မှောက်ကျောင်းသားများ စုဝေးလျက်ရှိရာဇရပ်သို့ရောက်လာသော ဂျပ်ဆင် ကောလိပ်ကျောင်းအုပ်ကြီး မစ္စတာ မက်သရူးဟန်းတားနှင့် မြန်မာဆရာနှစ်ဦးဖြစ်သော ဆရာဘနှင့်ဆရာဘလှိုင်တို့ကိုသပိတ်မှောက်ကျောင်းသား ကိုဖေသိန်းက မျက်နှာထိမျက်နှာထားဖြင့် လက်ညှိုးထိုးကာ"အင်္ဂလိပ်တွေဟာ ပရိယာယ်များလှတယ်။ ကျွန်တော်တို့ကို သွေးဆောင်လို့မရဘူး"ဟု ပြတ်ပြတ်ပြောပြီးဖြစ်သည်။ တုန်ချည့်စွာဖြင့်တပည့်များနားဝင်အောင်နားချနေသော အင်္ဂလိပ်လူမျိုးကျောင်းအုပ်ကြီးနှင့် မြန်မာဆရာနှစ်ဦးသည်သပိတ်မှောက်ကျောင်းသားများ၏ ခိုင်ကျည်သောစိတ်ဓာတ်ကိုနားလည်သွားပြီးဇရပ်မှ ထွက်သွားကြသည်။ ထိုအဖြစ်အပျက်သည်ကား လွန်ခဲ့သော နှစ်ပေါင်း ၉၀ ကျော် ဒီဇင်ဘာတစ်ညနေခင်း မြောက်ပြန်လေညင်း တသုန်သုန် တိုက်ခတ်နေသောအချိန်က အမှန်တကယ်ဖြစ်ပျက်ခဲ့ပါသည်။

ယခုအခါ **အမျိုးသားအောင်ပွဲနေ့** အဖြစ် သတ်မှတ်ထားသောတန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့တွင် ပေါ်ပေါက်ခဲ့သော ပထမကျောင်းသားသပိတ်ကြီးနှင့်ပတ်သက်၍ ထိုစဉ်က သပိတ်မှောက်ကျောင်းသားခေါင်းဆောင် (ဥက္ကဋ္ဌ)ဖြစ်သူဦးဘဦးကသပိတ်မှောက်ခဲ့ရခြင်းအကြောင်း ယခုလိုရေးသားခဲ့ဖူးသည်။"ကျောင်းသားကြီးများသည် ပညာ ဆက်လက်၍သင်ရန်ပျင်းရိနေကြသည့်အတွက် သူတို့၏ကျောင်းများကိုသပိတ်မှောက်ပြီး ထွက်လာကြသည်မဟုတ်။ မြန်မာပြည်နှင့်မြန်မာ တစ်မျိုးသားလုံး၏ အနာဂတ် ကောင်းစားရေးအတွက် ကျောင်းသားများသည် မိမိတို့၏ပညာသင်ကြားရေးနှင့်တကွနောင်ရေးကိုပါ အဆုံးရှုံးအနစ်နာခံကာ ထွက်လာကြခြင်းဖြစ်၏။ ထိုခေတ်ထိုအခါက အင်္ဂလိပ်လက်အောက်တွင် မြန်မာများ နိုင်ငံရေး လိုက်စားကြသည်ဟုဆိုရငြားသော်လည်း အင်္ဂလိပ်ဗြူရိုကရက်အစိုးရက မြန်မာလူမျိုးများအဖို့ အကျိုးယုတ်ဖွယ် ဥပဒေပြဋ္ဌာန်းချက်များ ထုတ်ဝေသည်ကိုမြန်မာအသင်းချုပ်ကြီး(ဂျီစီဘီအေအသင်း) နှင့်တကွနိုင်ငံရေး အသင်းများကထိထိရောက်ရောက် အတိုက်အခံပြုလုပ်ခြင်းမရှိဘဲ အစည်းအဝေးများခေါ်ကာ ပြုပြင်ပေးရန်စာဖြင့်သာ အသနားခံရုံခံကြသည်။ အသနားခံစာများကို အင်္ဂလိပ် ဗြူရိုကရက်အစိုးရက အရေးမယူ ဂရုမစိုက်ဘဲ နေခဲ့လျှင်လည်း သတိပေးစာပို့ရုံအပြင်နောက်တစ်ထစ်တက်ခြင်းမရှိ ဘာမျှပြုပြင်မပေးသော်လည်း ငုံ့၍သာခံနေကြ၏။ ထို့ကြောင့် ကောလိပ်ကျောင်းသားကြီးများက ရန်ကုန်တက္ကသိုလ်အက်ဥပဒေကို ကန့်ကွက်သည့်အနေဖြင့်သူတို့ကျောင်းများကိုသပိတ်မှောက်၍ထွက်လာကြခြင်းမှာ အင်္ဂလိပ် ဗြူရိုကရက်အစိုးရကစီမံလုပ်ကိုင်သမျှကိုငုံ့၍မခံ ထိထိရောက်ရောက် ပြန်၍တိုက်ခြင်းပင်ဖြစ်၏။ အင်္ဂလိပ်လက်အောက်မြန်မာပြည်ရာဇဝင်တွင် ထိုကောလိပ်ကျောင်းသားကြီးများ သပိတ်မှောက်ခြင်းသည် အင်္ဂလိပ်အစိုးရကို ကိုယ်ထိလက်ရောက် တိုက်ခိုက်သည့် ပထမဆုံး တိုက်ပွဲဖြစ်၏"ဟု ၁၉၂၀ ကျောင်းသားသပိတ်ခေါင်းဆောင် ဦးဘဦးက ရှင်းလင်းရေးသားခဲ့သည်။

ထို့အပြင်ထိုခေတ်ထိုကာလက မြန်မာပြည် ပညာရေးနှင့်ပတ်သက်၍ "၁၉၂၀ ပြည့်နှစ်အထိ မြန်မာပြည်အတွက် တက္ကသိုလ်တစ်ခုမျှမရှိသေးချေ။ ထိုအခါက ရန်ကုန်ကောလိပ်နှင့် ယုဒသန် ကောလိပ်ကျောင်းများမှာ ကာလကတ္တား တက္ကသိုလ်လက်အောက်ခံကျောင်းများဖြစ်ကြ၏။ ထိုတက္ကသိုလ်မှ ပြဋ္ဌာန်းသောပညာရပ်များကိုသာ သင်ကြားရပြီး ထိုတက္ကသိုလ်မှ စစ်သောစာမေးပွဲများကိုဖြေဆိုကြရ၏။ သို့ဖြင့် ၁၉၂၀ ပြည့်နှစ်တွင် မြန်မာပြည်၌ သီးသန့်တက္ကသိုလ်တစ်ခုထားရန် ယူဆကာ မြန်မာလူမျိုးများနှင့်သင့်တော်မည်ဟုဆိုသော တက္ကသိုလ်ဥပဒေကြမ်းကို အင်္ဂလိပ်ဗြူရိုကရက် အစိုးရကရေးဆွဲ၏။ ၁၉၂၀ ပြည့်နှစ် ဇွန်လတွင် တိုင်းပြည်မှ ဝေဖန်နိုင်ရန်ကြေညာ၏။ ထိုဥပဒေကြမ်းကိုစေ့စေ့စပ်စပ် လေ့လာသောအခါမြန်မာလူမျိုးများ အထက်တန်းပညာသင်ကြားနိုင်ရေးကို များစွာချုပ်ချယ်ထားခြင်းကို တွေ့ရ၏။ ထို့ကြောင့်တိုင်းပြည်တစ်ဝန်း မြို့လုံးကျွတ်အစည်းအဝေးများခေါ်ကာတစ်မျိုး၊ သတင်းစာများမှဝေဖန်၍ ကန့်ကွက်ခြင်းများကတစ်ဖုံ၊ နည်းမျိုးစုံဖြင့် ကန့်ကွက်ခဲ့ကြ၏။

သို့ရာတွင် ထိုအခါက သံလက်သီးဟုခေါ်သော အင်္ဂလိပ်လက်ထောက်ဘုရင်ခံ ဆာရယ်ဂျီနယ်ကရက်ဒေါက်ခေါင်းဆောင်သည့် ဗြူရိုကရက်အစိုးရက အနည်းငယ်မျှမဖြုံ။ မင်းတို့ မြန်မာတွေ ပညာရေးကို ဘာနားလည်သလဲဟုဆိုကာ တိုင်းပြည်၏ ကန့်ကွက်ချက်များကို အလျှင်းအရေးမယူဘဲ လျစ်လျူရှု၍နေ၏။ ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာ ၁ ရက်မှစ၍ ထိုဥပဒေကြမ်းကို အတည်ပြုပြီဟုကြေညာတော့၏"ဟုကျောင်းသားခေါင်းဆောင် ဦးဘဦးက နောင်သောအခါ ရှင်းလင်းရေးသားခဲ့သည်။

ထိုစဉ်က သပိတ်မှောက်ကျောင်းသားခေါင်းဆောင်ဦးဘဦးပြောသလိုပင် ဥပဒေကြမ်းကိုဆန့်ကျင် ကန့်ကွက်သော ရန်ကုန်ကောလိပ်ကျောင်းသားကြီး ၁၁ ဦးတို့သည် ၁၉၂၀ ဒီဇင်ဘာ ၃ ရက်တွင် ရွှေတိဂုံစေတီတော်စနေထောင့်အနီး ရင်ပြင်တော်ပေါ်၌ သပိတ်မှောက်မည့်အရေး ဦးစွာဆွေးနွေးတိုင်ပင်ကြသည်။ ထိုဆွေးနွေးတိုင်ပင်ချက်အရ တက္ကသိုလ်ပင် ရှိလင့်ကစားကျောင်းသားများမရှိလျှင် အချည်းနှီးဟုယူဆပြီး ကျောင်းသားသပိတ်ဆင်နွှဲရန် ဆုံးဖြတ်ခဲ့ကြသည်။ ထိုဆုံးဖြတ်ချက်အရ ကျောင်းသူ၊ ကျောင်းသားများကိုစည်းရုံးဆော်ဩကာ ၁၉၂၀ ဒီဇင်ဘာ ၄ ရက်၊ စနေနေ့လယ်တွင် ဗဟန်းရွှေကျင်တိုက်ဆရာတော်ဦးအရိယကျောင်း၌ကျောင်းသားထုအစည်းအဝေးကြီးကျင်းပခဲ့ကြသည်။ အစည်းအဝေးတက်ရောက်သူအားလုံးဆုံးဖြတ်ချက်အရ ကျောင်းသားသပိတ်ကြီး ဆင်နွှဲရန် သဘောတူ ပြဋ္ဌာန်းလိုက်ကြသည်။ မူလကျောင်းသားခေါင်းဆောင် ၁၁ ဦးကိုတိုးချဲ့ကာ ၂၆ ဦး ကော်မတီအဖြစ်ဖွဲ့စည်းခဲ့ကြသည်။ကျောင်းသားများသည် မူလကဒီဇင်ဘာ ၇ ရက်၊ အင်္ဂါနေ့မှ သပိတ်မှောက်မည်ဟု ဆုံးဖြတ်ထားသော်လည်း ၆ ရက်နေ့တွင် ကျောင်းအုပ်ဆရာကြီးက ကျောင်းသားများအား ဆုံးမစကားပြောကြားမည်ကို ကြိုတင်သိရှိခဲ့၍ ချက်ချင်းလက်ငင်း သပိတ်မှောက်ရန် ဆုံးဖြတ်ကြပြီး ၁၂၈၂ ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် ၁၀ ရက်၊ ၁၉၂၀ ပြည့်နှစ်၊ ဒီဇင်ဘာ ၅ ရက်၊ တနင်္ဂနွေနေ့မှစ၍ နိုင်ငံနှင့်အဝန်း ကျောင်းသားများ သပိတ်မှောက်ရန်စည်းရုံးလှုံ့ဆော်ရာမှ ပထမကျောင်းသားသပိတ်ကြီးပေါ်ပေါက်လာရသည်။

သပိတ်မှောက်ကျောင်းသားအများစုသည် ဗဟန်းအရပ်၌နေထိုင်ကြပြီး ဇရပ်အသီးသီး၌ ခိုလှုံ၍နေကြသည်။ ရန်ကုန်မြို့သူမြို့သားအပေါင်းတို့ကလည်းကျောင်းသားများယခုကဲ့သို့သပိတ်မှောက်ခြင်းကိုကြားသိရ၍ ဆန်အိတ်များ၊ ဆီပုံးများ၊ စားသောက်ဖွယ်ရာများ အသီးသီးယူဆောင်လာကာ သပိတ်မှောက်ကျောင်းသားများအား ထောက်ပံ့လေသည်။ ထိုစဉ်က သပိတ်မှောက်ကျောင်းသား၊ ကျောင်းသူစုစုပေါင်း ၄၀၀ ကျော်ရှိပြီး သပိတ်မှောက်ခေါင်းဆောင် ၂၆ ဦးကော်မတီမှာ အောက်ပါအတိုင်းဖြစ်သည်။ (၁)ကိုဘရှင် (သံတွဲ(ဘီအက်စ်စီအထက်တန်း))၊ (၂)ကိုညီပိတ်(ဘီအက်စ်စီအထက်တန်း)၊ (၃) ကိုဖိုးကွန်း (ဘီအက်စ်စီအထက်တန်း)၊ (၄) ကိုအေး (ဘီအေအထက်တန်း)၊(၅)ကိုလှတင် (ဘီအေအထက်တန်း)၊ (၆)ကိုဖေသိန်း(အိုင်အေအထက်တန်း)၊(၇) ကိုထွန်းဝင်း (အိုင်အေအထက်တန်း)၊ (၈) ကိုဘရှင် (ထားဝယ်၊ အိုင်အေအထက်တန်း)၊ (၉) ကိုအောင်ဒင် (အိုင်အေအထက်တန်း)၊ (၁၀) ကိုဘခင် (အိုင်အေအထက်တန်း)၊ (၁၁) ကိုဘဦး (ကောင်စီဥက္ကဋ္ဌ၊ ဘီအေအထက်တန်း)၊ (၁၂) ကိုလှစိန် (ဥပဒေပညာ)၊ (၁၃) ကိုဘတင် (ဥပဒေပညာ)၊ (၁၄) ကိုမြ (သခင်မြ၊ ဘီအက်စ်စီအထက်တန်း)၊ (၁၅) ကိုမြင့် (နေရှင်နယ်ဦးမြင့်၊ ဘီအေအထက်တန်း)၊ (၁၆) ကိုဖိုးကျား (ဘီအေ အောက်တန်း)၊ (၁၇) ကိုစိုးဝင်း(ဘီအေအထက်တန်း)၊ (၁၈) ကိုဖိုးလတ်(ဘီအေအထက်တန်း)၊(၁၉)ကိုထွန်းဖေ(အိုင်အေအထက်တန်း)၊ (၂၀) ကိုဘဟန် (ဘီအေ အထက်တန်း)၊ (၂၁) ကိုဘကျော်(အိုင်အေအထက်တန်း)၊(၂၂)ကိုလူဖေဝင်း(ဘီအေအထက်တန်း)၊ (၂၃) ကိုမောင်ကို (ဘီအေအထက်တန်း)၊ (၂၄) အီးမောင်စိန် (ဘီအေအထက်တန်း)၊ (၂၅) အင်န်စီဆင်း (ဘီအေအထက်တန်း)၊ (၂၆) မစ္စတာဘိုစ်တို့ဖြစ်ကြသည်။ မူလ ၁၁ ဦးတွင် ရန်ကုန်ကောလိပ်မှကိုးဦး၊ ဂျပ်ဆင်ကောလိပ်မှခြောက်ဦးတို့ကို ထပ်မံ ဖြည့်စွက်ဖွဲ့စည်းခဲ့ခြင်း ဖြစ်သည်။ ၎င်းတို့ထဲတွင် ကောလိပ်ကျောင်းသားဆိုသော်ငြား သျှောင်ထုံးကြီးတကားကားဖြင့် ထိုးထိုးထောင်ထောင်ဖြစ်နေသူ သုံးဦးရှိကြသည်။ ယင်းတို့မှာ ကိုဖိုးလတ် (သပိတ်မှောက်ကျောင်းသားဒုတိယဥက္ကဋ္ဌ)၊ ကိုဖိုးကျား (နောင်အမျိုးသား ပညာဝန် ဦးဖိုးကျား) နှင့် ကိုမြင့် (နောင်အမျိုးသားနေ့အဖြစ် အဆိုတင်သွင်းသူ)တို့ဖြစ်ကြသည်။ ၎င်းတို့ သုံးဦးသည် သပိတ်မှောက်ကျောင်းသားများအရေး ဆောင်ရွက်ကြရာ၌ သွားလေရာ သျှောင်ထုံးကြီးတကားကားဖြင့် ရှိလေရာ တစ်ခါတစ်ရံကျောင်းသားအချင်းချင်း ကျီစယ်မှုကိုပင်ခံယူကြရသည်။

**အမျိုးသားကျောင်းများ ပေါ်ထွန်းလာခြင်း**

သပိတ်မှောက်ကျောင်းသားများ ဗဟန်းအရပ်၌ သပိတ်ကာလကြာရှည်လာသောအခါအချင်းချင်း တိုင်ပင်ဆွေးနွေး၍ နိုင်ငံနှင့်အဝန်း အမျိုးသားကျောင်းများတည်ထောင်ရေးဆောင်ရွက်ခဲ့ကြသည်။ ၁၉၂၀ ဒီဇင်ဘာ ၁၇ ရက်၊ သောကြာနေ့တွင် အမျိုးသားကျောင်းကြီးကို စတင် တည်ထောင်ခဲ့သည်။ ၁၉၂၁ ဇန်နဝါရီလ ၃၀ ရက်တွင် သရက်တောကျောင်းတိုက်ကြီး၌ မှန်ကင်းကျောင်းနှင့် အခြားပတ်ဝန်းကျင်အရပ်ရှိကျောင်းများအောက်တွင် ကျောင်းခန်းများဖွဲ့၍ **မြို့မတိုင်းရင်းသားအထက်တန်းကျောင်း**ဟူ၍ ဖွင့်လှစ်နိုင်ခဲ့သည်။ ထိုမှဆက်၍ နိုင်ငံနှင့်အဝန်း အမျိုးသားကျောင်းများ အသီးသီးပေါ်ပေါက်လာပါသည်။ ထိုအခါ သပိတ်မှောက်ကျောင်းသားခေါင်းဆောင်အများအပြားသည် အလိုအလျောက်ပင်ထိုအမျိုးသားကျောင်းများသို့သွားရောက်ကာစာပေသင်ကြားခြင်းကိုပြုကြလေသည်။

စာမျက်နှာ(၁၉)သို့

7DAY NEWS JOURNAL
Vol.12, No.38 · NOVEMBER 27 , 2013

စာမျက်နှာ(၁၈)မှ

## ထီမထင်ကျောင်းတော်သားတွေရဲ့အမည်အစဉ်မှာ ခေါင်းအပေါ် ဖျားမှာလ...

အမျိုးသားကောလိပ်ကို မူကား ၁၉၂၁ ဩဂုတ်လ ၁၄ ရက်တွင် ဗဟန်းမြို့နယ်ရှိ ရွှေကျင်ကျောင်းတိုက်ကြီးအတွင်းဖွင့်လှစ်နိုင်ခဲ့သည်။ သူရိယသတင်းစာအယ်ဒီတာမစ္စတာမောင်မှိုင်း (ဆရာကြီးသခင်ကိုယ်တော်မှိုင်း) သည် လစာကောင်းသောအယ်ဒီတာဘဝမှနုတ်ထွက်ကာ လစာမရတစ်ချက်၊ ရတစ်ချက်ဖြင့် ရှေ့ရေးမရေရာမသေချာသော အမျိုးသားကောလိပ်သို့ လာရောက်၍ စာပေပို့ချခဲ့သည်။

**အမျိုးသားအောင်ပွဲနေ့သတ်မှတ်ပုံ**

၁၉၂၁ အောက်တိုဘာ ၂၆ ရက်တွင် မန္တလေးမြို့၌ ဂျီစီဘီအေ အသင်းချုပ်ကြီး၏ နဝမအကြိမ်မြောက်ညီလာခံကျင်းပရာတွင် အမျိုးသားနေ့အဖြစ် သတ်မှတ်ရေး အဆိုတင်သွင်းကြရာ၌ သူရိယသတင်းစာအယ်ဒီတာဦးတုတ်ကြီးက သီပေါဘုရင်နန်းကျသောနေ့၊ ပျဉ်းမနားမှ အေလာဦးဒွေးက ဦးဥတ္တမထောင်ကျသောနေ့ကို သတ်မှတ်ပေးရန် အဆိုတင်သွင်းသော်လည်း သပိတ်မှောက်ကျောင်းသားခေါင်းဆောင်တစ်ဦးဖြစ်သူကိုမြင့်က **နန်းကျသောနေ့၊ ထောင်ကျသောနေ့တို့သည် မင်္ဂလာမရှိ အမင်္ဂလာဖြစ်သည်။ ဗမ္ဗူဒီပါလင်္ကာတောင်ကျွန်း ဩဘာနိမိတ်ထွန်းဆိုသော စကားအတိုင်း မင်္ဂလာရှိသောနေ့ကို ရွေးချယ်သတ်မှတ်သင့်သည်။ တက္ကသိုလ်အက်ဥပဒေကို သပိတ်မှောက်သောကိစ္စသည် အင်္ဂလိပ်ဩဇာအာဏာကိုပထမဆုံးတော်လှန်ပုန်ကန်ခြင်းဖြစ်သည်။ အကျိုးကိစ္စမဟုတ်၊ အတက်ကိစ္စ ဖြစ်သည်။ ထိုအကျိုးအကြောင်းတရားကိုထောက်ထားဆင်ခြင်ပြီးကျောင်းသားများ သပိတ်မှောက်သောနေ့ကို အမျိုးသားအောင်ပွဲနေ့အဖြစ်သတ်မှတ်ပေးရန်**အဆို တင်သွင်းခဲ့သည်။ ထိုအဆိုကိုပင် အတည်ပြုကာ အမျိုးသားအောင်ပွဲနေ့အဖြစ် ထိုအချိန်မှစ၍ မြန်မာနိုင်ငံတွင် ပေါ်ထွန်းခဲ့ခြင်းဖြစ်သည်။

**ရည်ညွှန်း**

၁။ သပိတ်မှောက်ကျောင်းသားတစ်ဦး၏ ရှေးဟောင်းဖြစ်ထွေ (ကိုထွန်းဖေ)

၂။ အမျိုးသားအောင်ပွဲနေ့(အိုးဝေ ရွှေရတုသဘင်မဂ္ဂဇင်း-ဦးဘဦး)

၃။ မြို့မတိုင်းရင်းသားကျောင်းကြီး (မြို့မဆရာဟိန်)

၄။ မြန်မာပြည်ဇာတ်လမ်းရှုပ်သမျှ (မိုးကြိုးဦးအုန်းခင်)

## ဆီးဂိမ်းပြိုင်ပွဲ ရုပ်သံထုတ်လွှင့်မည့် အစီအစဉ် လကုန်ပိုင်းမှ ကြေညာမည်

**အေကေသော်၊ ဇော်မျိုးလှိုင်**

**ရန်ကုန်၊ နိုဝင်ဘာ-၂၅**

ဆီးဂိမ်းပြိုင်ပွဲ အားကစားပွဲစဉ်များကို MRTV, Forever, Sky Net တို့မှ ထုတ်လွှင့်ပြသမည်ဖြစ်ပြီး ထုတ်လွှင့်မည့်အစီအစဉ်အတိအကျကို နိုဝင်ဘာလကုန်ပိုင်းမှသာ ထုတ်ပြန်ကြေညာမည်ဟု တာဝန်ရှိသူ များက ပြောသည်။

"အခုက ရိုက်ကူးခွင့်ပဲ သိရသေးတယ်။ ဘယ်လိုထုတ်လွှင့်ပြသမလဲဆိုတာတော့ နိုဝင်ဘာလကုန်မှ သိရမှာပါ"ဟု Forever ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ ဆီးဂိမ်းပြိုင်ပွဲတွင် အားကစားနည်း ၃၃ မျိုး ပါဝင်မည်ဖြစ်ပြီး ယင်းတို့အနက် အားကစားနည်းကိုးမျိုးကို MRTV ကလည်းကောင်း၊ ၁၁ မျိုးကို Forever ကလည်းကောင်း၊ ၁၇ မျိုးကို Sky Net ကလည်းကောင်း ရိုက်ကူးခွင့်ရရှိမည်ဖြစ်သည်။

အထူးသဖြင့် ဆီးဂိမ်းပြိုင်ပွဲဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားနှင့် ပြေးခုန်ပစ်ပြိုင်ပွဲကို အမေရိကန်နိုင်ငံ Grass Valley ကုမ္ပဏီနှင့် MRTV တို့ ပူးပေါင်းရိုက်ကူးမည်ဖြစ်ပြီး ကျန်အားကစားပွဲစဉ်များကို MRTV, Forever, Sky Net တို့မှ ရိုက်ကူးမည်ဖြစ်သည်။

"နိုင်ငံခြားကုမ္ပဏီက စက်မှုပိုင်း၊ ရိုက်ကူးရေးပိုင်း ပညာရှင်အယောက် ၄၀ နဲ့ MRTV တို့ ပူးပေါင်းပြီး ဖွင့်ပွဲ၊ ပိတ်ပွဲနဲ့ ပြေးခုန်ပစ်ကို ပူးပေါင်းရိုက်ကူးမှာပါ"ဟု မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဒုတိယအင်ဂျင်နီယာချုပ် ဦးလှိုင်မိုးက ပြောသည်။

ဆီးဂိမ်းပြိုင်ပွဲကာလတွင် ဘောလုံး၊ ဂျူဒို၊ ကရာတေးဒို၊ ရေကူး၊ ခြင်းလုံး အစရှိသည်တို့ကို တိုက်ရိုက်ထုတ်လွှင့်ပြသမည်ဖြစ်ပြီး မြားပစ်၊ ဂေါက်သီး၊ စစ်တုရင်၊ စက်ဘီး၊ မြင်းစီး အစရှိသည်တို့ကို ပွဲစဉ်ပြီးမှသာ ပြန်လည်ထုတ်လွှင့်ပြသသွားမည်ဖြစ်သည်။

## ဟန်းဆက်ဈေးနှုန်းများ

### Samsung

| Model | Price |
|---|---|
| Galaxy Y | 99,000 |
| Galaxy S Advance | 235,000 |
| Galaxy Express | 269,000 |
| Galaxy Grand(GSM) | 278,000 |
| Galaxy S3 | 387,000 |
| Galaxy S4 Mini | 410,000 |
| Galaxy S4 | 575,000 |
| Galaxy Mega 5.8 | 345,000 |
| Galaxy Note II | 480,000 |
| Galaxy Tab3 7" | 305,000 |

လူကြီးမင်း(လသာ)ဆိုင်မှ ဈေးနှုန်းများဖြစ်ပါသည်။

### Sony

| Model | Price |
|---|---|
| Xperia Z | 465,000 |
| Xperia J | 177,000 |
| Xperia P | 230,000 |

### iPhone

| Model | Price |
|---|---|
| iPhone 5 (32 GB) | 758,000 |
| iPhone 5s | 890,000 |
| iPhone 5c | 660,000 |
| iPhone 5c(32 GB) | 750,000 |
| iPhone 5 (16 GB) | 650,000 |

### Huawei

| Model | Price |
|---|---|
| Y 300 | 990,000 |
| G 510 | 120,000 |
| C 8813D | 133,000 |
| G 520 | 125,000 |
| G 610s | 143,000 |
| G 700 | 218,000 |
| Ascend P6 | 319,000 |
| C 8813 (CDMA) | 110,000 |
| G 610c (CDMA) | 175,000 |
| Y 300c (CDMA) | 100,000 |

နိုဝင်ဘာ(၂၃)ရက် ဈေးနှုန်းများဖြစ်ပြီး ဈေးနှုန်းအပြောင်းအလဲရှိနိုင်သည်။

## အီလက်ထရွန်နစ်ပစ္စည်းများဈေးနှုန်း

| အမျိုးအစား | မော်ဒယ် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| **TV** | | |
| Samsung (LED) | 39-5series 5003 | 425,000 |
| Panasonic(LED) | THL32B6X | 285,000 |
| Sony (LED) | 32W45 | 380,000 |
| LG (LED) | 32LN5120 | 280,000 |
| **DVD** | | |
| Samsung | BD-E 5500(Blu-ray 3D) | 120,000 |
| EVD (GE) | HDMI | 35,000 |
| EVD (AEK) | HDMI | 33,000 |
| **ရေခဲသေတ္တာ** | | |
| Samsung | RT25FGJA | 340,000 |
| Mitsubishi Electric | MR 17E(1 Door) | 200,000 |
| Hitachi | 190W | 262,000 |
| Panasonic | NR.BT224 | 250,000 |
| **Washing** | | |
| Samsung | $WA95W_9$ | 2 00,000 |
| Samsung | WT10J | 230,000 |
| **Aircon** | | |
| Hitachi | 1.0HP(RAS-E1067) | 255,000 |
| Mitsubishi Electric | 1.0HP(MS-F10VC) | 290,000 |
| Samsung | 1.0HP(AS09TUQN) | 230,000 |

အထက်ပါဈေးနှုန်းများမှာ နိုဝင်ဘာ(၂၃)ရက်တွင် မဟာဗန္ဓုလပန်းခြံလမ်းရှိ Capital ဆိုင်နှင့် Mitsubishi Electric Centre တို့မှ ကောက်ယူထားခြင်းဖြစ်သည်။

## အိမ်ဆောက်ပစ္စည်းများဈေးနှုန်း

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|
| ဘိလပ်မြေ (ယိုးဒယား ဆင်တံဆိပ်) | တစ်အိတ် | ၅,၃၅၀ |
| ဘိလပ်မြေ (ယိုးဒယား INSee) | တစ်အိတ် | ၅,၂၅၀ |
| ဘိလပ်မြေ (ကြံ့) | တစ်အိတ် | ၄,၈၅၀ |
| ဘိလပ်မြေ (AAဗီယက်နမ်) | တစ်အိတ် | ၅,၂၀၀ |
| အုတ် (ကုန်းအုတ်-ပထမတန်းစား) | တစ်လုံး | ၁၁၀ |
| အုတ် (ကုန်းအုတ်-ဒုတိယတန်းစား) | တစ်လုံး | ၉၅ |
| အုတ် (၈ ပေါက်အုတ်) (အထိုင်ဈေး) | တစ်လုံး | ၁၁၀ |
| နေပြည်တော် စက်အုတ် (၁၀ ပေါက်) | တစ်လုံး | ၇၀-၈၀ |
| သဲ (အကြမ်း) | တစ်ကျင်း | ၁၀,၀၀၀ |
| သဲ (အနု) | တစ်ကျင်း | ၇,၀၀၀ |
| ကျောက် | တစ်ကျင်း | ၅၃,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.3mm) | ၁ ပေ | ၅၄၀ |
| ကာလာစတီးအမိုးပြား 4 angle(0.312mm) | ၁ ပေ | ၆၄၀ |
| ကာလာစတီးအမိုးပြား 4 angle(0.36mm) | ၁ ပေ | ၈၃၀ |
| ကာလာစတီးအမိုးပြား 4 angle(0.346mm) | ၁ ပေ | ၈၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.42mm) | ၁ ပေ | ၉၅၀ |
| Posco ကြယ်စိမ်း | ၁ ပေနှုန်း | ၄၂၀ |
| ရိုးရိုးသွပ်မိုးပြား(နေရှင်နယ်ဆင်) | ၁ ပေနှုန်း | ၂၄၅-၃၀၀ |
| ထုံး(၈ ပိဿာအိတ်) | တစ်အိတ် | ၁,၁၀၀ |

အထက်ပါဈေးနှုန်းများမှာ နိုဝင်ဘာ(၂၃)ရက်တွင် ကောက်ယူထားသော ဈေးနှုန်းများဖြစ်ပြီး ပြောင်းလဲမှုအနည်းငယ်ရှိနိုင်သည်။

## စားသောက်ကုန်ဈေးနှုန်းများ

| အမျိုးအစား | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ဆန်(ပေါ်ဆန်းမွှေး) | တစ်ပြည် | ၁၀,၀၀-၁,၆၀၀ |
| ဆန်(တောင်ပျံ) | တစ်ပြည် | ၁,၀၀၀-၁,၃၀၀ |
| ဆန်(ဇီယာ) | တစ်ပြည် | ၇၀၀-၉၀၀ |
| ဆီ(ပဲဆီရှယ်) | တစ်ပိဿာ | ၃,၀၀၀ |
| ဆီ(စားအုန်းဆီ) | တစ်ပိဿာ | ၁,၆၅၀ |
| ဆီ(ရန်ကုန်ပဲဆီ) | တစ်ပိဿာ | ၃,၆၅၀ |
| ဆား(အိုင်အိုဒင်း) | တစ်ထုပ် | ၁၀၆ |
| ကြက်သွန်နီ | တစ်ပိဿာ | ၁,၁၀၀ |
| ကြက်သွန်ဖြူ | တစ်ပိဿာ | ၁,၅၀၀ |
| သကြား | တစ်ပိဿာ | ၁,၂၅၀ |
| မန်ကျည်းမှည့်(အစေ့လွတ်) | တစ်ပိဿာ | ၁,၅၀၀ |
| အာလူး | တစ်ပိဿာ | ၆၀၀ |
| နို့ဆီ | တစ်ဘူး | ၅၅၀-၇၅၀ |
| နို့စိမ်း | တစ်ဘူး | ၆၀၀-၈၀၀ |
| ကြက်ဥ/ဘဲဥ | တစ်လုံး | ၁၁၀-၁၂၀ |
| ကုလားပဲခြမ်း | တစ်ပိဿာ | ၁,၃၀၀ |
| ကြက်သား(မွေးမြူရေး) | တစ်ပိဿာ | ၇,၀၀၀ |
| ကြက်သား(ဗမာ) | တစ်ပိဿာ | ၇,၀၀၀ |
| ဝက်သား | တစ်ပိဿာ | ၆,၀၀၀ |
| အမဲသား | တစ်ပိဿာ | ၇,၀၀၀ |
| ခရမ်းချဉ်သီး (အင်းသီး) | ၁ သေတ္တာ | ၁၂,၀၀၀ ဝန်းကျင် |
| ဂေါ်ဖီထုပ် | ၁ ထုပ် | ၅၀၀ |
| ငရုတ်သီး(အပု) | ၁ ပိဿာ | ၅,၀၀၀ |

## ငါး၊ ပုစွန်ဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ငါးမြစ်ချင်း | ၁ ပိဿာ | ၂,၃၀၀-၂,၇၀၀ |
| ငါးကြင်း | ၁ ပိဿာ | ၂,၃၀၀-၂,၈၀၀ |
| ငါးသလောက် | ၁ ပိဿာ | ၃,၃၀၀-၃,၆၀၀ |
| ငါးဖယ် | ၁ ပိဿာ | ၂,၅၀၀-၂,၈၀၀ |
| ပုစွန်ဘော့ချိတ် | ၁ ပိဿာ | ၃,၃၀၀-၄,၂၀၀ |
| ပုစွန်ပြောင်တုပ်ကြီး | ၁ ပိဿာ | ၁၂,၀၀၀-၂၆,၀၀၀ |
| တီလားဗီးယား | ၁ ပိဿာ | ၁,၆၀၀-၂,၀၀၀ |

နိုဝင်ဘာ(၂၃)ရက်က ကြည့်မြင်တိုင်ဗဟိုစံပြငါးဈေးကြီးမှ ကောက်ယူထားသော လက်ကားဈေးနှုန်းများဖြစ်သည်။

## ပုဂ္ဂလိကစက်သုံးဆီဈေးနှုန်းများ

| နေ့စွဲ | ဓာတ်ဆီ 1 Litre | ဒီဇယ် 1 Litre | Octane 1 Litre | Premier 1 Litre |
|---|---|---|---|---|
| Nov (27) | 814 | 930 | 920 | 940 |
| Nov (28) | 814 | 930 | 920 | 940 |
| Nov(29) | 814 | 930 | 920 | 940 |
| Nov(30) | 814 | 930 | 920 | 940 |
| Dec (1) | 814 | 930 | 920 | 940 |
| Dec (2) | 814 | 930 | 920 | 940 |
| Dec (3) | 814 | 930 | 920 | 940 |

ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှ ဈေးနှုန်းများဖြစ်ပါသည်။ ဈေးနှုန်းပြောင်းလဲမှု အနည်းငယ် ရှိနိုင်သည်။

## Note Book

| | |
|---|---|
| **MSI** | |
| Intel Core i3 2.5 GHz, 4 GB DDR3, 500GB HDD, HD, 14" | 460,000 |
| Intel Core i3 2.4 GHz, 4 GB DDR3, 500 GB HDD, 15.6" | 556,000 |
| Intel Core i5 2.5 GHz, 4 GB DDR3, 750 GB HDD, 17.3" | 813,000 |
| Intel Core i7 2.4 GHz, 8 GB DDR3, 750 GB HDD ,17.3" | 1,057,000 |
| **Asus** | |
| Intel Core i3 1.8 GHz, 4 GB DDR3, 500GB HDD, 14" | 503,000 |
| Intel Core i5 1.7 GHz,6GB DDR3,600 GB HDD+ SSD 24G,HD,14" | 759,000 |
| Intel Core i5 1.8 GHz, 4 GB DDR3, 750 GB HDD, 15.6" | 881,000 |
| Intel Core i7 2.0 GHz, 4 GB DDR3, 750 GB HDD ,15.6" | 959,000 |
| **Lenovo** | |
| Intel Core i3 2.3 GHz, 4 GB DDR3, 500 GB HDD, 14" | 484,000 |
| Intel Core i3 2.3 GHz, 4 GB DDR3, 500 GB HDD, HD,14" | 454,000 |
| Intel Core i7 2.0GHz,4GB DDR3,500GB SATA HDD,2BVGA,14" | 804,000 |
| Intel Core i7 2.1 GHz,8GB DDR3,750GB HDD,2GB VGA,15.6" | 910,000 |

7 DAY NEWS JOURNAL
Vol.12, No.38 • NOVEMBER 27 , 2013

# “ကျွန်တော်က သမ္မတကြီးကို တင်ပြတာပေါ့ဗျာ။ တိုက်တွန်းတာမဟုတ်ပါဘူး။ သမ္မတကြီးလုပ်ချင်သည်ဖြစ်စေ၊ မလုပ်ချင်သည်ဖြစ်စေ ဒီစကားကို မပြောသင့်ပါဘူး”

## ဦးအောင်မင်းနှင့် တွေ့ဆုံခြင်း

**အောင်သူရ**

ဦးသိန်းစိန်အစိုးရ တာဝန်ယူလာခဲ့သည်မှာ သုံးနှစ်နီးပါးရှိလာခဲ့ပါပြီ။ အချိန်ကြာမြင့်လာသည်နှင့်အမျှ အစိုးရအဖွဲ့အပေါ် ဝေဖန်မှုများမှာလည်း ခပ်စိပ်စိပ်ကြားလာရသည်။ အထူးသဖြင့် သမ္မတ၏ ရည်မှန်းချက်များ အောင်မြင်ရန် အဓိကအကောင်အထည်ဖော်ပေးနေသော သမ္မတရုံးဝန်ကြီး ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းနှင့် ဦးစိုးသိန်းတို့အပေါ် ဝေဖန်မှုများ၊ ပုဂ္ဂိုလ်ရေးတိုက်ခိုက်မှုများ မကြာခဏဆိုသလို မီဒီယာများတွင် တွေ့လာရသည်။ ထို့ကြောင့် တိုင်းရင်းသား လက်နက်ကိုင်အင်အားစုများနှင့် ငြိမ်းချမ်းရေးရရှိရန် ဦးဆောင်လုပ်ကိုင်နေသော ဦးအောင်မင်းကို တွေ့ဆုံ၍ ၎င်းနှင့်အစိုးရအဖွဲ့အပေါ် ဝေဖန်နေမှုများနှင့် ပတ်သက်၍ နိုဝင်ဘာ ၂၄ရက်က တွေ့ဆုံမေးမြန်းခဲ့သည်များမှ ကောက်နုတ်ဖော်ပြပေးလိုက်ပါသည်။



ဓာတ်ပုံ - အောင်သူရ

**ဒီရက်ပိုင်းထဲမှာ ပြည်ပကနေ မြန်မာနိုင်ငံကို ပထမဆုံး ပြန်လာတဲ့ ဦးပီတာလင်းပင်ကို ဝန်ကြီးဦးအောင်မင်းနဲ့ ဦးစိုးသိန်းက ငွေတွေ အိမ်တွေ၊ ကားတွေပေးမယ်လို့ ကမ်းလှမ်းတယ်လို့ ပြောဆိုတဲ့အပေါ်မှာ ဝန်ကြီးအနေနဲ့ ဘာများ ပြောချင်ပါသလဲ။**

ကျွန်တော် အဲဒီကိစ္စမပြောခင်မှာ ကျွန်တော်လုပ်တဲ့ ကိစ္စလေး ပြောချင်ပါတယ်။ အစိုးရသစ်တက်လာတော့ ၂၀၁၁ ခုနှစ် မတ်လ ၃၁ ရက်မှာ သမ္မတကြီးက အခြေပြမိန့်ခွန်းပြောပါတယ်။ အဲဒီ အခြေပြမိန့်ခွန်းထဲမှာ ကျွန်တော်တို့မြန်မာနိုင်ငံ တိုးတက်ဖို့အတွက် ပြည်တွင်းပြည်ပက ဆန့်ကျင်ဘက်အဖွဲ့အစည်းတွေ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေ အားလုံးပါဝင်ပြီး ဆောင်ရွက်ကြဖို့ သမ္မတကြီးက ဖိတ်ခေါ်ခဲ့တယ်။ အဲဒီဖိတ်ခေါ်တဲ့နောက်ပိုင်းမှာ မြန်မာနိုင်ငံကို ပထမဦးဆုံးစဝင်လာတာတော့ ဦးပီတာလင်းပင်ဖြစ်ပါတယ်။ ဦးပီတာလင်းပင်ဟာ ဦးစိန်ဝင်း (NCGUB) ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်တယ်။ သူပြန်ဝင်လာတဲ့အခါမှာလည်း ကျွန်တော်တို့အနေနဲ့ တွေ့ဖို့လိုအပ်ပါတယ်။ ကျွန်တော် သူ့ကို တွေ့ခဲ့တယ်။ တွေ့တဲ့အခါမှာ မြန်မာနိုင်ငံမှာ ဘယ်လိုအပိုင်းတွေပြုပြင်ပြောင်းလဲရေးတွေ လုပ်နေတယ်။ ဘယ်အပိုင်းတွေ ဘယ်ကဏ္ဍတွေမှာ ပူးပေါင်းဆောင်ရွက်ဖို့ ကျွန်တော်ပြောခဲ့ပါတယ်။ သူက အခွင့်အရေးတွေ တောင်းတာရှိတယ်။ ကျွန်တော်သူ့ကို ပြောခဲ့တာရှိတယ်။ အခုခေတ်ပြောင်းသွားပြီ။ အားလုံးက တန်းတူညီမျှပဲ။ ဘယ်သူမှ အခွင့်ရေးပိုယူလို့ မရဘူး။ အများတန်းတူပဲဖြစ်တယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့ ဘာမှပေးလို့ မရပါဘူးလို့ ပြောခဲ့တယ်။ သူတို့ ပြောသလိုပဲ ကျန်တဲ့တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းအားလုံးကို ဒီအတိုင်းပဲ ပြောခဲ့တယ်။

**ဝန်ကြီးပြောသွားတဲ့အထဲမှာ သူက ဝန်ကြီးဆီမှာ အခွင့်အရေး တောင်းတာရှိတယ်ဆိုတော့ ဘာ အခွင့်အရေးတွေ တောင်းခဲ့လဲ။**

သူကတော့ဗျာ ဒီနိုင်ငံက ထွက်သွားတယ်ဆိုရင် ဥပမာ သူ့ပင်စင်လစာကို ပြန်ခံစားခွင့်၊ ဒါလေးကို ပြောတာရှိတယ်။ နောက် မေမြို့မှာ သူထွက်သွားတဲ့အခါကျတော့ အိမ်ဂရန်မြေကွက် ပျောက်သွားတယ်။ ဒါလေးကိုသူဂရန်မြေကွက် ပြန်လျှောက်တယ်။ ဒါတွေက သာမန်လူလုပ်လို့ရတဲ့ကိစ္စတွေပဲ။ သူ့ရဲ့ရပိုင်ခွင့်ဖြစ်တယ်။ ကျွန်တော်တို့ကလည်း ဘာပဲဖြစ်ဖြစ် ပြည်ပက ပြန်လာတဲ့လူတစ်ယောက်အနေနဲ့သက်ဆိုင်ရာအဖွဲ့အစည်းတွေကို ပြောပေးတာတို့ လုပ်ပေးတာတို့ ဒါလောက်ပဲရှိတယ်။ ဒါလေးတော့ လုပ်ပေးခဲ့ပါတယ်။

**ဝန်ကြီးက MPC (မြန်မာ့ငြိမ်းချမ်းရေးနှင့်ပြန်လည် ထူထောင်ရေး ဗဟိုဌာန)ရဲ့ ဥက္ကဋ္ဌလည်းဖြစ်တယ်။ အခုနောက်ပိုင်း MPC နဲ့ ပတ်သက်ပြီး ဝေဖန်သံတွေ တော်တော်လေး ကြားလာရတယ်။ ဝန်ထမ်းလစာအပါအဝင် အကူအညီအထောက်အပံ့တွေမှာ ပွင့်လင်းမြင်သာမှု မရှိဘူးပေါ့။ ဒါကြောင့် ဝန်ကြီးတို့အနေနဲ့ MPC ကိုဒီထက် ပွင့်လင်းမြင်သာမှုရှိအောင်ဘယ်လိုများလုပ်ဆောင်သွားဖို့ရှိပါသလဲ။**

ကျွန်တော်တို့ MPC ကို အခုလောလောဆယ်ဝိုင်းကူလုပ်ပေးနေတာ အီးယူ (ဥရောပသမဂ္ဂ) တို့၊ ဂျပန်တို့က ဝိုင်းလုပ်ပေးနေတာရှိတယ်။ ကျွန်တော်တို့က အစကတည်းက MPC မှာ ကျွန်တော်တို့ရဲ့ မူဝါဒ အရပိုက်ဆံကျွန်တော်တို့မကိုင်ပါဘူးလို့ ပြောထားပြီးသားရှိတယ်။ အလှူရှင်တွေက ယူလာတဲ့ပိုက်ဆံကို တကယ်လိုအပ်တဲ့ နေရာ၊ တကယ်လိုအပ်တဲ့ တိုင်းရင်းသားတွေဆီ ရောက်အောင် ကူညီလုပ်ဆောင်ပေးမယ်ဆိုတာကိုပဲ အစဉ်တစိုက်ပြောခဲ့ပါတယ်။ အခုလည်း MPC က အဖွဲ့တွေကို လစာပေးတယ်ဆိုတာ အီးယူက နေတိုက်ရိုက်ပေးတာဖြစ်ပါတယ်။ နိုင်ငံတကာအလေ့အကျင့်အရ ဘယ်လောက်ပေးတယ်ဆိုတာ ပြောခွင့်လည်းမရှိပါဘူး။ မေးခွင့်လည်းမရှိပါဘူး။ MPC မှာ ဆွေးနွေးတဲ့အခါမှာ သူတို့ ကူညီပေးမယ်၊ ပညာရှင်တွေပေးမယ်ဆိုပြီးတော့ နိုင်ငံခြားပညာရှင်တွေပေါ့။ နိုင်ငံခြားသားပညာရှင်တွေ အတင်းတွန်းထည့်တယ်။ တွန်းထည့်တဲ့အခါကျတော့ ကျွန်တော်က နိုင်ငံခြားပညာရှင်တွေ လက်မခံဘူး။ ကျွန်တော့်ဆီက တိုင်းရင်းသားပညာရှင်တွေပဲ ပေးပါဆိုပြီးတော့တောင်းခဲ့တာ။ ဒီလူတွေအားလုံးကလည်း သူတို့ငှားပြီးထည့်ပေးတာဖြစ်တဲ့အတွက် ကျွန်တော်အနေနဲ့ နာမည်ပဲ ပေးပိုင်ခွင့်ရှိပါတယ်။ဘယ်လောက်ပေးပါလို့လဲ ပြောခွင့်မရှိဘူး။ ကျွန်တော့်လက်ထဲကို ပိုက်ဆံရောက်လာပြီး ကျွန်တော့်လက်ထဲက သွားတယ်ဆိုရင် ကျွန်တော်ရှင်းပြလို့ ရပါတယ်။

**အခုရက်ပိုင်းမှာ ဦးမင်းဇင်ကို လစာဒေါ်လာ သိန်းချီပေးပြီး ခေါ်တယ်လို့ ကောလာဟလတွေ ထွက်လာတယ်။**

ဦးမင်းဇင်ရဲ့စာတွေကို ကျွန်တော် တော်တော်သဘောကျပါတယ်။ သဘောကျတဲ့အခါကျတော့ သူ့စာတွေကို ကျွန်တော်အလွတ်ကျက်မှတ်ပါတယ်။ ဒေါ်လာ ငါးသိန်းပေးပြီး ခေါ်ရင်တောင်မှ သူမလာပါဘူးလို့ ပြောတာဟာ ဥပမာပေးပြီး တင်စားပြီးပြောတဲ့ စကားဖြစ်ပါတယ်။ UMFCCI မှာ လုပ်တဲ့ အစည်းအဝေးမှာ သူပြောခဲ့တာပါ။ ဥပမာ အနေနဲ့ပြောခဲ့တာဖြစ်ပါတယ်။ ကျွန်တော် ပညာရှင်တွေကို အရမ်းလေးစားတယ်။ အရမ်းတန်ဖိုးထားတယ်။ ပြုပြင်ပြောင်းလဲရေးလုပ်နေတယ်။ အသွင်ကူးပြောင်းရေးကာလဖြစ်တယ်။ အသွင်ကူးပြောင်းရေးကာလမှာ ပညာရှင်တွေရဲ့အား အများကြီးလိုပါတယ်။ မြန်မာနိုင်ငံကို ပြန်လာကြပါ၊ ဝိုင်းလုပ်ပေးကြပါဆိုတဲ့ စကားကိုတော့ ပြောဖူးတယ်။ ဒီထက်ပိုပြီး ဘာမှမပြောဘူး။

**နိုင်ငံခြားရောက်နေတဲ့မြန်မာတွေ ပြန်လာပါလို့ ခေါ်ပေမယ့် ဒီမှာ ဘာအခက်အခဲဖြစ်နေလဲဆိုတော့ မှတ်ပုံတင်လုပ်တဲ့အခါမှာ တော်တော်လေး အခက်အခဲဖြစ်နေတယ်။ အစိုးရအနေနဲ့ ၂၀၁၅ မတိုင်ခင် ဒီလူတွေကို ငြိမ်အောင် ထိန်းထားတဲ့သဘောလား။**

ကျွန်တော်သိသလောက်တော့ နိုင်ငံတော် အကြီးအကဲကနေ ဥပဒေနဲ့လုပ်ထုံးလုပ်နည်းနဲ့ အညီ ဆောင်ရွက်ပေးပါလို့ မှတ်ချက်ပြုထားပါတယ်။ လုပ်ထုံးလုပ်နည်းနဲ့အညီဆိုတော့ ဘယ်သူလာလာ လက်ခံတယ်။ ပြီးရင် မှတ်ပုံတင်ရုံးကနေ မှတ်ပုံတင်ထုတ်ပေးရတာပေါ့။ မှတ်ပုံတင်ပြန်လျှောက်တဲ့အခါမှာ Green Card ကိုင်ထားတဲ့ လူကျတော့ နှစ်ခုကိုင်ထားရင် မတရားဘူးပေါ့။ Green Card ကို ဟိုနိုင်ငံမှာ ပြန်အပ်ခဲ့ရမယ်။ အပ်တဲ့သက်သေခံ အထောက်အထား ယူခဲ့ရမယ်။ ယူပြီးမှ ဒီမှာ ထုတ်မယ်ဆိုရင် လုပ်ပေးရတာ လွယ်လွယ်လေးပဲ။ အဲဒီလိုစာရင်းတွေ ဘာတွေရှင်းတဲ့အပိုင်းမှာ အခက်အခဲရှိနိုင်တယ်။ နောက်တစ်ခု မှတ်ပုံတင်လုပ်ဆိုရင် သန်းခေါင်စာရင်းတောင်းတယ်။ သန်းခေါင်စာရင်းမပြနိုင်ဘူး။ သန်းခေါင်စာရင်းတစ်ခုလုပ်ပါ။ ပြီးရင် မှတ်ပုံတင်လုပ်ပါ။ ဒီအဆင့်တွေကြောင့် ကြာတာဖြစ်တယ်။ လူကြီးက ခွင့်ပြုထားပြီးသားဖြစ်တဲ့ အတွက် မူဝါဒကျပြီးသားဖြစ်တဲ့ အတွက် အခက်အခဲမရှိပါဘူး။

**နိုင်ငံတော်သမ္မတနဲ့ပတ်သက်ပြီးတော့ မေးချင်ပါတယ်။ ၂၀၁၅ မှာ သမ္မတကြီးကနားချင်တယ်။ ဒါပေမဲ့ MPC အနေနဲ့ ဆက်လုပ်ဖို့တိုက်တွန်းနေတယ်လို့ သတင်းတွေ ထွက်နေပါတယ်။**

ဒီအပိုင်းမှာ ကျွန်တော်က ဘာကိုအဓိကထား စဉ်းစားသလဲဆိုတော့ ကျွန်တော်တို့မြန်မာနိုင်ငံမှာ နိုင်ငံရေးတည်ငြိမ်ဖို့ အဓိကထားစဉ်းစားတယ်။ နိုင်ငံရေး တည်ငြိမ်ပြီးခါမှ ၂၀၁၅ ခုနှစ်ကို ကူးပြောင်းတဲ့အခါမှာ ညင်သာစွာကူး ပြောင်းနိုင်တဲ့အတွက် ၂၀၁၅ နောက်ပိုင်းမှာ တိုင်းပြည်ကြီးက တည်ငြိမ်အေးချမ်းမယ်။ ဒီလိုအဆင့်လိုက် အဆင့်လိုက် စဉ်းစားတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ပြည်သူလူထုဟာ ပုဂ္ဂိုလ်ရေးသံယောဇဉ်သိပ်ထားတယ်။ ဒီပုဂ္ဂိုလ်ပေါ်မူတည်ပြီးတော့ကာမှ ဒီလိုနိုင်ငံရေးကို တွက်ဆကြတာဖြစ်တဲ့အတွက် ဒီပုဂ္ဂိုလ်မရှိရင် နိုင်ငံရေးတည်ငြိမ်မှာမဟုတ်ဘူး။ ဒီပုဂ္ဂိုလ်ရှိမှ နိုင်ငံရေးတည်ငြိမ်မယ်ဆိုတဲ့ ကိစ္စမျိုး အများကြီးမူတည်တယ်။ အဲဒါကြောင့် ကျွန်တော်က သမ္မတကြီးကို တင်ပြတာပေါ့ဗျာ။ တိုက်တွန်းတာမဟုတ်ပါဘူး။ သမ္မတကြီးလုပ်ချင်သည်ဖြစ်စေ၊ မလုပ်ချင်သည်ဖြစ်စေ ဒီစကားကို မပြောသင့်ပါဘူး။ ပြည်သူလူထုက သမ္မတကြီးကို မျှော်လင့်တယ်၊ အားကိုးတယ်၊ ယုံကြည်တယ်။ ပြည်သူလူထုရဲ့ အားကိုးယုံကြည်မှုကို မပျက်စီးရအောင် ဒီစကားတော့ မပြောပါနဲ့လို့ တင်ပြတာရှိပါတယ်။ သမ္မတကြီး ၂၀၁၅ မှာ ဆက်လုပ်၊ မလုပ်ဆိုတဲ့ စကားမျိုးပေါ့။

**အစိုးရအနေနဲ့ ပြုပြင်ပြောင်းလဲရေးလုပ်နေပါတယ်လို့ ပြောပေမယ့် တကယ်အရေးကြီးတဲ့ ဖွဲ့စည်းပုံ အခြေခံဥပဒေပြင်ဆင်ရေးပိုင်းမှာ ဘာမှမပြောဘူးလို့ ဝေဖန်တာတွေရှိတယ်။ ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင်လည်း အခုနောက်ပိုင်း ဒါကိုခပ်စိပ်စိပ်ပြောလာတာ ကြားရတယ်။ ဒီပေါ်မှာရော ဝန်ကြီးအနေနဲ့ ဘာများပြောချင်ပါသလဲ။**

ဒေါ်အောင်ဆန်းစုကြည်က အစိုးရက ဒီကိစ္စကိုမပြောဘူး၊ ဒီကိစ္စကို အာရုံမစိုက်ဘူးလို့ ပြောတယ်။ တကယ်တော့ သူက လွဲမှားနေတာပါ။ အဲဒီကိစ္စတွေမှာ ကျွန်တော်တို့ဆီက ဝန်ကြီးဦးအောင်ကြည် ဦးဆောင်ပြီး အဖွဲ့တစ်ဖွဲ့ ဖွဲ့ထားပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပြန်လည်ပြင်ဆင်သုံးသပ်တာကိုလုပ်နေပါတယ်။ ဒီအဖွဲ့ကလည်း လွှတ်တော်နဲ့လည်း သွားတိုင်ပင်ပါတယ်။ ကျန်တဲ့နိုင်ငံရေးပါတီတွေနဲ့လည်းတိုင်ပင်ပါတယ်။

**အချပ်ပို(VI) သို့**

**အလုပ်သင်ဘာသာပြန်အလိုရှိသည်**

ဆက်သွယ်ရန်လိပ်စာ-တိုက်(၁၄)၊ အခန်း(၁၀)၊ နှင်းဆီလမ်း၊ တာမွေ။
Ph- 01 299596, 09 73132513.

- တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ရမည်။
- အင်္ဂလိပ်စာ စိတ်ပါဝင်စားသူဖြစ်ရမည်။
- ဘာသာပြန်ဘာသာရပ်ကိုသင်ကြားလေ့ကျင့်ပေးမည်။
- မိမိအရည်အချင်းပေါ်တွင်မူတည်၍ အကျိုးခံစားခွင့်ရှိသည်။

စိတ်ပါဝင်စားသူများသည် အထက်ပါလိပ်စာသို့ ဆက်သွယ်စုံစမ်း၍ CV အပြည့်အစုံနှင့်အတူ လာရောက်လျှောက်ထားနိုင်ပါသည်။

**SILVER DOOR**

**နိုင်ငံခြားဘာသာစကားသင်တန်းကျောင်း**

| English | Korean | Japanese | Chinese |
|---|---|---|---|
| Basic Four Skills | Basic Four Skills | Basic Four Skills | Basic Four Skills |
| Speaking | Speaking | Speaking | Speaking |
| Pre- Intermediate | Level I ,II | N5,N4,N3,N2,N1 | Pre-Intermediate |
| Intermediate | Level III, IV | J5,J4,J3,J2,J1 | Intermediate |
| Phonetics & Grammar | EPS- TOPIK | Kanji | Advance |

အမှတ်(၆၅/ဘီ) ပထမထပ်၊ သမ္မာဒိဋ္ဌိလမ်း၊ မလွကုန်းဒွေးကြွယ်ရပ်ကွက်၊ တာမွေမြို့နယ်။
Ph: 09-5095751, 09-31020811

Technology

7 DAY NEWS JOURNAL

Vol.12, No.38 • NOVEMBER 27 , 2013

# မိုက်ကရိုဆော့ဖ်၏ Xbox One ဂိမ်းစက် ကမ္ဘာတစ်ဝန်းစတင်ရောင်းချ

**လန်ဒန်၊ နိုဝင်ဘာ-၂၂**

မိုက်ကရိုဆော့ဖ်ကုမ္ပဏီက ထုတ်လုပ်ထားသည့် Xbox One ဂိမ်းစက်ကို ဗြိတိန်နိုင်ငံ၌ နိုဝင်ဘာ ၂၂ရက် ညဥ့်သန်းခေါင်တွင် စတင်ရောင်းချလိုက်ပြီဖြစ်သည်။

ဗြိတိန်နိုင်ငံတစ်ဝန်းရှိ ဂိမ်းဆိုင်ပေါင်း ၃၀၀ ခန့်နှင့် Tesco ဆိုင်ပေါင်း ၁၀၀ ခန့်မှာ ယင်းပစ္စည်းများရောင်းချရန်ဖွင့်လှစ်ပေးထားသည်။ မိုက်ကရိုဆော့ဖ်ကုမ္ပဏီက ယင်းဂိမ်းစက်ကို လန်ဒန်မြို့၊ နယူးယောက်နှင့် လော့စ်အန်ဂျလိစ်မြို့တို့တွင်ရောင်းချပေးခဲ့သည်။ sony ကုမ္ပဏီထုတ် Play Station 4 ဂိမ်းစက်ကို အမေရိကန်တွင် စတင်ရောင်းချပေးခဲ့ပြီး သီတင်းပတ်စ်ပတ်အကြာတွင် မိုက်ကရိုဆော့ဖ်ကုမ္ပဏီကရောင်းချခဲ့ခြင်းဖြစ်သည်။

PS 4 ကို အမေရိကန်တွင် စတင်ရောင်းချခဲ့သော်လည်း ဗြိတိန်နှင့်ဥရောပတွင် နိုဝင်ဘာ ၂၉ ရက်မတိုင်မီအထိရောင်းချပေးဦးမည်မဟုတ်ပေ။ သို့သော် Xbox One ဂိမ်းစက်ကိုနိုဝင်ဘာ ၂၂ရက်တွင် နိုင်ငံပေါင်း ၁၃ နိုင်ငံ၌ရောင်းချပေးခဲ့သည်။ သို့သော် PS 4 နှင့် Xbox Oneနှစ်မျိုးစလုံးကို ၂၀၁၄ ခုနှစ်မတိုင်မီထိ ဂျပန်နိုင်ငံတွင် ဝယ်ယူရရှိဦးမည်မဟုတ်ပေ။

ယခင်ထုတ်လုပ်ထားသည့် Xbox 360 ဂိမ်းစက်အရေအတွက်ထက်ကျော်လွန်၍ Xbox One ဂိမ်းစက်ကို ကြိုတင်မှာယူသည့် အရေအတွက် ပိုများခဲ့ကြောင်း Xbox One ထုတ်လုပ်သည့် မိုက်ကရိုဆော့ဖ်၏ ဌာနခွဲတစ်ခုမှ အကြီးအကဲမာ့စ်ဝှိုက်တန်က ပြောသည်။

ဗြိတိန်နိုင်ငံတွင် Xbox One ဂိမ်းစက်တစ်လုံး၏တန်ဖိုးမှာ စတာလင်ပေါင် ၄၂၉ ပေါင်ရှိမည်ဟု မျှော်လင့်ရပြီး PS 4 ဂိမ်းစက်တန်ဖိုးမှာ စတာလင်ပေါင် ၃၄၉ ပေါင်ရှိသည်။

Xbox One တွင် Xbox 360 ထက် အသံနားထောင်နိုင်မှု၊ လှုပ်ရှားမှုများကို ပိုမိုခံစားသိရှိနိုင်သည့် Kinect အာရုံခံကိရိယာပါဝင်သည်။ မိုက်ကရိုဆော့ဖ်ကုမ္ပဏီနှင့် Sony ကုမ္ပဏီတို့သည် ၂၀၁၃ ခုနှစ်တွင် Xbox 360နှင့် PS 3 ဂိမ်းစက်များကို ထုတ်လုပ်ခဲ့ချိန်ကနှင့် အလွန်ကွာခြားသွားပြီဖြစ်သော ဂိမ်းစက်ဈေးကွက်နှင့် ကြုံတွေ့နေရသည်။

—*Ref:BBC*


NS guy should have known better than to drink on train

Posted on 22 November 2013 | 113,232 views | 168 comments

STOMPer Hopmingu feels that better than to openly drink on

Min Thet Naing
@Hopmingu
Just an ordinary guy who loves music!
Myanmar · facebook.com/minthetnaing
262 TWEETS 249 FOLLOWING 28 FOLLOWERS
Follow

*စင်ကာပူနိုင်ငံရှိ The Real Singapore သတင်းဝက်ဘ်ဆိုက်မှ STOMP လူမှုကွန်ရက်တွင် ပျံ့နှံ့နေသည့် ဓာတ်ပုံအား သတင်းအဖြစ်ဖော်ပြထားသည်ကို တွေ့ရစဉ်*

# စင်ကာပူလူမှုကွန်ရက်တစ်ခုမှ ဓာတ်ပုံတစ်ပုံကြောင့် မြန်မာနိုင်ငံသားတစ်ဦး စွပ်စွဲပြစ်တင်ခံနေရ

**ဆွေမွန်**

**ရန်ကုန်၊ နိုဝင်ဘာ-၂၃**

စင်ကာပူနိုင်ငံ ဆိုရှယ်မီဒီယာတစ်ခု၏ ဝက်ဆိုက်ဘ်ပေါ်၌တင်ထားသောဓာတ်ပုံတစ်ပုံကြောင့် ပြည်တွင်းတွင် နေထိုင်သည့် မြန်မာအမျိုးသားတစ်ဦးမှာ စင်ကာပူနိုင်ငံသားများ၏ ဆိုးရွားသည့်ဝေဖန်ပြစ်တင်မှုများကိုခံနေရသည်။

စင်ကာပူနိုင်ငံ The Straits Times Stomp အမည်ရှိ ဆိုရှယ်ဝက်ဘ်ဆိုက်ပေါ်တွင် နိုဝင်ဘာ ၂၂ ရက် ကစင်ကာပူနိုင်ငံမှ စစ်မှုထမ်းတစ်ဦး MRT ရထားပေါ်တွင် ရေသောက်နေသည်ကို အင်တာနက်သုံးစွဲသူတစ်ဦးက ဓာတ်ပုံရိုက်၍ အဆိုပါဝက်ဘ်ဆိုက်ပေါ်တင်ခဲ့သည်။

ထိုဓာတ်ပုံကို တင်ထားသူမှာ Hopmingu ဟူသော အမည်ဖြင့် တင်ထားခြင်းဖြစ်သည်။

အဆိုပါဓာတ်ပုံနှင့် ပတ်သက်၍ အခြားအွန်လိုင်းမီဒီယာတစ်ခုဖြစ်သည့် The Real Singapore ဝက်ဘ်ဆိုက်က ဖော်ပြရာတွင် သတင်းနှင့်အတူ ပုံကိုလွှင့်တင်သူမှာ မြန်မာနိုင်ငံသား ကိုမင်းသက်နိုင်ဖြစ်ကြောင်း

စာမျက်နှာ (၂၂) သို့

# Y talk ဝန်ဆောင်မှုတွင်ပြည်ပနိုင်ငံများမှ ပြည်တွင်းသို့ ဖုန်းခေါ်နိုင်မည့် စနစ်စတင်

**ဆွေမွန်**

**ရန်ကုန်၊ နိုဝင်ဘာ-၂၃**

မြန်မာနိုင်ငံမှ ဝန်ဆောင်မှုပေးလျက်ရှိသော Ytalk ဖုန်းခေါ်ဆိုမှုကို ယခုအခါပြည်ပနိုင်ငံများမှ မြန်မာနိုင်ငံတွင်းသို့ပြန်လည်ခေါ်ဆိုနိုင်သည့် စနစ်ကို စတင်အသုံးပြုနိုင်ပြီဖြစ်ကြောင်း သတင်းရရှိသည်။

နိုင်ငံတကာမှ ပြည်တွင်းသို့ ဖုန်းခေါ်ဆိုနိုင်ရန်အတွက် အခြားသောနိုင်ငံများတွင် Ytalk ကတ်များကို ရောင်းချပေးမည့်နေရာများပြုလုပ်ပေးမည်ဖြစ်ပြီး လက်ရှိတွင် အင်တာနက်ဖြင့် အသုံးပြုပါက နိုင်ငံတကာမှ ပြန်လည်ခေါ်ဆိုနိုင်မည်ဖြစ်ကြောင်း VMG Telecoms ကုမ္ပဏီမှ အထွေထွေမန်နေဂျာ ဦးအောင်မင်းသိန်းက ပြောသည်။

“အင်တာနက်မလိုဘဲခေါ်လို့ရတာက လေးနိုင်ငံပဲရှိသေးတယ်။ USA၊ UK၊ စင်ကာပူနဲ့ ထိုင်းနိုင်ငံတို့မှာတော့ အင်တာနက်သုံးပြီးလည်းခေါ်လို့ရတယ်။ မသုံးရသေးဘဲလည်းခေါ်လို့ရနိုင်တယ်။ ကြိုးဖုန်းဖြစ်ဖြစ်၊ မိုဘိုင်းဖုန်းဖြစ်ဖြစ် ခေါ်လို့ရအောင် ကြားခံ Access နံပါတ်တစ်ခုလုပ်ထားတယ်”ဟု ဦးအောင်မင်းသိန်းကပြောသည်။

လက်ရှိတွင် အဆိုပါလေးနိုင်ငံမှာ အင်တာနက်မလိုဘဲ ခေါ်ဆိုနိုင်ခြင်း၊ Access နံပါတ်တစ်ခုရိုက်နှိပ်၍ ခေါ်ဆိုခြင်းနှင့် အော်ပရေတာမှ ပြန်လည်ခေါ်ဆိုပေး၍ ဖုန်းဝန်ဆောင်မှုပေးသော Call Back စနစ်စသည့် သုံးမျိုးဖြင့် ခေါ်ဆိုနိုင်သော်လည်း အခြားနိုင်ငံအသီးသီးတွင် အင်တာနက်တပ်ဆင်ထားသည့် မိုဘိုင်းဖုန်းများဖြင့်သာ ခေါ်ဆိုနိုင်မည်ဖြစ်ကြောင်းသတင်းရရှိသည်။

အဆိုပါ ပြည်ပနိုင်ငံများမှ ပြည်တွင်းသို့ ဖုန်းခေါ်ဆိုရန်အတွက် Ytalk HD New Software လိုအပ်ပြီး ဆော့ဖ်ဝဲကို www.ytalk.com.mm၊ www.facebook.com/vmgtelecoms၊ Google Play Storeနှင့် Apple Store တို့တွင် Download ရယူနိုင်ပြီဖြစ်ကြောင်း VMGTelecomsကုမ္ပဏီမှ သိရသည်။

နိုင်ငံတကာမှ ပြည်တွင်းသို့ ဖုန်းခေါ်ဆိုနိုင်သည့် အဆိုပါYtalk ကတ်များကို ဝယ်ယူနိုင်သည့် ကိုယ်စားလှယ်ဆိုင်များမှာ လက်ရှိတွင် စင်ကာပူနိုင်ငံ၌ နှစ်ဆိုင်၊ မလေးရှားနှင့် ထိုင်းနိုင်ငံတို့တွင်တစ်ဆိုင်စီသာ ဖွင့်လှစ်နိုင်သေးသော်လည်း အခြားနိုင်ငံအသီးသီးမှ ကိုယ်စားလှယ်အဖြစ် ရောင်းချလိုသူများအနေဖြင့်လည်း ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။



# ဆီးဂိမ်းနိုင်ငံတကာအားကစားသမားများနှင့် အုပ်ချုပ်ရေးအဖွဲ့ များ Y talk ဖြင့် အခမဲ့ဖုန်းခေါ် ခွင့်ရမည်

**ဆွေမွန်**

**ရန်ကုန်၊ နိုဝင်ဘာ-၂၃**

ဒီဇင်ဘာ ၁၁ ရက်တွင် စတင်ကျင်းပမည့် ဆီးဂိမ်းပြိုင်ပွဲကာလအတွင်းလာရောက်ကြမည့် နိုင်ငံတကာ အားကစားသမားများနှင့် သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့ဝင်များ နိုင်ငံတကာသို့ Ytalk ဖြင့် အခမဲ့ဖုန်းခေါ် ဆိုနိုင်ရန်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ဆီးဂိမ်းပြိုင်ပွဲတွင် လာရောက်ကစားကြမည့်နိုင်ငံ ၁၁ နိုင်ငံမှ အားကစားသမားများနှင့် အုပ်ချုပ်ရေးသမားများအတွက် အားကစားပွဲများကျင်းပပြုလုပ်မည့် နေပြည်တော်၊ ရန်ကုန်၊ မန္တလေးနှင့် ငွေဆောင်တို့တွင် Ytalk ဖုန်းခေါ် ဆိုမှုဝန်ဆောင်မှုအဖြစ် လိုအပ်သလောက် ချထားပေးသွားမည်ဖြစ်ကြောင်း VMG Telecoms ကုမ္ပဏီမှဒါရိုက်တာဦးခမ်းအောင်ကပြောသည်။

"သက်ဆိုင်ရာအားကစားသမားတွေ ကိုယ့်နိုင်ငံတွေကို အခမဲ့ Free Call ပေးဖို့ဝန်ဆောင်ဖို့ စီစဉ်ထားပါတယ်။ ဝန်ကြီးဌာနကလည်း ခွင့်ပြုချက်ရပြီးပါပြီ"ဟု ဦးခမ်းအောင်ပြောသည်။

အားကစားပွဲများကျင်းပမည့်နေရာများအနီးနှင့် တည်းခိုသည့်နေရာများ၊ လိုအပ်သည့်နေရာများတွင် ထို Ytalk ဖုန်းဝန်ဆောင်မှုပေးမည်ဖြစ်ပြီး အချိန်ကန့်သတ်ထားခြင်းမရှိဘဲ စိတ်ကြိုက်ပြောဆိုနိုင်မည်ဖြစ်ရာ နိုင်ငံတကာမှလာရောက်ကစားသည့် နိုင်ငံအမည်နှင့် နာမည်ကတ်ပြားသာလိုအပ်ကြောင်း VMG Telecoms ကုမ္ပဏီမှ အထွေထွေ မန်နေဂျာဦးအောင်မင်းသိန်းကပြောကြားသည်။




ထိုသို့အခမဲ့ဖုန်းဝန်ဆောင်မှုကို ဆီးဂိမ်းအားကစားပြိုင်ပွဲစတင်လုပ်မည့် ဒီဇင်ဘာ ၁၁ ရက်မှစတင်ပြီး အားကစားပြိုင်ပွဲများပြီးဆုံးကာ နိုင်ငံတကာမှ အားကစားသမားများနှင့်အုပ်ချုပ်ရေးအဖွဲ့ဝင်များ ပြန်လည်ထွက်ခွာသည့်အချိန်အထိရက် အကန့်အသတ်မရှိဝန်ဆောင်မှုပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ဒီဇင်ဘာလတွင်ကျင်းပပြုလုပ်မည့် (၂၇)ကြိမ်မြောက်ဆီးဂိမ်းပြိုင်ပွဲ၌ နိုင်ငံပေါင်း ၁၁ နိုင်ငံမှ အားကစားသမားများနှင့် အုပ်ချုပ်ရေးအဖွဲ့ဝင်သောင်းကျော်ခန့်လာရောက်မည်ဖြစ်ပြီး အားကစားနည်းပေါင်း ၃၃ မျိုးကို နေပြည်တော်၊ ရန်ကုန်၊ မန္တလေးနှင့် ငွေဆောင်တို့တွင် ကျင်းပသွားမည်ဖြစ်သည်။




စာမျက်နှာ (၂၁) မှ

## စင်ကာပူလူမှုကွန်ရက်တစ်ခုမှ ဓာတ်ပုံတစ်ပုံကြောင့် မြန်မာနိုင်ငံသားတစ်ဦး စွပ်စွဲပြစ်တင်ခံနေရ

၎င်း၏တွစ်တာနှင့် ဖေ့စ်ဘွတ်ခ်အကောင့်လင့်များကို ရေးသားခဲ့သည်။ ယင်းသို့လွဲမှားစွာရေးသားမှုကြောင့် ကိုမင်းသက်နိုင်အားအင်တာနက်အသုံးပြုသည့် စင်ကာပူနိုင်ငံသားများက ဝေဖန်ပြစ်တင်မှုများပြုလုပ်ခဲ့သည်။ STOMP တွင် ယင်းဓာတ်ပုံတက်လာပြီး နာရီပိုင်းအနည်းငယ်အတွင်းမှာပင် မြောက်မြားစွာသော စင်ကာပူနိုင်ငံသားများက စိတ်ဆိုးဒေါသထွက်သော အရေးအသားများဖြင့် ဓာတ်ပုံလွှင့်တင်သူကို ရေးသားခဲ့ကြသည်။

စင်ကာပူနိုင်ငံမှ MRT ရထားပေါ်တွင်အဖျော်ယမကာ၊ အအေးနှင့် ရေသောက်ခြင်း၊ အစားအသောက်စားသုံးခြင်းများခွင့်မပြုခြင်းကြောင့် ထိုသို့ရေသောက်နေသည့် စင်ကာပူမှ စစ်မှုထမ်းကို ဓာတ်ပုံရိုက်ကူး၍ ဝက်ဘ်ဆိုက်တွင်တင်ထားခြင်းကြောင့် လက်ရှိတိုင်လူဦးရေ တစ်သိန်းသုံးသောင်းကျော်အထိ ကြည့်ရှုသူများပြားခဲ့သည်။

စင်ကာပူနိုင်ငံသားများကအဓိကဝေဖန်ပြစ်တင်ခြင်းမှာ ၎င်းတို့နိုင်ငံမှ စစ်ပြန်တစ်ဦး၏ ဓာတ်ပုံကို အွန်လိုင်းပေါ်သို့ ဝေမျှလိုက်ခြင်းကြောင့်ဖြစ်ပြီး ယင်းပုံကိုတင်ဆက်သူမှာမည်သူမည်ဝါမှန်းမသိရှိရသော်လည်း ယင်းပုံနှင့် အတူ ကိုမင်းသက်နိုင်အကောင့်များကို Link ချိတ်၍ လုပ်ကြံဝေမျှခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါဓာတ်ပုံတွင် စင်ကာပူနိုင်ငံသားစစ်မှုထမ်း အမျိုးသားတစ်ဦးမှာ MRT ရထားပေါ်တွင် မတ်တပ်ရတ်၍ လက်ကိုင်တန်းကို ကိုင်လျက် တစ်ဖက်လက်ဖြင့် ရေဘူးကို မော့သောက်နေသည့်ပုံဖြစ်သည်။

"ကျွန်တော်တောင် မနက်မှ စင်ကာပူကလူတွေ တော်တော်များများလာအပ်လို့ ထူးဆန်းလို့ဆိုပြီး ကြည့်တော့ သူတို့တွေ အဲဒီသတင်းနဲ့ ပတ်သက်ပြီး Share ထားတာတွေတွေ့တယ်။ ကျွန်တော်လည်း မဟုတ်ကြောင်းပြောပါတယ်။ ကျွန်တော်စင်ကာပူမှာလည်း မဟုတ်ပါဘူး။ အဲဒီ Stomped ကိုလည်း တစ်ခါမှမသုံးဖူးဘူး။ ဒီနေ့တော့ Register လုပ်ထားလိုက်တယ်"ဟု ကိုမင်းသက်နိုင်ကပြောသည်။

"အခုတင်ထားတဲ့ The Real Singapore မှာလည်း အဲဒီနိုင်ငံမှာ ရောက်နေတာမဟုတ်ဘူးဆိုတာတွေ ဓာတ်ပုံရိုက်ပြီးတင်ဖို့ မနက်ဖြန်လောက်လုပ်သွားမယ်။ တရားစွဲဖို့ကျတော့လည်း အဲဒီဝက်ဘ်ဆိုက်တွေက ဘယ်လိုမျိုးတွေလုပ်နေတဲ့ မီဒီယာတွေလည်း သေသေချာချာမသိတော့ မလုပ်ချင်ဘူး"ဟု ၎င်းကပြောသည်။

စင်ကာပူဝက်ဘ်ဆိုက်တစ်ခုမှ စွပ်စွဲခြင်းခံထားရသည့် ကိုမင်းသက်နိုင်မှာ စင်ကာပူတွင် တစ်နှစ်ခန့်ကျောင်းတက်ခဲ့ပြီး ၂၀၁၂ နှစ်ကုန်ခန့်က မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိကာ လက်ရှိတွင် ပြည်တွင်းရှိ Forever Group ၌ အလုပ်လုပ်ကိုင်နေသည်။ ထိုစွပ်စွဲပြစ်တင်မှုများကို ပြန်လည်၍ ၎င်း၏ နိုင်ငံကူးလက်မှတ်အသစ်နှင့် လက်ရှိစင်ကာပူတွင် ရောက်ရှိနေခြင်းမဟုတ်ကြောင်း သက်သေပြနိုင်ရန်အတွက် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ၎င်းက ပြောသည်။




ဓာတ်ပုံ - ငြိမ်းချမ်းနိုင်/အီးပီအေ

*အစိုးရ၏ ငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (၁၇)ဖွဲ့မှ ခေါင်းဆောင်များ မြစ်ကြီးနားမြို့ မဂ္ဂလာခန်းမတွင် တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး၊ နိုင်ငံရေးဆွေးနွေးပွဲများစတင်နိုင်ရေးအတွက် မူဘောင်များချမှတ်ရန် ဆွေးနွေးအပြီး နိုဝင်ဘာ ၄ ရက်က စုပေါင်းအမှတ်တရဓာတ်ပုံရိုက်ကူးစဉ်။ အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များစွာ တစ်နေရာတည်းတွေ့ဆုံဆွေးနွေးမှုမှာ နှစ်ပေါင်း(၆၀)ကျော်အတွင်း ပထမဆုံးအကြိမ်ဖြစ်သည်။*

# အာရှကို ပြုပြင်ပုံဖော်ရန် မြန်မာ့ငြိမ်းချမ်းရေးကို ကူညီကြပါ

**မြန်မာ**နိုင်ငံ၌တိုင်းရင်းသားများနှင့် တင်းမာမှုများကို ရပ်တန့်နိုင် မည်ဆိုလျှင် တိုးတက်သောစီးပွားရေးကို တည်ဆောက်နိုင်မည်ဟု ဦးသန့်မြင့်ဦးက The Financial Times သတင်းစာတွင် ဆောင်းပါးရေးသားဖော်ပြလိုက်သည်။

ကမ္ဘာ့အရှည်ကြာဆုံး ပြည်တွင်းစစ်အဆုံးသတ်ရန်လက်တစ်ကမ်းသာလိုတော့သည်။ မြန်မာနိုင်ငံ၏ငြိမ်းချမ်းရေးဖြစ်စဉ်သည် အလွန်အရေးကြီးသည့်အဆင့်ကိုရောက်နေသည်။ အောင်မြင်ခဲ့မည်ဆိုလျှင် ဒီမိုကရက်တစ်ပြုပြင်ပြောင်းလဲမှုကို ရှေ့သို့ဆက်သွားနိုင်ရန် တွန်းအားပေးနိုင်မည်ဖြစ်ပြီး မြန်မာနိုင်ငံ၏ စီးပွားရေးအလားအလာအတွက် တံခါးများကိုဖွင့်ပေးလိုက်မည်ဖြစ်သည်။ အာရှမြေပုံသည်လည်း အခြေခံအားဖြင့်ပြောင်းလဲသွားမည်ဖြစ်သည်။ ငြိမ်းချမ်းရေးဖြစ်စဉ် အလုပ်မဖြစ်ဘဲ ပျက်စီးသွားမည်ဆိုလျှင်မူ အကျိုးဆက်က အလွန်တရာကို ဆိုးရွားမည်ဖြစ်ပြီး ယင်းသည် မြန်မာတစ်နိုင်ငံတည်းအတွက်သာ ထိခိုက်မည်မဟုတ်ပါ။

ဗြိတိသျှတို့ထံမှ လွတ်လပ်ရေးရခဲ့သည့် ၁၉၄၈ ခုနှစ်ကစတင်ခဲ့သော တိုက်ပွဲများက ယနေ့တိုင်ဖြစ်ပွားနေသည်။ စစ်ကလည်း တစ်ခုတည်းမဟုတ်ပါ။ အကြောင်းရင်းခံအမျိုးမျိုးကြောင့် ဖြစ်ပွားသော တိုက်ပွဲများဖြစ်ပြီး တရုတ်ကကျောထောက်နောက်ခံပေးထားသော ကွန်မြူနစ်သူပုန်များ၊ တိုင်းရင်းသားလူနည်းစုစစ်တပ်များက ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ အုပ်ချုပ်ခွင့်ရရေးတိုက်ပွဲများ၊ ဘိန်းဘုရင်များ၏ တိုက်ပွဲများနှင့် ဒီမိုကရေစီရရှိရေးတိုက်ပွဲများအထိဖြစ်သည်။

ယနေ့တွင် တောင်တန်းများပေါ်၌ တပ်စွဲထားသော တိုင်းရင်းသားတပ်အနည်းဆုံး ၁၇ ဖွဲ့ရှိပြီး ၎င်းတို့ထဲတွင် အကြီးဆုံးတပ်က ခန့်မှန်းခြေအင်အားသုံးသောင်းရှိသည့် ဝပြည်သွေးစည်းညီညွတ်ရေးတပ်ဖြစ်သည်။ ကမ္ဘာပေါ်တွင် အစိုးရမဟုတ်သော လက်နက်ကိုင်တပ်ထဲတွင်လည်း အကြီးဆုံးတပ်လည်းဖြစ်သည်။

ပြီးခဲ့သည့် ၂ နှစ်အတွင်း အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်များ အပစ်ရပ်သဘောတူညီရေး ၁၆ ခုထက်မနည်း ပြုလုပ်ခဲ့ကြသည်။ ပစ်ခတ်မှုများ ဆက်လက်ဖြစ်ပေါ်နေသော်လည်းပြောဆိုဆွေးနွေးမှုများက ဆက်လက်တိုးတက်ဖြစ်ပေါ်နေသည်။မြန်မာနိုင်ငံတွင်း တိုက်ခိုက်မှုများသည် ၆၅နှစ်အတွင်း အနည်းဆုံးအဆင့်ကို ရောက်နေသည်။ နိုင်ငံရေးမှ လက်နက်များကို လုံးဝဖယ်ရှားနိုင်ရေးအတွက် ဆန္ဒရှိကြောင်းကို ပြသနေခြင်းဖြစ်သည်။

ပထမဆုံးခြေလှမ်းမှာ တစ်ပြည်လုံးအနှံ့ အပစ်ရပ်ရေးဖြစ်သည်။ ယင်းသည် သာမန်အပစ်ရပ်ရုံမျှထက် များစွာပိုပါသည်။ ဥပမာအားဖြင့် ၎င်းလုပ်ရပ်တွင် ရှေ့တန်းသတ်မှတ်နယ်မြေကို ကျော်ဖြတ်ပြီး လွတ်လပ်စွာ သွားလာလှုပ်ရှားခွင့်၊ သဘောတူညီချက်ကို ဘက်အားလုံးက လိုက်နာရေးနှင့် ပူးတွဲစောင့်ကြည့်ရေးလုပ်ငန်းစီစဉ်ရေးတို့ ပါဝင်သည်။

ဤလုပ်ရပ်နောက်တွင် အခြေခံဖွဲ့စည်းမှုဆွေးနွေးချက်များကို ဆက်လက်လုပ်ဆောင်ရာတွင် နိုင်ငံရေးဆွေးနွေးချက်များ အကြောင်း(ပါဝင်ဆွေးနွေးသူ၊ အကြောင်းအရာ၊ ဆွေးနွေးမှုဖွဲ့စည်းပုံ)နှင့် ၎င်းနောက်တွင်နိုင်ငံရေးအကြောင်း ဆွေးနွေးရန်ဖြစ်သည်။ ယင်းဆွေးနွေးချက်က နိုင်ငံရေးပါတီများ၊ လူမှုအဖွဲ့အစည်းများအစရှိသည့် ပို၍ကျယ်ပြန့်သော အမြင်သဘောထားများ ပါဝင်လာစေမည်ဖြစ်သည်။ ယင်းသည် လနှင့်ချီ၍လည်း ကြာရှည်နိုင်ပြီး တစ်ခုတည်းသော ရည်ရွယ်ချက်မှာ ရေရှည်တည်တံ့ခိုင်မြဲစေမည့် ငြိမ်းချမ်းရေးအတွက်ဖြစ်သည်။

ပြည်ထောင်စုမှခွဲထွက်ရေးနှင့် အချုပ်အခြာအာဏာကို ထိပါးမှုမှလွဲလျှင် ကျန်ပြဿနာရပ်များအားလုံးကို ညှိနှိုင်းဆွေးနွေး၍ရနိုင်ကြောင်း မြန်မာအစိုးရ၏ ငြိမ်းချမ်းရေး ဆွေးနွေးမှုအဖွဲ့ခေါင်းဆောင်ဦးအောင်မင်းက မကြာသေးမီက ပြောဆိုခဲ့သည်။ ယင်းညှိနှိုင်းဆွေးနွေးနိုင်သည့် အချက်များထဲတွင်ဖက်ဒရယ်အစိုးရဖွဲ့စည်းနိုင်ရန် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်း၊ ယခင်က မရရှိခဲ့ဖူးသော ငြိမ်းချမ်းရေးအတွက် အခွင့်အလမ်းများရရှိစေခြင်းတို့ ပါဝင်သည်။

စိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန်ကတော့ အင်အားများစွာလိုအပ်ပါသည်။ ပြဿနာများက အခြားကြားဖူးနေကျ တိုင်းရင်းသားတိုက်ပွဲများစ၍ ဘာသာစကားသတ်မှတ်မှု အလယ်၊သယံဇာတခွဲဝေခြင်းနှင့် လုံခြုံရေးကဏ္ဍပြုပြင်ပြောင်းလဲရေးတို့အထိ ဖြစ်သည်။

သို့သော် လူမျိုးပေါင်းများစွာ (တချို့က ၁၀၀ ကျော်ဟု ဆိုသည်)၊ အားနည်းသော (သို့မဟုတ်) မရှိသော အစိုးရအဖွဲ့အစည်းများနှင့် မရှင်းလင်းသော ပိုင်နက်နယ်မြေများ၊ ပြီးမြောက်ရန်ဝေးကွာနေဆဲ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကြောင့်ပင် မြန်မာနိုင်ငံပြဿနာက ပို၍ခက်ခဲနက်နဲနေသည်။ အဓိက တိုင်းရင်းသားလက်နက်ကိုင်တပ်ကြီးများအပြင် အစိုးရနှင့် ပူးပေါင်းနေသော၊ မပူးပေါင်းသေးသော လက်နက်ကိုင်တပ်ဖွဲ့ငယ်များကလည်းရှိနေသည်။

မျိုးဆက်နှင့်ချီပြီး ဖြစ်ပေါ်တည်ရှိနေသော နိုင်ငံ့စီးပွားရေးကလည်း အစကပြန်စရန် အလွန်ခက်ခဲမည်ဖြစ်သည်။ ကချင်ပြည်နယ်က ကျောက်စိမ်းစီးပွားရေးတစ်ခုတည်းကပင် တစ်နှစ်ကို အမေရိကန်ဒေါ်လာသန်းငါးထောင်ကျော်မည်ဟု ခန့်မှန်းရသည်။ ထိုင်းနယ်စပ်တစ်လျှောက်က မူးယစ်ဆေးထုတ်လုပ်မှု၊ စိတ်ကြွဆေးများ ပြည်ပပို့ရောင်းချမှု စီးပွားများကလည်း မနည်းလှပါ။ ယုံကြည်မှုကင်းမဲ့နေမှုများကို ကျော်လွှန်ရန်လိုအပ်နေပြီး နိုင်ငံရေးအပေးအယူများကို ချေမှုန်းရန်လိုသည်။ သို့သော် ပို၍ခက်ခဲသော ခလုတ်တံသင်းများမှာ ပြုပြင်ပြောင်းလဲမှုများကြောင့် ဝင်ငွေရနိုင်သည့် လုပ်ငန်းအပေါ် ဘက်ပေါင်းစုံက ဆုံးရှုံးသွားနိုင်သည့်အခြေအနေဖြစ်သည်။

သို့သော်လည်း အောင်မြင်မှုက ယင်းအခြေအနေကိုပြောင်းလဲပစ်နိုင်သည်။ မြန်မာနိုင်ငံ၏ အကြီးမားဆုံး သယံဇာတမှာ ရေအားလျှပ်စစ်ထုတ်နိုင်မှု မဟုတ်သလို ကမ်းလွန်ရေနံသဘာဝဓာတ်ငွေ့လည်းမဟုတ်ပါ။ ၎င်း၏ထူးခြားသော ပထဝီဗျူဟာအနေအထားဖြစ်သည့် တရုတ်၊ အိန္ဒိယနှင့် အရှေ့တောင်အာရှဈေးကွက်တို့အကြား တည်ရှိနေမှုပင်ဖြစ်သည်။ ငြိမ်းချမ်းရေးရှိပြီး အင်အားရှိသော ဒေသအစိုးရပါဝင်လာမည်ဆိုလျှင် နိုင်ငံ၏ အထီးကျန်ဖြစ်မှုကို အဆုံးသတ်ပြီး ရင်းနှီးမြှုပ်နှံမှုများက ပြည်သူသန်းပေါင်းများစွာကို ဆင်းရဲမွဲတေမှုမှ ကယ်ထုတ်မြှင့်တင်နိုင်မည်ဖြစ်သည်။ မြန်မာနိုင်ငံ၏ မတည်ငြိမ်မှုကို အခြေပြုပြီး အမြတ်ထုတ်ခြင်းမဟုတ်ဘဲ ဒေသခံများ၏ သဘောတူညီချက်ဖြင့် ကြွယ်ဝမှုကို မျှဝေထားသည့် အာရှကို ဖြတ်သန်းဆက်သွယ်သော လမ်းကြောင်းသစ်တစ်ခုပေါ်ထွန်းလာနိုင်မည်ဖြစ်သည်။

ဖြစ်စဉ်မှာ ယခုအချိန်အထိတော့ ပြည်တွင်းမှ လုပ်ဆောင်ချက်သက်သက်သာဖြစ်သည်။ မကြာမီ သီတင်းပတ်များအတွင်း နိုင်ငံတကာအသိုင်းအဝိုင်း၏ အမြင့်ဆုံးပံ့ပိုးမှုများက အလွန်အရေးပါနေသည်။ ကမ္ဘာ့ခေါင်းဆောင်များ၏ ဤဖြစ်စဉ်ကို အားပါးတရထောက်ခံကြိုဆိုခြင်းတစ်ခုတည်းပင်လျှင် အလွန်တရာတန်ဖိုးရှိပေမည်။ ကမ္ဘာက စောင့်ကြည့်နေသည်ဆိုသည့်အချက်ကို မြန်မာနိုင်ငံရှိ အဖွဲ့အသီးသီးက နားလည်ကြရန် လိုအပ်လှသည်။ ငြိမ်းချမ်းရေးဖြစ်စဉ်ကို ငွေကြေးအင်အားဖြင့် ကူညီခြင်းကလည်း အရေးပေါ်လိုအပ်နေရာဥပမာအားဖြင့် မြေမြှုပ်မိုင်းရှင်းလင်းရေးတွင်ဖြစ်သည်။

ပြင်ပကမ္ဘာအနေဖြင့် အစိုးရအဆင့်သာမက ပြည်တွင်းအဖွဲ့အစည်းငယ်များအား စီးပွားရေးလုပ်ငန်းများ စီမံအုပ်ချုပ်ရန်၊ စီးပွားရေးစွမ်းဆောင်နိုင်ရန်အတွက်၊ အလုပ်အကိုင်ဖန်တီးရန်အတွက်၊ စစ်မြေပြင်ဟောင်းများကို ရေရှည်တည်တံ့ဖွံ့ဖြိုးနိုင်သည့် နေရာများ ဖြစ်လာစေရန် ကူညီပေးကြရန်မှာ အရေးကြီးဆုံး လိုအပ်ချက်ဖြစ်သည်။

ပြီးခဲ့သည့် နှစ်များအတွင်း အခြားနိုင်ငံများ၏ ငြိမ်းချမ်းရေးဖော်ဆောင်မှုအတွက် ကုန်ကျငွေထက် မြန်မာ့အရေးအတွက် ကုန်ကျငွေက များစွာနည်းပါးပါသည်။ သို့သော် အကျိုးအမြတ်ကတော့ လူမျိုးပေါင်းစုံပါဝင်သည့် ဒီမိုကရေစီနိုင်ငံ အစစ်အမှန်တစ်ခု အာရှတိုက်၏ ဗဟိုတွင် ပေါ်ထွန်းလာခြင်းပင်ဖြစ်ပေမည်။

(The Financila Times ပါစာရေးသူ ဦးသန့်မြင့်ဦး၏ Help Myanmar's peace talks to transform Asia ကို ခင်မေဇော်(ဝါရှင်တန်ဒီစီ)က ပြန်ဆိုထားပါသည်။ ဦးသန့်မြင့်ဦးသည် မြန်မာငြိမ်းချမ်းရေးစင်တာ၏ အထူးအကြံပေးဖြစ်သည်။)

7DAY NEWS JOURNAL
Vol.12, No.38 • NOVEMBER 27 , 2013




# မင်းဒင်ရဲ့ သက်ခိုင်(၂)

မင်းဒင်

(ယခင်အပတ်မှ အဆက်)

“သေဘေးနဲ့ အကြိမ်ကြိမ်လွတ်ခဲ့တဲ့ ကျွန်တော်ဟာကမ္ဘာကျော်ဆူနာမီနဲ့ နာရီပိုင်းအကွာမှာ ကပ်လွတ်ခဲ့ပြန်ပါပြီ။ ဒါပေမဲ့ ကံဆိုးရှာလှတဲ့ ဆူနာမီစက်ကွင်းထဲမှာ တစ်ဝမ်းတစ်ခါးအတွက် ဇာတိမြေကိုစွန့်ခွာလာခဲ့ကြသူမြန်မာတချို့တော့ မလွတ်ကြရှာပါဘူး။ ဒုက္ခသည်ချင်းအတူတူ ပိုပြီးကြီးမားတဲ့ ဒုက္ခကိုရင်ဆိုင်ရတယ်ဆိုတာကျွန်တော့်မျက်မြင်ကိုယ်တွေ့ပါပဲ။ အသေးစိတ်ပြောရရင် ဆူနာမီဗမာ့ဒုက္ခဆိုတဲ့ စာအုပ်ထူကြီးတစ်အုပ်တောင်ဖြစ်လောက်ပါရဲ့။ ခင်ဗျားမြင်သာအောင် ကျွန်တော်ကြိုးစားပြီးပြောပါ့မယ်။ ဒီလိုဗျ။

ဆူနာမီသတင်းတွေ ဆက်တိုက်တက်လာနေတာကြောင့် ဆူနာမီဆိုတာ ဘယ်လိုဟာမျိုးပါလိမ့်ဆိုပြီး ကျွန်တော်သိချင်လာတယ်။ သတင်းဌာနမျိုးစုံက ထုတ်လွှင့်နေတာက အဲဒီဆူနာမီဟာ အိန္ဒိယသမုဒ္ဒရာထဲက ပင်လယ်ရေအောက်ကြမ်းပြင်ကြီး အက်ကွဲသွားလို့တဲ့ဗျ။ ဆက်စပ်ပြီး စဉ်းစားလိုက်တော့ ရေမမြေအောက်ကြမ်းပြင်ကျွံကျမှုကြောင့် အနီးနားကပင်လယ်ရေတွေဟာ အဲဒီအက်ကွဲကြောင်းကြီးထဲကို ရုတ်ခြည်းစီးဝင်ကုန်တယ်။ အဲဒီစီးဝင်ကုန်တာကြောင့် ဆူနာမီနဲ့နီးတဲ့ ပင်လယ်ကမ်းစပ်တွေမှာ ရေတွေဟာ ကမ်းစပ်ကနေ အဝေးကြီးကို ရောက်သွားတယ်။ ရေကျသွားတယ်ဆိုပါတော့။ မကြာမီမှာပဲ အက်ကြောင်းကြီးထဲကို ကျသွားတဲ့ပင်လယ်ရေတွေ နေရာကို ရုတ်ခြည်းအစားထိုးဝင်လာတဲ့ ပင်လယ်ရေတွေကြောင့် အလွန်တရာကြီးမားတဲ့ ရေလှိုင်းကြီးတွေ ကမ်းခြေကိုရိုက်ခတ်တော့တာပါပဲ။

ကျွန်တော်တို့ မြန်မာလူမျိုးများ ဗဟုသုတကြီးမားလိုက်ပုံကို ရယ်စရာပြောရဦးမယ်။ ကျွန်တော်နဲ့ မျက်မှန်းတန်းမိနေတဲ့ ရနောင်းနဲ့ ကော့သောင်းပါချန်မြစ်ကိုဖြတ်ပြီး ဗမာပစ္စည်းဖြန့်တဲ့ကုန်သည်ဒေါ်ခင်မမဆိုတဲ့ အမျိုးသမီးကြီး တစ်ယောက်ကိုအဲဒီရေဘေးအကြောင်း စကားစလိုက်မိတယ်။ သူက ချက်ချင်းဆိုသလို ဟာအဲဒီ “ဆူနာမဏီ”က သိပ်ကြောက်စရာကောင်းတယ်တဲ့။ ကျွန်တော်နားကြားများမှားသလားလို့ ထပ်ပြောခိုင်းတော့လည်း “ဆူနာမဏီ”ပါပဲ။

အဲဒီရိုက်ခတ်ခဲ့တဲ့ ဆူနာမီလှိုင်းဟာ ဘယ်လောက်ကြီးသလဲ၊ ပျက်စီးဆုံးရှုံးမှုများသလဲဆိုတာကို ကျွန်တော်မျက်ဝါးထင်ထင်မြင်ခဲ့ရပါတယ်။ ဟုတ်တယ်လေ၊ ဆူနာမီဖြစ်ပြီးနောက်တစ်နေ့ ဒီဇင်ဘာ ၂၇ ရက်မှာပဲ ကျွန်တော်ဖူးခက်ကို ရောက်ခဲ့ပြန်တယ်။ ဇနီးနဲ့ သမီးကို ကော့သောင်းဘက်ပြန်ပို့ပြီးပြီးချင်း ကျွန်တော် ဖူးခက်ကိုထွက်ခဲ့တာပေါ့။ ဘာတွေဖြစ်ကုန်ပြီလဲ၊ ဘယ်လိုဘယ်ပုံဖြစ်တာလဲ သိချင်တဲ့စိတ်ကြောင့်ပေါ့။ ဆူနာမီရဲ့ပြင်းအားကို အလန့်တကြားဖြစ်စေခဲ့တဲ့ မြင်ကွင်းကတော့ ခေါင်လတ်ဆိုတဲ့အရပ်က ထိုင်းရေတပ်စစ်သင်္ဘောတစ်စီး ပင်လယ်ကမ်းစပ်ကနေ ကိုက်လေးငါးရာအကွာ ကုန်းပေါ်မှာလာတင်နေတာပဲဗျ။ သင်္ဘောဟာ ဆူနာမီရေလှိုင်းကြောင့် ကမ်းခြေနဲ့ကားလမ်းကြားက ကိုက်လေးရာလောက်ကွာတဲ့ ကားလမ်းကိုကျော်ပြီး မြေပြင်မှာ ဘွားဘွားကြီးတင်နေလေရဲ့။

ခေါင်လတ်မြို့ဟာ ဖူးခက်နဲ့ ကီလိုမီတာ တစ်ရာကျော်ဝေးပါတယ်။ ထူးခြားချက်က ခေါင်လတ်ကမ်းခြေပင်လယ်နဲ့ ထိစပ်နေတဲ့ ကျယ်ဝန်းရှည်လျားတဲ့ ကမ်းခြေဖြစ်တာကြောင့် ဆူနာမီဒဏ်ကိုအကြီးအကျယ်ခံရတဲ့ နေရာတစ်ခုပါပဲ။

လွန်ခဲ့တဲ့နာရီပိုင်းက တွေ့ခဲ့ရတဲ့ ဆောက်လက်စအဆောက်အအုံ တွေ အားလုံး ရစရာမရှိအောင်၊ မယုံကြည်နိုင်လောက်အောင် စုတ်ပြတ်နေပါပြီ။ နောက်ပိုင်း ကျွန်တော်ဟာ ဖူးခက်-ရနောင်း၊ ရနောင်း-ဖူးခက် ကြိမ်ဖန်များစွာ လူးလာခေါက်တုံ့နေခဲ့ချိန်မှာ ခေါင်လတ်ဟာ မြို့ပျက်ကြီးတစ်ခုလိုပါပဲ။ ညနေ ၆ နာရီ အချိန်လောက် ကျွန်တော်ကားပေါ်ကနေ ခေါင်လတ်ကမ်းခြေကို ဖြတ်သွားတဲ့အခါ အတော့်ကို ချောက်ချောက်ချားချားဖြစ်စေတဲ့မြင်ကွင်းပါပဲ။ ကြည့်လေ၊ အဆောက်အအုံပျက်တွေနဲ့၊ လမ်းမီးတွေမလာ၊ လမ်းပေါ်မှာလမ်းသွားလမ်းလာလူသူမရှိ၊ မှောင်မှောင်မည်းမည်း၊ ဒီကြားထဲ ဆူနာမီသရဲဇာတ် လမ်းတွေကလည်းရှိသေးဗျာ။

ဘာတဲ့၊ အငှားကားမောင်းတဲ့ ယာဉ်မောင်းတစ်ယောက်က ခေါင်လတ်ကမ်းခြေနားက ကားလမ်းပေါ်မှာ ကားတားစီးတဲ့ လူတွေကိုတွေ့တော့ ဈေးညှိပြီး ကားပေါ်တင်မောင်းလာလိုက်တာ ငါးမိနစ်လောက်ကြာလို့ သူတို့ကိုကြည့်လိုက်တော့ ရေနစ်သေနေတဲ့ မသာရုပ်တွေဖြစ်နေသတဲ့။ ဒရိုင်ဘာလည်းကားကိုထားခဲ့ပြီး တစ်ကြိုးတည်း ခြေကုန်သုတ်ပြေးတဲ့ ဇာတ်လမ်းမျိုးတွေပေါ့ဗျာ။ နောက်ဇာတ်လမ်းတစ်ပုဒ်က ဆူနာမီကြောင့်သေဆုံးကြရတဲ့အလောင်းတွေကို ခေါင်လတ်မှာစုပြုံထားပြီး အီအင်န်အေစစ်ကြ၊ နိုင်ငံသားစစ်ဆေးဖို့ လုပ်ကြ၊ အလောင်းတွေထောင်ချီပြီး စုထားတုန်းကဆို ညညသန်းခေါင်ယံကျော်ရင်ဝိုသံတွေ၊ ညည်းသံတွေ၊ တုန်လှုပ်ချောက်ချားစရာကောင်းတဲ့ အသံမျိုးစုံတွေ ထွက်ပေါ်လာတတ်တာလည်း လူပြောများသဗျ။ ထိုင်းလူမျိုးအများစုဟာ ဒီလို တမလွန်၊ ဝိညာဉ်တစ္ဆေသရဲဇာတ်လမ်းတွေကို တခြားလူမျိုးတွေထက် အစွဲသန်ကြတော့ ပိုဆိုးတာပေါ့။

ကျွန်တော်ဖူးခက်ကိုရောက်တော့ တလပ်တဆစ်ဈေးနားမှာရှိတဲ့ ဈေးပေါပေါဟိုတယ်တစ်ခုမှာ တည်းတယ်။ တစ်နေကုန် ဖူးခက်မြို့ကို လျှောက်ပတ်ကြည့်တယ်။ ကြည့်ရတဲ့ ရည်ရွယ်ချက်က နှစ်ခုရှိတယ်ဗျ။ ကျွန်တော်ဒီမြို့မှာ တစ်ဝမ်းတစ်ခါးအတွက် အခြေချသင့်သေးသလား။ နောက်တော့ ဖူးခက်မြို့ကြီးဘာတွေဖြစ်ကုန်ပြီလဲ သိချင်တဲ့စိတ်။ ဒီနှစ်ခုဆိုပါတော့။ လိုရင်းပြောရရင် ဖူးခက်တောင်းလို့ခေါ်တဲ့ဖူးခက်မြို့မမှာနေတဲ့သူတွေ ဆူနာမီကိုမသိလိုက်တာသိပ်သဘာဝကျတယ်။ ဖူးခက်မြို့ဟာပင်လယ်ထဲကကျွန်းကြီးဗျ။ ကျွန်တော့်စိတ်ထင် ခန့်မှန်းခြေအလျားကီလိုမီတာ ခုနစ်ဆယ်၊ အကျယ်ဆုံးနေရာမှာ အနံ့သုံးဆယ့်ငါးမီတာလောက်ရှိနိုင်တယ်။ ကမ်းစပ်နဲ့ ဖူးခက်မြို့မကို တောင်ကြီးတွေနဲ့ စည်းခြားထားတယ်။ ကမ်းခြေကနေ တောင်တန်းတွေကိုကျော်မှဖူးခက်မြို့မကို ရောက်တယ်။ အခုတိုက်ခတ်ခဲ့တဲ့ ဆူနာမီဟာ ကမ်းခြေတွေကို ရိုက်တာမို့ မြို့ထဲကလူတွေ ရုတ်တရက်ဘယ်သိနိုင်ပါ့မလဲ။ နောက်တစ်ချက်ကတော့ကမ်းခြေတိုင်းလည်း ဆူနာမီဒဏ်မခံရပြန်ဘူး။ ဆူနာမီလှိုင်းနဲ့ မျက်နှာချင်းဆိုင်နေတဲ့ ပါတောင်၊ ကမလာ၊ ကရွန်း၊ ကတဆိုတဲ့ ကမ်းခြေတွေသာ ခံရတာ ဆိုပါတော့။

တစ်ခုစဉ်းစားကြည့်ဗျာ။ အဲဒီအချိန်က ထိုင်းနိုင်ငံမှာ ဆူနာမီအချက်ပေးစနစ်ဆိုတာ မပေါ်သေးဘူးတဲ့ဗျ။ ဖူးခက်ကနေ ပင်လယ်ပြင်ထဲကကျွန်းတွေဆီကမ္ဘာလှည့်ခရီးသွားတွေကို တင်ဆောင်သွားတဲ့ စပိဘုတ်နဲ့ သင်္ဘောအကြီးစားတွေဟာ နေ့တိုင်းလိုအစီးရေရာချီပြီး ထွက်ကြတယ်။ ထွက်တဲ့အချိန်က မနက် ၈ နာရီဝန်းကျင်။ အဲဒီစပိဘုတ်နဲ့ သင်္ဘောတွေ ကျွန်းတစ်ခုခုကိုရောက်ဖို့ ခုတ်မောင်းချိန်က နှစ်နာရီဝန်းကျင်ရှိတယ်။ ဆူနာမီလှိုင်းရိုက်တာက မနက်ကိုးနာရီ။ သေချာသာစဉ်းစားကြည့်ပေတော့။ ဖူးခက်ကမ်းခြေကနေထွက်တဲ့ ကမ္ဘာလှည့်ခရီးသည်တွေတင်ထားတဲ့ သင်္ဘောကြီးငယ်မှန်သမျှဟာ ပင်လယ်ပြင်ထဲမှာပဲရှိနေကြတုန်း။ ချိန်ကိုက်မိုင်းဗုံးနဲ့တူတဲ့ ဆူနာမီကြောင့် ပင်လယ်ထဲမှာတင် နိဂုံးချုပ်ဖို့သာရှိတော့တာပေါ့ဗျာ။

အဲဒီဆူနာမီရဲ့ အသေအပျောက်စာရင်းကို ဘယ်သူမှ မသိနိုင်ဘူး။ ဘယ်လိုမှလည်း အတိအကျကောက်နိုင်စရာ အကြောင်းမရှိဘူးဗျ။ ထိုင်းအစိုးရကတော့ ကမ္ဘာလှည့်ခရီးသည်လုပ်ငန်းများကို ထိခိုက်လာမှာ စိုးတာကြောင့် ထိန်းထိန်းသိမ်းသိမ်း ကြေညာတာပေါ့ဗျာ။ ခက်တာက ထိုင်းအစိုးရကိုယ်တိုင် ဆူနာမီရဲ့ အသေအပျောက်အပျက်အစီးစာရင်းကို တိတိကျကျရဖို့ဆိုတာ မဖြစ်နိုင်တဲ့ကိစ္စပါ။ အေးပေါ့ဗျာ။ အမေရိကန်၊ ဥရောပနဲ့ စကင်ဒီနေဗီးယန်းနိုင်ငံတွေကလို လူတန်းစေ့နေနိုင်တဲ့ နိုင်ငံတွေကတော့ သူတို့နိုင်ငံသား ဘယ်နှယောက် ဘယ်နေ့က ဘယ်မှာပျောက်သွားတယ်ဆိုတာ စိုးရိမ်တကြီးလိုက်ရှာကြတာပေါ့။

ဖူးခက်လေယာဉ်ကွင်းမှာ နိုင်ငံတကာက လေယာဉ်အကြီး၊ အလတ်၊ အငယ်မျိုးစုံဆိုက်လာတယ်။ သူတို့နိုင်ငံသားမှန်ရင် တစ်ပြားမှ မကုန်ဘဲ နေ့ရောညပါ လေယာဉ်တွေဆွဲပြီး ကူသယ်ခေါက်သယ်ပြေးနေတယ်။ ဆေးရုံပေါ်ရောက်နေတဲ့ မိသားစုနဲ့ အဆက်အသွယ်မရတဲ့ ကမ္ဘာလှည့်ခရီးသည်တွေရဲ့ပုံတွေကို တိုက်ရိုက်ထုတ်လွှင့်ပေးနေတယ်။ သူတို့ရဲ့ ညည်းတွားသံတွေ၊ သူတို့မိသားစုကို သူတို့ပြောချင်တဲ့ စကားတွေကို ထုတ်လွှင့်ပေးနေခဲ့တယ်။ နိုင်ငံတော်တော်များများရဲ့ သံရုံးဝန်ထမ်းတွေ၊ အထူးအရာရှိတွေဟာ ဆူနာမီဒုက္ခသည် ကူညီထောက်ပံ့ရေးအတွက် နေ့ရောညပါ ခြေချင်းလိမ်ပြီး အလုပ်ရှုပ်ခဲ့ကြတယ်။

ကမ္ဘာအနှံ့ကနေ ဖူးခက်မှာ ဒုက္ခကြုံနေရတဲ့ သူတို့နိုင်ငံသားတွေကို အကောင်းဆုံးကူညီဖြေသိမ့်မှုတွေ ပေးနိုင်ချိန်မှာ ကျွန်တော်တို့ မြန်မာနိုင်ငံသား ရွှေ့ပြောင်းအလုပ်သမားတစ်ယောက်ကတော့ သူ့အစ်ကိုအလောင်းကို အုန်းပင်တစ်ခုရဲ့အကွယ်ကနေ ချောင်းကြည့်နေရသတဲ့ဗျ။ မော်လမြိုင်ဇာတိမွန်လေးတစ်ယောက်ကိုယ်တိုင်ပြောပြတဲ့ဇာတ်လမ်းပေါ့ဗျာ။ ဩော် . . ချောင်းကြည့်နေရတယ်ဆိုတာ သူ့မှာ တရားဝင်အလုပ်သမားကတ်မရှိဘူးလေ။ ဒါကျွန်တော့်အစ်ကိုအလောင်းပါလို့ ပြောမိတာနဲ့ထိုင်းရဲကမင်းမှာ ပတ်စ်ပို့ရှိလားမေးရင် ကွဲခနဲ နေမှာပေါ့။ ဘန်ကောက်မြန်မာသံရုံးက တာဝန်ရှိသူတစ်ကောင်တစ်မြီးမှလာသံမကြားမိဘူးဗျာ။ အဆိုးဆုံးကတော့ ဆူနာမီဒဏ်ခံရပြီး စုတ်ပြတ်ကျန်ခဲ့တဲ့ အဆောက်အအုံပျက်တွေကြားက အဖိုးတန်ပစ္စည်းတွေကို ဗမာအလုပ်သမားတချို့ဝင်ပြီးခိုးတယ်ဝှက်တယ်ဆိုတဲ့ သတင်းတွေလည်း ထိုင်းတီဗီက လွှင့်သေးဗျာ။ အဲဒီသတင်းကြောင့် ဗမာရွှေ့ပြောင်းအလုပ်သမားအများစုခမျာ ဆူနာမီဒုက္ခကြောင့် ကရုဏာအသက်မခံရတဲ့ အပြင် လူမုန်းပွားစရာပိုဖြစ်ရတာပေါ့။

နေဦး။ ဆူနာမီအရှိန်ကို ခင်ဗျားခန့်မှန်းနိုင်အောင် ခင်ဗျားကို ပြောပြရဦးမယ်။ အဲဒီရက်ပိုင်းမှာ တစ်နေ့ ကျွန်တော်အငှားကားတစ်စီးနဲ့ နာမည်ကျော် ပါတောင်ကမ်းခြေဘက်ကို ထွက်ခဲ့ရောဆိုပါတော့။ ကားပေါ်မှာထိုင်နေရင်း စကားစမြည်ပြောနေရာကနေ လမ်းတစ်လျှောက်အပျက်အစီးတွေကိုကြည့်နေရာက ကျွန်တော်က ဒရိုင်ဘာကိုစပ်စုလိုက်မိတယ်။ ခင်ဗျား ဆူနာမီလှိုင်းရိုက်တဲ့နေ့က ဘယ်မှာရှိနေတုံးလို့ပေါ့။

**အချပ်ပို(VI) သို့**



ကြယ်ဂေါင်မြို့ရှိ ကျောက်စိမ်းအရောင်းဆိုင်များကို တွေ့ရစဉ်

ဓာတ်ပုံ- စိုးဝင်းငြိမ်း

# ဖားကန့်အစ ကြယ်ဂေါင်အဆုံး

**မောင်သာချို**

(တစ်)

ကျွန်တော်တို့မြန်မာတွေက နာမည်ပေးကင်ပွန်းတပ်ရာ၌တစ်ဖက်ကမ်းခတ်သူတွေများဖြစ်လေမလားဟု မကြာခဏအတွေးဝင်မိပါသည်။ ကြည့်ပါဦး‘မှော်’တဲ့။

မဟာပထဝီမြေကြီး၏အောက်ကနေလူသားတို့အတွက် အဖိုးတန်သယံဇာတများထုတ်ဝေပေးတတ်သည့်နေရာတွေကို နာမည်ပေးထားသည်က ‘မှော်’တဲ့။ ရွှေတူးဖော်လျှင်ရသည့်နေရာတွေကို ‘ရွှေမှော်’၊ ရေနံတူးဖော်လျှင်ရသည့်နေရာတွေကို ‘ရေနံမှော်’၊ ကျောက်စိမ်းတူးဖော်လျှင်ရသည့်နေရာတွေကို ‘ကျောက်စိမ်းမှော်’၊ ပတ္တမြားတူးဖော်လျှင်ရသည့်နေရာတွေကို ‘ပတ္တမြားမှော်’တဲ့။ တကယ့်တကယ်ဆိုလျှင် မှော်၏အနက်အဓိပ္ပာယ်ကလုပ်ကွက်။ သို့သော်ဂမ္ဘီရဆန်ခြင်းတွေ၊ ပဉ္စလက်ဆန်ခြင်းတွေ၊ အိပ်မက်ဆန်ခြင်းတွေ၊ ပုစ္ဆာဆန်ခြင်းတွေကလည်း ထို‘မှော်’ဆိုသောစကားလုံးထဲ၌နစ်မြုပ်ပါဝင်နေပုံရပါသည်။ ဒါကြောင့်. . . မှော်။

ကမ္ဘာကျော်ပန်းချီဆရာကြီး ဗင်းဆင့်ဗင်ဂိုး (Vincent Vangogh)၏အကြောင်းကို ဆရာမြသန်းတင့်က ‘မှော်ရုံတောမှာမောလှပြီ’ဟုဘာသာပြန်ဆိုခဲ့သလို မှော်ရုံတောအသီးသီးထဲမှာ ကျွန်တော်တို့နိုင်ငံသားတွေမောခဲ့ကြလှပေ့ါ။

(နှစ်)

မှော်တွေထဲမှာကျောက်စိမ်းမှော်တွေကလည်း တော်တော့ကိုနာမည်ကြီးပါသည်။ ဖားကန့်တစ်ဝိုက်မှာများဆိုလျှင် ကျောက်စိမ်းမှော်တွေချည်း။

ကချင်ပြည်နယ်ဖားကန့်တစ်ဝိုက်ကတောင်များကို ကချင်ဘာသာဖြင့် ‘လုံဆဲန်း’ဟုခေါ်ကြရာ ‘လုံ’ကျောက်‘ဆဲန်း’ကအစိမ်းရောင်ဖြစ်သဖြင့် မြစိမ်းရောင်ကျောက်တောင်တန်းကြီးများဟု အဓိပ္ပာယ်ဖွင့်ရလိမ့်မည်ဖြစ်ပါသည်။ သည်တောင်တန်းကြီးတွေအောက်မှာက မြစိမ်းရောင်ကျောက်တွေ။

ကမ္ဘာပေါ်၌အဓိကကျောက်စိမ်းနှစ်မျိုးရှိပါသည်။ Jadeite နှင့် Nephrite။ ဖားကန့်ကျောက်စိမ်းက Jadeite အမျိုးအစား။ လူကြိုက်များသည့်ကျောက်စိမ်း။

ကျောက်စိမ်းကမြန်မာနိုင်ငံတွင်ပျူခေတ်ကတည်းကတူးဖော်ခဲ့ကြပုံရပါသည်။ အေဒီတစ်ရာစုကနေလေးရာစုအထိထွန်းကားခဲ့သည်ဆိုသောဗိဿနိုးမြို့ဟောင်းကိုရှေးဟောင်းသုတေသနဌာနကတူးခဲ့ရာ ကုန်းအမှတ် ၁၅ ကိုတူးတော့ပုတီး ၇၀၈ လုံးတွေ့ခဲ့ပြီး သုံးလုံးက ကျောက်စိမ်းပုတီးလုံးများဟုဆိုပါသည်။

ကုန်းဘောင်ခေတ်ကမူ ဘိုးတော်ဘုရားကမိုးကောင်းမြို့၌အကောက်ခွန်အရာရှိ တစ်ယောက်ကိုပင်ထားရှိကာ ကျောက်စိမ်းကနေ ၃၃ ရာခိုင်နှုန်း အခွန်ဖြတ်တောက်ပါလေသတဲ့။

ဥရောပသားတွေထဲကမူ ရုက္ခဗေဒပညာရှင်လည်းဖြစ်၊ ဆရာဝန်လည်းဖြစ်သည့် ဂရိဖစ် (D.W.Griffith) ဆိုသူသည် ၁၈၄၇ ကတည်းက ဖားကန့်အလွန် ဆိုင်းတောင်ခေါ် ဆိပ်မူသို့ရောက်လာပြီး ကာလကတ္တား၌ပင် ထိုဒေသအကြောင်း အစီရင်ခံစာတစ်ရပ်ထုတ်ပြန်ခဲ့ပါသေး၏။

ထို့နောက်တရုတ်ကုန်သည်တို့ ယူနန်နယ်စပ်ကိုဖြတ်ကာ ကွမ်းယုံလျမ် (Kum Yung Lien) နှင့် ချန်ဆိ (Chan Si) တို့မှတစ်ဆင့် ကျောက်စိမ်းကမ္ဘာထဲသို့ရောက်လာခဲ့ကြပြီး ကျောက်စိမ်းကို ငွေသားအလေးချိန်ဖြင့်စက်၍လဲခဲ့ကြောင်းလည်း အမှတ်အသားများရှိခဲ့ကြပါသည်။

မင်းတုန်းမင်းလက်ထက်တွင် ကျောက်စိမ်းဥပဒေထုတ်လျက် အခွန်တော်ကို စည်းကြပ်ခဲ့ကြပြီး ၁၈၈၅ အလွန်ကိုလိုနီခေတ်ကမူ တရုတ်ကုန်သည်တို့က တစ်နှစ်ကိုအခွန်တော်ငွေတစ်သိန်းပေးကာကျောက်စိမ်းလုပ်ငန်းလုပ်ကိုင်ခဲ့ကြကြောင်းလည်း မှတ်တမ်းမှတ်ရာများရှိပါသည်။

ဦးနေဝင်းက နိုင်ငံတော်အာဏာကို ၁၉၆၂ တွင်သိမ်းအပြီး ၁၉၆၃ ၌လူလုပ်သားအင်အား ၄၈,၀၀၀ နှင့်ကျောက်စိမ်းတူးခဲ့ကြကာ ၁၉၆၄ ကစ၍ ပြည်သူပိုင်သိမ်းပြီးသည်နှင့် ကိုယ့်နည်းကိုယ်ဟန်ဖြင့်ဒေသဆိုင်ရာအာဏာပိုင်များကို အခွန်ပေးကာ ကျောက်စိမ်းတူးသောလော်ပန်ခေတ်ကိုရောက်လာပြန်ပါသည်။ လော်ပန်ခေါ်သူဌေးလောင်းက စရိတ်စကအကုန်လုံးကိုစိုက်ထုတ်၊ ကျင်းသားတွေက သံတိုင်ကိုခြောက်ပေါင်၊ ရှစ်ပေါင်တူကြီးများဖြင့်ထုကာကျောက်စိမ်းကိုတူး၊ ကျောက်အောင်လျှင်လော်ပန်ကတစ်ဝက်၊ ကျင်းသားတွေကတစ်ဝက်။ အကုန်လုံးသူဌေးလောင်းအိပ်မက်မက်သည့်ခေတ်။ သည်ခေတ်ကြီးကို အယ်ဒီးလာရေးသည့် ‘လော်ပန်လောင်း’ဆိုသည့်သီချင်းထဲ၌ ကျွန်တော်တို့နားဆင်ခဲ့ကြရပြီးဖြစ်ပါသည်။ ဆိုသူကကိုအောင်ဆန်း။

‘ကျောက်တူးသမားလေးရဲ့ရည်းစားလေးမို့ . . . အားမငယ်ပါနဲ့ကွယ်. . . ဘဝသံသရာလောကရဲ့အလယ်မှာ ဆင်းရဲသူရယ်၊ ချမ်းသာသူရယ် အများကြီးရှိပါတယ်. . .။ ကံမကြုံသေးလို့ သံတိုင်ကိုင်ပြီးကျောက်တူးရတာ အထင်တော့မသေးပါနဲ့ တကယ်တော့ကျောက်တူးသမားများဟာ လော်ပန်လောင်းတွေပါ’စသည်စသည်။

၁၉၉၀ အလွန်နှစ်တွေတွင်ကား သီချင်းထဲကလော်ပန်လောင်းအိပ်မက်တွေ ရုတ်တရက်ပြိုကျသွားပါသည်။ မည်သူမှ လော်ပန်လောင်းခေါ်သူဌေးလောင်းမဖြစ်နိုင်တော့။ ကုမ္ပဏီအကြီးကြီးတွေက စက်ယန္တရားအကြီးကြီးများဖြင့် မှော်တောထဲကိုဝင်ရောက်လာကြသောကြောင့်ဖြစ်ပါသည်။ တစ်နိုင်တစ်ပိုင်တူးသူတွေနောက်ဆုတ်။ လော်ပန်လောင်းတွေရော၊ ကျင်းသားတွေရော တော်တော်များများတို့ ကုမ္ပဏီဝန်ထမ်းတွေဖြစ်သွားကုန်ကြပြန်ပါသည်။ လခစား။

လော်ပန်ခေတ်တုန်းက သံတိုင်ဖြင့်ကျောက်စိမ်းတူးသည့်ခေတ်ဖြစ်ရာ Under Ground Mining Method ခေါ်မြေအောက်လိုဏ်ခေါင်းတူးသည့်စနစ်ဖြင့် တူးသူကများပါသည်။ စက်ယန္တရားကြီးများခေတ်သို့ရောက်သောအခါ open Cut Mining Method ခေါ် ဟင်းလင်းဖွင့်တူးသည့်စနစ်ဖြင့်တူးကုန်ကြပါသည်။ တောင်တန်းကြီးတွေ နေ့မြင်ညပျောက်။ အလဲလဲအပြိုပြို။

(သုံး)

တစ်လောက ခင်မေဇော်(ဝါရှင်တန်ဒီစီ)ဘာသာပြန်ဆိုသည့် “ကျောက်စိမ်းအင်ပါယာက ဒေါ်လာသန်းရှစ်ထောင်”ဟူသည့်ဆောင်းပါးတွင် ၂၀၁၁-၂၀၁၂ တွင် ဖားကန့်က ကျောက်စိမ်းကီလိုဂရမ် ၄၃ သန်းထုတ်ရာ တစ်ကီလိုကို ဒေါ်လာ ၁၀၀ နှင့်ပဲတွက်ဦးတော့ ဒေါ်လာသန်း ၄,၃၀၀ ရသင့်ကြောင်း၊ သို့သော်တရားဝင်ဒေါ်လာ ၄၃ သန်းသာရကြောင်း ဖတ်လိုက်ရပါသည်။ ဟားဗတ်အက်ရှ်စင်တာကမူ ၂၀၁၁ ၌မြန်မာ့ကျောက်စိမ်းဒေါ်လာသန်း ၈,၀၀၀ ဖိုး အရောင်းအဝယ်ဖြစ်သည်ဟုဆိုပါသည်။ မူရင်းစာရေးသူက Andrew R.C. Marshall ။ ဩော်. . ကချင်ပြည်နယ်က သယံဇာတများ။

မူဆယ်ကနေဒွေ့ကတ်ပြားကို မြန်မာကျပ်ငွေ ၁,၀၀၀ ပေးလုပ်ပြီး ကိုင်ဆောင်ကာ ခြေလှမ်းဆယ့်လေးငါးလှမ်း လှမ်းဝင်လိုက်ရုံမျှဖြင့် တရုတ်ပြည်ကြယ်ဂေါင်သို့ရောက်ရှိသွားနိုင်ပါသည်။

ကြယ်ဂေါင်ဘက်မှာကျောက်စိမ်းဈေးရှိပါသည်။ ဗိုလ်ချုပ်ဈေးထက်မကကိုကြီးသည့် ကျောက်စိမ်းဈေးကြီး။ ဘာကိုလိုချင်ပါသလဲ။ လက်စွပ်၊ လက်ကောက်၊ နားကပ်၊ ဘယက်၊ အရွယ်ရွယ်အစားစား။ လက်ရာ မြောက်လွန်းတဲ့ ကျောက်စိမ်းရတနာ လက်ဝတ်လက်စားတွေ။ အိမ်ထောင်ပရိဘောဂတွေ။ ကံတရားနှင့် ဆက်စပ်သည်ဟု ယူဆလို့ လားမသိ။ တရုတ်လူမျိုးတွေခြေချင်းလိမ်လို့။ သားတန်းငါးတန်းထဲ တိုးဝင်ရသလို ဝယ်သူတွေ ဖွေးဖွေးလှုပ်လှုပ်ဖြစ်နေသည့် ကျောက်စိမ်းဈေးကြီး။ ငိုင်ငေးကာ အတွေးနှင့်ရပ်ကြည့်နေခဲ့ဖူးပါသည်။ တိုင်းပြည်အတွက် ပြည့်ပြည့်ဝဝလည်းမရ။ ကုန်ကြမ်းကိုတူးရောင်းရသူတွေမို့ ထိုက်ထိုက် တန်တန်လည်းမရ။ တရုတ်လှပျို ဖြူကလေးတွေက စမတ်ကျကျဝတ်စားဆင်ယင်ကာ ကျောက်စိမ်းကမ္ဘာကြီးထဲမှာ အိမ်ရှေ့မိဖုရားစတိုင်လ်နဲ့ ထိုင်လို့။

ဩော်. . ရင်ကိုခွဲကာ အသည်းကိုလှီးဖြတ်ပြီး ရောင်းစားခဲ့ရသည့်နေရက်များ။ ။

ရ ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL

| | |
|---|---|
| အယ်ဒီတာချုပ် | သောင်းစုငြိမ်း |
| အမှုဆောင်အယ်ဒီတာ | အားမာန်၊ ငြိမ်းငြိမ်းနိုင် |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်းအယ်ဒီတာ | စောစည်သူမိုး |
| သတင်းအယ်ဒီတာ | အေးမြကျော်၊ သီဟ၊ နေလင်းအောင်၊ မေဝင်းမွန် |
| ဘာသာပြန် | ရဲမင်း၊ ကျော်မျိုးဦး ကျော်သူမောင်၊ ပြည့်ပြည့်ဖြိုး |
| စာပြင်အယ်ဒီတာ | ချမ်းငြိမ်း |
| သတင်းထောက်ချုပ် | အောင်သူရ |
| ဒု-သတင်းထောက်ချုပ် | နေလင်းထွန်း၊ ပြည်သိမ်း၊ ဗိုလ်ဗိုလ်ဝင်း |
| အကြီးတန်းသတင်းထောက် | အိဖြူမွန်၊ အိဖြူလွင်၊ သိမ့်သိမ့်စိုး၊ ဝတ်ရည်အောင်၊ ဥက္ကာကိုကို၊ အေးသူစံ၊ သန်းဌေး၊ သန်းထူး |
| သတင်းထောက် | အေးမြတ်သူ၊ ခိုင်ထွန်း၊ အောင်ခိုင်၊ ရန်မျိုးနိုင်၊ မိုးညို၊ မင်းဟိန်းကျော်၊ အောင်သစ်လွင်၊ ငြိမ်းချမ်း၊ ရဲနောင်၊ ခန့်ထက်၊ ဆွေမွန်၊ ဖွဲ့ညာဏ်၊ ခိုင်ခိုင်စိုး၊ ကြူကြူဟန် |
| အငယ်တန်းသတင်းထောက် | အိမွန်ကျော်၊နန်းအောင်၊ဟေမာနှင်း၊ အေကေသော်၊ ချစ်ဝိုင်း၊ ဖွဲ့မာန် |
| ဓာတ်ပုံသတင်းထောက် | ဂျေမောင်မောင်(အမရပူရ) ကျော်ဇင်သန်း၊ နစ်ကီ |
| မန္တလေးသတင်းထောက် | စိုင်းသာအောင်၊ ညီညီဇော်၊ မောင်တာ၊ အေးမွန်ရာပြည့် |
| နယ်သတင်းထောက် | မျိုးမင်းဦး၊ စောရန်နိုင်၊ ဆန်းညွန့်(ရေနံချောင်း)၊ မောင်ကံ |
| စာပြင် | မေတင်ဇာဦး၊ ထွန်းသိန်းမြင့် |
| စီနီယာဒီဇိုင်နာ | ချစ်ဗိုလ်ဗိုလ်၊ ရှိန်းရှိန်းထိုက် |
| ဒီဇိုင်နာ | နွယ်မွန်ဖြိုး၊ နန္ဒ၊ နိုင်လင်းထွန်း၊ ရဲသူရ |
| ကွန်ပျူတာစာစီ | စန်းစန်း၊ ဇော်ဝင်းအောင်၊ ယဉ်မျိုးပိုင်၊ သက်ပိုင်ဌေး၊ အောင်မျိုးသန်း၊ ကေသီမိုး၊ တင်ဇာလင်း၊ အောင်ကောင်းမြတ် |
| သုတေသန | နှင်းနုထွေး၊ ဝါဝါလင်းလှိုင်၊ |
| သရုပ်ဖော် | စိုးသော်တာ ၊ ဝလုံး |
| လိုဂိုဒီဇိုင်း | ကျောက်ဆည် |
| ဘဏ္ဍာရေး | ကလျာအောင်၊ သဲသိမ့်သိမ့်ဖြိုး၊ ဖြိုးသူဇာအောင်၊ ဇင်မာအေး ရတနာပြည့်ဖြိုး။ |
| ကြော်ငြာတာဝန်ခံ | မိုးပပ၊ လင်းလင်းဦး၊စည်သူအောင်၊ နှင်းဝေဝေ၊ ဆုရည်လွင် |
| ထုတ်ဝေသူ | ဦးမျိုးလှိုင်အောင် |
| ပုံနှိပ်စက် | သုဝဏ္ဏသိဂီပုံနှိပ်တိုက် |
| ဖလင် | Sunn Colour Separation |
| စောင်ရေ | ၃၅,၀၀၀ |
| ရောင်းဈေး | ၄၅၀ ကျပ် |

7Day News ဂျာနယ်တိုက် - Diamond Centre (G-12)
မြေညီထပ်၊ တိုက် (B)၊ အမှတ်(၄၉၇)၊ ပြည်လမ်း၊ (၈)ရပ်ကွက်၊
ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၅၁၂၈၈၇၊ ၅၁၃၅၁၅~၅၁၉၊ ၀၉ ၇၃၂၂၄၅၄၁။
ဖက်စ် - ၅၁၃၅၁၉
Website : www.7daynewsjournal.com
E-mail : editor@7daynewsjournal.com
Hotline : 0973032006

# ပေါ်များလာသောအရက်များ

■ ရာဇာ






ကျွန်တော်သတိထားမိတာ ကြာပါပြီ။ ကျွန်တော် ၂၀၀၄ ခုနှစ်၊ ကိုးတန်းတက်သောအချိန်မှ စတင်တွက်ကြည့်မည်ဆိုလျှင် ၁၀ နှစ်တာကာလအတွင်း ကျွန်တော်တို့မန္တလေးတွင် ဘီယာနှင့် အရက်ဆိုင်များ ပေါ်များလာသည်။ ၂၀၀၄ ခုနှစ်လောက်က ယခုလောက် မပေါ်များသေးပါ။ ယခုဆိုလျှင် ရပ်ကွက်တိုင်း၊ လမ်းတိုင်းလိုလိုမှာ ရှိနေပြီဖြစ်သည်။ အမျိုးအမည်စုံလင်လှသော ဆိုင်များသည် ယခုနောက်ပိုင်းတွင် တော်တော်များလာသည်။ ဘီယာဆိုင်၊ အမိန့်ရအရက်ဆိုင်၊ အအေးဆိုင်ဟု အမည်ခံထားသော အရက်ဆိုင်၊ မစစ်လျှင် ပြန်လျော်မည်ဟူသော ရမ်စတေရှင်ဆိုင်စသည့်ဆိုင်များသည် မန္တလေးမြို့တွင်ပေါ်များလှသည်။ ယခင်က အလွယ်တကူမရခဲ့သော အရက်၊ ဘီယာများသည် ယနေ့အခါအလွယ်တကူ ရရှိနေပြီဖြစ်သည်။ အလွယ်တကူရရှိသောအခါ သောက်သုံးမှုများလည်းများလာသည်။

ယခုအခါနိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများရောက်လာကြပြီဖြစ်သည်။ ထိုရင်းနှီးမြှုပ်နှံမှုများကို ကြည့်လိုက်လျှင် ဘီယာစက်ရုံများ ဘာကြောင့် မြှုပ်နှံကြပါသနည်း။ သူတို့ရောက်လာသောအချိန်တွင် မြေဈေးကြီးသည်ကိုလည်းမပြော။ လျှပ်စစ်မီးမမှန်သည်ကိုလည်း မဟ။ သေချာသည်ကတော့ သူတို့က ကုန်သည်ဆိုတော့ ကုန်သည်အတွေးနဲ့ အမြတ်သေချာသော လုပ်ငန်းကို အရင်ဆုံးမြှုပ်နှံခြင်းဖြစ်မည်ထင်သည်။ ကျွန်တော်တို့လိုချင်သည်မှာ ထိုစက်ရုံများ မဟုတ်။ မြန်မာပြည်သူများ အတွက်အလုပ်အကိုင်ရရှိရေး အပြင် နည်းပညာများပါရရှိနိုင်သောကုန်ပစ္စည်းထုတ်လုပ်မှု လုပ်ငန်းများဖြစ်သည်။ ယခုတော့ တိုင်းပြည်ဝန်ထုပ်ဝန်ပိုးကြီးမည့် လုပ်ငန်းများဖြစ်နေသည်။ ပြည်တွင်းမှာလည်း ကိုယ်တိုင်ထုတ်သော အရက်၊ ဘီယာစက်ရုံများလည်းရှိနေပြီးသားဖြစ်သည်။ အခြားလုပ်ငန်းများထက် အရက်၊ ဘီယာလုပ်ငန်းများပို မို များပြား လာသည်ဟု ထင်သည်။ မြန်မာပိုင်စက်ရုံ၊ အလုပ်ရုံတွေ သက်တမ်းရာကျော်မရှိသလောက်ရှားပေမယ့် မန္တလေးအရက်ချက်စက်ရုံကတော့ ၁၈၈၆ ခုနှစ်မှစတင်ကာ ယနေ့အချိန်တွင် နှစ်ပေါင်း ၁၂၇ နှစ်ရှိပြီဖြစ်လို့ ကြဲဖန်ဂုဏ်ယူရ မလိုပင်။

ပြည်တွင်း၌ နာမည်ပေါင်းစုံဖြင့် ထုတ်သောအရက်များသည် တန်ဖိုးကြီး၊ တန်ဖိုးနည်းအမျိုးအစားစုံလင်လှသည်။ မြန်မာပြည်တွင် တန်ဖိုးနည်းဖုန်း၊ တန်ဖိုးနည်းအိမ်ရာပေါ်များစွာမရှိသေးပေမယ့် တန်ဖိုးနည်းအရက်များများပြားလှသည်။ အရက်ဈေးများကို အမျိုးအစား ခွဲခြားကြည့်လျှင် လူတန်းစားမရွေးသောက်နိုင်သည်။ အခြေခံလူတန်းစားများ အတွက် တစ်ပုလင်းလျှင် ရာဂဏန်းမျှသာ ရှိသော တန်ဖိုးနည်းအရက်များ၊ လူလတ်တန်းစားများ အတွက် တစ်ပုလင်းလျှင် ထောင်ဂဏန်း၊ သောင်းဂဏန်းရှိသော တန်ဖိုးမျှတအရက်ပုလင်းများ၊ ဒါ့အပြင်ဘီယာများ၊ လူကုံထံများ အတွက် တစ်ပုလင်းလျှင် သိန်းဂဏန်းရှိသော တန်ဖိုးကြီး အရက်များဟူ၍ လူတန်းစား မရွေး သောက်သုံးနိုင်အောင်များပြားလှသည်။ အရက်၊ ဘီယာများကို တရားဝင်တင်သွင်းခွင့်ပေးထားသော လိုင်စင်ကလည်း သောင်းဂဏန်းလောက်ရှိသည်။ ထိုကဲ့သို့ တရားဝင်တင်သွင်းခွင့်ပေးထားသော်လည်း တရားမဝင်ခိုးသွင်းသူများကလည်းရှိသေးသည်။ ထို့အပြင် ကျွန်တော်တို့နိုင်ငံက ယခုနောက်ပိုင်းတွင် ကမ္ဘာ့အဆင့်အားကစားပြိုင်ပွဲများတွင် ဆုတံဆိပ်များ မရရှိပေမယ့် အရက်၊ ဘီယာများတွင်တော့ ရွှေ၊ ငွေ၊ ကြေးမည်သည့်တံဆိပ်မှ ပြေးမလွတ်ပေ။ ဒီကမ္ဘာ့အဆင့်များဖြင့် ကျွန်တော်တို့မှာ ကြဲဖန်ဂုဏ်ယူရမလိုဖြစ်နေသည်။

မြန်မာပြည်တွင် အရက်စတင်ရောက်ရှိလာသည်မှာ တပင်ရွှေထီးလက်ထက်ဖြစ်မည်ထင်သည်။ ပေါ်တူဂီနိုင်ငံသားက မားကက်တင်းဆင်းသွားလို့ ယနေ့အချိန်ထိ အရက်သည် မြန်မာပြည်တွင် တင်ကျန်နေခဲ့သည်။ အရက်မရှိခင်ကတော့ မြန်မာနိုင်ငံတွင် ထန်းရည်ကဲ့သို့ မူးယစ်စေသော အရည်များရှိလိမ့်မည်။ သို့သော် ပေါ်တူဂီနိုင်ငံသားကမြန်မာဘုရင်တပင်ရွှေထီးကို မားကက်တင်းဆင်းပြီး အရက်ဆက်သလိုက်မှ မြန်မာပြည်တွင် အရက်ရောက်ရှိလာခြင်းဖြစ်လိမ့်မည်ထင်သည်။ ယနေ့မြန်မာနိုင်ငံတွင် အရက်၊ ဘီယာသည်နေရာတကာသို့ဝင်ဆံ့နေပြီဖြစ်သည်။ အချို့မင်္ဂလာဆောင်များ၊ အချို့မွေးနေ့ညှော်ခံပွဲများ၊အချို့ညစာစားပွဲများတွင် အရက်၊ ဘီယာမပါလျှင် မပြီးသလိုဖြစ်နေသည်။ ထိုမျှသာမက အချို့အလှူများတွင် ကူညီလုပ်ကိုင်ပေးသူများကို အရက်၊ ဘီယာတိုက်ရသည်ကိုလည်း ကြားရသည်။

စာမျက်နှာ(၃၂)သို့

Business
7DAY NEWS JOURNAL
Vol.12, No.38 • NOVEMBER 27 , 2013



မြန်မာ့ကမ်းလွန်ရေနံလုပ်ကွက်တစ်နေရာ MYANMAR-OILGAS.COM

# မြန်မာ့ကမ်းလွန်ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ကွက် လေလံပွဲမှ ကုမ္ပဏီ ၂၀ နုတ်ထွက်

**ခင်မေဇော်**

မြန်မာ့ကမ်းလွန်ရေနံနှင့် သဘာဝဓာတ်ငွေ့လေလံနောက်ဆုံးအဆင့်တွင် ကုမ္ပဏီ ၂၀ နုတ်ထွက်သွားကြောင်း စွမ်းအင်ဝန်ကြီးဌာန အကြီးတန်းအရာရှိတစ်ဦးက ပြောသည်။

ကုမ္ပဏီ ၆၁ ခု လေလံဆွဲခွင့်ရထားသော်လည်း ၄၀ ခန့်ကသာ နိုဝင်ဘာ ၁၅ ရက်နောက်ဆုံးရက်အမီ လျှောက်ထားကြကြောင်း အဆိုပါအရာရှိက ပြောသည်။ ကုမ္ပဏီများ၏အမည်ကို ထုတ်ဖော်ပြောဆိုရန်ကိုမူ ငြင်းဆိုခဲ့ကြောင်း ရိုက်တာသတင်းတွင် ဖော်ပြထားသည်။

မီဒီယာကို ပြောဆိုခွင့်မရှိသဖြင့် အဆိုပါအရာရှိက "လုပ်ငန်းစဉ်များကို ဆက်လက်လုပ်ဆောင်နေပါတယ်"ဟု ဆိုသည်။

ရေတိမ်ပိုင်းလုပ်ကွက် ၁၁ ခုနှင့် ရေနက်ပိုင်းလုပ်ကွက် ၁၉ ခု အတွက် မြန်မာက တင်ဒါခေါ်ယူထားခြင်းဖြစ်သည်။ ရေတိမ်တွင် လုပ်ခွင့်ရမည့်သူများက ပြည်တွင်းကုမ္ပဏီနှင့် ဖက်စပ်လုပ်ကိုင်ရမည်ဖြစ်သော်လည်း ရေနက်ပိုင်းလုပ်ကွက်များကိုမူ ပြည်တွင်းကုမ္ပဏီအနည်းငယ်ကသာ အတွေ့အကြုံရှိကြသည့်အတွက် နိုင်ငံခြားကုမ္ပဏီများက ရာနှုန်းပြည့် ရင်းနှီးလုပ်ကိုင်ခွင့်ရမည် ဖြစ်သည်။

ပြီးခဲ့သည့် ဧပြီလက ပထမအဆင့်လေလံတင်ကြသည့် ကုမ္ပဏီ ၇၉ ခုထဲတွင် Royal Dutch Shell Plc, Chevron Corp, Conoco Phillips, Exxon Mobil Corp, France's Total SA, Thailand's PTT Exploration and Production PLC (PTTEP) နှင့် Malaysia's Petroliam Nasional BHD (Petronas)တို့လည်း ပါဝင်သည်။

Total, PTTEP နှင့် Petronas တို့သည် မြန်မာနိုင်ငံတွင် အတွေ့အကြုံနှင့် အခြေခံအဆောက်အအုံများရှိနေပြီဖြစ်သောကြောင့် အခြားကုမ္ပဏီသစ်များနှင့်ယှဉ်လျှင် ပို၍အခြေအနေကောင်းသည်ဟု ယူဆရကြောင်း VDB Loi ၏ အောက်တိုဘာ ၂၁ ရက် သုံးသပ်မှုက ဆိုသည်။ VDB Loi သည် မြန်မာနိုင်ငံ ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေဖော်ထုတ်ရေးတို့တွင် ရင်းနှီးမြှုပ်နှံမှုနှင့်ပတ်သက်ပြီး အဓိက အဖွဲ့ကြီးသုံးဖွဲ့ကို အကြံပြုနေသည့် ဥပဒေအကျိုးဆောင်အဖွဲ့ဖြစ်သည်။

လုပ်ခွင့်ရသူသည် မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ်ပြုလုပ်မည့် သဘာဝဝန်းကျင်လေ့လာသုံးသပ်မှုလုပ်ရန် လိုအပ်ပြီး ယင်းနောက်မှာမှ ရင်းနှီးမြှုပ်နှံမှုကော်မရှင်က နောက်ဆုံးခွင့်ပြုချက်ရမည်ဖြစ်ကြောင်း စွမ်းအင်ဝန်ကြီးဌာန၏ အကြီးတန်းအရာရှိက ပြောဆိုသည်။

ကိုးကား-Twenty firms drop out of bidding on Myanmar offshor oil blocks. Reuters, Nov 22,2013

## ပြည်တွင်းငွေလဲနှုန်း

| ယူနစ် | ဝယ် | ရောင်း | |
|---|---|---|---|
| ၁ ဒေါ်လာ (အမေရိကန်) | ၉၇၃ | ၉၈၄ | ကျပ် |
| ၁ ဒေါ်လာ (စင်ကာပူ) | ၇၇၈ | ၇၈၆ | ကျပ် |
| ၁ ယူရို (ဥရောပသမဂ္ဂ) | ၁၃၀၅ | ၁၃၂၅ | ကျပ် |
| ၁ ဘတ် (ထိုင်း) | ၃၀. ၂ | ၃၀. ၄ | ကျပ် |
| ၁ ယွမ် (တရုတ်) | ၁၆၀ | ၁၆၂ | ကျပ် |

၂၀၁၃ နိုဝင်ဘာ ၂၃ ရက် ပေါက်ဈေးနှုန်းဖြစ်သည်။

## ကမ္ဘာ့ငွေလဲနှုန်း

| | | | |
|---|---|---|---|
| ၁ ဒေါ်လာ | ၀. ၆၁၆၂ | ပေါင် | (ဗြိတိန်) |
| ၁ ဒေါ်လာ | ၀. ၇၃၇၄ | ယူရို | (ဥရောပသမဂ္ဂ) |
| ၁ ဒေါ်လာ | ၁၀၁. ၃၃ | ယန်း | (ဂျပန်) |
| ၁ ဒေါ်လာ | ၆. ၀၉၃၅ | ယွမ် | (တရုတ်) |
| ၁ ဒေါ်လာ | ၆၂. ၇၂၃ | ရူပီး | (အိန္ဒိယ) |
| ၁ ဒေါ်လာ | ၁. ၂၄၉၅ | ဒေါ်လာ | (စင်ကာပူ) |
| ၁ ဒေါ်လာ | ၁,၀၆၀. ၉၉ | ဝမ် | (ကိုရီးယား) |
| ၁ ဒေါ်လာ | ၃. ၂၁၂ | ရင်းဂစ် | (မလေးရှား) |
| ၁ ဒေါ်လာ | ၃၁. ၈၀ | ဘတ် | (ထိုင်း) |
| ၁ ဒေါ်လာ | ၁၁,၄၃၁. ၀၀ | ရူပီးယား | (အင်ဒိုနီးရှား) |
| ၁ ဒေါ်လာ | ၂၁,၀၈၀. ၀၀ | ဒေါင် | (ဗီယက်နမ်) |
| ၁ ဒေါ်လာ | ၄၃. ၈၈ | ပီဆို | (ဖိလစ်ပိုင်) |
| ၁ ဒေါ်လာ | ၇. ၇၅၂၃ | ဒေါ်လာ | (ဟောင်ကောင်) |
| ၁ ဒေါ်လာ | ၁. ၀၈၉၈ | ဒေါ်လာ | (ဩစတြေးလျ) |
| ၁ ဒေါ်လာ | ၁. ၂၂၀၁ | ဒေါ်လာ | (နယူးဇီလန်) |
| ၁ ဒေါ်လာ | ၆. ၀၉၃၅ | ဒေါ်လာ | (ကနေဒါ) |
| ၁ ဒေါ်လာ | ၃၂. ၇၃၄၅ | ရူဘယ် | (ရုရှား) |
| ၁ ဒေါ်လာ | ၃. ၆၇၂၉ | ဒိရမ် | (UAE) |

## အရေးကြီးပစ္စည်းများ ဈေးနှုန်း

| ပစ္စည်း | ယူနစ် | ဈေးနှုန်း (ကန်ဒေါ်လာ) |
|---|---|---|
| ရွှေ | အောင်စ | ၁,၂၄၃. ၅၀ |
| ရေနံစိမ်း | စည် | ၁၁၀. ၇၂ |
| ငွေ | အောင်စ | ၁၉. ၉၃ |
| ကြေးနီ | ပေါင် | ၃. ၂၃ |
| သဘာဝဓာတ်ငွေ့ | mmbtu | ၃. ၇၈ |

မှတ်ချက်။ ။ ဈေးနှုန်းအားလုံးကို ကန်ဒေါ်လာဖြင့် ဖော်ပြထားပြီး ကြေးနီဈေးနှုန်းမှာ ဆင့် (Cent) ဖြင့်ပြသည်။

၂၀၁၃ နိုဝင်ဘာ ၂၃ ရက် ကမ္ဘာ့ပေါက်ဈေးနှုန်းဖြစ်သည်။



7 DAY NEWS JOURNAL
Vol.12, No.38 • NOVEMBER 27 , 2013

# မိုးစပါးဈေးကွက်ဝင်လာသော်လည်း ဆန်ဈေးမကျနိုင်ဟု ပြည်ပတင်ပို့သူများခန့်မှန်း

**ပြည့်သိမ်း**

**ရန်ကုန်၊ နိုဝင်ဘာ-၂၅**

ပြည်တွင်းငွေလဲလှယ်ရေးဈေးကွက်တွင် အမေရိကန်ဒေါ်လာတန်ဖိုး တက်နေသေးသဖြင့် မိုးစပါးအထွက်စုံလာသော်လည်း ပြည်တွင်းဆန်ဈေး များစွာမကျဆင်းနိုင်ကြောင်း ပြည်ပသို့ဆန်တင်ပို့နေသောလုပ်ငန်းရှင်များက ပြောသည်။

"မနှစ်ကလိုတော့ ဆိုးဆိုးရွားရွားဈေးကျတာမျိုးမဖြစ်နိုင်ဘူး" ဟု ပြည်ပသို့ဆန်တင်ပို့နေသော လုပ်ငန်းရှင် ဦးမျိုးသူရအေးက ပြောသည်။

ယခင်နှစ်မိုးစပါးပေါ်စတွင် အမေရိကန်ဒေါ်လာနှင့် ကျပ်ငွေလဲနှုန်းမှာ တစ်ဒေါ်လာလျှင်ကျပ် ၈၄၀ ဝန်းကျင် ရှိသော်လည်း ယခုရက်ပိုင်းတွင် တစ်ဒေါ်လာလျှင် ကျပ် ၉၇၀ ဝန်းကျင်ရှိနေသည်။ ပြည်ပဈေးကွက်တွင် မြန်မာဆန်ဈေးမှာ ယခင်နှစ်ဈေးနှုန်းနီးပါးအတိုင်းပင် ၂၅ မှတ် (အကျိုးအကြေ ၂၅ ရာခိုင်နှုန်း)တစ်တန်လျှင် FOB ကန်ဒေါ်လာ ၃၁၅ မှ ၃၂၀ ကြားရှိနေသည်။

"လောလောဆယ်တော့ နိုင်ငံခြားဈေးကကျနေတယ်။ ဒါကတော့ ကာလတိုပဲ"ဟုမြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ အထွေထွေအတွင်းရေးမှူး ဦးရဲမင်းအောင်ကဆိုသည်။

လက်ရှိမြန်မာ့ဆန်ကိုပြည်ပသို့တင်ပို့ရာတွင် တရုတ်နိုင်ငံကိုသာ နယ်စပ်ကုန်သွယ်ရေးဖြင့် အများဆုံးတင်ပို့နေသည်။ တရုတ်ဈေးကွက်တွင် ဝယ်ယူမှုအားကောင်းသော်လည်း တရုတ်သို့သာ အဓိကထားတင်ပို့နေကြသဖြင့် နိုဝင်ဘာလလယ်တွင် ဆန်တစ်အိတ်လျှင် ငါးယွမ်ခန့်ဈေးကျလာသည်။

"တရုတ်ငွေဈေးကလည်း တက်သလို အဝင်များတော့ဈေးကျတာ"ဟု မူဆယ်မှ ဆန်ကုန်သည်တစ်ဦးကဆိုသည်။

တရုတ်နှင့်မြန်မာငွေလဲနှုန်းမှာနိုဝင်ဘာ ၂၅ ရက်တွင် ကျပ်ငွေတစ်ထောင်လျှင် ယွမ်ငွေ ၆ ဒသမ ၁၇ ရှိသည်။ ယခုနှစ်တွင်လည်း တရုတ်နိုင်ငံသည် မြန်မာ့ဆန်၏ အဓိက ပြည်ပဈေးကွက်တစ်ခုအဖြစ် ဆက်လက်ရှိနေဦးမည်ဟု ပြည်ပဆန်တင်ပို့နေသည့် လုပ်ငန်းရှင်များက ရှင်းပြသည်။



ခြွေလှေ့ပြီးစပါးများ ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

ပင်လယ်ရေကြောင်းကုန်သွယ်ရေးဖြင့်ပြည်ပသို့တင်ပို့မှုမှာ ဇန်နဝါရီလလယ်ပိုင်းမှစတင်၍ ပြည်ပသို့တင်ပို့နိုင်မည်ဟု မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ သတင်းရရှိသည်။




# ပြည်တွင်းရေနံနှင့် သဘာဝဓာတ်ငွေ့ တူးဖော်ရေးကုမ္ပဏီသုံးခု ထပ်မံခွင့်ပြု

**အိဖြူမွန်**

**ရန်ကုန်၊ နိုဝင်ဘာ-၂၆**

ကုန်းတွင်းနှင့် ကမ်းလွန်ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ကွက်များတွင်ပြည်ပကုမ္ပဏီများနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ရန် ပြည်တွင်းကုမ္ပဏီသုံးခုကိုနိုဝင်ဘာ ၂၂ ရက်က ထပ်မံခွင့်ပြုပေးခဲ့ကြောင်း စွမ်းအင်ဝန်ကြီးဌာနမှ သတင်းရရှိသည်။

ယခုနှစ်အတွင်း ပြည်တွင်းစွမ်းအင်နှင့် သဘာဝဓာတ်ငွေ့ ကုမ္ပဏီများ တည်ထောင်ခွင့်ကို စွမ်းအင်ဝန်ကြီးဌာနက ဆက်တိုက်ခွင့်ပြုခဲ့ရာ ယခုအခါ ပြည်တွင်းစွမ်းအင်နှင့် သဘာဝဓာတ်ငွေ့ကုမ္ပဏီစုစုပေါင်း ၁၆၀ ရှိလာပြီဖြစ်သည်။

ယခင်က ရေနံနှင့် သဘာဝဓာတ်ငွေ့တူးဖော်ရေးလုပ်ငန်းများ အကျိုးတူလုပ်ကိုင်ရန် ပြည်တွင်းကုမ္ပဏီ ၁၄၉ ခုရှိရာစက်တင်ဘာ ၂ ရက်က ကုမ္ပဏီငါးခု ထပ်တိုးခွင့်ပြုခဲ့ပြီး အောက်တိုဘာ ၁၇ ရက်တွင် ကုမ္ပဏီသုံးခုကို ထပ်မံခွင့်ပြုခဲ့ကာ နိုဝင်ဘာ ၂၂ ရက်တွင် သုံးခုထပ်မံခွင့်ပြုခဲ့ခြင်းဖြစ်သည်။

ထပ်မံခွင့်ပြုလိုက်သည့် ကုမ္ပဏီမှာ ကျော်ဆန်းကုမ္ပဏီလီမိတက်၊ Consolidated Engineering & Construction ကုမ္ပဏီလီမိတက်နှင့် Valentis Resources ကုမ္ပဏီလီမိတက်တို့ဖြစ်သည်။

လက်ရှိတွင် ကုန်းတွင်းလုပ်ကွက် ၁၆ ကွက် တင်ဒါအောင်နိုင်ငံခြား ကုမ္ပဏီများနှင့် လုပ်ကိုင်ခွင့်ရသည့်ပြည်တွင်းကုမ္ပဏီ ကိုးခု ရွေးချယ်ခဲ့သည်။ ကုန်းတွင်းလုပ်ကွက် ၁၆ ကွက်အတွက်ပြည်တွင်းကုမ္ပဏီများကို ရွေးချယ်ပြီးဖြစ်သော်လည်း ကမ်းလွန်လုပ်ကွက်များအတွက် ရွေးချယ်ရန် ကျန်ရှိနေသေးသည်။

ပြည်တွင်းကုမ္ပဏီနှင့် ပူးပေါင်းလုပ်ကိုင်ရန် ကျန်ရှိသည့် ကမ်းလွန်ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ကွက် ၃၀ တွင် ရေနက်ပိုင်းလုပ်ကွက် ၁၉ ခုပါဝင်ပြီး ရေတိမ်ပိုင်းလုပ်ကွက် ၁၁ ကွက်ပါဝင်သည်။ ရေတိမ်ပိုင်းလုပ်ကွက်များလုပ်ကိုင်ရာတွင် မြန်မာနိုင်ငံသားပိုင်ကုမ္ပဏီနှင့် ပူးတွဲလုပ်ဆောင်ရမည်ဖြစ်ပြီး ရေနက်ပိုင်းလုပ်ကွက်မှာ ပူးတွဲလုပ်ဆောင်စရာ မလိုအပ်ဟု စွမ်းအင်ဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။

မြန်မာနိုင်ငံတွင် ပြည်ပ ရင်းနှီးမြှုပ်နှံမှုများနှင့် ပူးပေါင်းလုပ်ကိုင်လျက်ရှိသည့် ကုန်းတွင်းလုပ်ကွက် ၅၃ ကွက်၊ ကမ်းလွန်လုပ်ကွက် ၄၈ ကွက်ရှိကြောင်း စွမ်းအင်ဝန်ကြီးဌာနမှ တရားဝင်ထုတ်ပြန်ထားသည်။

7 DAY NEWS JOURNAL
Vol.12, No.38 • NOVEMBER 27 , 2013



# အီရန်နျူကလီးယားပိုင်သွားလျှင် ဂျော့ချ်၊ ဒဗလျူ၊ ဘုရှ်ကို အပြစ်တင်လိုက်ပါ

ကြည်နေဝင်းမင်း



အမေရိကန်နှင့် အီရန်ညှိနှိုင်းရေးမှူးများသည် ယမန်နေ့ကစ၍ အီရန်နျူကလီးယားအစီအစဉ်အပေါ် သဘောတူညီမှုရရှိရန် ဂျီနီဗာမြို့တွင် ဒုတိယအကျော့ဆွေးနွေးပွဲများ လုပ်နေကြသည်။

ထိုကဲ့သို့သော သဘောတူညီချက်သာ လက်မှတ်ရေးထိုးနိုင်ခဲ့ပါက အီရန်အတွက် အောင်ပွဲဖြစ်ပြီး အမေရိကန်နိုင်ငံ၏ ရှုံးနိမ့်မှုဖြစ်ပါလိမ့်မည်။ ယင်းတွင် အီရန်နိုင်ငံသားများသည် ၎င်းတို့၏နျူကလီးယားအစီအစဉ်ကိုဆက်လက်ထားရှိပြီး ယူရေနီယမ်သန့်စင်မှု ဆက်လုပ်ပါလိမ့်မည်။ ထိုအတောအတွင်းမှာပင် အမေရိကန်နှင့် ၎င်း၏မဟာမိတ်များက အီရန်အပေါ် စီးပွားရေးအရစီးနင်းမှုကို လျှော့ပေးပြီး အီရန်ထိပ်သီးခေါင်းဆောင် အယာတိုလာအလီခါမေနီက သူထင်သလို အုပ်ချုပ်သော အစိုးရကို ဆက်ထိန်းကျောင်းနိုင်ရေး လိုအပ်သော စီးပွားရေးအောက်ဆီဂျင်ကို ရရှိသွားစေပါမည်။

မှန်ပါသည်။ အီရန်၏နျူကလီးယားဗုံးထုတ်လုပ်ရေးကို နှေးကွေးသွားစေပါလိမ့်မည်။ သို့သော် သဘောတူညီမှုတစ်ရပ်ဆိုသည်မှာ တစ်နေ့နေ့ တစ်ချိန်ချိန်တွင် နောက်ဆုံးစည်းကျော်ဖြတ်ရေး အာမခံရှိနေစေပါမည်။ ဂျီနီဗာမြို့စိတ်အခံမှာ ဒုတိယကမ္ဘာစစ်မတိုင်မီ ဂျာမနီမြူးနစ်မြို့စိတ်အခံနှင့် ဆင်တူပါသည်။ "ငါတို့လက်ထက် နျူကလီးယားပိုင် အီရန်အတွက် လမ်းခင်းပေးရင်း ငါတို့လက်ထက်ငြိမ်းချမ်းရေး"ဆိုသော ပုံရိပ်အတုအယောင်ဖြစ်ပေါ်လာစေပါလိမ့်မည်။

သို့သော်လည်း သည်အတွက် သမ္မတအိုဘားမားကိုအပြစ်မတင်ပါနှင့်။ အမေရိကန်၏ရှုံးနိမ့်မှုက ၎င်းသမ္မတမဖြစ်မီ ကြာမြင့်သော အချိန်ကပင် စတင်အသက်ဝင်လာခြင်းဖြစ်သည်။

အမေရိကန်သမ္မတသုံးဦး၊ အစ္စရေးဝန်ကြီးချုပ်လေးဦးနှင့် ဥရောပခေါင်းဆောင်တစ်ဒါဇင်ခန့်က ဘယ်တော့မှဖြစ်လာမှာမဟုတ်ဟု ကြုံးဝါးခဲ့ကြသောကိစ္စအမှန်တကယ်ပင်ဖြစ်ပေါ်လာနေပါသည်။ မဖြစ်သင့်ခဲ့သောအရာမှာ အစစ်အမှန်ဖြစ်လာပါတော့မည်။ အီရန်လက်သို့ နျူကလီးယားဗုံးရောက်လုနေပါပြီ။

အဘယ်ကြောင့်များ အနောက်နိုင်ငံများအနေဖြင့် ၎င်းတို့၏ နိုင်ငံရေး၊ စီးပွားရေးနှင့် စစ်ရေးအရင်းအမြစ်များကို အသုံးချ၍ အီရန်အား နျူကလီးယားရည်ရွယ်ချက်စွန့်လွှတ်ရေး အချိန်မီမလုပ်ဆောင်နိုင်ခဲ့ကြပါသနည်း။ အဖြေမှာ စာလုံးပေါင်းအမှားဟု ဆိုချင်ဆိုနိုင်ပါသည်။

၉/၁၁ တိုက်ခိုက်ခံရမှုဖြစ်ပေါ်ပြီးနောက် အမေရိကန်ပြည်ထောင်စုက တန်ပြန်တိုက်ခိုက်ရန် စိတ်ပိုင်းဖြတ်ထားခဲ့သည်။ အကြမ်းဖက်သမားများ၏ လွတ်မြောက်နယ်မြေကို ဖျက်ဆီးပစ်ပြီး သူ၏အင်အားကြီးမှုကို ပြသလိုခဲ့သည်။ ဤအရာများအားလုံးကို လုပ်ဆောင်ရန် ဂျော့ချ်၊ ဒဗလျူ ဘုရှ်က အာဖဂန်နစ္စတန်နှင့် အီရတ်နိုင်ငံတို့ကို ရွေးချယ်ခဲ့သည်။ အာဖဂန်နစ္စတန်မှာ မှားယွင်းမှုတစ်ခုဖြစ်ကောင်းဖြစ်နိုင်ပါသည်။ သို့သော်နားလည်ခွင့်လွှတ်ပေးနိုင်စရာဖြစ်သည်။ အကြောင်းမှာ အယ်လ်ကိုင်ဒါအဖွဲ့မှာ တာလီဘန်တို့၏ ထောက်ခံမှုရရှိထားပြီး တာလီဘန်တို့ထိန်းချုပ်ထားသော ဒေသတွင် ခိုလှုံခွင့်ရရှိနေခဲ့ခြင်းကြောင့် ဖြစ်သည်။

သို့သော်လည်း အီရတ်ကို ကျူးကျော်ခြင်းမှာ မည်သို့မျှစဉ်းစားတွေးခေါ် ယူ၍မရသောအမှားဖြစ်သည်။ ၂၀၀၁ စက်တင်ဘာတွင် နယူးယောက်နှင့် ဝါရှင်တန်ကိုတိုက်ခိုက်ခဲ့သော အကြမ်းဖက်သမား ၁၉ ဦးနှင့် ဆက်ဒမ်ဟူစိန်ကြား ဆက်စပ်မှုမရှိခဲ့၍ဖြစ်သည်။

အကယ်၍များသာ မစ္စတာဘုရှ်က လွန်ခဲ့သော ၁၀ နှစ်က အီရတ်အပေါ် စစ်ပွဲဆင်နွှဲမည့်အစား အီရန်အပေါ် သံတမန်ရေးစစ်ဆင်ရေးတစ်ရပ် ဆင်နွှဲပြီး အမေရိကန်၏ ခေါင်းဆောင်မှုနှင့် အင်အားကိုပြသရန် ဆုံးဖြတ်ခဲ့လျှင် ယနေ့ချိန်ခါတွင် အမေရိကန်နိုင်ငံ၏ နိုင်ငံတကာရပ်တည်ချက်မှာ ပိုမိုကြီးကျယ်နေပါလိမ့်မည်။

အီရန်ထက် အီရတ်ကို ကိုင်တွယ်ရန် ဘုရှ်အစိုးရ၏ ဆုံးဖြတ်ချက်မှာ အကြီးအကျယ်ထိခိုက်ခဲ့ပြီး ရေရှည်အကျိုးဆက်များမှာ ယခုအချိန်မှပင် ရှင်းလင်းစွာဖြစ်လာခဲ့သည်။ တိတိပပဆိုရလျှင် အီရန်ကို နျူကလီးယားတားဆီးရေး အမေရိကန်၏ ကြေကွဲစရာရှုံးနိမ့်မှုကို နက်ရှိုင်းစွာချို့ယွင်းနေသော သဘောတူညီချက်ကို လက်မှတ်ထိုးရန် အမေရိကန်၏ စိတ်အားထက်သန်နေမှုတွင် ရောင်ပြန်ဟပ်နေခြင်းဖြစ်သည်။

ယခုပေါ်ထွက်လာသောဘေးအန္တရာယ်အတွက် မစ္စတာဘုရှ်၏ တာဝန်ရှိမှုမှာ နှစ်ထပ်နှစ်လွှာဖြစ်သည်။ လွန်ခဲ့သော ဆယ်နှစ်တာ အီရန်ကို ပစ်မှတ်ထားရန် ပျက်ကွက်ခြင်းနှင့် ယနေ့ချိန်ခါတွင် အီရန်ကို ပစ်မှတ်ထားရန် အလွန်ခက်ခဲသွားစေသော ပတ်ဝန်းကျင်ဖန်တီးခဲ့ခြင်းဖြစ်သည်။

အီရန်နိုင်ငံအားနည်းနေစဉ် ၎င်းတို့အပေါ် ဘုရှ်အစိုးရက နိုင်ငံရေး၊ စီးပွားရေး စီးနင်းမှု မစတင်ခဲ့သလို အကျိုးမရှိသော စစ်ပွဲတွင် နိုင်ငံ၏ စီးပွားရေးနှင့် စစ်ရေးအင်အားကို ဖြုန်းတီးပစ်ပြီး အမေရိကန်နိုင်ငံကို အားနည်းသွားစေခဲ့ခြင်းဖြစ်သည်။ စစ်မှန်သော ကမ္ဘာလုံးဆိုင်ရာ ခြိမ်းခြောက်မှုကို ပယ်ရှားရေး အမေရိကန်၏ စိတ်ပိုင်းဖြတ်မှုလိုအပ်ချိန်တွင် ယင်းအတွက်လိုအပ်သော စိတ်ပိုင်းဖြတ်မှုမရှိတော့။ မှားယွင်းခဲ့သောကိစ္စရပ်အပေါ် သုံးစွဲပြီးသားဖြစ်နေသည်။

အီရန်ခြိမ်းခြောက်မှုကို ရင်ဆိုင်ရေး မှန်ကန်သော နည်းလမ်းမှာ ရုရှား၊ အီးယူ၊ ဆွန်နီအာရပ်နိုင်ငံများ၊ အစ္စရေးနှင့် အမေရိကန်နိုင်ငံ အပါအဝင် ကျယ်ပြန့်သော မဟာမိတ်အဖွဲ့ ထူထောင်ရေးဖြစ်သည်။ ယင်းမှနေ၍ အီရန်ခေါင်းဆောင်များကို အမှန်တကယ်ကြိုးကွင်းစွပ်ထားသော အနေအထားရောက်ရှိစေကာ ၂၀၀၃ ခုနှစ်တွင် လစ်ဗျားတွင်ဖြစ်ခဲ့သလို နျူကလီးယားအစီအစဉ်စွန့်လွှတ်ရခြင်းမျိုးဖြစ်သည်။

ရီပက်ဘလေကန်ပါတီက ၂၀၀၃၊ ၂၀၀၅ နှင့် ၂၀၀၇ ခုနှစ်များတွင် ယင်းသို့ လုပ်ဆောင်နိုင်ခဲ့သည်။ သို့သော် ရီပက်ဘလေကန်ခေါင်းဆောင်များက အခွင့်အရေးကို ဖြုန်းတီးပစ်ခဲ့သည်။ ထို့ထက် ပိုဆိုးသည်မှာ အမေရိကန်မှာ အီရတ်နှင့် အာဖဂန်နစ္စတန်နိုင်ငံတို့တွင် လုံးပန်းနေခဲ့ရပြီး အင်အားကုန်ခန်းသွားခဲ့သည်။ မစ္စတာဘုရှ်က မစ္စတာအိုဘားမားထံ လွှဲပြောင်းပေးအပ်ချိန်တွင် နိုင်ငံမှာ တစ်ချိန်က ပိုင်ဆိုင်ခဲ့သော စိတ်ပိုင်းဖြတ်မှု အများအပြား ဆုံးရှုံးသွားခဲ့ပြီဖြစ်သည်။

ကမ္ဘာ့ငြိမ်းချမ်းရေးအပေါ် အမှန်တကယ် ခြိမ်းခြောက်မှုနှင့် ရင်ဆိုင်ရချိန်တွင် အမေရိကန်မှာ အားအင်ကုန်ခန်းနေပြီဖြစ်သည်။ ဘဂ္ဂဒက်နှင့် ကဘူးလ် သွေးထွက်သံယိုလမ်းမများပေါ် အငွေ့ပျံလွင့်ပြယ်သွားပြီဖြစ်သည်။

မစ္စတာအိုဘားမားလည်း အမှားများ ကျူးလွန်ခဲ့ပါသည်။ သမ္မတဖြစ်လာပြီးချိန်တွင် အချည်းနှီးဖြစ်သော ထိတွေ့ဆက်ဆံရေးမူဝါဒနှင့် ထိထိရောက်ရောက်မရှိသော တားဆီးပိတ်ဆို့ရေးအစီအစဉ်များဖြင့် အချိန်ဖြုန်းခဲ့သည်။ အိုဘားမားမှာ နံ့နံ့အအဖြစ်နေကြောင်းဗြိတိန်၊ ပြင်သစ်၊ အစ္စရေး၊ အီဂျစ်နှင့်ဆော်ဒီနိုင်ငံသားများက ၎င်းကို သတိပေးနေခြင်းများကို လျစ်လျူရှုပြီး ၂၀၀၉ ခုနှစ် ဇွန်လက လွတ်လပ်မှုရှာဖွေသော အီရန်လူထုကိုလည်း ကျောခိုင်းနေခဲ့သည်။ နောက်ပိတ်ဆုံး ၂၀၁၁၊ ၂၀၁၂ ခုနှစ်များတွင် တွန်းတွန်းတိုက်တိုက် သံတမန်ရေးနှင့် ဒဏ်ခတ်အပြစ်ပေးပိတ်ဆို့မှုများ အိုဘားမားကစတင်ချိန်တွင်ယင်းမှာ အလွန်နောက်ကျ၊ အလွန်ကျဉ်းမြောင်းသွားပြီဖြစ်သည်။

တစ်နည်းပြောရလျှင်လည်း မစ္စတာအိုဘားမားမှာ ၎င်းအမွေဆက်ခံခဲ့ရသော မဟာဗျူဟာမြောက် ဘေးဒုက္ခမီးခိုးများအူနေသော အပျက်အစီးများကြား လှုပ်ရှားရခြင်းဖြစ်သည်။

အီရတ်စစ်ပွဲ အပြီးတွင် အမေရိကန်မှာစိတ်ဒဏ်ရာရထားသော နိုင်ငံဖြစ်သွားခဲ့သည်။ အရှေ့အလယ်ပိုင်းမှပြဿနာများအတွက် အာရုံစိုက်နိုင်စွမ်းရည်တိုတောင်းသွားသည်။ ကမ္ဘာကြီး၏ အရက်စက်ဆုံးဒေသမှ အန္တရာယ်အရှိဆုံးအကြောင်းအရာကို ကိုင်တွယ်ရေးအတွက် မောပန်းနွမ်းနယ်နေသော အင်ပါယာမှာ လိုအပ်သော စိတ်အားထက်သန်မှုနှင့် အမြော်အမြင် ဆုံးရှုံးသွားခဲ့ပြီဖြစ်သည်။

—*Ref: How Bush Iran Let Go Nuclear*

7 DAY NEWS JOURNAL
Vol.12, No.38 • NOVEMBER 27 , 2013

# 7DAY BOOK REVIEW







## ချင်းတွင်း မဲဇာကတ္တီပါ အစိမ်း
(နေဝင်းမြင့်)

စာရေးသူ နေဝင်းမြင့်၏ ချင်းတွင်း မဲဇာကတ္တီပါ အစိမ်းဟူသော ခရီးသွားရသစာတမ်းများ ထွက်ရှိလာသည်။ ဒေသန္တရအတွေ့အကြုံများကို ရသနှင့် ရက်ဖောက်လိုက်သောအခါ လှပသောခရီးများဖြစ်လာကြသည်။ ထိုခရီးကိုပင် သမိုင်း၏ပုံရိပ်များနှင့် တွဲစပ်လိုက်သောအခါ ခရီးသွားဆောင်းပါးများသည် သာမန်ဆောင်းပါးမျှသာ မဟုတ်တော့ဘဲ ရသအဖွဲ့နှင့် သမိုင်းပုံရိပ်ထင်ဟပ်ချက်များပါသော ပန်းချီကားတစ်ချပ်သဖွယ် ဖြစ်လာတော့သည်။

"သည်နေရာ၌ စကားရွှေစက်၊ ပုန်းညက်ရွှေလှော်၊ ကံ့ကော်ရွှေသွေး၊ မုလေးရွှေပြုံး၊ ကြက်ရုံးရွှေသား၊ ချယားရွှေဝါ၊ ဇလတ္တာ ရွှေပေါက်၊ ပိတောက်ရွှေသင်း၊ အင်ကြင်းရွှေထူ၊ ပျဉ်းဖြူရွှေရောင်မရှို၊ လျှံမောင်း လျှံမောင်း၊ ဆန်လေညောင်းနှင့် တပေါင်းတံဆိပ်ထိုး သစ်ရွက်တွေသာ ရှိသည်။ အတန်ငယ် ကျယ်ပြန့်သော အုတ်ခုံပေါ် မှာ တမာရွက်ခြောက်၊ ထနောင်းရွက်ခြောက်၊ ကုက္ကိုရွက်ခြောက်တွေ သောသောထနေသည်။ အဆင့်သုံးဆင့်တပ်ထားသော အုတ်ခုံ ကလေးပေါ် တက်လိုက်သည့်အခါ အထိမ်းအမှတ် ကျောက်စာတိုင်မြင့်မြင့် ရှေ့ကိုရောက်လာခဲ့ကြသည်။ သည်ကျောက်စာတိုင်နှင့် မနီးမဝေး နောက်နားဆီမှာ ထနောင်းပင်ဝါဝါကြီးတစ်ပင်ရှိသည်။ တစ်ဖက်ထောင့်မှာတော့ မန်ကျည်းပင်တစ်ပင် ရှိနေကာ သချိုင်းစောင့်လို မိုးမိုးမတ်မတ်ကြီးတောင့်နေလေသည်။ မန်ကျည်းပင်က ရွက်ကြမ်းထိုးဆဲ ဖြစ်သော်လည်း ထနောင်းပင်ကတော့ ရွက်နုစိမ်းတွေ သိပ်သပ်သည်းသည်းရှိနေ၏" ဟု ဆရာဦးသိန်းဖေမြင့် အထိမ်းအမှတ် ကျောက်စာတိုင်ရှိရာဝန်းကျင်ကို စာအုပ်တစ်နေရာတွင် ရေးဖွဲ့ပြသည်။ အဖွဲ့အနွဲ့များဖြင့် ရေးသားထားသော ခရီးသွားရသစာတမ်း နှစ်ပုဒ်ကို စုစည်း၍ မူဝံစာအုပ်တိုက်က ထုတ်ဝေဖြန့်ချိပြီး တန်ဖိုးကျပ် ၁,၅၀၀ ဖြစ်သည်။

## တစ်သက်တစ်ကျွန်း
(မိုးသက်ဟန်၊ ပျိုးလက်ဟန်)

"တစ်ခါတလေများစွာမှာ ကျွန်မတို့ဟာ ကိုယ့်အရိပ်နဲ့တောင် ကိုယ်ရန်ဖြစ်ချင်နေတယ်။ လူ့အဖွဲ့အစည်းထဲမှာ သဟဇာတဖြစ်ချင်ရင် လိုက်ကိုလိုက်နာရမယ့်အရာတွေကို စိတ်ကုန်စိတ်ပျက်မိတဲ့အခါတွေမှာ "အိုကေ . . ဒါဆိုရင်တော့မင်းသတ္တိရှိရမယ်" လို့ ကိုယ့်ကိုယ်ကိုယ် ပြန်အားပေးရင်း ဆက်နေဖြစ်တယ်။ ကျွန်မတို့ လေးလံနစ်မြုပ်စေမယ့် အတိတ်တွေကို တဖြည်းဖြည်းပစ်ချရင်း ဖြစ်လာတာတွေက ဝတ္ထုတိုအနည်းအကျဉ်းပါပဲ။ တစ်ရက်မှာ တွေးမိတယ်။ တစ်ယောက်တည်း ကျွန်းတစ်ကျွန်းမှာဆိုရင်ရော။ သေချာတာကတော့ အဲဒီလိုနေ့ကို ကျွန်မ ဒီအချိုးနဲ့ဆိုကြုံကိုကြုံရမှာ။ ကိုယ့်အချိုးကိုလည်း ကိုယ်မပြင်နိုင်တော့ 'ကဲ တစ်ကျွန်း သွားဖို့သာပြင်ပေတော့' ကျွန်းပေါ် မသွားခင် ကျွန်မစာလေးပေလေး ချန်ခဲ့ပါမယ်" ဟု အမှာစာတွင် စာရေးသူပျိုးလက်ဟန်က ရေးသားက မိုးသက်ဟန်နှင့် ပျိုးလက်ဟန်တို့နှစ်ဦး၏ အရေးအသားများစုစည်းမှုကိုတစ်သက်တစ်ကျွန်းအမည်ဖြင့် စာအုပ် ထွက်ရှိလာသည်။

စာအုပ်တွင် ဝတ္ထုတိုနှင့် အက်ဆေးစုစုပေါင်း ၁၅ ပုဒ်ပါဝင်သည်။ "တစ်ခုသော မနက်ခင်းမှာ ကျွန်တော့် ဦးခေါင်းထက် ဦးချိုချွန်ချွန်ပေါက်လို့ နေခဲ့တယ်။ မနက်ခင်းသွားတိုက်ရင်း မှန်အကြည့်မှာ ဟောဒီ မသတီစရာ ဦးချိုကြီးကို တွေ့လိုက်ရတာပါ" ဟူသော သမားရိုးကျ သရုပ်မှန်ဝတ္ထုတိုများ၊ အဖွဲ့အနွဲ့ အရေးအသားများမှ ခွဲထွက်ကာ ခေတ်ပေါ် ရေးဟန်များနှင့် ရေးဖွဲ့ထားသော အသွင်သစ်အရေးအသားများကို ဖတ်ရှုခံစားနိုင်မည်ဖြစ်သည်။ လူငယ်စာရေးဆရာများ ဖြစ်၍ ရိုးရှင်းသော၊ ပွင့်လင်းသော ရေးဟန်များကိုတွေ့မြင်ခံစားနိုင်မည်ဖြစ်သည်။ ပင်လယ်သစ်စာပေက တန်ဖိုး ၁,၈၀၀ ကျပ် ဖြင့် ဖြန့်ချိသည်။

# Knowledge ဗဟုသုတ

## ထောပတ်ပင်ကို ဘယ်သူစတင်စိုက်ခဲ့တာလဲ

ထောပတ်ပင်များသည် ဘီစီ ၁၀,၀၀၀ ဝန်းကျင်ကတည်းက မက္ကဆီကိုနိုင်ငံတွင် စတင်တွေ့ရှိခဲ့ပြီး တောင်အမေရိကနှင့် အမေရိကတိုက် အလယ်ပိုင်းဒေသများ၌ ရေကရားပုံစံ ထောပတ်သီးပင်များကို အေဒီ ၉၀၀ ခန့် ကတည်းက စိုက်ပျိုးခဲ့ကြသည်ဟုဆိုသည်။ ၎င်းနောက် ၁၇၅၀ ပြည့်နှစ်တွင် အင်ဒိုနီးရှားနိုင်ငံ၌ စတင်စိုက်ပျိုးခဲ့ပြီး ၁၉ ရာစုနောက်ပိုင်း အာဖရိကနှင့် ဩစတြေးလျသို့ပါ ပျံ့နှံ့လာခဲ့သည်။

ထောပတ်ပင်များမှာ အပူပိုင်းဒေသနှင့် မြေထဲပင်လယ်အနီးတစ်ဝိုက်ဒေသများတွင် အများဆုံး စိုက်ပျိုးဖြစ်ထွန်းပြီး မက္ကဆီကိုနိုင်ငံထွက် ထောပတ်သီးများသည် ကမ္ဘာတစ်လွှားဈေးကွက်တွင် နှစ်စဉ်တန်နှင့်ချီ၍ တင်ပို့နေရသည့် ပို့ကုန်တစ်မျိုးဖြစ်လာသည်။ ယနေ့ခေတ်တွင် ထောပတ်သီးမှာ အလှကုန်ထုတ်လုပ်ရာ၊ အစားအစာချက်ပြုတ်ရာတွင် လူကြိုက်များ အသုံးတည့်သည့်သီးနှံအဖြစ် ရပ်တည်လျက်ရှိသည်။

—Ref: Wikipedia






### ARIES မိဿရာသီဖွား (မတ်၂၁-ဧပြီ၂၀)

သစ္စာမဲ့သူများနှင့် တွေ့တတ်သည်။ အခက်အခဲများနှင့် ထိပ်ထိုက်ရင်ဆိုင်ရမည်။ မှန်ကုန်သောလမ်းကြောင်းပေါ် တွင် တစ်စစမြင့်မားအောင် ဆောင်ရွက်လာရာမှ အဆုံးသတ်နောက်ဆုံးအချိန်မှ ဆုံးဖြတ်ချက်မှားယွင်းသွား၍ ကြိုးစားခဲ့သမျှ သဲထဲရေသွန်ဖြစ်မည်။အလောတကြီးဆောင်ရွက်ခြင်းမပြုရ။ စိတ်ရှည်ခြင်း၊ သည်းခံနိုင်ခြင်းနှင့်ဖြစ်ပေါ် လာသည့်အပြောင်းအလဲများကို သုံးသပ်မှုမှန်ကန်ခြင်းဖြင့် အညံ့အဆိုးများကိုကျော်လွှားနိုင်သည်။



### TAURUS ပြိဿရာသီဖွား (ဧပြီ၂၁-မေ၂၁)

ရန်အနှောင့်အယှက်များမည်။ စိတ်လိုက်မာန်ပါလုပ်လိုစိတ်များ လွှမ်းမိုးနေသည်။ ခွကလန့်ပြောဆိုခြင်း၊ စိတ်တို၊ စိတ်ဆတ်ခြင်း၊ ခန္ဓာကိုယ်အတွင်း မကောင်းဆိုးရွားပူးကပ်နေသည့်အလားထင်ရာစိုင်းလိုစိတ်နှင့် ဇွတ်တရွတ်လုပ်လိုစိတ်များ လွှမ်းမိုးနေသည်။ အထူးသဖြင့် ပျို့ရွယ်သူများအဖို့ မိသားစုနှင့် ပဋိပက္ခဖြစ်သည့်အရာများကိုမှ ရွေးချယ်လုပ်ကိုင်လိုစိတ် လွှမ်းမိုးနေသည်။



### GEMINI မေထုန်ရာသီဖွား (မေ ၂၂-ဇွန် ၂၁)

စိတ်အနှောင့်အယှက်များရှိမည်။ စိတ်ပင်ပန်း၊ လူပင်ပန်းဖြစ်မည်။ ရန်အနှောင့်အယှက်များ ဝိုင်းဝိုင်းလည်နေသည်။ မိမိအမှားကိုထောက်၍ ဘဝအခြေအနေနိမ့်ပါးသွားအောင် ချောက်တွန်းဒုက္ခပေးမည့်သူများရှိမည်။ အဓိကရန်နှစ်မျိုးနှစ်ခွနှင့် ကြုံတွေ့နေရမည်။ ပြီးပြတ်ပြီဟု ယူဆထားသည့်ပြဿနာဟောင်းတစ်ခုကိုလည်း ပြန်လည်ဖြေရှင်းရမည်။ မတော်တဆထိခိုက်မှု အန္တရာယ်ဂရုစိုက်ရမည်။ အနီ၊ အနက်တွဲမဝတ်ရ။



### CANCER ကရကဋ်ရာသီဖွား (ဇွန် ၂၂-ဇူလိုင် ၂၂)

တွေဝေဒွိဟဖြစ်ခြင်း၊ မိမိကိုယ်မိမိယုံကြည်မှုနည်းခြင်းများ မရှိသင့်။ ဆုံးဖြတ်ထားသည့်အရာအပေါ် ရှေ့တိုးဆောင်ရွက်သင့်သည်။ သူတစ်ပါးဝေဖန်မှုများအပေါ် နားမယောင်ပါနှင့်။ ကိုယ်ဆုံးဖြတ်ထားသည့်ကိစ္စအပေါ် ခိုင်မာပြတ်သားစွာဆုံးဖြတ်၍ ရှေ့တိုးဆောင်ရွက်ပါ။ ပေါ်ပေါက်လာသော အခြေအနေအကြောင်းအရာမှန်သမျှ စနစ်တကျသုံးစွဲပါ။ အကျိုးရှိမည်။ ငွေမြှုပ်နှံ၍ အကျိုးရှိမည်။



### LEO သိဟ်ရာသီဖွား (ဇူလိုင်၂၃-ဩဂုတ်၂၃)

ဆောင်ရွက်သမျှ အဆင်ပြေ၍ ရည်ရွယ်ထားသည်များပြီးမြောက်အောင်မြင်နိုင်သည်။ ကာလအတန်ကြာ အဖြေရှာမရကြန့်ကြာနှောင့်နှေးနေသည့်ကိစ္စများကို အပြီးသတ်ဆောင်ရွက်နိုင်မည်။ ထူးခြားသော အထောက်အကူကောင်းများရမည်။ ငွေကြေးလာဘ်လာဘတိုးပွားမည်။ စိတ်ကူးသစ်နှင့် ဆောင်ရွက်ခြင်းမှ ထင်ရှားသော တက်လမ်းရမည်။ အလုပ်အကိုင်ကောင်းမည်။ အလုပ်ရှာသူအလုပ်ရမည်။



### VIRGO ကန်ရာသီဖွား (ဩဂုတ်၂၄-စက်တင်ဘာ၂၂)

အလွန်သတိရှိရမည်။ တွက်ဆ၍ မရနိုင်သော အခက်အခဲများ၊ ပြဿနာများ ဖြစ်ပေါ် မည်။ အပျက်အစီးအလေအလွင့်များမည်။ ရေနှင့် နီးသော အရပ်များသို့ အပျော်ခရီးသွားခြင်းမပြုရ။ ချက်ချင်းပြီးမြောက်မည့်ကိစ္စမှန်သမျှကို အချိန်မဆွဲဘဲ သွက်လက်စွာ ဆောင်ရွက်ပါ။ လျှပ်စစ်ပစ္စည်းနှင့်ပတ်သက်သည်များ သတိနှင့်ကိုင်တွယ်ပါ။ အလောတကြီးငွေမြှုပ်နှံခြင်းများမပြုရ။ လူလိမ်၊ လူကောက်အန္တရာယ်သတိရှိပါ။



### LIBRA တူရာသီဖွား (စက်တင်ဘာ၂၃-အောက်တိုဘာ၂၃)

အညံ့ကင်းစင်သည်။ အရာရာအဆင်ပြေမည်။ ရည်ရွယ်ချက်အောင်မြင်မည်။ ပေါ်ပေါက်လာသော အခွင့်အရေးကောင်းများကို အသုံးချ၍ တိုးတက်မှုရမည်။ မိသားစုနှင့်ပတ်သက်သည့် အလုပ်စီးပွားများဆောင်ရွက်အကျိုးရှိမည်။ လက်လွှန်ထားသောငွေများပြန်လည်တောင်းခံရရှိမည်။ ပေါ်ပေါက်နေသော အခက်အခဲအားလုံးကို ဖြေရှင်းနိုင်စွမ်းရှိနေမည်။ အလုပ်တိုးတက်မည်။ ခရီးသွား၍ အကျိုးရှိမည်။



### SCORPIO ဗြိစ္ဆာရာသီဖွား (အောက်တိုဘာ၂၄-နိုဝင်ဘာ၂၂)

လှည့်စားခြင်းခံရမည်။ ယုံစားလွယ်၍ စိတ်သောကရောက်တတ်သည်။ တစ်ပါးအပေါ် သနားအားနာအလိုက်မှုကြောင့် အမှားအယွင်းကြုံနိုင်သည်။ ဝါရင့်အတွေ့အကြုံရှိသူများက အတန်တန်မလုပ်သင့်ကြောင်း ပြောထားသည့်အရာကို လုပ်ဆောင်မိ၍ ပြဿနာများ ဖြေရှင်းရမည်။ ပျို့ရွယ်သူများ စန်းပွင့်မည်။ လူလွတ်အရွယ်ရောက်သူများ အိမ်ထောင်ရက်သားကျမည်။ ရုတ်တရက်ငွေကုန်ကိန်းများကြုံမည်။



### SAGITTARUS ဓနုရာသီဖွား (နိုဝင်ဘာ၂၃-ဒီဇင်ဘာ၂၁)

ရည်မှန်းချက်မှန်သမျှ အောင်မြင်မည်။ အခက်အခဲမှန်သမျှ ကျော်လွှားနိုင်မည်။ ရည်မှန်းချက်များကို လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်။ ပြဿနာအားလုံးကို ပြီးမြောက်အောင်ဖြေရှင်းနိုင်မည်။ အရေးပါသော ဆုံးဖြတ်ချက်များ ချမှတ်ရမည်။ ဦးတည်ချက်သစ်နှင့်ဆောင်ရွက်မှုများမှ အဆင့်ဆင့်တိုးတက်ခြင်းကြုံမည်။ နေရာအပြောင်းအရွှေ့၊ အပြောင်းအလဲကိစ္စ၊ နေအိမ်ကိစ္စအတွက် ဆောင်ရွက်ခြင်းများကြုံမည်။



### CAPRICORN မကာရရာသီဖွား (ဒီဇင်ဘာ၂၂-ဇန်နဝါရီ၂၀)

လက်လွှန်ထားသည့်ငွေများပြန်လည်ရရှိမည်။ အခက်အခဲများကို ကျော်လွှားနိုင်မည်။ စီးပွားလာဘ်လာဘတိုးပွားမည်။ အိမ်ရှိအသက်အရွယ်ကြီးသူတို့၏ ကျန်းမာရေးကို ဂရုစိုက်ရမည်။ မောင်နှမသားချင်း၊ ဆွေမျိုးနေရာကောင်းသို့ရောက်ပြီး စိတ်ရှုပ်ရပြီး လူမမြဲ၊ မြှုပ်နေသောငွေများ ပြန်ပေါ် မည်။ ပေါ် လာသည့် ငွေအားခေတ္တစုဆောင်းထိန်းသိမ်းပါ။ ချက်ချင်းလက်ငင်းအခြားတစ်ခုသို့ပြောင်းလဲမြှုပ်နှံက အရှုံးပေါ် တတ်သည်။



### AQUARIUS ကုမ်ရာသီဖွား (ဇန်နဝါရီ၂၁-ဖေဖော်ဝါရီ၁၈)

ခရီးအပြောင်းအလဲပတ်သက်သောကိစ္စများ၊ ဆောင်ရွက်အဆင်ပြေမည်။ လူမျိုးကွဲအကျိုးပေးမည်။ ကောင်းသောနေရာသို့ ပြောင်းလဲတာဝန်ယူရခြင်းများရှိမည်။ နိုင်ငံခြားသို့သွားရောက်ရမည်။ အကျိုးရှိမည်။ နဂိုပြည်ပစီစဉ်ထားမှုမရှိသူများ ယခုရက်အတွင်း နိုင်ငံခြားကံပွင့်မည်။ ပေါ် လာသည့်အနေအထားအပေါ် စနစ်တကျအသုံးချက လိုရာခရီးရောက်သည်အထိ ချောမွေ့အဆင်ပြေမည်။



### PISCES မိန်ရာသီဖွား (ဖေဖော်ဝါရီ၁၉-မတ်၂၀)

ရပ်တန့်ထားသည့် လုပ်ငန်းများ ပြန်လည်ဆောင်ရွက်နိုင်ခြင်းရှိမည်။ တစ်ပါးသူအနားယူချိန်အတွင်း ကိုယ်တိုင်၌ ဘဝတိုးတက်မှုများအတွက် ဆောင်ရွက်အကျိုးပေးမည်။ ဝေးကွာသောသူများနှင့် ပြန်လည်ဆုံစည်းခြင်းရှိမည်။ ရုတ်တရက်ပေါ် ပေါက်လာသည့် အကြံဉာဏ်နှင့် လမ်းသစ်ထွင်ပြီး လုပ်ကိုင်ခြင်းဖြင့် အတားအဆီးအပိတ်အဆို့မှန်သမျှကို ကျော်ဖြတ်သွားပြီး အလိုဆန္ဒမှန်သမျှ ပြည်စုံသွားမည်။

# 7DAY PUZZLE

ပဟေဠိ အမှတ်စဉ်(၂၆၀)

## အလျားလိုက်

၄။ ရုံးအဖွဲ့မှူး
၅။ သီချင်း ဝါသနာရှင်များ ထိုးဖောက်နိုင်သော နေရာတစ်ခု
၆။ အာဖရိက အိမ်မက်စွမ်းအင် စီမံကိန်း
၈။ ဂျပန်အကူအညီဖြင့် ညောင်လေးပင်တွင် ဖွင့်သောအရာ
၁၁။ ကြီးသုံးကြီးတွင် ပါဝင်သူတစ်ဦး
၁၂။ ရန်ကုန်တွင် တတိယအကြိမ်ကျင်းပမည့်ပွဲ

## ဒေါင်လိုက်

၁။ ကလေးငယ်များအတွက် ကျောင်းများက လုပ်ပေးသောပွဲ
၂။ နာမည်ကျော် မြန်မာစာရေးဆရာကြီးတစ်ဦး
၃။ တာဝန်မှလွဲ၍ ကိုယ်ရေးကိုယ်တာများ လုံးဝမခိုင်းသူ
၇။ မြန်မာသို့ လာရောက်သော အီးယူ၏ အရာရှိကြီးမွေးဖွားရာနိုင်ငံ
၉။ ယခင်အပတ်က 7 Dayတွင် မပါသောကဏ္ဍတစ်ခု
၁၀။ အမေရိကန်မှ နိုင်ငံတကာအကူအညီပေးရေးအဖွဲ့



**Smart Dictionary ကံထူးသူ**
၁။ မနုနုဆွေ၊ ၁/မကတ(နိုင်) ၀၀၀၈၂၃ ၂၇၁၊အခန်း-၂၁၊ ကံ့ကော်အိမ်ရာ၊ နေပြည်တော်။

**ကျန်အဖြေမှန်သူများ**
၂။ သီဟစိုး၊ ၅/ရဘန(နိုင်)၁၃၁၈၄၇
၃။ စုယမင်း၊ ၁၂/ဒဂမ(နိုင်)၀၃၀၄၄၆
၄။ မင်းမင်းဖြိုး၊ ၈/မမန(နိုင်)၀၈၉၁၀၈

**ပဟေဠိ အမှတ်စဉ်(၂၅၉)အဖြေမှန်**




**အမည်** ........................................ **မှတ်ပုံတင်အမှတ်** ........................................
**နေရပ်လိပ်စာ** ....................................................................................

အချိန်မီပေးပို့လာသော အဖြေမှန်သူများထဲမှ SMART Dictionary ၏ ပံ့ပိုးကူညီမှုဖြင့် အဖြေမှန်သူ (၇)ဦးကို မဲနှိုက်ရွေးချယ်ပြီး၊ ထိုထဲမှတစ်ဦးကို ထပ်မံမဲနှိုက်ရွေးချယ်ကာ SMART Electronic Dictionary ချီးမြှင့်မည်ဖြစ်ပြီး ကျန်၆ ဦးကို 7Day News မှ မေတ္တာလက်ဆောင်ဆုများ ချီးမြှင့်မည်ဖြစ်ပါသည်။ Puzzle မေးခွန်းများကို ယခင်အပတ်ထွက်ရှိပြီး 7Day News မှသတင်း၊ ဆောင်းပါးများမှ စကားစုများ၊ စာလုံးများအပြင် ပြင်ပဉာဏ်စမ်းမေးခွန်းတစ်ခုစီ ထည့်သွင်းမေးမြန်းမည်ဖြစ်ကြောင်း Puzzle ဝါသနာရှင်များသို့ အသိပေးအပ်ပါသည်။ အဖြေလွှာများကိုမူရင်းသာလက်ခံမည်ဖြစ်ပြီး နယ်ဝေးမှ ဖြေဆိုသူများမှာ Fax ဖြင့် ပေးပို့နိုင်သည်။

**အဖြေလွှာများကို ၂၉-၁၁-၂၀၁၃ သောကြာနေ့၊ မွန်းလွဲ၂နာရီနောက်ဆုံးထား၍ ဂျာနယ်တိုက်သို့ပေးပို့ရမည်။**

ဤအစီအစဉ်ကို SMART Electronic Dictionary မှ ပံ့ပိုးကူညီပါသည်။ ဒုတ်ထူးသူ



**ပဟေဠိ ဝါသနာရှင်များသို့ -** 7 Day Daily တနင်္ဂနွေနေ့ သတင်းစာတွင် ပဟေဠိကဏ္ဍပါရှိပြီး အဖြေမှန်သူ ဝါသနာရှင်များအား ဆုချီးမြှင့်သည့် အစီအစဉ် စတင်လိုက်ပြီဖြစ်ပါသည်။ ဝါသနာရှင်များအနေဖြင့် 7 Day News ဂျာနယ်တွင်သာမက၊ သတင်းစာတွင်ပါ ပဟေဠိ အဖြေညှိကြည့်ပါရန် သတင်းကောင်းပါးလိုက်ပါသည်။

# Free Classified

**အခမဲ့ကြော်ငြာကဏ္ဍ**

**ရုံးခန်းငှားမည်**
ပြည်လမ်းမအတွင်း ပေ(၄၀×၉၀)၊ 2RC၊ အခန်း(၃)ခန်း၊ ဟောခန်း(၁)ခန်း၊ စတိုခန်း(၁)၊ ဖုန်း(၂)လုံး၊ ငှားသူပွဲခပေးရန်မလို၊ ညှိနှိုင်းလစာ (သိန်း-၃၀)။
ဖုန်း-၀၉-၄၃၀၈၃၇၈၁

**ဆိုင်ခန်းငှားမည်**
သမ္မတဟိုတယ်အနီး၊စတုရန်းပေ(၂၅၀၀)၊ ကြွေပြားခင်း၊ 1MB, 1BR၊ ရေချိုးခန်း၊ အိမ်သာ(၂)၊ ဖုန်း(၁)လုံး၊ အဲကွန်း(၃)၊ မီးစက်ပါသည်။ ငှားသူပွဲခပေးရန်မလို၊ ညှိနှိုင်းလစာ (၃၅)သိန်း။
ဖုန်း-၀၉-၄၃၀၈၃၇၈၁

**ဂိုက်လုပ်ပေးသည်**
ဆယ်တန်းဂိုက်သင်ကြားသည်။(တာမွေ၊ ကျောက်မြောင်း၊ ပုဇွန်တောင်နေသူများအတွက်သာ)။ ဖုန်း-၀၉ ၄၃၁၈၁၇၅၆

**သင်ကြားပေးသည်**
LCCI LEVEL I & II, LEVEL III, MYOB ဘာသာရပ်တို့ကို တစ်ဦးချင်း သီးသန့် (သို့) အုပ်စုဖွဲ့ အိမ်ဝိုင်းများအား ထူးချွန်စွာ အောင်မြင်ရန် သင်ကြားပေးသည်။
ဖုန်း-၀၉ ၂၅၄၀၀၈၅၉၃

**သင်ကြားပေးသည်**
အမှတ်မြင့်မားစေရန် ဘွဲ့ရလုပ်သက်ရင့်၊ ဝါရင့်အတွေ့အကြုံရှိဆရာမမှသင်ကြားပေးနေပါသည်။
ဖုန်း-၀၉ ၇၃၀၈၂၅၀၃

**ရောင်းမည်**
ပုဂံမြို့သစ် တောင်ဘက်အနီး ၁၈ ဧကအကျယ်အဝန်းရှိသော မြေနေရာ ရောင်းရန်ရှိသည်။ ဈေးနှုန်းအသင့်တင့်။
ဖုန်း-၀၉ ၃၃၀၂၃၂၂၆

**ရောင်းမည်**
သုဓမ္မာလမ်းမကြီးပေါ်၊ မ/ဥက္ကလာ၊ နှစ်(၆၀) ဂရန်၊ ရေမီးစုံ။ (မရမ်းကုန်းမြို့နယ်အနီး)ဆိုင်ဖွင့်ရန် အလွန်ကောင်း။
ဖုန်း-၀၉ ၇၃၀၇၄၁၂၃

**ရောင်းမည်**
နေပြည်တော်၊ ပျဉ်းမနားမြို့ အောင်ချမ်းသာရပ်ကွက်၊ အာဟာရသုခဈေးအနီး နှင့် ရွှေချီရပ်ကွက်တို့ရှိ မြေကွက်များ ညှိနှိုင်းဈေးဖြင့်ရောင်းမည်။
ဖုန်း-၀၆၇ ၂၆၅၆၄

**ရောင်းမည်**
မြောက်ဥက္ကလာပ၊ရွှေပေါက်ကံမြို့နယ်၊ ၁၄ ရပ်ကွက်၊ ရာဇဓရာဇ်လမ်းမပေါ် ပေ(၄၀×၆၀)၊ ရေချိုးခန်းအိမ်သာ ကြွေပြားခင်း၊ ဆိုင်ခန်းပါ။သိန်း (၇၀၀)။
ဖုန်း-၀၉ ၇၃၀၁၀၆၉၄

**ရောင်းမည်**
ပြင်ဦးလွင် (အောင်ချမ်းသာ) ရွာမြေ၊ ပေ(၆၀×၅၀)၊ ရေမီး။ ချက်ချင်းအိမ်ဆောက်နိုင်။ သိန်း (၁၂၅) (ညှိနှိုင်း)။
ဖုန်း-၀၉ ၃၃၂၉၆၂၂၉

**အိမ်အမြန်ရောင်းမည်**
ဒဂုံမြို့သစ်တောင်ပိုင်း၊ (၂၀) ရပ်ကွက်၊ ကုန်တိုက်မှတ်တိုင်အနီး၊ ပေ (၂၀×၆၀)၊ ဂရန်နှင့် ရေမီးပါသည်။
ဖုန်း-၀၉ ၄၉၃၃၇၈၃၂

**အကျိုးတူလုပ်ငန်း**
မြန်မာ့မြေလုပ်ငန်းစုသို့ အကျိုးတူကွန်ဒို/တိုက်ခန်း အိမ်ရာများ ဆောက်လုပ်ချင်သော မြေရှင်များဆက်သွယ်နိုင်ပါသည်။
ဖုန်း-၀၉ ၇၃၁၄၇၇၉၃

**ရောင်း/ဝယ်/ငှား**
အိမ်ခြံမြေ ရောင်းဝယ်ငှားလိုသူများ ဆက်သွယ်နိုင်ပါသည်။ မိတ်ဆွေများနှင့် ချိတ်ဆက်၍ အကျိုးဆောင်ပေးသည်။
ဖုန်း-၀၉ ၄၀၁၆၀၀၄၄၄

**ရောင်း/ဝယ်/ငှား**
Htoo ရောင်း၊ ဝယ်၊ ငှား သန်လျင်နှင့် ဒဂုံရှိ စက်မှုဇုန်မြေ၊ လူနေရပ်ကွက်၊ ပါမစ်မြေ၊ ဥယျာဉ်ခြံမြေများကို မေးမြန်းစုံစမ်း ရောင်း/ဝယ်/ငှားနိုင်ပါသည်။
ဖုန်း-၀၉ ၃၃၂၃၈၇၀၂

**မြေကွက်ကျယ်များ ငှားလိုသည်**
ကမာရွတ်၊ လှိုင်မြို့နယ်များအတွင်း မြေကွက်ကျယ်များ ငှားလိုသည်။ ပိုင်ရှင်များ ဆက်သွယ်ပါ။
ဖုန်း-၀၉ ၄၃၀၈၃၇၈၁

**ရောင်းမည်**
လှိုင်၊ မြကန်သာအိမ်ရာ လေးလွှာ။ သိန်း (၂၆၀)။ ဆက်သွယ်စုံစမ်းရန်-
ဖုန်း-၀၉ ၃၁၂၉၂၆၃၁

**ရောင်းမည်**
အင်းစိန်မြို့နယ်၊ အောက်မင်္ဂလာဒုံ၊ လမ်းမကြီးအနီး၊ ပေ ၁၀၀ ပတ်လည်၊ ရေ မီး အစုံရောင်းမည်။
ဖုန်း-၀၉ ၃၁၀၇၁၆၀၂

**ရောင်းမည်**
ဒေါပုံမြို့နယ်အတွင်း အထပ်မြင့်တိုက်ရောင်းမည်။ ပရိဘောဂပစ္စည်းစုံ၊ အခန်းဖွဲ့ပြီး၊ အသင့်နေနိုင်။ နှစ် ၆၀ ဂရန်။
ဖုန်း-၀၉ ၃၁၀၇၁၆၀၂

**မြန်မာမြေ**
မြန်မာ့မြေမှ မှန်ကန်သော အိမ်၊ ခြံ၊မြေနှင့် ကွန်ဒို၊ တိုက်ခန်းများအား ငွေလှည့်ပေးနိုင်သော ငွေရှင်များ အလိုရှိနေပါသည်။
ဖုန်း-၀၉ ၇၃၁၄၇၇၉၃

**ဆက်သွယ်ပါ**
ထိုင်းဆင်တံဆိပ် ဘိလပ်မြေ ကိုယ်စားလှယ်ယူလိုသူများ ဆက်သွယ်ပါ။
ဖုန်း-၀၉ ၄၂၀၀၇၀၆၉၂

**ဂစ်တာသင်တန်း**
အမျိုးသမီးဂစ်တာသမား ကိုယ်တိုင်အိမ်အရောက်သင်ကြားပေးသည်။ (အမျိုးသမီးသီးသန့်)
ဖုန်း-၀၉ ၄၀၃၇၃၂၂၄၇

**ဖုန်းပြုပြင်သင်တန်း**
HandSet ဖုန်းပြုပြင်အတတ်သင်၊ သင်တန်းများဖွင့်လှစ်သင်ကြားပေးနေပါပြီ။
ဖုန်း-၀၉ ၄၂၁၀၀၁၃၆

**မြန်မာ့စောင်း၊ ပတ္တလားအတီးသင်တန်း**
နိုင်ငံခြားသားညှော် သည်များအတွက် မြန်မာ့ရိုးရာအကနှင့် ရုပ်သေးပွဲ၊ စောင်း၊ ပတ္တလားဖျော်ဖြေမှုများစောင်းဖြင့် မင်္ဂလာအခါတော် သီ ဆိုပွဲထုတ်ခြင်းများကို စီစဉ်တင်ဆက်ပေးပါသည်။
ဖုန်း-၀၉ ၃၁၀၄၇၆၂၁

**ဝန်ဆောင်မှု**
ရုပ်ရှင်ကားများ၊ MTVများ၊ အင်တာနက်မှ Download ဆွဲပေးခြင်းဇာတ်ကားများ မြန်မာစာတန်းထည့်ရန် မြန်မာဘာသာ ပြန်ပေးခြင်း၊ Format ပြောင်းပေးခြင်း စသော ဝန်ဆောင်မှုပေးသည်။
ဖုန်း-၀၉ ၃၁၇၉၇၀၆၉

**ဝန်ဆောင်မှု**
ATH Car Rental Service မှမြို့တွင်း၊မြို့ပြင်၊ နယ်ခရီးဝေး၊ ဘုရားဖူးခရီးစဉ်များအတွက် သင့်တင့်သော ဈေးနှုန်းဖြင့် ကားငှားဝန်ဆောင်မှုပေးပါသည်။ ကာစတန်နှင့် ဆလွန်းကားများ ငှားသည်။
ဖုန်း- ၀၉ ၅၀၀၈၉၁၉

**သင်ကြားပေးသည်**
"ဒီနှစ်ဂုဏ်ထူးဖြင့် အောင်ချင်ရင် အမြန်လာခဲ့" "အလင်းရောင်"စာသင်ဝိုင်း ဘာတာမှတ်တိုင်၊ ရန်ကုန်-အင်းစိန်လမ်းမ။
ဖုန်း-၀၉ ၃၁၂၉၃၂၁၉

**သင်ကြားပေးသည်**
၉၊ ၁၀ တန်း ဇီဝဗေဒဘာသာရပ်၊ တစ်ဦးချင်းနှင့် အိမ်ဝိုင်းများကို စာသင်နှစ် ၁၀ နှစ်အတွေ့အကြုံရှိ ဒေါက်တာကိုယ်တိုင် စနစ်တကျ သင်ကြားပေးပါသည်။
ဖုန်း- ၀၉ ၄၅၀၀၂၂၉၆၉

**Study Guide**
Grade 10 and 11 တစ်ဘာသာချင်းသီးသန့် (Bio,Eco) ဘာသာစုံ အိမ်အရောက်သင်ကြားပေးသည်။
ဖုန်း-၀၉ ၄၂၀၁၄၇၃၀၄

**သင်ကြားပေးသည်**
English Speaking, Grammar,IELTS-TOEFL အိမ်တိုင်ရာရောက် သင်ကြားသည်။ သင်ကြားမှုအား မနှစ်သက်ပါက သုံးရက်အတွင်း ငွေပြန်ထုတ်ယူနိုင်ပါသည်။ ဖုန်း-၀၉ ၇၃၀၈၅၉၂၉

**ရောင်းမည်**
ကွန်ဒိုဆောက်ရန်နေရာကောင်း၊ (၀. ၂၆ )ဧက၊ ဆိုဈေး-သိန်း(၅၀၀၀)။ ကိုယ်ပိုင်မီတာရှိ၊ သွပ်မိုးပျဉ်ထောင်၊ အိမ်တစ်လုံးရှိ။
ဖုန်း-၀၉ ၄၂၀၁၃၄၀၁၁

**ရောင်းမည်**
သုဝဏ္ဏ၊ VIP II (၇၀×၁၀၀)၊ 2RC,4MBR, 2BR, ဂရန်။ ရောင်းဈေး-7000L။
ဖုန်း-၀၉ ၇၃၁၄၇၇၉၃

**ရောင်းမည်**
တာမွေ၊ မေတ္တာညွန့်၊ စက်မှုလက်မှုရပ်ကွက်၊ (၅၀×၁၀၀)ဂရန်။ ရောင်းဈေး-5500L။
ဖုန်း-၀၉ ၇၃၁၄၇၇၉၃

**Study Guide**
သူငယ်တန်းမှ အဋ္ဌမတန်းထိ စာကျက်ပျင်းသော ကျောင်းသား၊ ကျောင်းသူများအား ဂရုတစိုက်လေ့ကျင့်သင်ကြားပေးသည်။ ဖုန်း-၀၉ ၄၂၅၃၂၅၈၉၅

**ဒေါ်စမ်းသီတာတင့်**
(၈၊၉၊၁၀) English (Text,Grammar, Essay & Letter)(Grammar,Essay & Letter) သီးသန့်။ ဖုန်း-၀၉ ၅၁၇၆၄၅၃

**ဆရာနောင်ထွန်းရှိန်**
Maths,Chem& Phys မေးခွန်းဟောင်းအပြည့်အစုံနှင့် GCE မေးခွန်းဟောင်းများ ကျွမ်းကျင်ပိုင်နိုင်စေရန် အိမ်တိုင်ရာရောက် လေ့ကျင့်သင်ကြားပေးသည်။ ဖုန်း-၀၉ ၄၂၁၄၀၄၇၇

**သင်ကြားပေးသည်**
သူငယ်တန်းမှ နဝမတန်းအထိ Teaching ၁၀တန်း Guide အိမ်အရောက်သင်ကြားပေးသည်။ ဖုန်း-၀၉ ၄၀၂၇၆၀၇၉၁

**အထူးစာကျက်ဝိုင်း**
တက္ကသိုလ်ဝင်တန်း ကျောင်းသား၊ ကျောင်းသူများအတွက် အထူးအနီးကပ် စာကျက်ဝိုင်း စီစဉ်ပေးနေပါသည်။
ဖုန်း-၀၉ ၄၂၁၀၂၈၈၃၀

7 DAY NEWS JOURNAL
Vol.12, No.38 • NOVEMBER 27 , 2013

စာမျက်နှာ(၂၆) မှ

## ပေါများလာသောအရာများ

မြန်မာနိုင်ငံသည် အခြားဘာသာဝင်များနှင့်အတူ ဗုဒ္ဓဘာသာဝင်အများဆုံးရှိနေသာ နိုင်ငံဖြစ်သည်။ ဗုဒ္ဓဘာသာသဝင်တို့၏ခါးဝတ်ပုဆိုးကဲ့သို့ လုံခြုံအောင်စောင့်ထိန်းရမည့်ငါးပါးသီလတွင် အရက်သေစာသောက်စားခြင်းမှ ရှောင်ကြဉ်ပါမည်ဟူသော သိက္ခာပုဒ်ရှိသည်။ ထိုသိက္ခာပုဒ်ရှိပါလျက်နဲ့ အရက်၊ ဘီယာဆိုင်များ ပေါများနေသည်မှာ စဉ်းစားဖွယ်ရာ။ အချို့ဆိုင်များတွင် "ဤဆိုင်သည် ဗုဒ္ဓ၏အရိပ်အောက်တွင်ရှိသောကြောင့် . . . "ဟူသော စာတန်းချိတ်ဆွဲထားသည် ကမြင်မကောင်း။

နေ့စဉ်ကျွန်တော်အပြင်ထွက်တိုင်း ဘီယာဆိုင်၊ အရက်ဆိုင်တိုင်းတွင် လူအမြဲပြည့်လျက်ရှိသည်။ မပြည့်သော ဆိုင်သည် ခပ်ရှားရှား။ တစ်ဆိုင်လျှင် အနည်းဆုံး လူ ၃၀-၅၀ လောက်ရှိမည်။ ကျွန်တော်တို့မန္တလေးမြို့တွင် ဘီယာဆိုင်သီးသန့် ၁၀၀မှ ၁၅၀ ခန့်ရှိမည်ထင်သည်။ ကျွန်တော်မန္တလေးလမ်းညွှန်စာအုပ်ထဲမှ စာရင်းရှာသောအခါ အရက်ဘီယာမကြော်ငြာရသဖြင့် မတွေ့ရ။ စားသောက်ဆိုင်စာရင်းထဲပေါင်းထားသောကြောင့် ခန့်မှန်းစာရင်းသာဖြစ်သည်။ ထိုပမာဏလောက်ရှိမည်ဟုလည်း ထင်သည်။ အဘယ်ကြောင့်ဆိုသော် ကျွန်တော်တို့ရပ်ကွက်နားတင် အနည်းဆုံးလေးဆိုင်ခန့်ရှိသည်။ ကျွန်တော်ငယ်ငယ်က မဂ္ဂဇင်းစာအုပ်တစ်အုပ်တွင် တစ်ကွက်ကာတွန်းဖတ်ဖူးသည်။ ကာတွန်းထဲတွင် လူတစ်ယောက်က သူငယ်ချင်းကို အိမ်လိပ်စာအတွက် မြေပုံဆွဲပေးလိုက်ပြီး ရှင်းပြနေသောပုံဖြစ်သည်။

"ငါ့အိမ်ကိုလာမယ်ဆိုရင် ဒီလမ်းကလာရတယ်။ လမ်းထိပ်မှာ ဘီယာဆိုင်ရှိတယ်။ ပြီးတော့ ဘယ်ချိုး၊ ဘီးအီးဆိုင်တွေ့လိမ့်မယ်။ ဘီးအီးဆိုင်နဲ့ မျက်စောင်းထိုးမှာ အရက်ဆိုင်ရှိတယ်။ ပြီးတော့ညာချိုး အရက်ဆိုင်ထပ်တွေ့လိမ့်မယ်။ နောက်တည့်တည့်လာ အစွန်ဆုံးအိမ်ကငါတို့ အိမ်ပဲ"ဟု ရေးထားသည်။ ငယ်ငယ်တုန်းကတော့ ထိုကာတွန်းကို ဖတ်ပြီး ရယ်မိသည်။ အခုတော့ မရယ်နိုင်တော့ပါ။ ထိုအတိုင်းတကယ်ပင်ဖြစ်နေပြီဖြစ်သည်။ အောင်ပင်လယ်ဘက်က အသိအိမ်သွားလျှင် သူတို့အိမ်နားမရောက်ခင် အနည်းဆုံးဘီယာဆိုင်ကငါးဆိုင်၊အရက်ဆိုင်ကသုံးဆိုင်ခန့်။ ထိုအရက်ဆိုင်များသည် အမိန့်ရဆိုင်ရှိသော်လည်း အအေးဆိုင်အမည်ခံဆိုင်လည်းတွေ့ရသည်။ မြို့သစ်ဘက်က အသိအိမ်သွား မည်ဆိုလျှင် ထိုအတိုင်းပင်။ ထိုဆိုင်များသည် အပန်းဖြေဆိုင်များ ဖြစ်နေပြီလားမသိ။

ကျွန်တော်အထက်တန်းတက်ခဲ့သောကျောင်း ရှေ့တည့်တည့်တွင် အရက်၊ဘီယာဆိုင်တစ်ဆိုင်၊ မျက်စောင်းထိုး စတိုးဆိုင်တွင်လည်း အရက်၊ ဘီယာရောင်းသည်။ ကျောင်းအနောက်ပေါက်၏မြောက်ဘက်တွင်လည်းဘီယာဆိုင်တစ်ဆိုင်ထပ်ရှိသည်။ ထိုဆိုင်များသည် ယနေ့အချိန်ထိရှိနေသည်။ ထိုကဲ့သို့ပုံစံများ မန္တလေးမြို့တွင်တွေ့ရသည်။ အားကစားကွင်းနား၊ အပန်းဖြေပန်းခြံနား၊ သာသနိက အဆောက်အအုံများနားတွင်မြင်မကောင်းအောင်တွေ့ရနေသည်။ တကယ်တော့ ဖွင့်ရန်ခွင့်ပြုချက်မပေးမီ သေချာစဉ်းစားစေချင်သည်။ အခုလို ဖွင့်ပြီးပြန်ပိတ်ရမည်ဆိုလျှင် ဆိုင်ရှင်များမှာ နစ်နာရသည်။ ထိုကဲ့သို့ အခြေခံပညာအထက်တန်းကျောင်းနား၊ သာသနိက အဆောက်အအုံများနား၊ အားကစားကွင်း၊ အပန်းဖြေပန်းခြံနားတွင် အရက်၊ဘီယာဆိုင်များကို ဘာကြောင့် ဖွင့်ခွင့်ပြုသနည်း။ ခွင့်ပြုချက်ပေးသူများသည် မည်သည့်မူဝါဒဖြင့် ပေးနေသလဲဆိုတာတော့ မသိ။ သို့သော်ထိုနေရာများတွင်မြင်ရသည်မှာမြင်မကောင်းပေ။

ဘီယာစည်တစ်စည်လျှင် ခွက် ၃၀ ခန့်ရသည်။ တစ်ဆိုင်လျှင် လူ ၃၀ သည် လေးခွက်နှုန်းသောက်မည်။ခွက်ပေါင်း ၁၂၀ ကုန်မည်ဖြစ်သည်။ ထိုခွက် ၁၂၀ ကို တစ်ခွက် ၆၀၀ ကျပ်နှုန်းဖြင့် မြှောက်သော် ၇၂,၀၀၀ကျပ်ရမည်။ မန္တလေးတွင်ရှိသောဘီယာဆိုင်ပေါင်း ၁၀၀ နဲ့ပြန်မြှောက်မည်ဆိုလျှင် ကျပ် ၇၂ သိန်းခန့် တစ်ရက်လျှင် ကုန်ကျနေသည်ကိုတွေ့ရမည်ဖြစ်သည်။ (လျှော့တွက်ထားခြင်းဖြစ်ပါသည်)။ ထိုတစ်ရက်ကုန်ကျငွေကို တစ်နှစ်စာမြှောက်လျှင် စာသင်ကျောင်း၊ စာကြည့်တိုက်ဆောက်လို့ ရမည်ဖြစ်သည်။ ကျွန်တော်တို့တစ်တွေဘီယာဖိုးနဲ့ တင်တော်တော်ကုန်နေပြီဖြစ်သည်။ ထိုတွက်ချက်မှုတွင် တန်ဖိုးနည်းအရက်သောက်သုံးသူများ၏ ကုန်ကျငွေမပါသေးပါ။မြန်မာ့ရိုးရာသင်္ကြန်တွင်လည်း အရက်၊ ဘီယာသည်နေရာယူနေသည်မှာ ကြာပြီဖြစ်သည်။ သင်္ကြန်တွင် အရက်၊ ဘီယာသောက်သုံးမှုကြောင့် တစ်ရက်ကုန်ကျသောပိုက်ဆံကို အကြမ်းဖျင်းတွက်ကြည့်လျှင်

ဥပမာ

ဘီယာတစ်ပုလင်း-၁,၅၀၀(တစ်ရက် တစ်ယောက်လျှင် တစ်လုံးသောက်သည်ဆိုပါစို့)

သောက်သုံးသူများ (ခန့်မှန်း) -
- ၁,၀၀၀,၀၀၀ ခန့်
(သင်္ကြန်ကာလ)

တစ်ရက်စုစုပေါင်း ကုန်ကျငွေ
- သန်း ၁,၅၀၀

(ဝီစကီ)အရက်တစ်ပုလင်း
- ၂,၀၀၀ (တစ်ယောက်လျှင် တစ်လုံးနှုန်း)

သောက်သုံးသူများ(ခန့်မှန်း)
-၅၀၀,၀၀၀ သိန်း

တစ်ရက်စုစုပေါင်း ကုန်ကျငွေသန်း ၁,၀၀၀

ထိုနှုန်းဖြင့်တွက်လျှင်သင်္ကြန်တစ်ရက် ဘီယာနှင့် အရက်ဖိုးသန်း ၂,၅၀၀ အသုံးပြုနေသည့်သဘောရှိသည့်သင်္ကြန်လေးရက်အတွင်း အရက်၊ ဘီယာဖိုးနဲ့တင် ဧရာဝတီမြစ်ကူးတံတားတစ်စင်းဆောက်လို့ရသည်ကို တွေ့မည်ဖြစ်သည်။ (တွက်ချက်မှုသည် ခန့်မှန်းမျှသာ ဖြစ်သည်) တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တွက်မည်ဆိုလျှင် မည်မျှတက်သွားမည်နည်း။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများမှ ဘီယာစက်ရုံတွေဘာကြောင့် အရင်ဆုံးရောက် လာသလဲဆိုသောအဖြေကိုသိလိုက်ရသလိုပင်။

ကျွန်တော်အရက်၊ ဘီယာသောက်သူများကို ဘာကြောင့်သောက်သလဲဟု မေးကြည့်သောအခါ များသောအားဖြင့် အလုပ်ပင်ပန်းသည်ဟုပြောကြသည်။ အချို့ကတော့ အပေါင်းအသင်းများနှင့် အရက်သောက်ပြီးလျှင် ပြောချင်တာပြောလို့ ကောင်းလို့ တစ်ခါတစ်ရံသောက်ဖြစ်သည်ဟု ပြောသည်။ အချို့ကတော့ငွေရေး၊ ကြေးရေးကိစ္စ၊ လူမှုရေးကိစ္စများနှင့် စိတ်ရှုပ်လို့ တစ်ခါတလေသောက်ဖြစ်ကြသည်။

အချို့ကတော့ ကြိုက်လို့ကိုသောက်သည်ဟုပြောသည်။အချို့ကတော့ ပျော်ချင်လို့ သောက်ကြသည်။ အချို့ကတော့ သောက်ပြီးလျှင် စိတ်ဓာတ်တက်ကြွလို့ သောက်ဖြစ်သည်ဟု ပြောသည်။

တစ်ယောက်နဲ့တစ်ယောက် အဖြေ မတူပေမယ့် သေချာသည်မှာ အလွယ်တကူ ပေါပေါများများရလို့ သောက်ဖြစ်ကြတာလားဟု မေးလျှင်တော့ ခေါင်းညိတ်ကြသည်။ အခုချိန်တွင် ပိုဆိုးသည်မှာ (၁၈) နှစ်မပြည့်သေးသော ကျောင်းသားလူငယ်အချို့ပါ သောက်တတ်နေခြင်း ဖြစ်သည်။ ထို့အပြင် မိန်းကလေးအချို့ပါ သောက်တတ်နေပြီဖြစ်သည်။ အချို့မိဘများကလည်း ကလေးငယ်များကို ဝယ်ခိုင်းတတ်သေးသည်။ နိုင်ငံခြားတွင် ၁၈ နှစ်မပြည့်လျှင်အရက်၊ဘီယာလုံးဝမရောင်းရ မသောက်ရပေ။ ဒီမှာတော့ သောက်နေပြီ ဖြစ်သည်။ ရောင်းသည့်ဆိုင်များကလည်း ရောင်းသည်။ ကျွန်တော်တို့အိမ်နားတွင် ကျူရှင်ဆင်းချိန်၌ ကျောင်းသားတစ်ယောက် အိမ်မှလာအကြိုကိုစောင့်နေသည်။ ထိုကျောင်းသားသည် ပုလင်းတစ်လုံးကိုမော့သောက်နေသည်။ သူလွှင့်ပစ်လိုက်သောအချိန်တွင် ကျွန်တော်ပုလင်းကိုလှမ်းကြည့်မိလိုက်တော့ ဝိုင်ပုလင်းဖြစ်နေသည်။ ထိုဝိုင်ပုလင်းသည် နည်းနည်းပြင်းသည့် ဝိုင်ဖြစ်သည်။ ဝိုင်ဖြစ်ပင်ဖြစ်ငြားသော်လည်း ထိုအရွယ်မှစ၍ သောက်တတ်နေလျှင် ကြီးလာလျှင်တော့ မပြောတတ်တော့။ ၁၈ နှစ်မပြည့်သေးသော ကလေးများကို အရက်၊ ဘီယာ မရောင်းရန် ကြပ်မတ်သင့်ပြီ ဖြစ်သည်။

အရက်၊ဘီယာတင်သွင်းခွင့်၊ ထုတ်လုပ်ရောင်းချခွင့်များကိုလည်း ပြန်လည်စိစစ်သင့်ပြီ ဖြစ်သည်။ ယခုအချိန်စတင်မလုပ်နိုင်လျှင် တစ်မျိုးသားလုံးအတွက် ပြဿနာတစ်ရပ် ဖြစ်လာနိုင်သည်။ ဟိုအရင်တုန်းကဆိုလျှင် ညနေမိုးချုပ်မှ ခိုးကြောင် ခိုးဝှက်သွားကြသည်ဟု ရှေးလူကြီးများက ပြောသည်။ အခုတော့ မနက်ကတည်းက သွားသောက်နေကြသည်။ ဆယ်စုနှစ်တစ်ခုစာ လောက်နိုင်ငံရေးကလွဲရင် ဘာလုပ်လုပ်ရတယ်ဆိုသောခေတ်အတွင်းတွင်အရက်ဆိုင်၊ဘီယာဆိုင်များသည်မိုးဦးကျမှာ မှိုပွင့်တွေ တစ်ပွင့်ပြီးတစ်ပွင့်ပွင့်သလိုတစ်ဆိုင်ပြီးတစ်ဆိုင်ပေါ်ထွက်လာခဲ့သည်။ လူငယ်တွေအတွက် သွားစရာစာကြည့်တိုက်ကောင်းကောင်းမရှိ၊ အားကစားကွင်း ကောင်းကောင်းမရှိ၊ အနားယူ အပန်းဖြေစရာနေရာ ကောင်းကောင်းမရှိတော့ လက်ညှိုးထိုးမလွဲရှိသော အရက်၊ ဘီယာဆိုင်များကို သွားကြပြီဖြစ်သည်။ အပျင်းပြေသွားသော ဆိုင်သည် ဘီယာဆိုင်ဖြစ်နေပြီ ဖြစ်သည်။

အရက်ကြောင့်ကာယကံရှင်၏ ကျန်းမာရေးသာမက မိသားစုဝင်များပါ ဒုက္ခ၊ သောကရောက်ရတာတွေဟာ လက်တွေ့၊ ကိုယ်တွေ့၊စာတွေ့၊သာဓကတွေအများကြီး ရှိပါသည်။ အရက်ကြောင့် နိုင်ငံအတွက် အလုပ်လုပ်နိုင်သူတွေအလုပ်မလုပ်နိုင်ကြတော့တာကြောင့် နိုင်ငံအတွက် လုပ်အားတွေပါ ဆုံးရှုံးရပြီး ကျန်လူများအတွက်သာမက နိုင်ငံအတွက်ပါဝန်ထုပ်ဝန်ပိုးဖြစ်စေပါသည်။ ဒါ့အပြင် နောက်ဆက်တွဲ ပြဿနာအဖြစ် ကျွန်တော်တို့တိုင်းပြည်မှာ ကျန်းမာရေးဘတ်ဂျက်နည်းနေတဲ့အချိန် အရက်ကြောင့်ဖြစ်ရတဲ့ရောဂါတွေကိုပါ ကုသနေရတော့ တိုင်းပြည်ဟာ မိအေးနှစ်ခါမက သုံးလေးခါလောက် နာတာတွေ့ရပါသည်။

ဟိုတလောက ပုဂ္ဂလိကသတင်းစာတစ်စောင်ထဲတွင် ကာတွန်းတစ်ကွက်တွေ့လိုက်ရပါသည်။ ထိုကာတွန်းပုံက မြန်မာပြည်မြေပုံကို လူပုံစံဆွဲထားပြီး မြေပုံထဲတွင် ဘီယာဆိုင်များကို နိုင်ငံအနှံ့ထည့်ထားသည်။ ပြီးတော့ မြန်မာပြည်မြေပုံက ဗိုက်ပူနေသောပုံစံနှင့်လက်တစ်ဖက်ဆီတွင် ဘီယာဘူးနှင့် အရက်ပုလင်းကိုကိုင်ကာမူးနေသောပုံစံဆွဲထားပြီး လူတစ်ယောက်ကခေါင်းပေါင်းနှင့် လူကိုခေါ်ပြနေသည်။ ထိုလူသည် အံ့သြသွားသလို၊ လန့်သွားသလိုဖြစ်နေသည်။ကျွန်တော်အဲဒီပုံကိုမြင်ပြီး ငယ်ငယ်တုန်းကတွေ့ခဲ့ရသော ကာတွန်းကို ပြန်သတိရကာ မရယ်နိုင်တော့ပါ။ ထိုပုံသည် ကျွန်တော်တို့ တစ်မျိုးသားလုံးကို သတိပေးနေသော ပုံဖြစ်သည်။ အားလုံးသတိပြုသင့်ပြီဖြစ်သည်။ ကာတွန်းဟုဆိုသော်လည်း တကယ်တော့ခေတ်ပုံရိပ်ကိုတကယ်ထင်ဟပ်နေသော ပန်းချီကားလိုဖြစ်နေသည်။ ကျွန်တော်တို့နိုင်ငံထိုကဲ့သို့တကယ်ဖြစ်နေပြီ။ မည်ကဲ့သို့ ထိန်းချုပ်ကြမလဲ။ ဘာကြောင့် အခုလိုဖြစ်သွားရတာလဲဆိုတာကတော့ . . . . ။

ခေတ်မှီ
ဆေးကုခန်း
လေပြွန်ပန်းနာရောဂါဝဒုပြုပါ။
ပန်းနာရောဂါမှာ ရုတ်တရက် အမောဆို့ခြင်း၊ အသက်ရှူမြန်ခြင်း၊ ရင်ကျပ်ခြင်း၊ ချောင်းဆိုးခြင်းတို့ဖြစ်တတ်သည်။ တချို့ ရောဂါသည်များသည် ရင်-အောင့်ခြင်း ဖြစ်တတ်သည်။ ၎င်းရောဂါ အခြေအနေသည် ရောဂါသည်မှ မီးခိုးငွေ့၊ ရေမွှေး၊ သဘော်ဆေး၊ ဖုံမှုန့်၊ အိမ်မွှေးတိရိစ္ဆာန်၊ ပန်းဝတ်မှုံစသော စူးရှသော အနံ့များနှင့် ထိတွေ့သောအခါ ဖြစ်လေ့ရှိပါသည်။ ညပိုင်းနှင့် မနက်မိုးလင်းချိန်တို့တွင် ရောဂါအခြေအနေ ဆိုးလာတတ်သည်။ သို့မဟုတ် ပိုးဆိုးလာသည်။ ပန်းနာရောဂါ ဆွဲကပ်နေပါက ရောဂါအခြေအနေ ဆိုးပါလျက် ဆေးမကုပဲထားလျှင် အသက်ကို အန္တရာယ် ဖြစ်စေပါသည်။
"ခေတ်မှီဆေးခန်း"သည် ပန်းနာရင်ကျပ် အထူးကုစင်တာဖြစ်သည်။ နှစ်ပေါင်းတစ်ရာကျော်ရှိ တိုင်းရင်းကုထုံးဖြင့်လေပြွန်ရောင်ရမ်းခြင်း၊ ပန်းနာခြင်း၊ အဆုပ်ရောင်ရမ်းခြင်းရောဂါများကုသပေးပါသည်။ ရောဂါမည်မျှဆိုးနေပါစေ၊ အချိန်မည်မျှကြာနေပါစေ၊ အားလုံးကို ပျောက်ကင်းအောင် ကုသပေးနိုင်ပါသည်။ ကုထုံး (၁-၂)ကြိမ်အတွင်း ရောဂါပျောက်ကင်းစေနိုင်ပါသည်။ ကုသပြီးနောက် ပြန်လည် ဖြစ်ပွားခြင်း မရှိတော့ပါ။



ပိတ်ရက်မရှိ။

နှာခေါင်းရောင်နှာ လည်ချောင်းရောင်နှာ အမြန်ပျောက်ကင်းစေသော ကုထုံးသစ်
နှာခေါင်းရောင်နှာ လည်ချောင်းရောင်နှာ ရောဂါများသည် နှာပိတ်ခြင်း၊ နှာရည်ယိုခြင်း၊ နှာချေခြင်း ခေါင်းကိုက်ခြင်း၊ မှတ်ဉာဏ်ကျဆင်းခြင်း၊ လည်ချောင်းခြောက်သွေ့ခြင်း၊ နာခြင်း၊ ချောင်းဆိုးရာတွင် ခွဲသလိပ်များခြင်း၊ အော့ဂလီဆန်ခြင်းများ ဖြစ်တတ်ပါသည်။ အချိန်မှီ ဆေးကုသခြင်းမပြုပါက နှာခေါင်း၊ လည်ချောင်း ကင်ဆာဖြစ်သွား နိုင်ပါသည်။
ကျွန်တော်တို့ဆေး ကုခန်းတွင် အမေရိကန်နိုင်ငံမှ ခေတ်အမီဆုံး နား၊ နှာခေါင်း၊ လည်ချောင်းစစ်ဆေးသောကွန်ပျူတာ စက်ကြီး များဖြင့်စစ်ဆေးကုသပေးနေပါသည်။ ၃-၅မိနစ်အတွင်း နှာခေါင်း ရောင်နာ၊ လည်ချောင်း ရောင်နာ ရောဂါများကို တိတိကျကျ စစ်ဆေးတွေ့ရှိ နိုင်ပါသည်။ အမေရိကန်နိုင်ငံ၏ 6G-YNT နည်းပညာဖြင့် ကုသပေးသောကြောင့် အလျှင်အမြန်ပျောက်ကင်း စေနိုင်ပါသည်။ သက်သာရမြန်ဆန်၍ ကုသချိန်တိုတောင်းပါသည်။ အမြစ်ပြတ်ပါသည်။ နာတာရှည် နှာခေါင်းရောင်နာ၊ နှာခေါင်းအလာဂျီ၊ နှာတွင်းလိုက်မြှောင်းရောင်နာ၊ နှာခေါင်းထွက်သက်အသားဖု၊ လည်ချောင်းရောင်နာ၊ အာသီးရောင်နာ စသောရောဂါများ ကုသရာတွင် ဆေးစွမ်းထက်လှပါသည်။ ရောဂါကြီးကြီး၊ သေးသေး၊ နာတာရှည်၊ ကာလတို ရောဂါများ အားလုံးကို တစ်ကြိမ်တည်းဖြင့် ပျောက်အောင်ကုသပေးပါသည်။



ဆေးခန်းဖွင့်ချိန်
နံနက် (၈)နာရီမှ ည (၈)နာရီထိ

အမှတ်(၈)၊ စဉ်းအိုးတန်းအောက်လမ်း၊လသာမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - 09-421180800

Environment
7 DAY NEWS JOURNAL
Vol.12, No.38 • NOVEMBER 27 , 2013

# သစ်တောအတန်းအစား လျော့ကျခြင်းနှင့် သစ်တောပြုန်းတီးမှုလျော့ချခြင်း လမ်းပြမြေပုံစတင်ရန် သမ္မတရုံးတင်ထား

**အိဖြူမွန်**

**ရန်ကုန်၊ နိုဝင်ဘာ-၂၂**

မြန်မာနိုင်ငံတွင် သစ်တော အတန်းအစားလျော့ကျခြင်းနှင့် သစ်တောပြုန်းတီးမှုလျော့ချခြင်း လမ်းပြမြေပုံကို အကောင်ထည် ဖော်ရန် သမ္မတရုံးသို့ တင်ပြထားကြောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ သတင်းရရှိသည်။

အဆိုပါ လမ်းပြမြေပုံကို REDD (သစ်တောပြုန်းတီးခြင်းနှင့် သစ်တော အတန်းအစားလျော့ချခြင်းနည်းလမ်းဖြင့် ကာဗွန်ထုတ်လုပ်မှုလျော့ချခြင်း)လမ်းပြမြေပုံဟု ခေါ်ဆိုပြီး သစ်တောစီမံခန့်ခွဲမှုကို အထောက်အကူပြုသည့် နည်းပညာတစ်ရပ်ဖြစ်သည်။ လမ်းပြမြေပုံကိုကုလသမဂ္ဂ REDD အဖွဲ့က နည်းပညာရှင်များနှင့် ဆက်စပ်ဝန်ကြီးဌာန ၁၂ ခုတို့ ပူးပေါင်း၍ တစ်နှစ်ခန့် ရေးဆွဲထားသော လမ်းပြမြေပုံဖြစ်ပြီး ၂၀၁၃ ဇွန်တွင်ပြီးဆုံးခဲ့သည်။

"သမ္မတထုတ်ပြန်မယ့်အဖြေကို စောင့်နေတာပါ။ မကြာခင် အကောင်ထည်ဖော်ဖြစ်မယ်" ဟု ဝန်ကြီးဌာနတွင် အဆိုပါစီမံကိန်းကို အကောင်အထည် ဖော်နေသည့်အဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

သမ္မတ၏ ခွင့်ပြုချက်သည် ဒီဇင်ဘာလတွင် ထုတ်ပြန်နိုင်ဖွယ်ရှိပြီး အပိုင်းလိုက်အကောင်ထည်ဖော်ရန်အတွက် ဆက်စပ်ဝန်ကြီးဌာနများမှ အစီရင်ခံစာများရေးဆွဲထားသင့်ကြောင်း၊ စီမံကိန်းမှာ ၂၀၁၄ ခုနှစ်တွင် စတင်အကောင်အထည်ဖော်နိုင်မည်ဖြစ်ကြောင်း အထက်ပါ ပုဂ္ဂိုလ်က ပြောကြားသည်။

ဝန်ကြီးဌာနက သစ်တောကျန်ရှိမှုနှင့် သစ်တောပြုန်းတီးမှုများသည့် ပဲခူး၊ တောင်ကြီး၊ ဘိုကလေးနှင့် ကသာတို့ကိုရွေးချယ်ပြီးရှေ့ပြေးအနေဖြင့် သစ်တောပြုန်းတီးခြင်းနှင့်သစ်တောအတန်းအစားလျော့ချခြင်းမှ ကာဗွန်ထုတ်လွှင့်မှု လျော့ချခြင်းလုပ်ငန်းများဆောင်ရွက်မည်ဟု သတင်းရရှိသည်။

မြန်မာနိုင်ငံသည် ၂၀၁၂ ခုနှစ်တွင် REDD လုပ်ဆောင်ရမည့်အဖွဲ့ဝင်နိုင်ငံ ဖြစ်လာပြီး REDD လမ်းပြမြေပုံကိုရေးဆွဲခဲ့သည်။

ထိုလမ်းပြမြေပုံကိုအကောင်အထည်ဖော်ရာတွင်နော်ဝေးအစိုးရနှင့်ပူးပေါင်းဆောင်ရွက်မှုများရှိသလို အခြား နိုင်ငံတကာအဖွဲ့အစည်းများနှင့် ရှေ့ပြေးလုပ်ငန်းစဉ်များကို ဆောင်ရွက်နေသည်။

# ခါကာဘိုရာဇီတောင်သည် မြန်မာနိုင်ငံတွင် အမြင့်ဆုံးဟုတ်၊ မဟုတ်ထပ်မံတိုင်းတာမည်

**နိုင်နိုင်စိုး**

**ရန်ကုန်၊ နိုဝင်ဘာ-၂၃**

မြန်မာနိုင်ငံ၏ အမြင့်ဆုံးတောင်သည် ခါကာဘိုရာဇီဟုတ်၊ မဟုတ် တက္ကသိုလ်ခြေလျင်နှင့် တောင်တက်အသင်းက ခါကာဘိုရာဇီတောင်တက်ရောက်ချိန်တွင်သက်ဆိုင်ရာဌာနများနှင့်ပူးပေါင်း၍ တောင်အမြင့်ကိုတိုင်းတာမည်ဟု သတင်းရရှိသည်။



*ခါကာဘိုရာဇီတောင်ကိုမြင်ရစဉ်*

ခါကာဘိုရာဇီ ရေခဲတောင်သည် မြန်မာနိုင်ငံနှင့် အရှေ့တောင်အာရှတွင် အမြင့်ဆုံးဟု သတ်မှတ်ထားသော်လည်း ပြီးခဲ့သည့် ဩဂုတ်လက ဂမ်လန်ရာဇီတောင်ကို အောင်မြင်စွာ တက်ရောက်နိုင်ခဲ့သည့် မြန်မာ-အမေရိကန် ချစ်ကြည်ရေးတောင်တက်အဖွဲ့ခေါင်းဆောင် အမေရိကန်နိုင်ငံသား အင်ဒီတိုင်စန်က ဂမ်လန်ရာဇီတောင်သည် ခါကာဘိုရာဇီတောင်ထက်ပိုမြင့်ကြောင်း အေပီသတင်းဌာနအား ပြောကြားခဲ့သည်။

သို့သော် မြန်မာ - အမေရိကန်ချစ်ကြည်ရေးတောင်တက်အဖွဲ့၏ တိုင်းတာချက်အရ ဂမ်လန်ရာဇီတောင်သည် ပေ ၅,၈၇၀ မီတာ၊ (၁၉,၂၅၄ ပေ)မြင့်ပြီး ခါကာဘိုရာဇီထက် ပေ ၃၀ နိမ့်ကြောင်းထူးဖောင်ဒေးရှင်းကပြောကြားခဲ့သည်။

ထိုသို့မြန်မာနိုင်ငံအမြင့်ဆုံးတောင်ကို သိရှိစေရန် လာမည့်နှစ် အောက်တိုဘာတွင် ခါကာဘိုရာဇီတောင်သို့ တက်ရောက်မည့် တက္ကသိုလ်ခြေလျင်နှင့် တောက်တက်အသင်း၊ သဘာဝခေါ်သံဖောင်ဒေးရှင်းမှ မြေစာရင်းဦးစီးဌာနကဲ့သို့ သက်ဆိုင်ရာဌာနများကို တောင်းဆို၍ တိုင်းတာမှုများပြုလုပ်မည်ဟု ယင်းအသင်းဥက္ကဋ္ဌ ဦးမျိုးသန့်က ပြောသည်။

"တောင်အမြင့်ကို အတိအကျသိဖို့က ရာသီဥတုအခြေအနေတစ်ခုတည်းမှာပဲ တောင်နှစ်ခုလုံးကို တစ်ပြိုင်နက်တည်း တိုင်းရမှာ။ နိုင်ငံတော်က စီစဉ်ပေးမယ်ဆိုရင် ခါကာဘိုရာဇီတောင်တက်ရောက်တဲ့အခါတိုင်းမယ်" ဟု ဦးမျိုးသန့်က ပြောသည်။

မြန်မာနိုင်ငံ၏ အမြင့်ဆုံးတောင်ဖြစ်သည့်ခါကာဘိုရာဇီရေခဲတောင်သည် ၁၉,၂၉၆ ပေမြင့်မားပြီး တက္ကသိုလ်ခြေလျင်နှင့် တောင်တက်အသင်း၊ သဘာဝခေါ်သံဖောင်ဒေးရှင်းက ၂၀၁၄ တွင် အောင်မြင်စွာ တက်ရောက်နိုင်ရန် လေ့ကျင့်မှုများ ပြုလုပ်လျက်ရှိသည်။

# လက်ပံတောင်းတောင် ကြေးနီစီမံကိန်း၏ EIA, SIA ကို ဩစတြေးလျကုမ္ပဏီ သုံးလတစ်ကြိမ် ပြုလုပ်မည်ဟုဆို

**အိဖြူမွန်**

**ရန်ကုန်၊ နိုဝင်ဘာ-၂၁**

ဩစတြေးလျနိုင်ငံ အခြေစိုက် Knight Piesold ကုမ္ပဏီက ပညာရှင်များဖြင့်လက်ပံတောင်းတောင်ကြေးနီစီမံကိန်း၏ ပတ်ဝန်းကျင်နှင့် လူမှုစီးပွားဆိုင်ရာ ထိခိုက်မှုဆန်းစစ်လေ့လာခြင်းကို(EIA, SIA) သုံးလတစ်ကြိမ် ဆန်းစစ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

လုပ်ငန်း လည်ပတ်နေစဉ်အတွင်း ပတ်ဝန်းကျင်နှင့်လူမှုစီးပွားဆိုင်ရာထိခိုက်မှုများကို ဆန်းစစ်လေ့လာပြီး အဆိုပါကုမ္ပဏီမှ ပညာရှင်များ၊ သက်ဆိုင်ရာဌာနဆိုင်ရာအဖွဲ့အစည်းများမှကိုယ်စားလှယ်များ၊ ဒေသခံကိုယ်စားလှယ်များပါဝင်သည့်အဖွဲ့ဝင် ၁၄ ဦးက စိစစ်ပြီး ကော်မတီသို့တင်ပြကာ ထုတ်ပြန်ကြေညာသွားမည်ဟု ဆိုသည်။

သဘာဝ ပတ်ဝန်းကျင်နှင့် လူမှုစီးပွားဆိုင်ရာထိခိုက်မှုဆန်းစစ်လေ့လာခြင်း၊ သဘာဝပတ်ဝန်းကျင်စီမံအုပ်ချုပ်မှု စီမံချက်များရေးဆွဲခြင်းကို ဩစတြေးလျနိုင်ငံအခြေစိုက် Knight Piesold အကြံပေးကုမ္ပဏီနှင့် မြန်မာဝမ်ပေါင်ကုမ္ပဏီလီမိတက်တို့စာချုပ်ချုပ်ဆိုလုပ်ကိုင်လျက်ရှိသည်။

အဆိုပါကုမ္ပဏီက လက်ပံတောင်းတောင်စီမံကိန်း၏ EIA, SIA ကို မည်သည့်နည်းလမ်းများဖြင့် လေ့လာမည်ဟူသောအစီရင်ခံစာမူကြမ်းရေးဆွဲပြီးစီးသွားပြီဟု သတင်းရရှိသည်။

မပြဋ္ဌာန်းရသေးသော ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာ လုပ်ထုံးလုပ်နည်းအကြမ်းတွင် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်လေ့လာရာတွင်စီမံကိန်းများမစတင်မီ လုပ်ကိုင်ဆောင်ရွက်ရန် လမ်းညွှန်ထားသည်။



Tourism
7 Day News Journal
Vol.12, No.38 • NOVEMBER 27 , 2013

# ရွှေတိဂုံတွင် ဧည့်ဝင်ကြေးပေးဆောင်ရာ၌ ဒေါ်လာစစ်၊ မစစ် စစ်ဆေးချိန် ကြန့်ကြာဟုဆို

**ခန့်ထက်၊ အိမွန်ကျော်**

**ရန်ကုန်၊ နိုဝင်ဘာ-၂၄**

ရွှေတိဂုံစေတီသို့လာရောက်သော နိုင်ငံခြားဧည့်သည်များမှ ဝင်ကြေးပေးဆောင်သောဒေါ်လာကို အတုဟုတ်မဟုတ်စစ် ဆေးသည့်စနစ်မှာ အချိန်ကြာမြင့်မှုများရှိနေကြောင်း သတင်းရရှိသည်။

ရွှေတိဂုံစေတီသို့ လာရောက်သော နိုင်ငံခြားသားများ ဧည့်ဝင်ကြေးပေးရာ၌ ၎င်းထံတွင် အတုမဟုတ်ကြောင်းဧည့်လမ်းညွှန်က တာဝန်ယူပြီး ပိုက်ဆံနံပါတ်ကိုရေး၍ လက်မှတ်ထိုးရကြောင်း မြန်မာနိုင်ငံ ဧည့်လမ်းညွှန်အသင်း တာဝန်ရှိသူတစ်ဦးကပြောသည်။

ယင်းကဲ့သို့ ပိုက်ဆံနံပါတ်ရေး လက်မှတ်ထိုးရခြင်းမှာဒေါ်လာအကြွေးများပေးရာတွင် မပြုလုပ်ရဘဲ နိုင်ငံခြားသားအဖွဲ့လိုက်အတွက် ပေးသောဒေါ်လာ ၅၀၊ ၁၀၀စသော အရွက်ကြီးများကို စစ်ဆေးရာတွင်ပြုလုပ်ရကြောင်း သတင်းရရှိသည်။

"သူတို့က အတုဟုတ်၊မဟုတ် စစ်တယ်လို့ပြောတာပဲ။ ဒါပေမဲ့ နံပါတ်ရေးတာတို့ဘာတို့တော့ သူတို့ကိုယ်တိုင်လုပ်သင့်တာပေါ့။ဒါမှမဟုတ်ရင်လည်း စက်တွေဘာတွေနဲ့ စစ်သင့်တယ်။ အဖွဲ့တွေများလာရင် ပိုပြီးတော့အချိန်ကြာတာပေါ့"ဟု ဧည့်လမ်းညွှန်အသင်းတာဝန်ရှိသူတစ်ဦးကပြောကြားသည်။



*ရွှေတိဂုံစေတီတော်ကို ဖူးတွေ့ရစဉ်* ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

ရွှေတိဂုံစေတီပေါ်သို့ လာရောက်လည်ပတ်သောနိုင်ငံခြားသားဧည့်သည့်တစ်ဦးလျှင် အမေရိကန်ဒေါ်လာ၈ဒေါ်လာကောက်ခံပြီး တစ်နေ့လျှင် နိုင်ငံခြားသား ဧည့်သည် နှစ်ထောင်ခန့် လာရောက်လျက်ရှိနေသည်။

နိုင်ငံခြားသား ဝင်ထွက်မှုများသော ရွှေတိဂုံစေတီတွင် အမေရိကန်ဒေါ်လာ စစ်ဆေးရာ၌ စက်များဖြင့်စစ်ဆေးရန် လတ်တလောတွင် အစီအစဉ်မရှိကြောင်း၊ ယခုကိစ္စနှင့်ပတ်သက်ပြီးကြီးကြီးမားမားဖြေရှင်းရခြင်းမျိုးမရှိသေးကြောင်း ရွှေတိဂုံစေတီဂေါပကအဖွဲ့ဝင်တစ်ဦးကပြောသည်။

"ငွေစက္ကူ စစ်ဆေးရာမှာ အခက်အခဲတွေ ရှိတယ်ဆိုပြီး အထက်ကို တင်ပြလာတာတွေများတယ်ဆိုရင်တော့ ဖြေရှင်းပေးဖို့ စဉ်းစားရမှာပေါ့"ဟု ၎င်းကပြောသည်။ ယင်းကဲ့သို့ စစ်ဆေးရာတွင်ကြန့်ကြာမှုများနှင့်ပတ်သက်၍ စနစ်ပြောင်းလဲရန်အတွက် ရွှေတိဂုံစေတီ တာဝန်ရှိသူများသို့ အကြံပြုသွားမည်ဖြစ်ကြောင်း ဧည့်လမ်းညွှန်အသင်း တာဝန်ရှိသူကဆိုသည်။

# လေယာဉ်ခရီးစဉ်အချို့ အချိန်မမှန်ခြင်းကြောင့် ကမ္ဘာ့လှည့်ခရီးသွားများ အခက်တွေ့

**ခန့်ထက်**

**ရန်ကုန်၊ နိုဝင်ဘာ-၂၃**

ကမ္ဘာ့လှည့်ခရီးသွား အဝင်များသော နိုဝင်ဘာနှင့် ဒီဇင်ဘာလများတွင် ညောင်ဦး၊ မန္တလေး၊ ဟဲဟိုးလေကြောင်းခရီးစဉ်အချို့မှာ ဖျက်သိမ်းခြင်း၊ ခရီးစဉ်အချိန်မမှန်ခြင်း၊ လေယာဉ်ချင်း လွှဲပြောင်းမှုများ ရှိနေသောကြောင့် ခရီးသည်များအခက်တွေ့နေကြောင်း ဧည့်လမ်းညွှန်များကပြောသည်။

ရန်ကုန် - မန္တလေး - ညောင်ဦး-ဟဲဟိုး လေကြောင်း ခရီးစဉ်အချို့မှာ ဖျက်သိမ်းပြီး အခြားလေယာဉ်သို့လွှဲပြောင်းပေးခြင်း၊ ရာသီဥတုကြောင့် ခရီးစဉ် ဆိုင်းငံ့ခြင်းကြောင့် ဧည့်သည်များ လည်ပတ်ရာတွင် အချိန် အခက်အခဲရှိကြောင်း တောင်ကြီး-အင်းလေးဒေသသို့ မကြာခဏ ခရီးသည်ပို့ပေးနေသော ဧည့်လမ်းညွှန်ကို အောင်ထွန်းလင်းကပြောသည်။

"လေကြောင်းခရီးစဉ် တစ်ခုပျက်တာနဲ့ ဟဲဟိုးလိုနေရာမျိုးရောက်တာနဲ့ နေ့လယ်လောက်ဖြစ်သွားရော၊ ဆောင်းတွင်းကလည်းဖြစ်တာနဲ့ စောစောနေဝင်တာလေ။ လည်ပတ်ချိန်က သိပ်မရတော့ဘူး" ဟု ကိုအောင်ထွန်းလင်းကပြောသည်။

ယင်းကဲ့သို့ နောက်ကျရာတွင် ဟဲဟိုးလေဆိပ်မှ အင်းလေးသို့ သွားရောက်သော ခရီးသည်များအတွက် အခက်အခဲမရှိသော်လည်းပင်းတယသို့သွားရောက်ပြီး အင်းလေးသို့ ပြန်ဝင်မည့် ခရီးသည်များအတွက် အခက်အခဲရှိကြောင်း ရှမ်းပြည်နယ် ဒေသခံဧည့်လမ်းညွှန်တစ်ဦးကလည်းပြောကြားသည်။

ရန်ကုန်-ညောင်ဦး-မန္တလေး-ဟဲဟိုးခရီးစဉ်ပြေးဆွဲနေသော လေကြောင်းလိုင်းများမှာ အဲပုဂံ၊ အဲမန္တလေး၊ အဲကမ္ဘောဇ၊ ရန်ကုန်အဲဝေး၊ မြန်မာလေကြောင်းတို့မှ ပုံမှန်ခရီးစဉ် ပြေးဆွဲပေးလျက်ရှိနေသည်။ ယင်းဒေသများသည် ဆောင်းတွင်း အခါ၌ မြူနှင်းကျဆင်းမှုတို့ကြောင့် လေယာဉ်ခရီးစဉ်အချို့ဆိုင်းငံ့မှုများရှိပြီး တစ်ခါတစ်ရံ ခရီးသည်များ လုံခြုံရေးအတွက် လေယာဉ်များ ချို့ယွင်းမှုရှိပါက ပျံသန်းခွင့်မပေးကြောင်း လေကြောင်းဦးစီးမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

"လေယာဉ်က အကြောင်းအမျိုးမျိုးကြောင့် ခရီးစဉ်ဖျက်သိမ်းရတာတွေ တော့ရှိတာပေါ့။ ဒါပေမဲ့ ဒီလိုခရီးသည်ဝင်တဲ့ ရာသီမျိုးမှာပုံမှန်တော့လုပ်ပေးသင့်တယ်" ဟု ဧည့်လမ်းညွှန်တစ်ဦးက ပြောကြားသည်။

လက်ရှိ မြန်မာနိုင်ငံတွင် ပြည်တွင်း လေကြောင်းလိုင်း ရှစ်လိုင်းရှိနေပြီး လေယာဉ်အစီးရေ ၅၀စီးခန့်ရှိနေပြီဖြစ်သည်။ အပြည်ပြည်ဆိုင်ရာ လေဆိပ်များမှအပ မြန်မာနိုင်ငံရှိ ပြည်တွင်းလေဆိပ်များအနက် ညောင်ဦးလေဆိပ်နှင့် ဟဲဟိုးလေဆိပ်များသို့ ခရီးသည်ဝင်ထွက်မှုများ အမြင့်ဆုံးဖြစ်နေကြောင်း သတင်းရရှိသည်။

# ရန်ကုန် – ပုဂံ – ပခုက္ကူခရီးစဉ် နိုဝင်ဘာ ၂၄ ရက်မှစ၍ တိုးချဲ့ပြေးဆွဲမည်

**အိမွန်ကျော်**

**ရန်ကုန်၊ နိုဝင်ဘာ-၂၃**

ရန်ကုန်-ပုဂံရထားခရီးစဉ်ကိုနိုဝင်ဘာ ၂၄ ရက်မှစ၍ ပခုက္ကူအထိ ခရီးစဉ် တိုးချဲ့ပြေးဆွဲမည်ဖြစ်ကြောင်းမြန်မာ့မီးရထားမှသတင်းရရှိသည်။

"ပခုက္ကူ-ပုဂံကလည်း လမ်းဖောက်ပြီးတော့ ဒေသခံတွေလိုအပ်ချက်အရ ပခုက္ကူအထိ ခရီးဆန့်လိုက်တာပါ" ဟု မြန်မာ့မီးရထား (သွားလာရေး)မှ လက်ထောက်အထွေထွေမန်နေဂျာ ဦးကျော်ကျော်မျိုးက ပြောသည်။

ရန်ကုန်-ပုဂံ ခရီးစဉ်အဖြစ် ပြေးဆွဲလျက်ရှိသည့် အမှတ် ၆၁ အဆန်နှင့် အမှတ် ၆၂ အစုန်အမြန်ရထားကို ရန်ကုန်-ပုဂံ-ပခုက္ကူ ခရီးစဉ်အဖြစ် တိုးချဲ့ပြေးဆွဲပေးမည်ဖြစ်သည်။

အဆန် အမြန်ရထားသည် ညနေ ၄ နာရီတွင် ရန်ကုန်မှစတင်ထွက်ခွာပြီး ပုဂံသို့ နံနက် ၉ နာရီခွဲတွင်ရောက်ရှိမည်ဖြစ်ကာ ၉ နာရီ မိနစ် ၄၀ တွင်ပခုက္ကူသို့ဆက်လက်ထွက်ခွာ၍ နံနက် ၁၁ နာရီ ၁၀ မိနစ်တွင် ရောက်ရှိမည်ဖြစ်သည်။

ရန်ကုန်-ပုဂံ ခရီးစဉ်အတွင်း လမ်းခရီးတွင် ၁၅ ဘူတာရပ်တန့်ပေးလျက်ရှိပြီး ပုဂံနှင့်ပခုက္ကူကြားတွင် ထင်းတန်းလမ်း ဘူတာနှင့် ပခုက္ကူတက္ကသိုလ်ဘူတာတို့၌ ရပ်တန့်ပေးမည်ဟုဆိုသည်။

အဆိုပါရထားမှာ ရိုးရိုးတန်းနှစ်တွဲ၊ ဒုတိယတန်းတစ်တွဲ၊ အထက်တန်းတစ်တွဲ၊ စားသောက်တွဲတစ်တွဲ၊ ဘရိတ်တွဲ တစ်တွဲစုစုပေါင်းခြောက်တွဲ ပါဝင်သည်။

ရန်ကုန်-ပုဂံခရီးစဉ် လက်မှတ်နှုန်းထားများမှာ မူလအတိုင်းသာဖြစ်ပြီး ပုဂံမှပခုက္ကူအထိ ခရီးဆက်ပါက ရိုးရိုးတန်း ၃၀၀ ကျပ်၊ ဒုတိယတန်း ၄၀၀ ကျပ်၊ အထက်တန်း ၇၀၀ ကျပ်နှင့် အိပ်စင် ၁၀၀၀ ကျပ်ကျသင့်မည်ဟု မြန်မာ့ မီးရထားမှ သတင်းရရှိသည်။



7 DAY NEWS JOURNAL
Vol.12, No.38 • NOVEMBER 27 , 2013

# Cartoon

























7 DAY NEWS JOURNAL
Vol.12, No.38 • NOVEMBER 27 , 2013

# သမ္မတအိုဘားမား အကြိုက်ဆုံး အဆာပြေစားစရာ

ထားထားမြင့်



GETTY IMAGES

လက်ရှိအမေရိကန်သမ္မတ ဘားရက်အိုဘားမား၏ သမ္မတကတော် မီရှဲလ်အိုဘားမားက အမေရိကန် သမ္မတကတော်များတွင် အများနှင့် မတူထူးခြားသူတစ်ဦးဟု ဆိုရပေမည်။

အာဖရိကန်-အမေရိကန် နွယ်ဖွားတစ်ဦးဖြစ်ပေမယ့် ဟားဗတ်ဥပဒေကျောင်းဆင်း ဥပဒေဘွဲ့ရ ပညာတတ်တစ်ဦး ဖြစ်သည်။

ယနေ့ထက်ထိ အမေရိကန် သမ္မတကတော်များတွင် ဘွဲ့လွန်ဒီဂရီရသူသုံးဦးသာရှိရာ မီရှဲလ်ကတစ်ဦးအပါအဝင်ဖြစ်သည်။ ဟိတ်ဟန်မကြီး ပျော်ပျော်ပါးပါး နေတတ်သူဖြစ်၏။ လက်ရှည်ဂန္ထဝင်ပုံစံများ ဝတ်ဆင်ကြသော သမ္မတကတော်များ၏ ဖယ်ရှင်ဝတ်စုံနေရာတွင် လှပကျန်းမာသောသူ၏ လက်မောင်းအလှကို ဖော်ပြသည့် လက်ပြတ်ဝတ်စုံများကို အစားထိုးဝတ်ဆင်လိုက်သောအခါ လူအများအံ့အားသင့် မှင်တက်ကုန်ကြရသည်။

သမ္မတကတော် တစ်ဦးက ဒီလိုတွေ မဝတ်သင့်ဘာညာစသည်ဖြင့် လူတွေဆီကဝေဖန်သံတွေ ထွက်ပေါ်ခဲ့သော်လည်း ကျန်းကျန်းမာမာနှင့် ဖျတ်လတ်တက်ကြွသော၊ အားကစားသမားပုံစံပေါက်နေသော မီရှဲလ်ကိုတော့ မချီးကျူးဘဲ မနေနိုင်ပါ။ ဂန္ထဝင်ဆန်သော ဟန်ပန်ကြီးသူများအစား တက်တက်ကြွကြွ သမ္မတကတော်မီရှဲလ်ကို လူအများက သဘောကျလာကြပါပြီ။

စီအင်န်အင်န် ရုပ်သံက နာမည်ကြီးသူများ၏ ပရိသတ်များနှင့် တိုက်ရိုက်မေးမြန်းတွေ့ဆုံခန်းတွင် သမ္မတကတော် ကလေးနှစ်ယောက်မိခင်တစ်ဦးအနေဖြင့် ကျန်းမာရေးကိုမည်သို့ လိုက်စားထိန်းသိမ်းပုံကို မီရှဲလ်အိုဘားမားက ရင်းရင်းနှီးနှီး ဖြေဆိုထားပါသည်။ ထိုမေးမြန်းခန်းတွင် စိတ်ဝင်စားစရာတစ်ခုမှာ သမ္မတအိုဘားမား အကြိုက်ဆုံး အဆာပြေစားစရာက မည်သည့်အရာဖြစ်သည်ကို မီရှဲလ်က ဖြေကြားထားပါသည်။

**မီရှဲလ်အိုဘားမား-** ကျွန်မကတော့ အမေရိကန်သမ္မတကတော်မီရှဲလ် အိုဘားမားပါရှင် Ireporter အစီအစဉ်က မေးခွန်းတွေကို ဖြေကြားဖို့ အဆင်သင့်ဖြစ်နေပါပြီရှင်။

*မစ္စစ်အိုဘားမားရေ ကျွန်မတို့ နှစ်ယောက်က အခုညနေဘက်လမ်းလျှောက်နေရင်းကနေ လှမ်းမေးလိုက်တာပါ။ ကျန်းမာကြံ့ခိုင်စေဖို့ မစ္စစ်အိုဘားမားရဲ့ အကြိုက်ဆုံး နည်းလမ်းကဘာပါလဲ။*

**(ဂွိုက်စ်နှင့် အင်န်ဒီ ကလင်တန်)**

**မီရှဲလ်အိုဘားမား** - ကျွန်မလုပ်ချင်တာတွေ စိတ်ချမ်းသာမှုတွေကိုပဲ ကြိုးစားပြီးလုပ်ပါတယ်။ လူတိုင်းအနေနဲ့ ကိုယ့်ကိုစိတ်ချမ်းသာပျော်ရွှင်စေတဲ့ အရာတွေကိုပဲ လုပ်ပါလို့ အကြံပေးချင်တယ်။ ကျွန်မကတော့ နေ့တိုင်းအားကစားလေ့ကျင့်ရုံမှာ လေ့ကျင့်ပါတယ်။ အလေးမပါတယ်။ လေ့ကျင့်ခန်းစက်တွေနဲ့ ကစားပါတယ်။

ဒါပေမဲ့လူတိုင်းအဲဒီလောက် ရှုပ်ရှုပ်ယှက်ယှက်တွေ လုပ်စရာမလိုပါဘူး။ လူတိုင်းက အားကစားလေ့ကျင့်ရုံကိုသွားဖို့ မကြိုက်ကြဘူး။ အဲဒီတော့ ရေဒီယိုကိုဖွင့်ပြီး သာကပါ။ အရမ်းကို ပျော်စရာကောင်းတယ်။ ဒါကျွန်မသမီးတွေနဲ့ ကျွန်မ မကြာခဏလုပ်ကြတဲ့နည်းပေါ့။

*ဟိုင်းမစ္စစ်အိုဘားမား. . . သားရဲ့ အကြိုက်ဆုံး အဆာပြေစားစရာကတော့ ရွှေငါးလို့ခေါ်တဲ့ မုန့်ကြွပ်ပိစိလေးတွေပါ။ သမ္မတကြီးရဲ့ အကြိုက်ဆုံး အဆာပြေစားစရာကရောဘာပါလဲခင်ဗျာ။*

**(အသက်ခြောက်နှစ်ခန့်ရှိ ယောကျ်ားလေးငယ် ရှယ်ယန် ဖဆလီ)**

**မီရှဲလ်အိုဘားမား-** သမ္မတကြီးလား။ အင်း သူ့ရဲ့အကြိုက်ဆုံး အဆာပြေစားစရာက ဂွါဂါမိုလီ (ထောပတ်သီးကို ခြေပြီး မုန့်ကြွပ်ဖြင့် တို့စားရသော မက္ကဆီကန်စားစရာ)နဲ့ နာချိုစ်ဆိုတဲ့ မုန့်ကြွပ်ပေါ့။ အဲဒါမြင်ရင်သူ မစားဘဲ မနေနိုင်ဘူး။ တီဗီကနေလာတဲ့ ကစားပွဲတွေကြည့်ရင် ဂွါဂါမိုလီနဲ့ နာချိုစ်ကိုတစ်ပန်းကန်လုံးအမောက်ကုန်တဲ့အထိ သူစားနိုင်တယ်။ အဲဒါကြောင့် ဒါကိုသူအကြိုက်ဆုံးလို့ထင်တယ်။ အခုလို မေးခွန်းမေးတာ ကျေးဇူးပဲသားသားရေ။ ဟင်းသီးဟင်းရွက်တွေကိုတော့ စားပေးနော်။

*သမ္မတကတော်ရှင့်ကျွန်မကတော့ သီရိလင်္ကာက ရှုရီပါ။ ကျွန်မသိချင်တာကတော့ သမ္မတသမီးတွေဖြစ်ကြတဲ့ မာလီယာနဲ့ ဆာရှာက ကြက်သားကြော်တို့ အာလူးကြော်တို့၊ ဘာဂါတို့ စားချင်လို့ရှိရင် သမ္မတကတော်က ခွင့်ပြုသလား။ ဒါမှမဟုတ် ကျန်းမာရေးနဲ့ ညီတာတွေပဲ သူတို့ စားရသလား။*

**(ရှုရီ အတုကိုလာ)**

**မီရှဲလ်အိုဘားမား** -မာလီယာနဲ့ ဆာရှာလည်း တခြားအမေရိကန်ကလေးတွေ လိုပါပဲ။ သူတို့လည်း ဘာဂါတို့ အားလူးကြော်တို့ ကိတ်တို့ နေ့တိုင်းစားနိုင်ပါတယ်။ သူတို့ကလည်း စားချင်တယ်။ ဘာလို့လဲဆိုတော့စားလို့အရမ်းကောင်းတာကိုး။ ကျွန်မလည်း စားလို့ရလို့ကတော့ အဲဒါတွေပဲစားချင်တာပေါ့။

ဒါပေမဲ့ ကျွန်မသမီးတွေကို ကျွန်မသင်ပေးထားတာက အကျင့်လုပ်ပေးထားတာက အဲဒါတွေကို အသင့်အတင့်စားဖို့ပဲ။ ဒီနေရာမှာ စိတ်နိုင်ဖို့လိုတယ်။ စိတ်ပြတ်ဖို့ လိုတယ်။ တစ်ခါတလေကျရင်တော့ မစားရဘူးလို့ ပြတ်ပြတ်သားသား ပြောပစ်လိုက်ရတာပဲရှင့်။

*ကျွန်တော်က အီရတ်မြောက်ပိုင်းက မိုဟာမက်ပါခင်ဗျာ။ ကျွန်တော့်မေးခွန်းကတော့ တစ်ပြိုင်တည်းမှာ သမ္မတကတော်တစ်ယောက်အဖြစ်၊ သမီးနှစ်ယောက်ရဲ့ မိခင်တစ်ယောက်အဖြစ် ကိုယ့်ကိုယ်ကိုယ် ဘယ်လိုစီမံခန့်ခွဲပါသလဲခင်ဗျာ။*

**(မိုဟာမက်မက်ဒီ)**

**မစ်ရှဲလ်အိုဘားမား** - သိတဲ့အတိုင်းပဲ အားလုံးကို မျှမျှတတ ဖြစ်နေအောင် လုပ်ပေးရတာပေါ့။ သမ္မတကတော်၊ ကလေးအမေနဲ့ ဇနီးတစ်ယောက်ပေါ့လေ။ ကျွန်မလည်း တခြားလူတွေနဲ့တော့ သိပ်မကွာလှပါဘူး။ ဒါပေမဲ့ အဓိကအချက်ကတော့ ကျွန်မကိုယ်ကျွန်မ ကျန်းမာအောင် ဂရုစိုက်တာပဲ။ ကျွန်မ ကျန်းမာနေရင် ကျွန်မ လုပ်တာတွေမှန်သမျှ သမ္မတကတော်အနေနဲ့ပဲဖြစ်ဖြစ် မာလီယာနဲ့ ဆာရှာတို့ရဲ့ အမေအနေနဲ့ပဲဖြစ်ဖြစ် ဘာပဲလုပ်လုပ် စွမ်းအင်အပြည့် တက်တက်ကြွကြွနဲ့ လုပ်နိုင်ပါတယ်။

*သမ္မတကတော် ဖြစ်ကတည်းက အကောင်းဆုံးရခဲ့တဲ့ အတွေ့အကြုံနဲ့ အခွင့်အရေးက ဘာပါလဲရှင်။*

**(နစ်ကိုလီကိုရာ)**

**မီရှဲလ်အိုဘားမား** - အို ဒီမေးခွန်းကတော့ တကယ်ကိုဖြေရခက်သွားပြီ နစ်ကိုလီရေ သမ္မတကတော်ဖြစ်ကတည်းကရခဲ့တဲ့ အခွင့်အရေးတွေက အများကြီးပါပဲ။ တစ်ခုခုကို ရွေးပြောဖို့ခက်တယ်။ ကျွန်မတစ်သက်လုံး အိပ်မက်တောင် မမက်ခဲ့တဲ့နေရာတွေကို ခရီးသွားရတယ်။ ကျွန်မအကြိုက်ဆုံးတစ်ခုကတော့ ကျွန်မတို့ အမေရိကန်နိုင်ငံအနှံ့ကို ခရီးသွားရတာပါပဲ။ လူမှုအဖွဲ့အစည်းတွေ၊ ကျောင်းတွေ၊ ဘုရားကျောင်းတွေကို သွားရတယ်။ ပြီးတော့ လူတွေရဲ့ဘဝမှာ တကယ့်ကိုဘာတွေ ဖြစ်နေသလဲဆိုတာ နားထောင်ရတာ။

ကျွန်မဆက်ပြောပြချင်ပါသေးတယ်။ ဒါပေမဲ့ ကျွန်မက ဒီလိုတိုင်းပြည်ကြီးအတွက် ကြီးမားတဲ့ အလုပ်ကိုတာဝန်ထမ်းဆောင်နေရတော့ ဒီလောက်ပဲနော်။ ။

(CNN မှ ထုတ်လွှင့်သော အဆိုပါ မေးမြန်းတွေ့ဆုံခန်းကို ကြည့်ချင်သူများအတွက် အင်တာနက်တွင် အောက်ပါလင့်ကို ရှာပြီးကြည့်ရှုနိုင်ပါသည်။

*—Ref: CNN iReport: Mrs. Obama tells husband's fave snack*)



JOHN MACDOUGALL/AFP

# အရှေ့ဥရောပဆက်ဆံရေး အီးယူနှင့်ရုရှား ဆွေးနွေးရမည်ဟု ဂျာမနီအဓိပတိမာကယ်လ်ပြောကြား

**ဘာလင်၊ နိုဝင်ဘာ-၂၃**

အီးယူ၏အရှေ့ဥရောပ အိမ်နီးချင်းများအနေဖြင့် အနောက်နိုင်ငံများနှင့် မိတ်ဆွေဖွဲ့မည်လား (သို့မဟုတ်) ရုရှားနိုင်ငံနှင့်မိတ်ဆွေဖွဲ့မည်လားဆိုသော ရွေးချယ်မှုအတွက် နိုင်ငံရေးဖိအားရင်မဆိုင်ရစေရန် အီးယူသည် ရုရှားအစိုးရနှင့် ဆွေးနွေးရန် လိုအပ်ကြောင်း ဂျာမနီအဓိပတိ အန်ဂျလာမာကယ်လ်က ပြောကြားသည်။

အီးယူနှင့်သဘောတူညီချက်လက်မှတ်ရေးထိုးရေး အစီအစဉ်ကို ဆိုင်းငံ့ထားပြီး ရုရှားအစိုးရနှင့် ဆက်ဆံရေးပြန်လည်ထူထောင်ရန် အာရုံစိုက်သွားမည်ဟု ယူကရိန်းအစိုးရက ပြောကြားပြီးနောက်တွင် မစ္စစ်မာကယ်လ်က အပတ်စဉ် စနေနေ့တိုင်း ဗီဒီယိုမှတ်ချက်များပေးရာတွင် ထည့်သွင်းပြောကြားသွားခြင်းဖြစ်သည်။

အရှေ့ဥရောပနှင့် ဆက်ဆံရေးတိုးမြှင့်မှုများကို ရုရှားအစိုးရက ၎င်းတို့ဘက် ဦးတည်လာခြင်းဟု ထင်မြင်နေခြင်းကိုလည်း မစ္စစ်မာကယ်လ်က အသိအမှတ်ပြုပြီး ထို့ကဲ့သို့မဟုတ်ကြောင်းနှင့် ရုရှားနိုင်ငံမှာ မိမိတို့၏ မဟာဗျူဟာလက်တွဲဖော်ဖြစ်သည်ဟု အခိုင်အမာပြောသည်။

ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် တွေ့ဆုံရန် အခွင့်အရေးရသည်နှင့် တစ်ပြိုင်နက် ယင်းကိစ္စကို ပြောဆိုဆွေးနွေးသွားမည်ဟု ဂျာမနီခေါင်းဆောင်ကပြောသည်။ အီးယူသည် လာမည့်သီတင်းပတ်အတွင်း လစ်သူယေးနီးယားနိုင်ငံတွင် အရှေ့ဘက်မှ လက်တွဲဖော်များဟူသော ထိပ်သီးဆွေးနွေးပွဲကို အရှေ့ဥရောပနိုင်ငံ အများအပြားမှ ခေါင်းဆောင်များနှင့် လုပ်ဆောင်သွားမည်ဖြစ်သည်။

*—Ref: AP*

# ဗြိတိန်မင်းသားဟယ်ရီ တောင်ဝင်ရိုးစွန်းသို့သွားရန် အန္တာတိကတိုက်သို့ရောက်ရှိလာ

**လန်ဒန်၊ နိုဝင်ဘာ-၂၃**

ဒဏ်ရာရစစ်ပြန်များနှင့် တောင်ဝင်ရိုးစွန်းသို့ ခရီးကြမ်းနှင်ရန်အတွက်ဗြိတိန်မင်းသားဟယ်ရီသည် နိုဝင်ဘာ ၂၂ ရက်က အန္တာတိကတိုက်သို့ ရောက်ရှိလာသည်။

အသက်(၂၉)နှစ်ရှိမင်းသားဟယ်ရီသည်တောင်အာဖရိကနိုင်ငံမှ ထွက်ခွာလာပြီး မုန်တိုင်းများကြောင့် ခရီးကြန့်ကြာခဲ့ရကာ အန္တာတိကတိုက် ကမ်းရိုးတန်းအနီးရှိနိုဗိုလေတပ်အခြေစိုက်စခန်းသို့ ရောက်ရှိခဲ့ကြောင်း ယင်းခရီးစဉ်ကို စည်းရုံးခဲ့သည့် Walking WithTheWounded အဖွဲ့၏ပြောကြားချက်အရ သိရသည်။

ရာသီဥတုကြိုတင်ခန့်မှန်းချက်များအရ အဆင်ပြေမည်ဟု ယူဆရကြောင်း၊ သို့သော် ရာသီဥတုပိုမိုဆိုးရွားလာမည့်ပုံပေါ်သည်ဟု နိုဗိုလေတပ်အခြေစိုက်စခန်းမှနေ၍ မင်းသားဟယ်ရီက Sky News အား ပြောကြားသည်။

မင်းသားဟယ်ရီသည် ဗြိတိန်၊ အမေရိကန်နှင့် ဓနသဟာယနိုင်ငံများကို ကိုယ်စားပြုသည့် ဒဏ်ရာရစစ်ပြန်များအဖွဲ့သုံးဖွဲ့၏ တောင်ဝင်ရိုးစွန်းသို့ ကီလိုမီတာ ၃၃၅ ရှိ ခရီးကြမ်းပြိုင်ပွဲ ပါဝင်ဆင်နွှဲနေခြင်းဖြစ်သည်။

ယင်းအဖွဲ့များသည် နိုဝင်ဘာ ၃၀ ရက်တွင်အဆိုပါခရီးကြမ်းပြိုင်ပွဲကို စတင်မည်ဟု မျှော်လင့်ထားပြီး ၁၈ ရက်ကြာပြီးနောက် တောင်ဝင်ရိုးစွန်းသို့ ရောက်ရှိရန်ရည်ရွယ်ထားသည်။

ဒဏ်ရာရစစ်သားများကိုပြန်လည်လေ့ကျင့်ပေးရန်နှင့် စစ်ဘက်ဆိုင်ရာအပြင်ဘက်တွင် ၎င်းတို့ကို အလုပ်အကိုင်သစ်များ ရှာဖွေရာတွင် ကူညီရန် ရန်ပုံငွေရှာဖွေပေးသည့် Walking With The Wounded အဖွဲ့တွင် ဗြိတိန်နိုင်ငံထီးနန်းဆက်ခံရန် စတုတ္ထနေရာ၌ရှိနေသည့် မင်းသားဟယ်ရီက စည်းရုံးရေးမှူးဖြစ်သည်။

၎င်းသည် ယင်းအဖွဲ့၏ မြောက်ဝင်ရိုးစွန်း ခရီးကြမ်းပြိုင်ပွဲတွင် ၂၀၁၁ ခုနှစ်က ပါဝင်ခဲ့သော်လည်း ၎င်း၏အစ်ကိုတော် မင်းသားဝီလီယံ၏ မင်္ဂလာဆောင်တွင် သတို့သားအရံအဖြစ် ဆောင်ရွက်ပေးရန် အိမ်ပြန်ခဲ့ရသည်။

*—Ref: Reuters*

## Leader's Profile

### ကုလသမဂ္ဂလူသားများအခြေချနေထိုင်မှု အစီအစဉ် အကြီးအကဲ

# ဂျိုအန်ကလော့မက်သေး



ရဲမင်း

မစ္စတာဂျိုအန်ကလော့မက်သေးသည် စပိန်နိုင်ငံရေးသမားတစ်ဦးဖြစ်ပြီး စပိန်နိုင်ငံ၊ ဘာစီလိုနာမြို့၏ မြို့တော်ဝန်အဖြစ် ၁၉၉၇ မှ ၂၀၀၆ ခုနှစ်အထိ သက်တမ်း နှစ်ကြိမ်တာဝန်ထမ်းဆောင်ခဲ့သည်။ ၂၀၁၀ပြည့်နှစ်တွင်ကုလသမဂ္ဂလူသားများအခြေချနေထိုင်မှုအစီအစဉ် (UN-HABITAT)၏ ဦးဆောင်ညွှန်ကြားရေးမှူးအဖြစ်ခန့်အပ်ခံရသည်။

ဂျိုအန်ကလော့ကို ၁၉၄၉ ခုနှစ် ဇွန် ၂၉ ရက်တွင် ဘာစီလိုနာမြို့၌ မွေးဖွားခဲ့သည်။ ဘာစီလိုနာမြို့ရှိ Universidad Autonom-acle Bercelona (UAB) မှ ဆေးပညာဒေါက်တာဘွဲ့ရရှိခဲ့သည်။ စပိန်နိုင်ငံရေး အကူးအပြောင်းကာလတွင်အာဏာရှင်ဖရန်ကိုအပေါ် ဆန့်ကျင်သောလှုပ်ရှားမှုတွင် ပါဝင်ခဲ့ပြီး ကျန်းမာရေးလုပ်ငန်းများ ခေတ်မီရေး ထောက်ခံခဲ့သည်။ နိုင်ငံရေးအသွင်ကူးပြောင်းစဉ်ကာလအတွင်း ဆရာဝန်လုပ်ငန်း၏ ဂုဏ်သိက္ခာပြန်လည်ရရှိရေး Analysis and Healthcare Programs Centre (CAPS)စင်တာတွင် ပါဝင်လုပ်ကိုင်ခဲ့သည်။

နောက်ပိုင်းတွင် မစ္စတာဂျိုအန်မက်သေးသည် ကူးစက်ရောဂါဗေဒ၊ လူထုဆေးပညာနှင့် ကျန်းမာရေးရင်းမြစ်များ စီမံခန့်ခွဲမှုဘာသာရပ်ကို အထူးပြုပြီး အမေရိကန်နိုင်ငံနှင့် စကော့တလန်နိုင်ငံတို့တွင် သွားရောက်ပညာသင်ကြားခဲ့သည်။ မိခင်နိုင်ငံသို့ ပြန်လာပြီး ဘာစီလိုနာမြူနီစပယ်အစိုးရတွင် ကျန်းမာရေးလုပ်ငန်းဒါရိုက်တာအဖြစ် ပါဝင်ဆောင်ရွက်ခဲ့သည်။

ယင်းမတိုင်မီတွင် မစ္စတာဂျိုအန်ကလော့သည် မြို့တော်ကောင်စီဝင်အဖြစ် လုပ်ကိုင်စဉ်မြူနီစပယ်စီမံခန့်ခွဲမှုနှင့် မြို့တော်ပြန်လည်ဆန်းသစ်ရေးစီမံကိန်းများကို နိုင်နိုင်နင်းနင်းလုပ်ကိုင်နိုင်သူအဖြစ် ထင်ရှားခဲ့သည်။ အထူးသဖြင့် ဘာစီလိုနာမြို့လယ်ပြန်လည်ပြင်ဆင်တည် ဆောက်ခြင်းတွင် နာမည်ရခဲ့သည်။ ၁၉၉၀ မှ ၁၉၉၄ ခုနှစ်အတွင်း ဒုတိယမြို့တော်ဝန်အဖြစ် တာဝန်ယူခဲ့ကာ ၁၉၉၂ ခုနှစ် ဘာစီလိုနာအိုလံပစ်ပွဲတွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်လုပ်ကိုင်ခဲ့သည်။

ထို့အပြင် မစ္စတာဂျိုအန်ကလော့သည် ဘာစီလိုနာမြို့အတွက် ကျန်ပြန့်သော ရင်းနှီးမြှုပ်နှံမှုများ ဆွဲဆောင်ရာတွင်လည်း အရေးပါခဲ့သည်။ ယင်းတို့အနက်မှ ရည်မှန်းချက်အကြီးဆုံး Barcelo-na@22 အစီအစဉ်တွင် မြို့၏ အလဲလဲအပြိုပြိုဖြစ်နေသော စက်မှုဇုန်ကို အကောင်းဆုံးပြန်လည်ထူထောင်နိုင်ခဲ့သည်။

နိုင်ငံတကာအဆင့်တွင် မစ္စတာဂျိုအန်ကလော့သည် ၁၉၉၈ ခုနှစ်တွင် နိုင်ငံတကာမြို့ကြီးများကွန်ရက်ချိတ်ဆက်ထားသော Metropolis အဖွဲ့ကြီး၏ ဥက္ကဋ္ဌအဖြစ် ရွေးချယ်ခံရသည်။ ၂၀၀၀ မှ ၂၀၀၇ ခုနှစ်အထိ ကုလသမဂ္ဂဒေသအာဏာပိုင်များ အကြံပေးကော်မတီ (UNACLA) ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

စပိန်နိုင်ငံ၏ စက်မှုလုပ်ငန်း၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း နှင့် ကုန်သွယ်ရေးဝန်ကြီးအဖြစ်လည်း လုပ်ကိုင်ခဲ့သူ မစ္စတာဂျိုအန်ကလော့သည် တူရကီနှင့် အဇာဘိုင်ဂျန်နိုင်ငံဆိုင်ရာ စပိန်သံအမတ်ကြီးအဖြစ်လည်း သွားရောက်တာဝန်ထမ်းဆောင်ခဲ့သည်။

၂၀၁၀ ပြည့်နှစ် အောက်တိုဘာ ၁၈ ရက်တွင် ကုလသမဂ္ဂလူသားများ အခြေချနေထိုင်မှုအစီအစဉ် (UN-HABITAT) ဦးဆောင် ညွှန်ကြားရေးမှူးအဖြစ်ခန့်အပ်ခံရပြီး ယင်းမှာကုလသမဂ္ဂလက်ထောက် အတွင်းရေးမှူးရာထူးနှင့်လည်း ညီမျှသည်။

*—Ref: Wikipedia*

# ပါကစ္စတန်နိုင်ငံ ကရာချိမြို့တွင် ဗုံးနှစ်လုံးပေါက်ကွဲ၍ လူခုနစ်ဦးသေ၊ ၁၈ ဦးဒဏ်ရာရ

**ကရာချိ၊ နိုဝင်ဘာ-၂၃**

ပါကစ္စတန်နိုင်ငံတောင်ပိုင်း ကရာချိမြို့ရှိ လူစည်ကားသောနေရာတစ်ခုတွင် ဗုံးနှစ်လုံးပေါက်ကွဲပြီး အနည်းဆုံးလူခုနစ်ဦး သေဆုံးကာ အခြားလူ ၁၈ ဦး ဒဏ်ရာရခဲ့ကြောင်း ပြည်တွင်းသတင်းဌာနများက ဖော်ပြသည်။

ဗုံးပေါက်ကွဲမှုဖြစ်ပွားရာသို့ ဒေါသထွက်နေသောလူအများအပြား စုဝေးရောက်ရှိလာပြီး ယင်းတိုက်ခိုက်မှုများကိုပြစ်တင်ရှုတ်ချခဲ့ကြသည်။ လက်လုပ်ဗုံး (IED)များကို ဆိုင်ကယ်များတွင် တပ်ဆင်ကာ ကော်ဖီဆိုင်၊ လက်ဖက်ရည်ဆိုင်များနှင့် ရဲတပ်ဖွဲ့ဝင်များအနီး ရပ်ထားကာ ဖောက်ခွဲခဲ့ခြင်းဖြစ်သည်။ ယင်းတိုက်ခိုက်မှုမှာ မည်သည့်အဖွဲ့၏ လက်ချက်ဖြစ်ကြောင်း မသိရပေ။



*ဗုံးပေါက်ကွဲရာအနီး ဝိုင်းအုံကြည့်နေကြသော ဒေသခံများကို နိုဝင်ဘာ ၂၃ ရက်က တွေ့ရစဉ်*

RIZWAN TABASSUM/AFP

ဗုံးပေါက်ကွဲမှုဖြစ်ပွားရာနေရာအတွင်း ဆွန်နီမွတ်ဆလင်များလည်း နေထိုင်လျက်ရှိသည့်အတွက် ရှီးဟိုက်မွတ်ဆလင်များကို ပစ်မှတ်ထားတိုက်ခြင်း ဟုတ်၊ မဟုတ်ဆိုသည်မှာ ပြောရန်ခက်ခဲကြောင်း ဒေသဆိုင်ရာရဲတပ်ဖွဲ့အကြီးအကဲ ဂျာဗက်အိုဒဟိုက အေအက်ဖ်ပီသတင်းဌာနအား ပြောသည်။ ဒဏ်ရာရသူများအနက် အမျိုးသမီးများနှင့် ကလေးငယ်များလည်း ပါဝင်သည်။ ယင်းဗုံးပေါက်ကွဲမှုများကြောင့်ဈေးဆိုင်များ ပျက်စီးကာလျှပ်စစ်ထရန်စဖော်မာများလည်း ပျက်စီးခဲ့သဖြင့် ယင်းဒေသတစ်ခုလုံး လျှပ်စစ်မီးပြတ်တောက်ကာ မဲမှောင်သွားခဲ့သည်။ နောက်ပိုင်းတွင်မှ လျှပ်စစ်မီးပြန်လည်ရရှိခဲ့သည်။

ကရာချိမြို့အနှံ့တွင် ယခုအခါ လုံခြုံရေးတပ်ဖွဲ့ဝင်များ သတိကြီးစွာထား၍ လှုပ်ရှားဆောင်ရွက်နေကြပြီဖြစ်သည်။ ယင်းတိုက်ခိုက်မှုများကို ဆင်းပြည်နယ်ပြန်ကြားရေးဝန်ကြီး ရှာဂျီးလ်မီမွန်က ရှုတ်ချလိုက်ပြီး သရဲဘောကြောင်သည့်လုပ်ရပ်ဟု ပြောသည်။ ရှီးဟိုက်ဘာသာဝင်များကလည်း ယင်းတိုက်ခိုက်မှုကို ရှုတ်ချလိုက်သည်။ နိုဝင်ဘာ ၂၃ ရက်ကို သေဆုံးသူများအတွက် ဝမ်းနည်းခြင်းအထိမ်းအမှတ်နေ့အဖြစ် သတ်မှတ်ထားသည်။

ပါကစ္စတန်နိုင်ငံရှိဆွန်နီမွတ်ဆလင်များနှင့် ရှီးဟိုက်မွတ်ဆလင်များကြား လတ်တလောဖြစ်ပေါ်နေသော ဂိုဏ်းဂဏဆိုင်ရာတင်းမာမှုများကြောင့် အစိုးရက နေဝင်မီးငြိမ်းအမိန့်ထုတ်ပြန်ခြင်း၊ မိုဘိုင်းဖုန်းလိုင်းများဖြတ်တောက်ခြင်းတို့ကို ပြုလုပ်ခဲ့သည်။

*—Ref: BBC*

7 DAY NEWS JOURNAL
Vol.12, No.38 • NOVEMBER 27 , 2013

# မုန်တိုင်းဒဏ်သင့် ဖိလစ်ပိုင်နိုင်ငံသို့ ကန်ဒေါ်လာတစ်ဘီလီယံခန့် ထောက်ပံ့ပေးနိုင်ခဲ့ဟု ကမ္ဘာ့ဘဏ်ပြောကြား

**ဝါရှင်တန်၊ နိုဝင်ဘာ-၂၃**

ကမ္ဘာ့ဘဏ်သည် ဖိလစ်ပိုင်မုန်တိုင်းဒဏ်သင့် ဒေသများတွင် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ လုပ်ဆောင်နိုင်ရန် ဘဏ္ဍာရေးဆိုင်ရာ ကူညီထောက်ပံ့မှုအဖြစ် ကန်ဒေါ်လာတစ်ဘီလီယံခန့်ထောက်ပံ့ရန် စီစဉ်ထားသည်ဟု ကမ္ဘာ့ဘဏ်က ထုတ်ပြန်ကြေညာသည်။

ကမ္ဘာ့ဘဏ်သည် ဖိလစ်ပိုင်နိုင်ငံအား အရေးပေါ်ချေးငွေ ကန်ဒေါ်လာ သန်း ၅၀၀ အပြင် ကန်ဒေါ်လာသန်း၄၈၀ ထပ်မံပေးအပ်မည်ဟု ပြောကြားသည်။ ယင်းဘဏ္ဍာငွေများကို ကယ်ဆယ်ရေးလုပ်ငန်းများနှင့် ရေပေးဝေရေးစနစ်၊ ကျေးလက်ဒေသလမ်းမများ၊ ကျောင်းများနှင့် ဆေးခန်းများကဲ့သို့သော အခြေခံအဆောက်အအုံများ ဆောက်လုပ်ရာတွင် အသုံးပြုသွားမည်ဖြစ်သည်။

ဖိလစ်ပိုင်အစိုးရသည် လွှတ်တော်၊ ပုဂ္ဂလိကစီးပွားရေးကဏ္ဍနှင့် အလှူရှင်များထံမှ ထောက်ပံ့မှုကို လိုအပ်နေသောမုန်တိုင်းကြောင့်ပြန်လည်ထူထောင်ရေးစီမံကိန်း စတင်လုပ်ကိုင်လျက်ရှိသည်။ ယင်းစီမံကိန်းသည် ၂၀၀၄ ခုနှစ် အာရှဆူနာမီဘေးအန္တရာယ်ကျရောက်ပြီးနောက် လက်ရှိသမ္မတ ဘင်နစ်နိုအကွီနိုအစိုးရ၏ စွမ်းဆောင်မှုကို ဖော်ပြမည်ဖြစ်သည်။

နိုဝင်ဘာ ၂ ရက်တွင် ထုတ်ပြန်သော ဖိလစ်ပိုင်ဘေးအန္တရာယ်အဖွဲ့၏ ထုတ်ပြန်ချက်တွင် ဟိုင်ယန်မုန်တိုင်းကြောင့် သေဆုံးသူဦးရေမှာ ၅,၂၃၅ ဦးသို့မြင့်တက်ခဲ့ကြောင်း၊ လူ ၁,၆၀၀ ကျော် ပျောက်ဆုံးနေကြောင်းနှင့် လူလေးသန်းကျော် အိုးအိမ်များကို စွန့်ခွာထွက်ပြေးခဲ့ရကြောင်း ဖော်ပြသည်။

ကမ္ဘာ့ဘဏ်အပြင် အာရှဖွံ့ဖြိုးရေးဘဏ်ကလည်း ဖိလစ်ပိုင်နိုင်ငံသို့ ချေးငွေနှင့် ထောက်ပံ့ကြေးငွေ ကန်ဒေါ်လာ ၅၂၃ သန်းပေးမည်ဟု ကတိပေးခဲ့သည်။ နိုင်ငံတကာအစိုးရအဖွဲ့အစည်းများနှင့် အကူအညီပေးရေးအဖွဲ့အစည်းများကလည်း ငွေသားနှင့် ပစ္စည်းကန်ဒေါ်လာ ၃၄၄ သန်းခန့် ထောက်ပံ့မည်ဟု ကတိပြုခဲ့သည်။ ပြန်လည်ထူထောင်ရေး လုပ်ငန်းများအတွက်ကန်ဒေါ်လာ ၅ ဒသမ ၈ ဘီလီယံခန့် ကုန်ကျမည်ဟု ဖိလစ်ပိုင်အစိုးရက ခန့်မှန်းထားခဲ့သည်။ —*Ref: Reuters*



*စူပါမုန်တိုင်းဟိုင်ယန်ဒဏ်ခံခဲ့ရသော ဖိလစ်ပိုင်ဒုက္ခသည်များ မိုးရေထဲတွင် အစားအစာဝေငှမှုအတွက် စောင့်ဆိုင်းနေကြသည်ကို နိုဝင်ဘာ ၂၃ ရက်က တွေ့ရစဉ်* ODD ANDERSEN/AFP

# သူလျှိုကိစ္စနှင့်ပတ်သက်၍ အင်ဒိုနီးရှားနှင့် ဩစတြေးလျကြား စီးပွားရေးလုပ်ငန်းများထိပါရိုက်ခတ်လာ

**ဂျကာတာ၊ နိုဝင်ဘာ-၂၃**

ဩစတြေးလျနိုင်ငံက အင်ဒိုနီးရှားခေါင်းဆောင်များအပေါ် သူလျှိုလုပ်သည်ဟူသော ပြောကြားချက်များကြောင့် နှစ်နိုင်ငံကြား သံတမန်ရေး တင်းမာမှုမှာ စီးပွားရေးကော်ပိုရေးရှင်းနယ်ပယ်သို့ပါ ပျံ့နှံ့လာသည်။

အင်ဒိုနီးရှားနိုင်ငံပိုင်ကုမ္ပဏီတစ်ခုက ဩစတြေးလျ ကျွဲ၊ နွားမွေးမြူရေးလုပ်ငန်းရှင်များနှင့် ဆွေးနွေးပွဲများကို ယုံကြည်စိတ်ချမှုဆိုင်ရာ အကြောင်းပြချက်များဖြင့် ဆိုင်းငံ့ထားလိုက်သည်။

ထိုအတောအတွင်း ဂျကာတာမြို့တွင် ကန့်ကွက်ဆန္ဒပြပွဲများဆက်လက်ဖြစ်ပေါ်ပြီး ဂျကာတာမြို့ ဩစတြေးလျသံရုံးရှေ့တွင် ဩစတြေးလျနိုင်ငံအလံများနှင့် ဝန်ကြီးချုပ်တိုနီအက်ဘော့၏ ဓာတ်ပုံများကို မီးရှို့ဆန္ဒပြခဲ့ကြပြီး လုံခြုံရေးလည်း တင်းကျပ်ထားသည်။ သမ္မတယူဒိုယိုနိုနှင့် ဇနီးအပေါ် ဩစတြေးလျက သူလျှိုလုပ်ခဲ့သည်ဆိုသော သတင်းများနှင့်ပတ်သက်၍ ကင်ဘာရာက တောင်းပန်ရန် ဆန္ဒပြသူများက တောင်းဆိုကြသည်။ အင်ဒိုနီးရှားအစိုးရက တောင်းဆိုသောကိစ္စကိုဩစတြေးလျအစိုးရက ဖြည့်ဆည်းပေးသည့်အချိန်အထိ ဩစတြေးလျနိုင်ငံ၌ နွားမွေးမြူရေးကိစ္စ ဆွေးနွေးပွဲများကို ရပ်ဆိုင်းထားရန် ဆုံးဖြတ်လိုက်ကြောင်း အင်ဒိုနီးရှားနိုင်ငံပိုင်ကုမ္ပဏီ RNI အမှုဆောင်အရာရှိချုပ် အစ်မက်ဟတ်ဆန်ပူထရိုက ရိုက်တာသတင်းဌာနအား ပြောကြားသည်။ ဩစတြေးလျစိုက်ပျိုးရေးဝန်ကြီး ဘာနာဘီဂျိုက်စ်ကလည်း အင်ဒိုနီးရှားနိုင်ငံခရီးစဉ်ကို ရွှေ့ဆိုင်းထားသည်ဟု ပြောကြားသည်။ —*Ref: Reuters*






7DAY NEWS JOURNAL

# Entertainment

Vol.12, No.38 ▪ NOVEMBER 27 , 2013



## မအားလပ်တဲ့ကြားက ဟောလိဝုဒ်ကို အရောက်လှမ်းဖို့ စီစဉ်နေတဲ့ ဟာဂျီဝန်

**ဆိုးလ်၊ နိုဝင်ဘာ-၂၂**

တောင်ကိုရီးယားသရုပ်ဆောင်လောကတွင် အလုပ်အကြိုးစားဆုံး ကေဒရာမာစတားတစ်ဦးအဖြစ် နာမည်ကျော်လာသော ဟာဂျီဝန်သည် MBC ရုပ်သံလိုင်း၏ 'Empress Ki' တောင်ကိုရီးယားနန်းတွင်းဒရာမာ ဇာတ်လမ်းတွဲ ရိုက်ကူးလျက်ရှိသည်။ အပိုင်း ၅၀ ရှည်သော ဒရာမာဇာတ်လမ်းတွဲ ရိုက်ကူးရေးဖြင့် အလုပ်များနေချိန်တွင် ဟောလိဝုဒ် အနုပညာလောကသို့ ဝင်ရောက်နိုင်ရန်လည်း ပြင်ဆင်လျက်ရှိသည်။

ဟာဂျီဝန်သည် ပြီးခဲ့သော ဩဂုတ်လတွင် အမေရိကန် United Talent Agency ဖျော်ဖြေရေးအေဂျင်စီနှင့် အနုပညာလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရန် သဘောတူစာချုပ် ချုပ်ဆိုခဲ့သည်။ ဟာဂျီဝန်သည် ကမ္ဘာကျော်အနုပညာရှင်များစွာတို့၏ အေဂျင်စီဖြစ်သော UTA နှင့် ပထမဆုံးစာချုပ်ချုပ်ဆိုသည့် စတားတစ်ဦးဖြစ်သည်။

ဂျီဝန်သည် 'Empress Ki' ရိုက်ကူးရေးကို အာရုံစိုက်နိုင်ရန်အတွက် UTA အေဂျင်စီမှ ကမ်းလှမ်းခဲ့သော ရုပ်ရှင်ဇာတ်ကားများကို ငြင်းပယ်ပြီးနောက်တွင် ၎င်းသဘောကျသော ဟောလိဝုဒ်ပရောဂျက်တစ်ခုကို တွေ့ရှိသွားဟန်ရှိသည်ဟု တောင်ကိုရီးယားမီဒီယာများက မှတ်ချက်ပေးသည်။ သရုပ်ဆောင်မင်းသမီး ဂျီဝန်သည် ၎င်း၏လက်ရှိ ဒရာမာဇာတ်လမ်းတွဲ ရိုက်ကူးရေးအတွက် တောင်ကိုရီးယားနှင့် တရုတ်နှစ်နိုင်ငံကို လေယာဉ်ပျံဖြင့် အသွားအပြန် အလုပ်များလျက်ရှိသည်။ ဟာဂျီဝန်သည် ရိုက်ကူးရေးအားလပ်ချိန်များ၌ အင်္ဂလိပ်စာကို မပြတ်လေ့လာလျက်ရှိကြောင်းနှင့် တစ်နေ့လျှင် သုံးနာရီ၊ လေးနာရီသာ အိပ်၍ ၎င်း၏အနုပညာလုပ်ငန်းအတွက် အပြင်းအထန်ကြိုးစားလျက်ရှိကြောင်း ဟာဂျီဝန်နှင့် ရင်းနှီးသူများက ပြောကြားသည်။ ဂျီဝန်သည် 'Empress Ki' ဇာတ်လမ်းတွဲဖြင့် မည်သည့်အကြောင်းပြချက်ကြောင့် ထိပ်တန်းသရုပ်ဆောင်မင်းသမီးတစ်ဦးဖြစ်လာသည်ကို သက်သေပြလျက်ရှိသည်ဟုလည်း တောင်ကိုရီးယားမီဒီယာများက ချီးကျူးသည်။ 'Empress Ki' ဇာတ်လမ်းတွဲသည်လည်း တောင်ကိုရီးယား၌ ကြည့်ရှုသူပရိသတ်များစွာ ရရှိထားသည်။

—*Ref: KDrama Stars*

## ''ကျွန်တော့်မြန်နှုန်းက ဖြည်းဖြည်းမှန်မှန်နဲ့သွားတဲ့နှုန်းလို့ ထင်ပါတယ်''

**နိုင်နိုင်းနှင့်တွေ့ဆုံခြင်း**

**ကြူကြူဟန်**

သက်တမ်း ၁၀နှစ်ကျော်ကြာအထိ အနုပညာလောကတွင်နေရာတစ်နေရာကို ခိုင်ခိုင်မာမာရရှိထားသူမှာ သရုပ်ဆောင်နိုင်နိုင်းဖြစ်ပါသည်။ မကြာမီ ကလေးလေးယောက် ဖခင်ဖြစ်လာတော့မည့်ဖခင်တစ်ဦးလည်းဖြစ်သည်။ အနုပညာအလုပ်များကို နှစ်ရှည်ကြာလုပ်ကိုင်ရပ်တည်နေနိုင်သူဖြစ်သလို အိမ်ထောင်ရေးတွင်လည်း အများစုအားကျရသော မိသားစုတစ်ခုကိုလည်း ပိုင်ဆိုင်ထားသူဖြစ်သည်။ အနုပညာအပေါ် ထားရှိသည့် ခံယူချက်များ၊ ဖခင်တစ်ဦး၏ ခံစားမှု၊ အကယ်ဒမီရင်ခုန်သံများကို တွေ့ဆုံမေးမြန်းခဲ့ပါသည်။

**အခု လက်ရှိဘာကားတွေရိုက်နေပါသလဲ။**

ဒါရိုက်တာဦးမီးပွားနဲ့ အာဆီယံသေနတ်ပစ်ရုပ်ရှင်ကားရိုက်နေပါတယ်။ အရင်ဆုံးမေမြို့မှာ သွားရိုက်ပြီး သွားပြီ။ အခုက ရန်ကုန်မှာကျန်တဲ့အခန်းကို ဆက်ရိုက်တာပေါ့။ သေနတ်ပစ်သမားအဖြစ် သရုပ်ဆောင်ထားပါတယ်။

**နိုင်ငံအကျိုးပြုဇာတ်ကားတွေရိုက်ကူးတဲ့အခါ ဘယ်လိုကားမျိုးတွေကို လက်ခံရိုက်ကူးလေးရှိပါလဲ။**

လူတွေအတွက်ပညာပေးသဘောမျိုး ဒါမှမဟုတ်ရက် နိုင်ငံတော်ကားဆိုပေမယ့်လည်း ဖျော်ဖြေရေးလေးလည်း ပါရင်ပိုကောင်းတာပေ့ါ။ ကျွန်တော်က ပေါ်လစီကြီးပဲ သီးသန့်ဆိုမရိုက်ဘူး။



*ရိုက်ကွင်းတွင်တွေ့ရသည့် သရုပ်ဆောင် နိုင်နိုင်း* ဓာတ်ပုံ-ကျော်ဇင်သန်း

**အကိုပါဝင်သရုပ်ဆောင်ထားတဲ့ 'မော်ကင်းဥဒါန်း' ရုပ်ရှင်က အကယ်ဒမီဆန်ခါတင်ခုနစ်ကားစာရင်းမှာပါနေတော့ အကယ်ဒမီရင်ခုန်သံရှိနေပြီလား။**

ကျွန်တော်တော့ မရှိပါဘူး။ ဒီအတိုင်းပါပဲ။ ဘာကြောင့်မှလည်းမဟုတ်ပါဘူး။

**အကယ်ဒမီပွဲက ဒီဇင်ဘာနောက်ဆုံးပတ်မှာ လုပ်မှာဆိုတော့ အစ်ကိုတို့မိသားစုတက်မှာလား။**

အကယ်ဒမီပွဲမှာ ကျွန်တော်မရှိဖို့များပါတယ်။ အမျိုးသမီး မီးဖွားဖို့အတွက်ရောဒီလ ၂၉ရက်မှာ ကလေးတွေကျောင်းထားဖို့အတွက်ရောအမေရိကားကိုပြန်မယ်။ ကျွန်တော် သုံးလလောက်ကြာမယ်။ ဖေဖော်ဝါရီလလယ်လောက်ဆိုပြန်ရောက်ပါပြီ။ သမီးကြီးနဲ့သားလတ်ကို မူကြိုကျောင်းစထားမှာ။ သူတို့တွေဟိုမှာရှိတဲ့အချိန်ဆို ကျွန်တော်ကတော့ အားတဲ့အချိန်သွားလိုက်ပြန်လိုက်လုပ်နေမယ်။

**မလေးရှားမှာရိုက်ခဲ့တဲ့ 'မဟာဆန်တဲ့ မာယာမျက်နှာဖုံး' ဇာတ်ကားရဲ့ ဇာတ်ညွှန်းမှာ အစ်ကိုရဲ့ ဘော်ဒီကြောင့် အက်ရှင်ခန်းကိုထပ်တိုးလိုက်တယ်လို့ သိရပါတယ်။ ကိုယ့်ရဲ့ ဘော်ဒီကြောင့် အဲဒီလိုမျိုးဖြစ်လိမ့်မယ်လို့မျှော်လင့်ခဲ့ဖူးလား။**

စာမျက်နှာ ၄၁ »






7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.12, No.38 · NOVEMBER 27 , 2013

# မိုင်လေဆိုင်းရပ်စ်နဲ့ လမ်းခွဲပြီး ပျော်ရွှင်နေတဲ့ လီယမ်ဟမ်းစ်ဝေါ့သ်

**လော့စ်အန်ဂျလိစ်၊ နိုဝင်ဘာ-၂၂**
နာမည်ကျော် "The Hunger Games"ဇာတ်ကားမှ သရုပ်ဆောင်မင်းသား လီယမ်ဟမ်းစ်ဝေါ့သ်က ဩစတြေးလျနိုင်ငံမှ အမေရိကန်နိုင်ငံ လော့စ်အန်ဂျလိစ်မြို့သို့ ပြောင်းရွှေ့နေထိုင်ခဲ့သည့် ငါးနှစ်တာကာလအတွင်း အတွေ့အကြုံသစ်များစွာ ရရှိခဲ့ကြောင်းနှင့် ချစ်သူမိုင်လေဆိုင်းရပ်စ်နှင့် လမ်းခွဲပြီးနောက်တွင် ငြိမ်းချမ်းလွတ်လပ်ပြီး ပိုမိုပျော်ရွှင်နေကြောင်း The Associated Press(AP)သတင်းဌာနအား ပြောကြားသည်။

ဩစတြေးလျနိုင်ငံသား လီယမ်ဟမ်းဝေ့ါသ်သည် အစ်ကိုဖြစ်သူ သရုပ်ဆောင်မင်းသား ခရစ်ဟမ်းစ်ဝေ့ါသ်နှင့်အတူ ပြီးခဲ့သည့် ငါးနှစ်ကျော်က လော့စ်အန်ဂျလိစ်မြို့သို့ပြောင်းရွှေ့နေထိုင်ခဲ့သည်။

"လော့စ်အန်ဂျလိစ်ကို ပထမဆုံးစရောက်တဲ့ နှစ်တွေဟာ တကယ်ကို ကြမ်းတမ်းပြီး ကြောက်စရာကောင်းပါတယ်။ ဒါပေမဲ့လည်း ကိုယ့်ဘာသာကိုယ်ပဲ အဲဒီအခက်အခဲတွေကိုနားလည်လိုက်ရတယ်"ဟု လီယမ်က AP သတင်းဌာနနှင့် အင်တာဗျူးတွင်ပြောကြားသည်။

လီယမ်ဟမ်းစ်ဝေ့ါသ်သည် ၂၀၁၀ ပြည့်နှစ်တွင် မိုင်လေဆိုင်းရပ်စ်နှင့် တွေ့ဆုံချစ်ကြိုက်ခဲ့ပြီး စေ့စပ်ခဲ့ရာ ဟောလိဝုဒ်မီဒီယာများ၏ အာရုံစိုက်ခြင်းကိုခံခဲ့ရသည်။ ၎င်းနောက် လီယမ်နှင့် မိုင်



လေတို့ကြားတွင်အငြင်းပွားဖွယ်ပြဿနာများပေါ်ပေါက်လာခဲ့ပြီး စက်တင်ဘာလတွင်လမ်းခွဲကြောင်း တရားဝင်ကြေညာခဲ့သည်။

"ကျွန်တော်စိတ်ထဲမှာ အမြဲမှတ်ထားတာက အမှန်တရားကိုငါသိတယ်။ အမှန်တရားက အဓိကပဲ။ ငါလူကောင်းတစ်ယောက်ဆိုတာငါသိတယ်"ဟု လီယမ်က AP အား ပြောကြားခဲ့သည်။

လက်ရှိဖိအားများမှ လွတ်မြောက်နိုင်စေရန် အားကစားများ ပြုလုပ်လျက်ရှိကြောင်းနှင့် ၎င်း၏ လုပ်ဖော်ကိုင်ဖက်ဂျနီဖာလောရင့်စ်က ဘဝ၌ စိတ်တည်ငြိမ်အေးချမ်းမှုကို ရှာတွေ့နိုင်စေရန် ကူညီခဲ့ကြောင်း လီယမ်ဟမ်းစ်ဝေ့ါသ်က ပြောကြားခဲ့သည်။

"ရိုးသားပြီး တစ်နေ့လုံး ပျော်ပျော်ရွှင်ရွှင်ရယ်ရယ်မောမောနဲ့ နေတတ်တဲ့ ဂျီနီဖာလို လူမျိုးရဲ့ အနားမှာ နေလိုက်ရတော့ ပိုပြီး ပျော်ရွှင်မိတယ်။ ငြိမ်းချမ်းတယ်လို့လည်း ခံစားရတယ်"ဟု လီယမ်ဟမ်းစ်ဝေ့ါသ်ကပြောကြားသည်။

*—Ref: Hollywood Buzz*

# HIV/AIDS တိုက်ဖျက်ရေးနေ့ ရန်ပုံငွေပွဲ နာမည်ကျော်အဆိုတော်များ မေတ္တာဖြင့် ဖျော်ဖြေမည်

**ကြူကြူဟန်**
**ရန်ကုန်၊ နိုဝင်ဘာ-၂၇**
အိတ်ချ်အိုင်ဗီ/အေအိုင်ဒီအက်စ် တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ပြုလုပ်မည့် ရန်ပုံငွေတေးဂီတဖျော်ဖြေပွဲတွင် နာမည်ကျော် အဆိုတော်များက မေတ္တာဖြင့် ပါဝင်ဖျော်ဖြေမည်ဖြစ်ကြောင်း Scion Entertainment မှ စီစဉ်သူကိုလွင်ဘိုကပြောသည်။

စည်သူလွင်၊ဇော်ပိုင်၊L လွန်းဝါ၊ ရိန်မိုး၊ ဇင်မင်းခန့် (NGIIK)၊ အာကာ၊ ဖြူဖြူကျော်သိန်း၊ အိမ့်ချစ်၊ ရတနာမိုင်၊ သီရိဆွေ၊ ဝင့်လဲ့သူ၊ နန်းမြတ်ဖြိုးသင်း၊ ရသ၊ သားကြီးတို့အပါအဝင်အဆိုတော် ၄၀ ကျော် ပါဝင်သီဆိုဖျော်ဖြေကြမည်ဖြစ်ပြီး Miss Universe Myanmar 1st Runner Up ဆုရှင် အေးချမ်းမိုးက အစီအစဉ်တင်ဆက်သူ အဖြစ်ပါဝင်မည်ဖြစ်သည်။ ရန်ပုံငွေကို ဒီဇင်ဘာ ၁ ရက် ညနေ ၄ နာရီအချိန်တွင် ကန်တော်ကြီး(မျှော်စင်ကျွန်း)၌ ပြုလုပ်မည်ဖြစ်ပြီး ပွဲမှရရှိလာမည့် ဝင်ငွေများကို အိတ်ချ်အိုင်ဗီရောဂါပိုးကူးစက်ခံနေရသော မိဘမဲ့ကလေးများအပြင် ရောဂါခံစားနေရသောသူများကို စောင့်ရှောက်နေသော အဖွဲ့အစည်းများအား လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။









7 DAY NEWS JOURNAL
Vol.12, No.38 ▪ NOVEMBER 27 , 2013

စာ(၃၉)မှ

# နိုင်းနိုင်းနှင့်တွေ့ဆုံခြင်း

အက်ရှင်လေးထပ်ထည့်လိုက်တာ။ ကျွန်တော်က ဘာရယ်မဟုတ်ပါဘူး။ ကျန်းမာရေးအရ Body Beauty လောက်ပဲဆော့တာပါ။

**ပြည်ပဒါရိုက်တာတွေနဲ့ ရုပ်ရှင်ရိုက်ခဲ့ရတော့ ကိုယ့်အတွက်အတွေ့အကြုံဘယ်လောက်ရခဲ့လဲ။**

ဘယ်ဒါရိုက်တာနဲ့ပဲရိုက်ရိုက်အကုန်လုံးတော့ ဒီဘောင်ထဲမှာပဲရှိပါတယ်။ သင်တန်း မရှိဘဲနဲ့ လက်တွေ့ရိုက်ရင်းနဲ့ သင်ခဲ့တဲ့ လက်တွေ့သင်တန်းကျောင်းတွေကလည်း ဒီလိုပဲ။ အဓိက ကတော့ ဘယ်ဒါရိုက်တာပဲဖြစ်ဖြစ် သူတို့လိုချင်တာကိုအတတ်နိုင်ဆုံးကြိုးစားပြီးလုပ်ပေးရတာပါပဲ။ တချို့ကြတော့ ပုံမှန်အနေအထားပဲကြိုက်တဲ့ ဒါရိုက်တာရှိသလို အိုဗာကြိုက်တဲ့ ဒါရိုက်တာလည်းရှိတယ်။ ဒါရိုက်တာတွေကတစ်ယောက်နဲ့တစ်ယောက်မတူကြဘူး။ သူတို့ဘာလိုချင်လဲ။ သူတို့လိုချင်တဲ့ Levelထိရောက်အောင်ကြိုးစားပြီးတော့ လုပ်ရတာပေ့ါ။ ကျန်တာက ဘာမှထွေထွေထူးထူးမရှိပါဘူး။

**ရိုက်ခဲ့တဲ့ကားက စက်ပိုင်းဆိုင်ရာရော ဒါရိုက်တာပါ ပြည်ပနိုင်ငံသားတွေပေ့ါ။ သူတို့တွေ အလုပ်အပေါ်ထားတဲ့ ခံယူချက်တွေက မြန်မာအနုပညာရှင်တွေနဲ့ဘယ်လိုကွာခြားမှုရှိလဲ။**

အနုပညာရှင်တော်တော်များများက လုပ်နေတဲ့အချိန်မှာတော့ ခံယူချက်တွေတူကြတာပဲ။ သူတို့လဲအတူတူပါပဲ။ သူတို့လည်း အလုပ်စပြီဆိုရင် တစ်ဝက်တစ်ပျက်ဖြစ်မှာကိုမလိုချင်ဘူး။ အကုန်လုံးက ပြီးချင်ကြတာပဲ။ သူတို့တွေအဖွဲ့လိုက် ညီညီညွတ်ညွတ်နဲ့ လုပ်တာတွေ့တယ်။ ကိုယ့်အပိုင်းကို တာဝန်အပြည့်ယူထားကြတယ်။ ရှူတင်မန်နေဂျာဆို ရှူတင်မန်နေဂျာပေ့ါ။ သူ့အပိုင်းကို လူတွေအတွက်လစ်ဟာမှုမရှိအောင်လုပ်ပေးတယ်။ အစားဆိုအစား အသောက်၊ အပြင်မှာ ရိုက်မယ်ဆိုနေရာထိုင်ခင်း၊ အရိပ်မရှိရင် ထီးတွေနဲ့လုပ်ပေးတယ်။ ဒါကတော့ ရှူတင်မန်နေဂျာအပိုင်းပေ့ါ။ အကုန်လုံးကတော့ သူ့အပိုင်းနဲ့သူ တာဝန်ကျေအောင်လုပ်ကြတယ်။

**ဒီကားပြသခွင့်ရပြီဆိုရင် ပြည်ပငါးနိုင်ငံလောက်ထိ ပြသမှာဆိုတော့ ပြသမယ့်အချိန်ကျရင် မင်းသားတစ်ယောက်အနေနဲ့ နောက်ထပ်ကိုယ့်ဇာတ်ကားတွေ အင်တာနေရှင်နယ်အထိ ထိုးဖောက်ခွင့်ရလာမယ်လို့ ထင်မြင်မိလား။**

အခုက အစပဲရှိသေးတယ်ဆိုတော့ ပထမဆုံးကျည်တစ်တောင့်က ထိရောက်မှုရှိ၊ မရှိတော့ မသိနိုင်ဘူး။ အရှေ့မှာလည်း ကျွန်တော့်ထက်စောတဲ့ သူတွေဒီလိုပဲလုပ်ခဲ့ကြတာပဲ။ ဒါပေမဲ့ အကုန်လုံးက အနောက်ကနေပြီး ဆက်တိုက်ဆက်တိုက်လိုက်သွားတော့မှ လမ်းကြောင်းတစ်ခုက ပေါက်သွားမှာလေ။ အခုလမ်းကြောင်းဖောက်လိုက်၊ တော်ကြာမဖောက်လိုက်နဲ့ဆိုရင် ချုံထူပြီးတော့ လမ်းကြောင်းကပေါက်မှာမဟုတ်တော့ဘူး။ ဒီသဘောလေးပါပဲ။ ကိုယ့်နည်းကိုယ့်ဟန်နဲ့ပဲဖြစ်ဖြစ်။ အသိုင်းအဝိုင်းနဲ့ပဲဖြစ်ဖြစ်၊ အဖွဲ့အစည်းတစ်ခုနဲ့ပဲဖြစ်ဖြစ် ဒါကိုအမြဲတမ်းလုပ်သင့်တယ်လို့ ကျွန်တော်ထင်ပါတယ်။

**မလေးရဲ့အထပ်သားစက်ရုံမှာမြန်မာလုပ်သားတွေနဲ့ အတူတူဇာတ်ဝင်ခန်းတွေရိုက်ခဲ့ရတော့ သူတို့ဆီက ဘယ်လိုစကားသံတွေကြားခဲ့ရလဲ။**

သူတို့ ခံစားချက်တွေက ဇာတ်ကားထဲမှာ ပါလာမယ့်အသံတွေနဲ့ တစ်ထပ်တည်းပဲဗျာ။ အဲဒီစက်ရုံမှာရှိတဲ့ မြန်မာတစ်ယောက်ဆိုရင်လည်း သူ့ငွေနဲ့အဆင်မပြေမှုတွေရှိတယ်။ မေးကြည့်လိုက်ရင် ပြန်ချင်တာတော့ သိတယ်။ ပြန်ချင်ပေမယ့်လည်း ဒီမှာကဖောင်ဖျက်ခဲ့တဲ့ သူတွေက တော်တော်များတယ်။ ပြန်လာရင်ဘာလုပ်ကြမလဲသူတို့စဉ်းစားတယ်။ တချို့ကျတော့လည်း ရသလောက်တော့ ကုတ်ကတ်ပြီးနေလိုက်ဦးမယ်ဆိုတဲ့ သူလည်းရှိတယ်။ တော်တော်များများက စားသောက်ဆိုင်မှာလုပ်တာများတယ်။ အကုန်လုံးက တစ်သံတည်းပဲ ထွက်ကြတယ်။ ဘာပဲဖြစ်ဖြစ် သူတို့က ဖြစ်နိုင်ရင် ပြန်ချင်တယ်။ ဖြစ်လိုက်ရင် ကျန်းမာရေးအရရော၊ အသက်အန္တရာယ်အရရော တော်တော်လုံခြုံမှုမရှိဘူးလို့ အကုန်ပြောကြတယ်။ ဖြစ်သွားရင်လည်း ဟိုဘက်အပိုင်းက တာဝန်မယူနိုင်ဘူး။ အဲဒီလိုမျိုး အများကြီးပဲ။ ဒီနိုင်ငံမှာက တစ်ခုခုဖြစ်ရင် ရဲသွားတိုင်ရင်ဖြစ်သေးတယ်။ ဟိုမှာကျ နိုင်ငံခြားသားဖြစ်တဲ့အတွက်တာဝန်ယူမှုအပိုင်းတွေက ကွာတာပေ့ါ။

**အခုဆိုရင် စတုတ္ထရင်သွေးလေးလည်းရနေပြီ။ မိသားစု စုံစုံလင်လင်နဲ့ ပျော်ရွှင်မှုရနေအောင်အစ်ကိုနဲ့ မစန္ဒီချိုတို့နှစ်ယောက်ဘယ်လိုနားလည်မှုတွေနဲ့ အိမ်ထောင်ရေးကို တည်ဆောက်နေကြလဲ။**

ဒီလိုပါပဲ။ တကူးတကကြီးတည်ဆောက်စရာလည်းမလိုပါဘူး။ အဓိက ကလေးတွေနဲ့ဖြစ်လာတဲ့ သံယောဇဉ်ကြိုးက တစ်ကြိုးပြီးတစ်ကြိုးပေ့ါ။ အခုကလေးက နောက်ဆုံးကြိုးလေးပါ။ နောက်ဆုံးကြိုးလေးကို ၂၀၁၄တစ်လပိုင်းမှာမွေးမယ်။ ကိုယ့်မိသားစုလေးကို အချိန်ပေးမှုရယ်၊ တာဝန်ယူနိုင်မှုတစ်ခုရယ် အဲဒါတွေပါပဲ။

**ကလေးတွေကိုလည်း ကြော်ငြာတွေပေးရိုက်ထားတာလေးတွေရှိနေတော့ အနုပညာအမွေနဲ့ပတ်သက်ပြီး ကလေးတွေအပေါ်ဘယ်လိုဖြစ်စေချင်မိလဲ။**

ကလေးတွေဒီမှာနေတဲ့အချိန်မှာ အမှတ်တရလည်းဖြစ်အောင်လို့ ရိုက်လိုက်တာပါ။ တကယ်တမ်းကျ ကလေးတွေက ငယ်လည်းငယ်သေးတယ်။ သိလည်းမသိသေးဘူး။ အမှတ်တရဖြစ်အောင်ရိုက်လိုက်တာ။ သူတို့သိလာတဲ့အချိန်ကျရင် သူတို့မရိုက်ချင်ဘူးဆိုရင်လည်း မရိုက်ခိုင်းပါဘူး။ သူတို့မလုပ်ချင်တဲ့အလုပ်ကို ဇွတ်အတင်းမခိုင်းပါဘူး။ အနုပညာအမွေဆိုတာလည်း ကာယကံရှင်ကလေးတွေအပေါ်မှာပဲ မူတည်ပါတယ်။ သူတို့ စိတ်နေစိတ်ထားဘယ်လိုရှိမလဲ။ ငယ်သေးတော့ မသိနိုင်သေးဘူး။ ကြီးတော့လည်း တစ်မျိုးပေ့ါ။

**အခုဆို အစ်ကိုရဲ့ အနုပညာသက်တမ်းက ၁၄နှစ်လောက်ရှိနေပြီ။ အခုအချိန်ထိအစ်ကိုက အနုပညာအလုပ်ကို ဖြည်းဖြည်းမှန်မှန်သွားနေတာ တွေ့နေရပါတယ်။ အဲလိုမျိုးသွားနေတာဘာကြောင့်ပါလဲ။**

ကျွန်တော့်ရဲ့မြန်နှုန်းကဖြည်းဖြည်းနဲ့မှန်မှန်ပဲသွားမယ့် Speed ပဲထင်ပါတယ်။ ကျွန်တော်ကလည်း အဲဒါမျိုးပဲ သဘောကျပါတယ်။ အနုပညာလောကမှာ ကောက်ရိုးမီးလည်းမဖြစ်ချင်ဘူး။ တဖြည်းဖြည်းနဲ့မှ ပရိသတ်လက်ခံလာပြီး အားပေးမှုရလာအောင် ကိုယ်လုပ်ချင်တဲ့ အလုပ်ကိုဘယ်အသက်အရွယ်အထိ လုပ်မလဲဆိုတာမျိုးပေ့ါ အဲဒီလိုလုပ်လို့ရတဲ့ရှေ့ကသရုပ်ဆောင်နောင်တော်များကိုလည်း အားကျပါတယ်။ ကိုယ်လုပ်ချင်တဲ့ အချိန်ထိလုပ်လို့ရအောင် ပရိသတ်က နေရာတစ်နေရာကို ပေးထားတယ်။ ကျွန်တော်က အဲဒါမျိုးသဘောကျတယ်။ ကောက်ရိုးမီးလို ဟုန်းခနဲ တောက်ပြီး ချက်ချင်းပြန်ငြိမ်သွားတာမျိုးကို ကျွန်တော်လည်းမဖြစ်ချင်ဘူး။ အဲဒီအတွက်ကို ကိုယ့်နှုန်းလေးနဲ့ အေးဆေးလေးပဲသွားတာပါ။

**ဇာတ်လမ်း၊ ဇာတ်အိမ်ကောင်းတွေကို ပရိသတ်တွေမျှော်လင့်နေတဲ့ အခုလိုအချိန်မျိုးမှာ အစ်ကိုရော ဘယ်လိုအချက်တွေကြည့်ပြီး ဇာတ်ကိုလက်ခံဖြစ်ပါသလဲ။**

အခုနောက်ပိုင်း ပရိသတ်တွေက အသစ်အဆန်းမြင်ချင်၊ ကြည့်ချင်ကြမှာပဲ။ ကျွန်တော်တို့လုပ်လာတဲ့ ကားပေါင်းမြောက်များစွာကလည်း တစ်ခုနဲ့တစ်ခုက ဆင်တူယိုးမှားတွေ အများကြီးရှိတယ်။ နောက်ပိုင်းကျကျွန်တော်လည်း ပရိသတ်အတွက်ဆန်းမယ်ထင်တဲ့ ကိုယ့်အတွက်လည်းလုပ်ရတာ အားရမှုရှိမယ်ဆိုရင်တော့ အဲဒီလို ဇာတ်လမ်းမျိုးတွေကို လက်ခံပါတယ်။

**အစ်ကို့ရဲ့ပရိသတ်အတွက် စကားလက်ဆောင်လေးပြောပေးပါဦး။**

အခုဆိုရင် ကျွန်တော့်အနုပညာသက်တမ်းတော်တော်ကြာပါပြီ။ ၁၉၉၈/၉၉ ထဲက အခုချိန်ထိ အားပေးတဲ့ ပရိသတ်တွေက နေရာတစ်နေရာပေးတဲ့အတွက်ကျေးဇူးတင်ပါတယ်လို့ပြောချင်ပါတယ်။ **ကျေးဇူးတင်ပါတယ်။**

ခေတ်မှီ ဆေးကုခန်း

ပိတ်ရက်မရှိ။

ဆေးခန်းဖွင့်ချိန်

နံနက် (၈)နာရီမှ ည (၈)နာရီထိ



**တစ်ကြိမ်တည်းဖြင့် လိပ်ခေါင်းရောဂါကို အမြစ်ပြတ် ကုသပေးခြင်း**

လိပ်ခေါင်းရောဂါမှာ ဖြစ်လေ့ဖြစ်ထရှိသော ရောဂါဖြစ်ပါသည်။ ရောဂါရပြီဆိုလျှင် သွေးဝမ်းပါခြင်း၊ စအိုနာကျင်ခြင်း၊ ယားယံခြင်း၊ စအိုတွင် အသားပိုထွက်နေတတ်ပါသည်။ သမာရိုးကျ ကုသနည်းများသည် အမြစ်ပြတ်ခြင်းမရှိပဲ ပြန်ဖြစ်ပွားတတ်ပါသည်။ အလွန်ဒုက္ခပေးပါသည်။ ရောဂါပြင်းလျှင် စအိုအူကင်ဆာဖြစ်၍ အသက်အန္တရာယ်ရှိပါသည်။

ကျွန်တော်တို့ ဆေးကုခန်းတွင် အမေရိကန်နိုင်ငံမှ PPH စအိုအူလမ်းကြောင်း ကုထုံးဖြင့် အတွင်းလိပ်၊ အပြင်လိပ်၊ ရောရာလိပ်၊ စအိုကွဲ၊ ဂရင်ဂျီနာစသော ရောဂါများကို တစ်ကြိမ်တည်းဖြင့် ပျောက်ကင်းအောင် ကုသပေးပါသည်။ ကုသရာတွင် အားသာချက်မှာ အမြစ်ပြတ်၍ နာကျင်မှုနည်းခြင်း၊ သွေးမထွက်ခြင်း၊ ဒဏ်ရာသေး၍ ပျောက်လွယ်သည်။ ၎င်းသည် စအိုအူလမ်းကြောင်းရောဂါ ကုသရာတွင် ခေတ်အမီဆုံး၊ သိပ္ပံနည်းအကျဆုံး၊ အန္တရာယ်အကင်းဆုံး ကုထုံးဖြစ်ပါသည်။

**အရေပြားရောဂါသည်များအတွက် မင်္ဂလာသတင်း**

ဂျုတ်၊ ပွေး၊ ညှင်း၊ ခရုသင်း၊ ဝက်သက်၊ နှင်းခူ၊ အာရုံကြောကြောင့် အရေပြားရောင်ရမ်းခြင်း၊ ဝက်ခြံစသော အရေပြား ရောဂါများရရှိလျှင် မခံမရပ်နိုင်အောင် ယားယံသည်။ ရောင်ရမ်း ပူလောင်နာကျင်ပြီး အရေပြားတွင် သွေးထွက်တတ်သည်။

ခေတ်မှီ ဆေးခန်းသည် သွေးကြည်ရောဂါ ကာကွယ်ဆေးဆေးထိုးကုသနည်းဖြင့် အရေပြားရောဂါအမျိုးမျိုးကို ကုသပေးပါသည်။ အာနိသင်ကောင်းကောင်းဖြင့် အရေပြားအမျိုးမျိုးကို ကုသပေးနေပါသည်။ အရေပြားရောဂါသည် တစ်သောင်းကျော်ကို အောင်မြင်စွာ ကုသပေးပြီး ဖြစ်ပါသည်။ ရောဂါခံစားနေရမှုကို အလျှင်အမြန် ပျောက်ကင်းစေပြီး ဖြစ်ပါသည်။

**အမျိုးသားစွမ်းဆောင်ရည်ကျဆင်းခြင်း**

ယနေ့ခေတ်တွင် လူနေမှုစနစ်သည် လျှင်မြန်သွက်လက်၍ ဖိအားများသောကြောင့် ကျောက်ကပ် အားနည်းခြင်း၊ ပန်းသေခြင်း၊ သုတ်လွှတ်မြန်ခြင်းစသော ရောဂါများအဖြစ်များလာပါသည်။ ရောဂါသည် အများစုသည် မှန်ကန်တိကျသော ကုထုံးဖြင့် ထိရောက်စွာ ကုသနိုင်ခြင်း မရှိသဖြင့် ကုသချိန် ကြာလာသည်နှင့်အမျှ ရောဂါဆိုးရွားလာရပါသည်။ ကိုယ်စိတ် ဒုက္ခရောက်စေပြီး အိမ်ထောင်ရေးပြိုကွဲသည်အထိ ဆိုးကျိုးများဖြစ်လာနိုင်ပါသည်။

ကျွန်တော်တို့ ဆေးကုခန်းသည် အမျိုးသားရောဂါ အထူးကုသသော ဆေးကုခန်းဖြစ်ပါသည်။ အဆင့်မြင့် နည်းပညာဖြင့် ထုတ်လုပ်ထားသောဆေးဝါးများဖြင့် ကျောက်ကပ်အားနည်းခြင်း၊ ပန်းသေခြင်း၊ သုတ်လွှတ်မြန်ခြင်း၊ အိပ်မက်သုတ်လွှတ်ခြင်း၊ လိင်တံသေးငယ်သွား ခြင်း၊ ကလေးမရမွေးနေခြင်း စသော ရောဂါများကို အထူးကုသပေးပါသည်။ ဆေးစွမ်းထက်ခြင်း၊ ကုသချိန် တိုတောင်းခြင်း၊ အန္တရာယ်ကင်းခြင်း၊ ဘေးထွက်ဆိုးကျိုးကင်းခြင်း စသော အားသားချက်များ ရှိပါသည်။



**လည်သစ်ရိုး၊ ခါးသစ်ရိုး၊ လေးဘက်နာရောဂါများအတွက် လျှင်မြန်စွာသက်သာစေသည့် သုံးမျိုးစပ်ကုထုံး**

လည်ပင်း၊ ပုခုံး၊ ခါး၊ တင်ပါးဆုံ၊ လေးဘက်နာရောဂါ ရှိသူများသည် ခေါင်းမူးခြင်း၊ မျက်စေ့ပြာခြင်း၊ ခြေလက်ထုံကျဉ်ခြင်း၊ အဆစ်အမြစ်ရောင်ယမ်းခြင်း၊ မခံရပ်နိုင်အောင် နာကျင်ခြင်း၊ အဆစ်အမြစ်များ ပုံပျက်နေခြင်းတို့ကို တွေ့ရှိပါသည်။ ရောဂါသေးလျှင်အနေအထိုင်ဒုက္ခဖြစ်သည်။ ရောဂါပြင်းလျှင် မသန်မစွမ်းဖြစ်၍ အိပ်ယာပေါ်တွင်လဲနေရမည်။ ထို့ကြောင့် လေးဘက်နာရောဂါကို မသေသောကင်ဆာရောဂါဟု ဆိုကြသည်။

ကျွန်တော်တို့ဆေးကုခန်းတွင် အဆင့်မြင့် သိပ္ပံနည်းဖြင့် ထုတ်လုပ်သော ဆေးဝါးကို အမေရိကန် နောက်ဆုံးပေါ် သုံးမျိုးစပ်ကုထုံးဖြင့် ကုသပေးပါသည်။ ဆေးစွမ်းထက်၍ အရောင်ကျ မြန်သည်။ အရိုး ကျီးပေါင်းကို ပျော့သွားစေသည်။ ပျက်စီးနေသော ဆဲလ်များနှင့် အဆစ်အမြစ်များကို ပြန်ကောင်းမွန်စေသည်။ အထူးသဖြင့် လေးဘက်နာရောဂါနှင့် ၎င်းကြောင့် ဖြစ်ပေါ်သော အဆစ်အမြစ် ပုံပျက်ခြင်း၊ ကြွက်သားကျုံ့ယုံ့ခြင်း၊ ပုခုံးရောင်ယမ်းခြင်း၊ အရိုးကျီးပေါင်းတက်ခြင်း၊ ခါးဆစ်ရိုးခွက် အစွယ်ထွက်ခြင်း၊ တင်ပါးဆုံရိုးပျက်စီးခြင်း၊ လေဖြတ်ခြင်း၏ နောက်ဆက်တွဲရောဂါများကို ကုသရာတွင် ဆေးစွမ်း အထူးထက်မြက်ပါသည်။ ယခုအခါ နိုင်ငံတကာတွင် စိတ်အချရဆုံး၊ အထိရောက်ဆုံး ကုထုံးဖြစ်ပါသည်။

**အစာအိမ်အူလမ်းကြောင်း ကင်ဆာဖြစ်သွားခြင်း ကာကွယ်ပါ။**

နာတာရှည် အစာအိမ်အူလမ်းကြောင်း ရောင်ရမ်းနာဆိုသည်မှာ မတူညီသော ရောဂါ အကြောင်း အရင်းကြောင့် ဖြစ်ပေါ်လာသော အစာအိမ်အူလမ်းကြောင်း အမြေးရောင်ရမ်းနာရောဂါကို ဆိုလို ပါသည်။ အဓိက တွေ့ရသည်မှာ အစားစားချင်စိတ်မရှိခြင်း၊ ဝမ်းဗိုက်အပေါ်ပိုင်း တရိရိနာကျင်ခြင်း၊ အစာအိမ်အတွင်းပူလောင်နေခြင်း၊ ကျို့ထိုးခြင်း။ အချဉ်ပေါက်ခြင်း၊ အော့အန်ခြင်း၊ ဝမ်းခဏခဏသွားခြင်း၊ သွေးဝမ်းပါခြင်း စသည်တို့ဖြစ်ပါသည်။ ကာလကြာရှည်သွားလျှင် ကင်ဆာရောဂါသို့ ပြောင်းလဲသွားနိုင်သည်။

ခေတ်မှီဆေးကုခန်းသည် အမေရိကန်မှ နောက်ဆုံးပေါ် စမ်းသပ်ကုသစက်ကိရိယာများတင်သွင်း ၍ "Hp"အဆိပ်ထုတ် ကုသနည်းကို အသုံးပြု၍ နာတာရှည်အစာအိမ်ရောင်ရမ်းရောဂါ၊ အစာအိမ် ပြည်တည်နာ၊ အူသိမ်ဦးပြည်တည်နာ၊ အူမကြီးနာတာရှည်ရောင်ရမ်းနာတို့ကို ကုသပေးနိုင်ပါသည်။ ကင်ဆာရောဂါသို့ ပြောင်းလဲသွားခြင်းကိုလည်း ကာကွယ်ပေးပါသည်။ ဤကုသနည်းသည် ထိရောက်မှု-မြန်သည်။ ဆေးစားရလွယ်ကူသည်။ ရောဂါပြန်မဖြစ်နိုင်သော ထူးခြားချက်ရှိသည်။

အမှတ်(၈)၊ စဉ်းအိုးတန်းအောက်လမ်း၊လသာမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - 09-421180800

Sports

7DAY NEWS JOURNAL

Vol.12, No.38 • NOVEMBER 27 , 2013

# ဆီးဂိမ်းဘောလုံးပွဲလက်မှတ်များကို ဒီဇင်ဘာ ၂ ရက်မှစ၍ မြို့ကြီးသုံးမြို့တွင် ရောင်းချမည်




*ဆီးဂိမ်းလက်မှတ်များကိုတွေ့ရစဉ်*

ဓာတ်ပုံ - MFF

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ နိုဝင်ဘာ- ၂၆**

၂၀၁၃ ဆီးဂိမ်းဘောလုံးပွဲလက်မှတ်များကို ဒီဇင်ဘာ ၂ ရက်မှစတင်ကာ နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့များတွင် စတင်ရောင်းချသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ယူ-၂၃ အမျိုးသားဘောလုံးပွဲစဉ်များအတွက် လက်မှတ်နှုန်းထားများအဖြစ် ရိုးရိုးတန်းအတွက် ကျပ်နှစ်ထောင်နှင့် အထူးတန်းကျပ်လေးထောင်၊ အကြိုဗိုလ်လုပွဲစဉ်နှင့်ဗိုလ်လုပွဲအတွက် ရိုးရိုးတန်းကျပ်ငါးထောင်နှင့် အထူးတန်းကျပ်သုံးထောင် သတ်မှတ်ထားကြောင်း သတင်းရရှိသည်။

၂၀၁၃ ဆီးဂိမ်းဘောလုံးပွဲစဉ်များကို တစ်ရက်လျှင် နှစ်ပွဲနှုန်းကျင်းပသွားမည်ဖြစ်ပြီး ပရိသတ်များအနေဖြင့် လက်မှတ်တစ်စောင်လျှင် ပွဲစဉ်နှစ်ပွဲ ကြည့်ရှုခွင့်ရရှိမည်ဖြစ်သည်။

ဆီးဂိမ်းဘောလုံးပွဲစဉ်လက်မှတ်များ ရောင်းချမည့်နေရာများမှာ ရန်ကုန်မြို့တွင် သုဝဏ္ဏ၊ အောင်ဆန်း၊ ပဒုမ္မာ၊ စလင်းအားကစားကွင်း၊ နေပြည်တော်တွင် ဝဏ္ဏသိဒ္ဓိကွင်း ဂိတ်အမှတ် (၁)၊ မြို့မဈေး၊ Junction (နေပြည်တော်)၊ မန္တလေးမြို့တွင် ဗထူးအားကစားကွင်း၊ ချမ်းမြသာစည်မြို့နယ် (မနော်ဟရီလမ်းနှင့် ၄ ရွှေဝါလမ်းကြား) ဘောလုံးအကယ်ဒမီ (၄ ရွှေဝါနှင့် သဇင်လမ်းကြား)၊ မဟာအောင်မြေမြို့နယ်(လမ်း ၄၀ နှင့် ၃၀ လမ်းကြား) တို့ဖြစ်ကြောင်း ဘောလုံးအဖွဲ့ချုပ်က သတင်းထုတ်ပြန်ထားသည်။

"ဆီးဂိမ်းဘောလုံးပြိုင်ပွဲလက်မှတ်များကို နေပြည်တော်၊ ရန်ကုန်၊ မန္တလေးမြို့တွေမှာရှိတဲ့ MRTV-4 အရောင်းခန်းမတွေမှာလည်း ဝယ်ယူရရှိနိုင်မှာ ဖြစ်ပါတယ်" ဟု ဆီးဂိမ်းဘောလုံးပြိုင်ပွဲလက်မှတ်များ ရောင်းချခွင့် စီစဉ်ဆောင်ရွက်သည့် My Asia Ticket (MAT) မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါဘောလုံးပွဲစဉ်လက်မှတ်များတွင် လုံခြုံရေးစနစ်(ဘားကုတ်) များပါဝင်မည်ဖြစ်ပြီး ဘောလုံးကွင်းဝင်ပေါက်များတွင် လက်မှတ်များကို ဘားကုတ်စနစ်ဖြင့် စစ်ဆေးသွားမည်ဖြစ်ကြောင်း၊ ဘောလုံးပွဲစဉ် တစ်ပွဲအတွက် လက်မှတ်စောင်ရေ သုံးသောင်းဝန်းကျင် ရောင်းချသွားရန် စီစဉ်ထားကြောင်း (MAT) တာဝန်ရှိသူက ဆိုသည်။

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့်(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ (ဆီးဂိမ်း) တွင် မြန်မာ ယူ-၂၃ အမျိုးသားအသင်းပါဝင်သည့် အုပ်စု (ခ)ပွဲစဉ်များကို ရန်ကုန်မြို့ရှိ သုဝဏ္ဏအားကစားကွင်းတွင်လည်းကောင်း၊ အုပ်စု (က) ပွဲစဉ်များကို နေပြည်တော်ရှိဇေယျာသီရိအားကစားကွင်းတွင်လည်းကောင်း၊ အမျိုးသမီးဘောလုံးပွဲစဉ်များကို မန္တလေးမြို့ရှိ မန္တလာသီရိ အားကစားကွင်းတွင်လည်းကောင်း ကျင်းပမည်ဖြစ်သည်။

အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စု (ခ) ပွဲစဉ်များကို ဒီဇင်ဘာ ၇ ရက်တွင်လည်းကောင်း၊ အုပ်စု (က) ပွဲစဉ်များကို ဒီဇင်ဘာ ၈ ရက်တွင်လည်းကောင်း၊ အမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စု (က) ပွဲစဉ်များကို ဒီဇင်ဘာ ၁၀ ရက်တွင်လည်းကောင်း၊ အုပ်စု (ခ) ပွဲစဉ်များကို ဒီဇင်ဘာ ၁၂ ရက်တွင်လည်းကောင်း စတင်ကျင်းပမည်ဖြစ်သည်။

# မသန်စွမ်းအားကစား ဖွင့်ပွဲ ပိတ်ပွဲအခမ်းအနား ကျပ်ငွေသန်း ၉၀၀ ကျော် အသုံးပြုမည်

**ချစ်ဝိုင်း၊ ရှင်းရှင်း**

**ရန်ကုန်၊ နိုဝင်ဘာ- ၂၅**

(၇)ကြိမ်မြောက် အရှေ့တောင်အာရှမသန်စွမ်းအားကစားပြိုင်ပွဲ ဖွင့်ပွဲ၊ ပိတ်ပွဲအစီအစဉ်များကိုနိုင်ငံတကာအဆင့်မီစေရန်အတွက် ကျပ်သန်း ၉၀၀ ကျော်အသုံးပြုသွားမည်ဖြစ်ကြောင်းမြန်မာနိုင်ငံမသန်စွမ်းအားကစားအဖွဲ့ချုပ်မှ သတင်းရရှိသည်။

၂၀၁၄ ခုနှစ် ဇန်နဝါရီ ၁၁ ရက်မှ ၂၂ ရက်အထိ ကျင်းပမည့် အရှေ့တောင်အာရှမသန်စွမ်းအားကစားပြိုင်ပွဲကို တရုတ်နိုင်ငံမှ နည်းပညာအကူအညီများရယူကာ နိုင်ငံတကာအဆင့်မီဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားကို ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

"ပြိုင်ပွဲတစ်ခုလုံးအတွက် ဝန်ကြီးဌာနက ချထားပေးတဲ့ကျပ် ၅ ဒသမ ၅ ဘီလီယံ ကုန်ကျခံပြီး နိုင်ငံတကာအဆင့်မီကျင်းပသွားမယ်"ဟု မြန်မာနိုင်ငံမသန်စွမ်းအားကစားအဖွဲ့ချုပ်အတွင်းရေးမှူးဦးအောင်မြင့်ထွန်းကပြောသည်။

မသန်စွမ်းအားကစားပြိုင်ပွဲ ဖွင့်ပွဲ၊ ပိတ်ပွဲအစီအစဉ်များကိုလည်း ဆီးဂိမ်းနည်းတူ ကမ္ဘာ့အဆင့်မီ ကျင်းပသွားမည်ဖြစ်ပြီး အားကစားဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနတို့ ပူးပေါင်းကာဖွင့်ပွဲပိတ်ပွဲတွင်မသန်စွမ်းများကိုပါ ပါဝင်စေမည်ဖြစ်ကြောင်း ဦးအောင်မြင့်ထွန်းက ဆိုသည်။

"ဖွင့်ပွဲ၊ ပိတ်ပွဲတွေမှာ မသန်စွမ်းတွေကိုလည်း ပါဝင်ခွင့်ပြုမယ်။ မသန်စွမ်းအင်အား ၁၅၀ လောက်ပါမယ်။ မျက်မမြင်ဆိုင်းဝိုင်း၊ အနောက်တိုင်းတေးဂီတတို့မှာ ပါဝင်ဖျော်ဖြေသွားမယ်"ဟု ဦးအောင်မြင့်ထွန်းက ပြောသည်။

အဆိုပါ မသန်စွမ်းအားကစားပြိုင်ပွဲမှာ ဆီးဂိမ်းအိမ်ရှင်အဖြစ် ကျင်းပဆောင်ရွက်ခွင့်ရရှိသည့် နိုင်ငံအနေဖြင့် မသန်စွမ်းအားကစားပြိုင်ပွဲကိုပါ ပူးတွဲကျင်းပရခြင်းဖြစ်ပြီး ဆီးဂိမ်းပြိုင်ပွဲကိုသာ ပြည်သူများက ပိုမိုအာရုံစိုက်နေကြကြောင်း မြန်မာနိုင်ငံ မသန်စွမ်းအားကစားအဖွဲ့ချုပ် ဒုဥက္ကဋ္ဌ ဗိုလ်မှူးကြီးမျိုးမြင့်(ငြိမ်း)က ပြောသည်။

မသန်စွမ်းအားကစားပြိုင်ပွဲတွင် ကစားနည်း ၁၂ မျိုးထည့်သွင်းကျင်းပမည်ဖြစ်ပြီး ရွှေတံဆိပ်ခုနစ်ရာအပါအဝင် ဆုတံဆိပ်ပေါင်းနှစ်ထောင်ကျော်ချီးမြှင့်မည်ဖြစ်သည်။ ထို့အပြင် ပြိုင်ပွဲဝင်နိုင်ငံ ၁၁ နိုင်ငံမှကစားသမား ၁,၄၀၀ ကျော် ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။




FIFA နှင့်အတူ Coca-Cola မှ သယ်ဆောင်လာသော
မြန်မာတို့အတွက် အားသစ်လောင်းစေမည့်
© 1974 FIFA TM
FIFA WORLD CUP
တစ်ခုတည်းသော ဒိုင်းဆုကြီး
၂၇ ဒီဇင်ဘာ ၂၀၁၃၊ သုဝဏ္ဏအမျိုးသား အားကစားရုံ၊ ရန်ကုန်မြို့
FIFA WORLD CUP™ TROPHY TOUR by Coca-Cola
FIFA ကမ္ဘာ့ဖလား ဒိုင်းဆု လှည့်လည်ပြသသည့် ခရီးစဉ်
Official Partners:
MYANMAR FOOTBALL FEDERATION ESTABLISHED 1947
SKYNET
အသေးစိတ် အချက်အလက်များကို poster နှင့် facebook.com/cocacolamyanmar တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။
COCA-COLA and The Red Disk are registered trademarks of The Coca-Cola Company. © 2013 The Coca-Cola Company.

7 DAY NEWS JOURNAL
Vol.12, No.38 • NOVEMBER 27 , 2013



REUTERS




# ရီးရဲလ်၊ မန်စီးတီးနဲ့ ပီအက်စ်ဂျီ အိမ်ကွင်းမှာ အနိုင်သေချာနေတယ်

## ချန်ပီယံလိဂ် အုပ်စုပွဲစဉ် - ၅ ပွဲကြိုသုံးသပ်ချက်

### ပီအက်စ်ဂျီ – အိုလံပီယာကော့စ်

| ပ-ကျော့ရလဒ် |
|---|
| အိုလံပီယာကော့စ် ၁ – ၄ ပီအက်စ်ဂျီ |

ပီအက်စ်ဂျီကပထမအကျော့တုန်းက အဝေးကွင်းမှာ အုပ်စုမှာအနိုင်ရခဲ့ပါတယ်။ အိုလံပီယာကော့စ်ကလည်း နောက်တစ်ဆင့်တက်ဖို့အကောင်းဆုံး ကြိုးစားမှာပါ။ ဒါပေမဲ့ ပီအက်စ်ဂျီရဲ့ ခြေစွမ်းကို အိုလံပီယာကော့စ် မယှဉ်နိုင်ပါဘူး။ အိမ်ရှင် ပီအက်စ်ဂျီကို ရွေးချယ်ရမှာပါ။

### မန်စီးတီး – ပယ်ဇန်

| ပ-ကျော့ရလဒ် |
|---|
| ပယ်ဇန် ၀ – ၃ မန်စီး |

မန်စီးတီးက အုပ်စုတက်နေပြီဖြစ်ပေမယ့် ဒီပွဲမှာရလဒ်ကောင်းအောင်ကြိုးစားကစားမှာပါ။ ပယ်ဇန်ကတော့ အုပ်စုအောက်ဆုံးမှာ ရမှတ်မရှိဘဲရပ်တည်နေရပါတယ်။ အိမ်ကွင်းကောင်းတဲ့ မန်စီးတီးနဲ့ သွင်းဂိုးအများကို ရွေးချယ်ထားသင့်တဲ့ပွဲတစ်ပွဲ ဖြစ်ပါတယ်။

### စီအက်စ်ကေအေ – ဘိုင်ယန်

| ပ-ကျော့ရလဒ် |
|---|
| ဘိုင်ယန် ၃ –၀ စီအက်စ်ကေအေ |

ဘိုင်ယန်က စံချိန်ကောင်းတွေ ရေးထိုးနိုင်ဖို့ ဒီပွဲကို အနိုင်ကစားမှာ သေချာပါတယ်။ စီအက်စ်ကေအေကတော့ ယူရိုပါလိဂ် တစ်နေရာ သေချာနေပါပြီ။ အိမ်ကွင်းဖြစ်ပေမယ့် ကစားအားကောင်းတဲ့ ဘိုင်ယန်ကို စီအက်စ်ကေအေ မယှဉ်နိုင်ပါဘူး။ ဘိုင်ယန်ကိုပဲ ရွေးချယ်ရမယ့်ပွဲပါ။

### ဂျူဗင်တပ် – ကိုပင်ဟေဂင်

| ပ-ကျော့ရလဒ် |
|---|
| ကိုပင်ဟေဂင် ၁ – ၁ ဂျူဗင်တပ် |

ဂျူဗင်တပ်ကအုပ်စုအောက်ဆုံးမှာ ရပ်တည်နေပေမယ့် နောက်တစ်ဆင့် တက်နိုင်ဖို့ မျှော်လင့်ချက် ရှိနေပါသေးတယ်။ ပထမအကျော့က ကိုပင်ဟေဂင် ကွင်းမှာ သရေကျခဲ့ပါတယ်။ နိုင်ပွဲမရသေးတဲ့ ဂျူဗင်တပ် ဒီပွဲမှာအနိုင်ရရင် မျှော်လင့်ချက်ရှိလို့ အနိုင်ကစားမှာပါ။

### ရီးရဲလ်မက်ဒရစ် – ဂလာတာစာရေး

| ပ-ကျော့ရလဒ် |
|---|
| ဂလာတာစာရေး ၁ – ၆ ရီးရဲလ်မက်ဒရစ် |

ရီးရဲလ်က အုပ်စုတက်နေပြီး အုပ်စုပထမနေရာလည်း သေချာနေပါပြီ။ ဂလာတာစာရေးကတော့ ဒုတိယနေရာ မျှော်လင့်ချက်ရှိနေပါတယ်။ ဒီပွဲမှာ အနိုင်မလိုအပ်တော့တဲ့ ရီးရဲလ် ဘယ်လိုကစားမလဲ စိတ်ဝင်စားစရာပါ။ ဒါပေမဲ့ ခြေစွမ်းကောင်းနေတဲ့ ရီးရဲလ်မက်ဒရစ် အနိုင်ကစားပေမယ့် ဂိုးပြတ်၊မပြတ် စဉ်းစားသင့်ပါတယ်။

## BIG MATCH



### လေဗာကူဆင် – မန်ယူ

| ပ-ကျော့ရလဒ် |
|---|
| မန်ယူ ၄ – ၂ လေဗာကူဆင် |

အုပ်စု-A ရဲ့ ထိပ်ဆုံးနှစ်သင်း တွေ့ဆုံတဲ့ပွဲပါ။ မန်ယူက ၈ မှတ်ရထားပြီး လေဗာကူဆင်က ၇ မှတ်ရထားပါတယ်။ ဒီပွဲမှာ အနိုင်ရတဲ့အသင်းက နောက်တစ်ဆင့်တက်ဖို့ အလားအလာကောင်းသွားမှာပါ။ လေဗာကူဆင်က မန်ယူနဲ့ ပထမအကျော့ပွဲနောက်ပိုင်း ရှုံးပွဲမရှိသေးဘဲ နှစ်ပွဲနိုင်၊ တစ်ပွဲသရေ ကစားထားတယ်။ မန်ယူကတော့ အဝေးကွင်းရလဒ်တွေ သိပ်အားရစရာမရှိသေးပါဘူး။ တကယ်လို့သရေကျခဲ့ရင် မန်ယူက ထိပ်ဆုံးမှာဆက်လက်ရပ်တည်နိုင်မှာပါ။ အဝေးကွင်းဖြစ်နေလို့ မန်ယူ သရေလောက်ပဲ ကစားသွားဖို့ ရှိနေပါတယ်။

7DAY NEWS JOURNAL
Vol.12, No.38 • NOVEMBER 27 , 2013


# လေအားလျှပ်စစ်ထုတ်လုပ်ရေး ရဟတ်များကြောင့် ရွှေလင်းယုန်ငှက်များ သေဆုံးမှု အမေရိကန်စွမ်းအင်ကုမ္ပဏီ လျော်ကြေးပေးမည်

**နယူးယောက်၊ နိုဝင်ဘာ-၂၃**

အမေရိကန်နိုင်ငံ ဝိုင်ယိုမင်ပြည်နယ်ရှိလေအားလျှပ်စစ်ထုတ်လုပ်သည့် နေရာနှစ်ခုတွင် ပြီးခဲ့သည့် သုံးနှစ်အတွင်း လေရဟတ်များကြောင့် ရွှေလင်းယုန် ၁၄ ကောင် သေဆုံးခဲ့မှုအတွက်Dukeစွမ်းအင်ကုမ္ပဏီက အပြစ်ရှိကြောင်း ဝန်ခံပြီးနောက် ကန်ဒေါ်လာတစ်သန်း လျော်ကြေးပေးရန် သဘောတူလိုက်ပြီဖြစ်သည်။

ယင်းကဲ့သို့သောအမှုမျိုးတွင် လေစွမ်းအင်ကုမ္ပဏီတစ်ခုကို အိုဘားမားအစိုးရ၏ အရေးယူဆောင်ရွက်မှုမှာပထမဆုံးအကြိမ်ဖြစ်သည်ဟုအေပီသတင်းက ဖော်ပြသည်။ ယင်းဒဏ်ငွေများကို တောရိုင်းတိရစ္ဆာန်နှင့် စိမ့်တောမြေကာကွယ်ထိန်းသိမ်းရေးအဖွဲ့များအား ပေးအပ်သွားမည်ဖြစ်သည်။

ရွှေလင်းယုန်များနှင့် အခြားသော ကျေးငှက်မျိုးစိတ်များကို ကာကွယ်ပေးထားသည့်ကျေးငှက်ရွှေ့ပြောင်းနေထိုင်ခြင်း အက်ဥပဒေအရ ယင်းကုမ္ပဏီကို စွဲချက်တင်ခဲ့ခြင်းဖြစ်သည်။

၂၀၁၃ ခုနှစ်အတွင်း ဖက်ဒရယ်ဇီဝဗေဒပညာရှင်၏ လေ့လာမှုတစ်ခုအရအမေရိကန်ပြည်နယ် ၁၀ ခုအတွင်းရှိ လေအားလျှပ်စစ်လုပ်ငန်းများကြောင့် ၂၀၀၈ ခုနှစ်မှစ၍ အမေရိကန်လင်းယုန်နှင့် ရွှေလင်းယုန်အနည်းဆုံး၆၇ကောင် သေဆုံးခဲ့ရသည်။

လင်းယုန်များမှာသားကောင်နောက်သို့လိုက်ရင်း လေရဟတ်များကိုမရှောင်နိုင်ဘဲ ဝင်တိုက်မိသဖြင့်သေဆုံးခဲ့ရခြင်းဖြစ်ပြီး ယင်းလေရဟတ်များမှာ လေဆင်နှာမောင်းတစ်ခုကဲ့သို့ လည်နေခြင်းကြောင့်ငှက်များစုပ်ယူခံရခြင်းဖြစ်သည်။ ယင်း၏ဒလက်များမှာ ဓားသွားကဲ့သို့ ထက်မြက်နေသည်။

ယင်းပြဿနာ ဖြေရှင်းနိုင်ရေး ကနဦးဆောင်ရွက်မှုများကို အမေရိကန်သား၊ငါးနှင့်တောရိုင်းတိရစ္ဆာန်ဌာနနှင့် အနီးကပ်ပူးပေါင်းဆောင်ရွက်နေကြောင်း Duke စွမ်းအင်ကုမ္ပဏီဥက္ကဋ္ဌ ဂရက်ဝုဖ်ကပြောကြားသည်။

—*Ref: AP*



# ကမ္ဘာ့သံလိုက်စက်ကွင်းကို လေ့လာရန် ဥရောပဂြိုဟ်တုများ လွှတ်တင်



ESA /AOES MEDIALAB

**လန်ဒန်၊ နိုဝင်ဘာ-၂၃**

ကမ္ဘာပေါ်တွင် လူသားများအသက်ရှင်နေထိုင်နိုင်ရန် ဖန်တီးပေးသည့် သံလိုက်စက်ကွင်းများမည်သည့်အတွက်ကြောင့် အားနည်းလာပုံပေါ်ကြောင်း နားလည်သိရှိနိုင်ရန် အကူအညီဖြစ်စေမည်ဟု မျှော်လင့်ချက်ဖြင့် ဥရောပအာကာသအေဂျင်စီ (ESA)က ဂြိုဟ်တုသုံးလုံးကို နိုဝင်ဘာ ၂၂ ရက်တွင် လွှတ်တင်လိုက်သည်။

ESA ၏ Swarm လုပ်ငန်းစဉ်တွင် ပါဝင်သည့် အဆိုပါဂြိုဟ်တုများကို ရုရှားနိုင်ငံ၏ Plesetsk အာကာသယာဉ်လွှတ်တင်ရေးကွင်းမှ ရော့ကော့ဒုံးပျံယာဉ်ဖြင့် ဒေသစံတော်ချိန် နံနက် ၇ နာရီ ၂ မိနစ်တွင် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

အဆိုပါဂြိုဟ်တုများမှာ ၉၁ မိနစ်ကြာပြီးနောက် အမြင့် ၃၀၄ မိုင်တွင် ကမ္ဘာဂြိုဟ်ပတ်လမ်းသို့ ရောက်ရှိသွားသည်။ ကမ္ဘာပေါ်ရှိ သက်ရှိများကို သေစေနိုင်သည့် ဆိုလာရောင်ခြည်များမှ ကာကွယ်ပေးထားသည့်တိရစ္ဆာန်အချို့ ရွှေ့ပြောင်းနေထိုင်မှုဖြစ်စေသည်။ သံလိုက်စက်ကွင်းများအကြောင်း သိပ္ပံပညာရှင်များ နားလည်သဘောပေါက်စေရန်အတွက် ယင်းဂြိုဟ်တုများသည် လာမည့်လေးနှစ်တာ ကာလအတွင်း အချက်အလက်များ စုဆောင်းပေးပို့မည်ဖြစ်သည်။

ကမ္ဘာ၏သံလိုက်စက်ကွင်းများမှာ အားနည်းလာနေကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။ သို့သော် ရှေ့ပြေးနိမိတ်အဖြစ် ယင်းသံလိုက်စက်ကွင်းများ ထက်အောက်ပြောင်းပြန်ဖြစ်ကာ နှစ်ပေါင်း ၅၀၀ အတွင်း အားလုံးပျောက်ကွယ်သွားနိုင်သည်။

ယင်းဖြစ်စဉ်မှာ ယခင်ကလည်းဖြစ်ဖူးပြီး သံလိုက်စက်ကွင်းများမှာ နှစ်ပေါင်း ၂၅၀,၀၀၀ ကြာတိုင် ထက်အောက်ပြောင်းပြန်ဖြစ်ခဲ့ကြောင်း ဘူမိဗေဒမှတ်တမ်းများက ဖော်ပြသည်။ လွန်ခဲ့သောနှစ်ပေါင်း ၈၀၀,၀၀၀ က နောက်ဆုံးအကြိမ်အဖြစ် ယင်းကဲ့သို့ တစ်ကြိမ်ဖြစ်ပျက်ခဲ့၍ နောက်တစ်ကြိမ်ဖြစ်ရန် အလွန်အချိန်တန်နေပြီဖြစ်သည်။

အကျိုးသက်ရောက်မှုများကို ကြိုတင်ခန့်မှန်းရန်ခက်ခဲနေစဉ် ယင်းဖြစ်စဉ်၏ နောက်ဆက်တွဲအကျိုးရလဒ်များမှာ အဆုံးစွန်ထိများပြားကောင်း များပြားနိုင်သည်။

—*Ref: Reuters*



7 DAY NEWS JOURNAL
Vol.12, No.38 • NOVEMBER 27 , 2013

# ဘန်ကောက်မြို့လမ်းမများတွင် ဆန္ဒပြသူများပြည့်နှက်နေ



PORNCHAI KITTIWONGSAKUL/AFP

*အစိုးရဆန့်ကျင်ဆန္ဒပြသူများ နိုဝင်ဘာ ၂၅ ရက်က ဘန်ကောက်မြို့၌ အမျိုးသားအလံများဝှေ့ယမ်းဆန္ဒပြနေကြစဉ်*

**ဘန်ကောက်၊ နိုဝင်ဘာ-၂၅**
ထိုင်းနိုင်ငံတွင် ဒုတိယမြောက်နေ့ဆန္ဒပြပွဲ၌ လူထောင်ပေါင်းများစွာချီတက်ပြကြစဉ် အစိုးရဆန့်ကျင်သည့်ဆန္ဒပြသူများ ဘဏ္ဍာရေးဝန်ကြီးဌာန အဆောက်အအုံသို့ ချီတက်ခဲ့ကြသည်။

ဆန္ဒပြသူများကထိုင်းဝန်ကြီးချုပ် ယင်လပ်ရှင်နာဝပ်၏ အစိုးရကို ရာထူးမှ ဆင်းပေးစေလိုကြသည်။ နိုဝင်ဘာ ၂၄ ရက်တွင် လူပေါင်းများစွာ ချီတက်ခဲ့ကြပြီးနောက် နိုဝင်ဘာ ၂၅ ရက်တွင်လည်း ဘန်ကောက်မြို့ရှိ နေရာများစွာတွင် ချီတက်ဆန္ဒပြခဲ့ကြသည်။

အငြင်းပွားဖွယ် လွတ်ငြိမ်းချမ်းသာခွင့်အဆိုကြောင့် ယင်းဆန္ဒပြပွဲများ ပေါ်ပေါက်လာခြင်းဖြစ်သည်။ အဆိုပြုထားသည့်ယင်းဥပဒေကြမ်းကို ယခုလအစောပိုင်းတွင် အထက်လွှတ်တော်က ပယ်ချခဲ့သည်။ ယင်းလွတ်ငြိမ်းချမ်းသာခွင့်ဥပဒေမှာ လက်ရှိဝန်ကြီးချုပ်ယင်လပ်၏အစ်ကို ဝန်ကြီးချုပ်ဟောင်းသက်ဆင်ကို အကျင့်ပျက်ခြစားမှုအတွက် ထောင်ဒဏ်မချမှတ်ဘဲ ထိုင်းနိုင်ငံသို့ ပြန်လာခွင့်ပြုလိမ့်မည်ဟု အတိုက်အခံများကပြောသည်။

အတိုက်အခံဒီမိုကရက်တစ်ပါတီ လွှတ်တော်အမတ်ဟောင်းများ ဦးဆောင်သည့် အစိုးရဆန့်ကျင်ဆန္ဒပြသူများသည် နိုဝင်ဘာ ၂၅ ရက်တွင် အစိုးရရုံးများ၊ စစ်ဌာနချုပ်များနှင့် ရုပ်သံလွှင့်ရုံများသို့ ချီတက်ဆန္ဒပြခဲ့ကြသည်။

နိုဝင်ဘာ ၂၆ ရက်တွင် ဝန်ကြီးဌာနအားလုံးကို ဝိုင်းထားကာ သက်ဆင်၏စနစ်များ တိုင်းပြည်တွင် ကျင့်သုံးရန် ဥပဒေက ခွင့်မပြုထားကြောင်း ပြသသွားမည်ဟု ဆန္ဒပြပွဲစည်းရုံးရေးခေါင်းဆောင် သောင်ဆူဘန်က အေအက်ဖ်ပီ သတင်းဌာနအား ပြောသည်။

နိုဝင်ဘာ ၂၄ ရက်က ဘန်ကောက်မြို့၏ အခြားသောနေရာတစ်ခုတွင် အစိုးရထောက်ခံသူ ၄၀,၀၀၀ ခန့် သီးခြားဆန္ဒပြခဲ့ကြသည်။ ၂၀၀၆ ခုနှစ်အတွင်း စစ်တပ်အာဏာသိမ်းမှုကြောင့် သက်ဆင် ရာထူးမှ ထွက်ခဲ့ရချိန်မှစ၍ ထိုင်းနိုင်ငံတွင် ခါးသီးသော သဘောထားကွဲပြားမှုများ ဖြစ်ပေါ်ခဲ့သည်။

—*Ref: BBC*




# ၂၀၁၄ ခုနှစ်တွင် အီဂျစ်နိုင်ငံ၌ လောင်စာဆီ ထောက်ပံ့ကြေးများ စတင်ဖြတ်တောက်တော့မည်ဟု ဝန်ကြီးချုပ်ဘီဘလာဝီပြော

**ကိုင်ရို၊ နိုဝင်ဘာ-၂၅**
အီဂျစ်အစိုးရသည် ၎င်းတို့အစိုးရသက်တမ်းမကုန်ဆုံးမီ ၂၀၁၄ ခုနှစ်တွင် လောင်စာဆီထောက်ပံ့ကြေးများကို စတင်ဖြတ်တောက်တော့မည်ဖြစ်ကြောင်း အီဂျစ်ဝန်ကြီးချုပ် ဟက်ဇမ်အယ်လ်ဘီဘလာဝီက ပြောကြားသည်။ အစိုးရ၏ အချိန်ဇယားအရ လာမည့်နှစ်တွင်လွှတ်တော်ရွေးကောက်ပွဲများနှင့် သမ္မတရွေးကောက်ပွဲအတွက် မဲဆန္ဒပေးခြင်းများပြုလုပ်ရန် စီစဉ်ထားသည်။

အီဂျစ်အစိုးရသည် တိုင်းပြည်မငြိမ်မသက်မှုများကြောင့် လောင်စာဆီထောက်ပံ့ကြေးငွေအစီအစဉ်ကို တွန်းတွန်းတိုက်တိုက် ကိုင်တွယ်ဖြေရှင်းနိုင်ခြင်း မရှိပေ။ သို့ရာတွင် ယင်းထောက်ပံ့ကြေးငွေများမှာ မြင့်မားပြီးတိုးများလာသောကြောင့် ယခုကဲ့သို့ ဆုံးဖြတ်ချက်များချလိုက်ရကြောင်း ဘီဘလာဝီက အေအက်ဖ်ပီသတင်းဌာနနှင့် အင်တာဗျူးတွင် ပြောကြားခဲ့သည်။

ယခုလက်ရှိအီဂျစ်နိုင်ငံတွင် အလုပ်လက်မဲ့ဦးရေမှာ ၁၃ ရာခိုင်နှုန်းဖြစ်ပြီး လူဦးရေ၏ ၄၀ ရာခိုင်နှုန်းမှာ ဆင်းရဲနွမ်းပါးလျက်ရှိသည်။ အခြေခံကုန်ပစ္စည်းများအတွက် အစိုးရထောက်ပံ့မှုကို လျှော့ချလိုက်ခြင်းဖြင့် နောက်ထပ်ကစဉ့်ကလျားအခြေအနေဆီသို့သာ ဦးတည်နိုင်သည်ဟု ခန့်မှန်းကြသည်။

အီဂျစ်အစိုးရသည် လက်ရှိကျင့်သုံးနေသော လောင်စာဆီသက်သာချောင်ချိရေးလုပ်ငန်းစဉ်ကို လာမည့်နှစ် ဇွန်လ သမ္မတသစ်ရွေးကောက်ပွဲမတိုင်မီ တဖြည်းဖြည်း ရပ်ဆိုင်းသွားရန် စီစဉ်ထားသည်။ ယခုလောင်စာဆီဈေးနှုန်းကို တစ်ဆင့်ပြီးတစ်ဆင့် မြှင့်တင်သွားရန် စီစဉ်ထားသည်ဟုလည်း ဘီဘလာဝီကပြောကြားခဲ့သည်။ ဝန်ကြီးချုပ်ဘီဘလာဝီ အစိုးရသည် သမ္မတသစ်ရွေးကောက်ပြီးနောက်တွင် တာဝန်မှရပ်စဲရန် စီစဉ်ထားသည်။ ၎င်းအစိုးရအဖွဲ့၏ ပထမအဆင့်ခြေလှမ်းမှာ လောင်စာဆီထောက်ပံ့ကြေးများကို များစွာထိခိုက်လိမ့်မည်မဟုတ်ကြောင်းနှင့် ယင်းကြောင့် အခြေခံလူတန်းစားများ နစ်နာလိမ့်မည်မဟုတ်ကြောင်း ဘီဘလာဝီက ပြောကြားခဲ့သည်။

—*Ref: AFP*

# အင်ဒိုနီးရှား စီနာဘန်းမီးတောင် ရှစ်ကြိမ်တိုင်ပေါက်ကွဲ၍ ဒေသခံပြည်သူ ထောင်ပေါင်းများစွာထွက်ပြေး

**ဂျကာတာ၊ နိုဝင်ဘာ-၂၄**

အင်ဒိုနီးရှားနိုင်ငံ အနောက်ပိုင်းရှိ မီးတောင်တစ်လုံးသည် နာရီအနည်းငယ်အတွင်း ရှစ်ကြိမ်တိုင်တိုင် ပေါက်ကွဲခဲ့ရာ မီးတောင်အနီးရှိဒေသခံပြည်သူထောင်ပေါင်းများစွာမှာ ဘေးလွတ်ရာသို့ ထွက်ပြေးခဲ့ကြသည်ဟု အင်ဒိုနီးရှားအာဏာပိုင်များက နိုဝင်ဘာ ၂၄ ရက်တွင် ပြောကြားသည်။

စက်တင်ဘာလကတည်းက မကြာခဏ ပေါက်ကွဲနေသော စီနာဘန်မီးတောင်သည် နိုဝင်ဘာ ၂၃ ရက် ညနှင့် ၂၄ ရက် အစောပိုင်းတွင် လေထဲသို့ ငါးမိုင်ခန့်အထိ ပြာပူများနှင့် ကျောက်ခဲများ မရပ်မနားပန်းထုတ်ခဲ့သည်။ ယင်းမီးတောင် အပြင်းအထန်ပေါက်ကွဲနေသောကြောင့် ဒေသခံပြည်သူထောင်ပေါင်းများစွာမှာ ညတွင်းချင်းပင် အိုးအိမ်များအား စွန့်ခွာထွက်ပြေးခဲ့ကြသည်။ အဆိုပါ မီးတောင်ပြန်လည်သက်ဝင်လှုပ်ရှားလာချိန်မှစ၍ အန္တရာယ်ရှိရာ နေရပ်မှ စွန့်ခွာထွက်ပြေးသူပေါင်း ၁၂,၃၀၀ ခန့်ရှိသည်ဟု အမျိုးသားသဘာဝဘေးအန္တရာယ်အဖွဲ့က ပြောကြားသည်။ နောက်ဆုံးဖြစ်ပွားသော မီးတောင်ပေါက်ကွဲမှုများကြောင့် သေဆုံးသူဦးရေကို မသိရသေးဟုလည်း အဆိုပါအဖွဲ့က ပြောကြားသည်။



YT HARYONO/REUTERS

*ဆီနာဘွန်မီးတောင်မှ ပြာများပန်းထွက်နေချိန်မှာပင် အင်ဒိုနီးရှားနိုင်ငံ မြောက်ဆူမတြားပြည်နယ်၊ ကာရိုခရိုင်၊ အမန်တီရန်းကျေးရွာမှ ရွာသားများ ၎င်းတို့ပိုင်ပစ္စည်းများကို သယ်ဆောင်၍ ကယ်ဆယ်ရေးစခန်းသို့ သွားနေသည်ကို နိုဝင်ဘာ ၂၄ ရက်က တွေ့ရစဉ်*

ဆူမားတြားကျွန်းမြောက်ပိုင်းရှိစီနာဘန်မီးတောင်နှင့် ပတ်သက်၍ သတိပေးချက်မှာ အမြင့်ဆုံးအဆင့်သို့ ရောက်ရှိနေသည်ဟု မီးတောင်လေ့လာရေးအဖွဲ့က သတိပေးခဲ့သည်။ မီးတောင်နှင့် ၃ ဒသမ ၁ မိုင်အတွင်းနေထိုင်သူများအား ဘေးလွတ်ရာသို့ ရွှေ့ပြောင်းနေထိုင်ကြရန်လည်း အင်ဒိုနီးရှားအစိုးရက ကြေညာခဲ့သည်။ စီနာဘန်းမီးတောင်သည် ၂၀၁၀ ပြည့်နှစ်ပေါက်ကွဲမှုနောက်ပိုင်း ယခုနှစ်စက်တင်ဘာလတွင် ပြန်လည်နိုးထလာပြီး ပေါက်ကွဲမှုများ မကြာခဏဖြစ်ပွားခဲ့သည်။—*Ref: AFP*

# ယူရိုဇုန်တွင် ဘဏ္ဍာရေးအကျပ်အတည်း ကူးစက်မည့်အန္တရာယ် မရှိတော့ဟု ဂျာမနီဘဏ္ဍာရေးဝန်ကြီးပြော

**ဘာလင်၊ နိုဝင်ဘာ-၂၄**

ယူရိုငွေကြေးသုံးစွဲသော ယူရိုဇုန်နိုင်ငံများတွင် ဘဏ္ဍာရေးအကျပ်အတည်းကြုံတွေ့နိုင်သော အန္တရာယ်မရှိတော့ကြောင်း ဂျာမနီဘဏ္ဍာရေးဝန်ကြီး ဝေါ့ဖ်ဂန်ရှော့ဘဲလ်က ပြောကြားလိုက်သည်။ ဂရိဝန်ကြီးချုပ်ဆာမာရက်စ်ကလည်း ၎င်းတို့နိုင်ငံအတွက်နောက်ထပ်ဘဏ္ဍာရေးကယ်ဆယ်မှုမလိုအပ်တော့ဟု ပြောကြားသည်။

လွန်ခဲ့သည့်တစ်နှစ်ခွဲကာလအတွင်း မျှော်လင့်ထားသည်ထက်ပိုကောင်းသော ဖွံ့ဖြိုးမှုနှင့် တိုးတက်မှုအတွက် ချီးကျူးလေးစားသင့်ကြောင့်လည်း ဂျာမနီဘဏ္ဍာရေးဝန်ကြီးက ပြောသည်။ ဂရိနိုင်ငံ၏ အစိုးရငွေတိုက်စာချုပ်များနှင့် ဂျာမနီစာချုပ်များအပေါ် အတိုးနှုန်းကွာဟမှု အများအပြားမရှိခြင်းကိုလည်းဝေါ့ဖ်ဂန်ကထောက်ပြသည်။

ယူရိုငွေကို အဓိကသုံးစွဲသော အဖွဲ့တစ်ခုလုံးအတွက် ဘဏ္ဍာရေးအကျပ်အတည်းအန္တရာယ်ကို အားလုံးစုပေါင်း ဆွေးနွေးမှုများတွင်လည်း မမြင်တွေ့ရဟု ဂျာမနီဘဏ္ဍာရေးဝန်ကြီးက ပြောသည်။

"ယူရိုငွေက တည်ငြိမ်နေပါတယ်။ ဘဏ္ဍာရေးဈေးကွက်တွေက ယူရိုဇုန်ရဲ့အနာဂတ်ကို စိုးရိမ်မှုမရှိကြတော့ဘဲ ကူးစက်နိုင်တဲ့အန္တရာယ်လည်း မရှိတော့ပါဘူး"ဟု ဝေါ့ဖ်ဂန်က ပြောကြားသည်။ —*Ref: Reuters*

# ကန်စီးပွားရေး ဆက်လက်တိုးတက်နေဟု အိုဘားမားပြောကြား

**ဝါရှင်တန်၊ နိုဝင်ဘာ-၂၄**

စိတ်ပျက်စရာ နိုင်ငံရေးအကြောင်းအရာများကို ကျော်လွန်၍ နိုင်ငံစီးပွားရေးတွင် ကောင်းမွန်သောအရာများ ဖြစ်ပျက်နေသည်ကို သတိထားကြည့်ရှုကြရန် သမ္မတအိုဘားမားက အမေရိကန်နိုင်ငံသားများအား တိုက်တွန်းလိုက်သည်။

လွန်ခဲ့သည့်လပေါင်း ၄၄ လအတွင်း စီးပွားရေးလုပ်ငန်းများက အလုပ်အကိုင်ပေါင်း ၇ ဒသမ ၈ သန်း ဖန်တီးနိုင်ခဲ့ကြောင်း အိုဘားမားက ၎င်း၏အပတ်စဉ် မိန့်ခွန်းတွင် ပြောကြားသည်။

မိမိ၏ သမ္မတလက်ထက်တွင် တိုင်းပြည်၏လိုငွေကို ထက်ဝက်လျှော့ချနိုင်ခဲ့သည့်အတွက် အလုပ်အကိုင်ဖန်တီးရေး၊ ပညာရေးသုတေသနနှင့် အခြေခံအဆောက်အအုံများအတွက်ပိုမိုရင်းနှီးမြှုပ်နှံလာနိုင်သည်ဟုလည်း ကန်သမ္မတကပြောသည်။ ထို့အပြင် နှစ်ပေါင်း ၂၀ နီးပါးအတွင်း အမေရိကန်နိုင်ငံမှာပြည်ပမှရေနံဝယ်ယူခြင်းထက် ပြည်တွင်း၌ ပိုမိုထုတ်လုပ်နေကြောင်းလည်း ၎င်းကပြောသည်။

ထို့အပြင် လအနည်းငယ်ကြာတိုင်း နိုင်ငံစီးပွားရေးကို ဓားစာခံလုပ်လိုသော လူအနည်းငယ်နှင့် လူတိုင်းအတွက် ကျန်းမာရေးဥပဒေကို ဆန့်ကျင်မှုဖြင့် အချိန်ဖြုန်းမှုများမရှိပါက တိုင်းပြည်မည်မျှရှေ့ရောက်နေနိုင်ကြောင်း မှန်းဆကြည့်ရန် ရီပက်ဘလေကန် အတိုက်အခံ သဘောထားတင်းမာသူများကိုရည်ညွှန်း၍ ကန်သမ္မတကပြောကြားသည်။ —*Ref: VOA*



7 DAY NEWS JOURNAL
# International
Vol.12, No.38 • NOVEMBER 27 , 2013

## တရုတ်ကာကွယ်ရေးဇုန်သစ်တွင် ထိန်းချုပ်မှုမပြောင်းလဲဟု တောင်ကိုရီးယားပြော

**ဆိုးလ်၊ နိုဝင်ဘာ-၂၅**

တရုတ်နိုင်ငံက အသစ်ကြေညာလိုက်သောလေကြောင်းကာကွယ်ရေးဇုန်နှင့်ကပ်နေသည့် ဧရိယာများအပေါ် မပြောင်းလဲသော ထိန်းချုပ်မှုရှိကြောင်း တောင်ကိုရီးယားနိုင်ငံက အလေးအနက်ပြောကြားပြီး ယင်းကိစ္စကို ဘေဂျင်းနှင့်ပြုလုပ်မည့် အဆင့်မြင့်ဆွေးနွေးပွဲများတွင် ထုတ်ဖော်ပြောကြားသွားမည်ဟု တောင်ကိုရီးယားအစိုးရကပြောသည်။

အရှေ့တရုတ်ပင်လယ်တွင် လေကြောင်း ကာကွယ်ရေးဇုန်သစ်ထူထောင်ခြင်းကိုတရုတ်နိုင်ငံကနိုဝင်ဘာ ၂၃ ရက်က ကြေညာခဲ့ပြီး ယင်းတွင် တရုတ်၊ ဂျပန်နှင့် တောင်ကိုရီးယားနိုင်ငံတို့ကြား အငြင်းပွားနေသောနေရာများပါ ထည့်သွင်းခဲ့သည်။



KYODO/FILES/REUTERS

*တရုတ်နိုင်ငံတွင် ဒိုင်အိုယု၊ ဂျပန်နိုင်ငံတွင် ဆင်ကာကူဟု ခေါ်သော ကျွန်းစုများအနီး ဂျပန်ရေကြောင်းကာကွယ်ရေးတပ်ဖွဲ့မှ PC 3 ထောက်လှမ်းရေးလေယာဉ် ပျံသန်းနေသည်ကို ၂၀၁၁ အောက်တိုဘာ ၁၃ ရက်က ရိုက်ကူးထားသောဓာတ်ပုံတွင် မြင်ရစဉ်*

တရုတ်နိုင်ငံက ကြေညာသောနယ်ပယ်မှာတောင်ကိုရီးယားနိုင်ငံ၏ ကိုယ်ပိုင်လေကြောင်းကာကွယ်ရေးဇုန်နှင့် ကပ်နေပြီး ၎င်းတို့ထိန်းချုပ်ထားသော လီယိုဒိုဟုခေါ်ဝေါ်သည့်ရေမျက်နှာပြင်တွင် ပေါ်ထွက်နေသော အငြင်းပွားကျွန်းငယ်ပါ ပါဝင်နေ၍ စိတ်မသက်မသာဖြစ်ရသည်ဟု တောင်ကိုရီးယားအစိုးရက ပြောကြားသည်။

"လီယိုဒိုအပေါ် ကျွန်တော်တို့ရဲ့နယ်မြေထိန်းချုပ်မှုမပြောင်းလဲဘူးဆိုတာကို ကျွန်တော် ထပ်ပြောချင်ပါတယ်"ဟု တောင်ကိုရီးယားကာကွယ်ရေးဝန်ကြီးဌာန ပြောခွင့်ရပုဂ္ဂိုလ် ကင်မင်ဆွတ်က သတင်းထောက်များအား ပြောကြားသည်။ ယင်းကိစ္စကို နိုဝင်ဘာ ၂၈ ရက်တွင် ဆိုးလ်မြို့၌ ကျင်းပရန် စီစဉ်ထားသော ဒုတိယကာကွယ်ရေးဝန်ကြီးများအစည်းအဝေး၌ နှစ်ဖက်အလေးအနက်ထား၍ ဆွေးနွေးသွားမည်ဟုလည်း ကင်မင်ဆွတ်က ဆက်လက်ပြောသည်။

—*Ref: AFP*

## သမိုင်းဝင်အမှားဟု အစ္စရေးက သုံးနှုန်းသော နျူသဘောတူညီမှုကို အီရန်၌ ကြိုဆို

**တီဟီရန်၊ နိုဝင်ဘာ-၂၅**

ကမ္ဘာ့အင်အားကြီးနိုင်ငံများနှင့် နျူကလီးယားသဘောတူညီချက် ရရှိရေး လုပ်ဆောင်ခဲ့သော အီရန်ညှိနှိုင်းရေးမှူးများကို အီရန်ပြည်သူလူထုက သောင်းသောင်းဖြဖြ ကြိုဆိုခဲ့ကြပြီး အစ္စရေးနိုင်ငံကမူ ယင်းသဘောတူညီချက်မှာ သမိုင်းဝင်အမှားဟု ခေါ်ဝေါ်လိုက်သည်။

အမေရိကန်နိုင်ငံက အစ္စရေးနိုင်ငံနှင့် သစ္စာရှိရှိ ရပ်တည်နေဆဲဖြစ်ကြောင်း အာမခံရန် အမေရိကန်သမ္မတ ဘားရက်အိုဘားမားက အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ညာဟုကို ဖုန်းခေါ်ဆိုခဲ့သည်။

နိုဝင်ဘာ ၂၄ ရက်က ရရှိခဲ့သော သဘောတူညီချက်ကြောင့် စျေးကွက်များတွင် ရေနံစျေးနှုန်းများ ကျဆင်းသွားခဲ့သည်။

ကန်ဒေါ်လာ ခုနစ်ဘီလီယံတန်ဖိုးရှိ ပိတ်ဆို့တားဆီးမှုများ လျှော့ချပေးရေး အလဲအထပ်အဖြစ် အချို့သော နျူကလီးယားလုပ်ငန်းများကို အီရန်နိုင်ငံက ရပ်ဆိုင်းထားမည်ဖြစ်သည်။



ABIR SULTAN/AFP

*အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင် နေတန်ညာဟု*

အမေရိကန်၊ ရုရှား၊ တရုတ်၊ ပြင်သစ်၊ ဂျာမနီနိုင်ငံတို့နှင့် ကြားဖြတ်နျူကလီးယားသဘောတူညီမှုရရှိပြီး တီဟီရန်မြို့သို့ ပြန်လည်ရောက်ရှိလာသော အီရန်ညှိနှိုင်းရေးမှူးများကို ထောက်ခံသူရာပေါင်းများစွာက ကြိုဆိုခဲ့ကြသည်။

ညှိနှိုင်းရေးအဖွဲ့ ခေါင်းဆောင် အီရန်နိုင်ငံခြားရေးဝန်ကြီး မိုဟာမက်ဂျာဗက်ဇာရစ်က လေဆိပ်၌ နိုင်ငံတော်ရုပ်သံသို့စကားပြောကြားရာတွင် နျူသဘောတူညီချက် လမ်းကြောင်းမှန်ပေါ်ဆက်ရှိရေး လိုအပ်သော အရေးယူမှုများလုပ်ရန် အီရန်နိုင်ငံကပြင်ဆင်ထားကြောင်း ပြောသည်။

သို့သော် ခြောက်လသက်တမ်းကြားဖြတ်သဘောတူညီချက်ကို အီရန်နိုင်ငံက မည်သည့်အဆင့်မှာတွင်မဆို ရပ်ဆိုင်းခွင့်ရှိမည်ဟု ပြောကြားသည်။

"ကျွန်တော်တို့လုပ်မယ့် အစီအမံအားလုံး၊ ယုံကြည်မှုတည်ဆောက်ရေး အတိုင်းအတာတွေကို ပြောင်းပြန်လှန်လို့ရပါတယ်။ မြန်မြန်ဆန်ဆန်ကို ပြောင်းပြန်လှန်နိုင်ပါတယ်။ ဒီလိုလုပ်ဖို့လိုမယ် မထင်ဘူးလို့ ကျွန်တော်တို့မျှော်လင့်ပါတယ်"ဟု ဂျာဗက်ဇာရစ်ကပြောသည်။

ယခု သဘောတူညီချက်အတွက်အမေရိကန်နိုင်ငံက အီရန်နှင့် မကြာသေးမီလများအတွင်း တွေ့ဆုံမှု အများအပြားပြုလုပ်ခဲ့ပြီး ယင်း၏ မဟာမိတ်များကိုပင် အသိမပေးခဲ့ဟု သတင်းများထွက်ပေါ်ခဲ့သည်။

—*Ref: BBC*





SOLO®
COLLECTION
Hot Line - 09-73192104
WHEREVER YOU GO SOLO WILL FOLLOW




MANCHESTER UNITED
CLEAR
Unilever
CLEAR MEN လန်ဒန်ခရီးစဥ်ရဲ့
ကံထူးရှင်များ ထွက်ပေါ်လာပါပြီ။
CLEAR MEN
COOL SPORT MENTHOL
CLEAR MEN ကံထူးရှင်အားလုံး
အင်္ဂလန် မှာ Manchester United ပွဲ သွားကြည့်ရတော့မယ်။


Q&Q
JAPAN BRAND
CITIZEN WATCH CO.,LTD
SALES & SERVICES CENTER
No.319/1, Anawrahta Road, Between 25th & 26th Street, Pabedan Township, Yangon, Myanmar.
Tel: (01) 241785, 250428, 245146
SMOOTH GUIDE
REASONABLE PRICE
LONG LIFE
BUY NOW!
Get 1Year Service Warranty


“သင်ထင်ထားတာထက် တုပ်ကွေးရောဂါ ပိုဖြစ်နိုင်ပါတယ်”
အခုချက်ခြင်း ကာကွယ်ထားသင့်ပါတယ်။
တုပ်ကွေးရောဂါ မဖြစ်စေရန် ကာကွယ်သင့်သူများမှာ(1)–
နာတာရှည်ရောဂါရှိသူများ(ဥပမာ – နှလုံးရောဂါ၊ဆီးချိုရောဂါ၊အဆုတ်ရောဂါ)
ကလေးငယ်များ (အသက်(၆)လ အထက်ရှိသောကလေးများအားလုံး)
အသက်ကြီးသောသူများ နှင့်
လူတိုင်းကာကွယ်ထားသင့်ပါတယ်။
တုပ်ကွေးရောဂါကြောင့် နောက်ဆက်တွဲဆိုးကျိုးများ မဖြစ်စေရန်
နီးစပ်ရာဆရာဝန်နှင့်တိုင်ပင်ပါ။(ဥပမာ ကာကွယ်ဆေးထိုးခြင်း)
References
(1) Chisanu P, et al. Handbook of Vaccines: Asian Perspective, Bangkok, 2006.
(2) Cold and Flu symptoms-WebMD on November 01, 2011
gsk
do more
feel better
live longer


မြန်မာ့အကောင်းဆုံး ဆောက်လုပ်ရေး လုပ်ငန်းများ ၊ ရေ နှင့် ရေသန့်စင်ရေး လုပ်ငန်းများ ၊
စွမ်းအင်လျှပ်စစ်အင်ဂျင်နီယာ လုပ်ငန်းများဆိုင်ရာ နိုင်ငံတကာ စက်မှုကုန်စည်ပြပွဲကြီး
ကျင်းပမည့်ရက်စွဲ - ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၂၆ မှ ၂၈ ရက် အထိ • နေရာ - တပ်မတော်ခန်းမ ၊ ဦးဝိစာရလမ်း၊ ဒဂုံမြို့နယ်
MYANBUILD'13
MYANMAR INTERNATIONAL BUILDING & CONSTRUCTION INDUSTRY SHOW
26-28 NOV 2013 • TATMADAW HALL, YANGON, MYANMAR
မြန်မာ့အကောင်းဆုံး
ဆောက်လုပ်ရေး လုပ်ငန်းများ ဆိုင်ရာ
နိုင်ငံတကာ စက်မှုကုန်စည်ပြပွဲကြီး
MYANWATER'13
INTERNATIONAL WATER & WASTEWATER TECHNOLOGY SHOW
26-28 NOV 2013 • TATMADAW HALL, YANGON
မြန်မာအကောင်းဆုံး
ရေ နှင့် ရေသန့်စင်ရေး လုပ်ငန်းများ ဆိုင်ရာ
နိုင်ငံတကာ စက်မှုကုန်စည်ပြပွဲကြီး
MYANENERGY'13
INTERNATIONAL POWER & ELECTRICAL ENGINEERING SHOW
26-28 NOVEMBER 2013 • TATMADAW HALL • YANGON, MYANMAR
မြန်မာ့အကောင်းဆုံး
စွမ်းအင်လျှပ်စစ်အင်ဂျင်နီယာ လုပ်ငန်းများဆိုင်ရာ
နိုင်ငံတကာ စက်မှုကုန်စည်ပြပွဲကြီး
နိုင်ငံပေါင်း ၂၂ နိုင်ငံမှ ပြပွဲလာရောက်ပြသသူ ၃၀၀ကျော် တို့နှင့်တွေ့ဆုံနိုင်ခြင်း
နိုင်ငံတကာ ကုမ္ပဏီ အသစ်များစွာနှင့် ထိတွေ့ဆက်ဆံနိုင်ခြင်း
မြန်မာပြည်အတွက် ကိုယ်စားလှယ်သစ်ရှာဖွေနေသော နိုင်ငံတကာကုမ္ပဏီများဖြင့်ဆက်သွယ် လုပ်ကိုင်နိုင်ခြင်း
နောက်ဆုံး ပေါ်ကုန်ပစ္စည်းများ နှင့် နည်းပညာများကို ထိတွေ့နိုင် ခြင်း
နိုင်ငံတကာမှ ပညာရှင်များ၏ ဆောက်လုပ်ရေးလုပ်ငန်းများဆိုင်ရာ ဆွေးနွေးပွဲ၊ဟောပြောပွဲ များကို တက်ရောက်နိုင်ခြင်း
တရုတ်၊ စင်ကာပူ ၊ ထိုင်း ၊ ထိုင်ဝမ် ၊ကိုရီးယား ၊ဂျပန် ၊မလေးရှား အစရှိသည့် နိုင်ငံပေါင်းများစွာ မှ ပြခန်းများ
EXHIBITOR LIST
Supported by:
Gold Sponsors:
SANY
EBARA
Silver Sponsor:
TOSHIBA
Leading Innovation
Beverage Sponsors:
De'Longhi
Genset Sponsor:
Portable Toilet Sponsor:
Internet Sponsors:
FORTUNE
Media Partners:
building
CONSTRUCTION
Event Partner:
Organised by:
MYANMAR INFRASTRUCTURE '13
www.myanbuild.net
www.myanwater.org
www.myanenergy.com

- မျက်နှာဖုံးမှ

# မြန်မာနိုင်ငံမှ တက်ကြွလှုပ်ရှားသူများ

■ ရန်မျိုးနိုင်၊ ပြည်သိမ်း


*လက်ပံတောင်းတောင်အရေး လှုပ်ရှားတက်ကြွသူတစ်ဦးနှင့် ဆန္ဒပြနေသူများ*

တက်ကြွလှုပ်ရှားသူဟူသော ဝေါဟာရကို နိုင်ငံရေးနယ်ပယ်တွင် အသုံးများပြီး ပြည်သူလူထု၏ နစ်နာခံစားနေရမှုများ၊ အစိုးရ၏ လုပ်ဆောင်မှုများကြောင့် ပြည်သူများ နစ်နာမှုဖြစ်ပေါ်လာနိုင်သည့် ကိစ္စရပ်များအတွက် ကိုယ်ကျိုးမဖက်ဘဲ ဆောင်ရွက်ပေးသူများဟု နိုင်ငံတကာသုတေသီများက အဓိပ္ပာယ်ဖွင့်ဆိုကြသည်။

မြန်မာနိုင်ငံတွင်လည်း နှစ်ပေါင်းခြောက်ဆယ်နီးပါး တစ်ပါတီအာဏာစနစ်နှင့် စစ်အုပ်ချုပ်ရေးအောက်မှ ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုလမ်းကြောင်းပေါ်ရောက်ရှိရန် ဆောင်ရွက်မှုများတွင်တက်ကြွလှုပ်ရှားသူများသည် အဓိကကျသော အခန်းကဏ္ဍမှပါဝင်ခဲ့သည်။

သို့သော်စစ်အုပ်ချုပ်ရေးမှ ဒီမိုကရေစီစနစ်သို့ကူးပြောင်းနေချိန်တွင် တက်ကြွလှုပ်ရှားသူအချို့ကြောင့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ မထိခိုက်စေရန် လိုအပ်ကြောင်းနိုင်ငံရေးလေ့လာသုံးသပ်သူများ နှင့် တက်ကြွလှုပ်ရှားသူအချို့က ပြောလာကြသည်။

နှစ်ပေါင်းခြောက်ဆယ်နီးပါး ဖိနှိပ်ချုပ်ချယ်မှုအောက်တွင် နေထိုင်လာခဲ့စဉ်တွင် ပြည်သူလူထု၏ နေ့စဉ်လူမှုဘဝများတွင် နစ်နာမှုအတွက် ဖွင့်ဟခွင့်မရရှိခဲ့သော်လည်း အစိုးရသစ်တက်လာပြီးနောက်ပိုင်းတွင် ယခင်အာဏာရှင်စနစ်၏ ဆိုးမွေများကြောင့် ပြည်သူလူထု၏ အထွေထွေနစ်နာမှုအသံများကို ဖော်ထုတ်ပေးမည့် ပုဂ္ဂိုလ်များသည်နိုင်ငံတစ်ဝန်းတွင် ပေါ်ပေါက်လာခဲ့ကြသည်။

“တက်ကြွလှုပ်ရှားသူမှာ ရိုးသားစွာ လှုပ်ရှားကြတဲ့ သူတွေကြောင့်တော့ ပြဿနာမရှိနိုင်ပါဘူး။သို့သော် အပြုတ်တိုက်ရေး အစွဲကြီးတဲ့ သူတွေကတော့ အန္တရာယ်တကယ်ရှိနိုင်တယ်”ဟု နိုင်ငံရေးစာပေများရေးသားနေသူ စာရေးဆရာ ဦးကျော်ဝင်းကပြောသည်။

ကမ္ဘာ့နိုင်ငံများ၏ နိုင်ငံရေးဖြစ်စဉ်များကို လေ့လာဆန်းစစ်ကြရာတွင် နိုင်ငံတွင် ကိစ္စရပ်တစ်ခုဖြစ်ပေါ်လာတိုင်း လူထုပါဝင်လာအောင် လှုံ့ဆော်ဆွပေးမည့် နိုင်ငံရေး (agitate politics)၊ နိုင်ငံပြုပြင်ပြောင်းလဲတည်ဆောက်ရေးကိုအားပေးသည့် နိုင်ငံရေး (deliberate politics)နှင့် စိတ်ခံစားချက်ကိုဦးစားမပေးဘဲ နိုင်ငံရေးဦးဆောင်သူများအပါအဝင် ပြည်သူလူထုပါ ပညာဉာဏ်နှင့် ဖြစ်ပေါ်လာသည့် ကိစ္စရပ်တိုင်း စဉ်းစားဆုံးဖြတ်ကြသည့်နိုင်ငံရေး (educate politics)စသည့် နိုင်ငံရေးအပြုအမူသုံးရပ်ကို တွေ့ရှိရကြောင်း နိုင်ငံရေး သုတေသီများကဆိုထားကြသည်။

“အခုကျွန်တော်တို့ နိုင်ငံက agitate နိုင်ငံရေးကနေ deliberate နိုင်ငံရေးကို ကူးနေတဲ့အချိန် ဒီအချိန်မှာ တက်ကြွလှုပ်ရှားသူတွေဟာ အရင်တက်ကြွလှုပ်ရှားသူဘဝနှင့်ကျေနပ်နေလို့မရတော့ဘူး။ ကိုယ်ပိုင်အသိပညာဉာဏ်နဲ့ နိုင်ငံရေးသမားဖြစ်ဖို့လိုလာပြီ”ဟု ဆရာကျော်ဝင်းက ပြောသည်။

တက်ကြွလှုပ်ရှားသူများအနေဖြင့် မိမိတို့ ကိုယ်စားပြုလုပ်ဆောင်ပေးမည်ဆိုသော ပြည်သူလူထုအကျိုးအတွက် လုပ်ငန်းစဉ်များချမှတ်ရေးနှင့် ညှိနှိုင်းဖြေရှင်းမှု အလေ့အထများကို လက်ရှိနိုင်ငံရေးအခြေအနေအရ ကျင့်သုံးရန်လိုအပ်လာကြောင်း ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင်တစ်ဦးဖြစ်သူ ကိုပြုံးချိုက ပြောသည်။

“ဦးတည်ချက်တွေနဲ့ လုပ်ဆောင်ချက်တွေက အားလုံးကို ကိုယ်စားပြုဖို့လိုတယ်”ဟု ၈၈ မျိုးဆက် ကျောင်းသားခေါင်းဆောင်တစ်ဦးဖြစ်သူ ကိုပြုံးချိုက သုံးသပ်သည်။

သမိုင်းတစ်လျှောက်တက်ကြွလှုပ်ရှားသူများ၏ အရေးပါမှုအားမေ့ပျောက်၍ မရသကဲ့သို့ ဒီမိုကရေစီပြောင်းလဲရေးအစပျိုးနေချိန်တွင် တက်ကြွလှုပ်ရှားသူများ မရှိပါက တစ်နည်းအားဖြင့် ပြည်သူ့အသံကို သက်ဆိုင်ရာ တာဝန်ရှိသူများသိရှိနိုင်ရန် ဦးဆောင်ဖော်ထုတ်ပေးမည့်သူများမရှိပါကလည်း နိုင်ငံတော်ပြုပြင်ပြောင်းလဲမှုသည် နှေးကွေးသွားနိုင်ကြောင်း တက်ကြွ လှုပ်ရှားသူအချို့က ထောက်ပြသည်။

သို့သော်နိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုတွင် ပြည်သူများနစ်နာမှုကို ရှေ့တန်းတင်ပြီး ဆောင်ရွက်နေသည်ဟုဆိုကာ မိမိထင်ပေါ်ကျော်ကြားရေးအတွက်အာရုံစိုက်လုပ်ဆောင်သူများကိုတွေ့လာရကြောင်း ဒီမိုကရေစီအရေးစဉ်ဆက်မပြတ် လှုပ်ရှားသူများအင်အားစုမှ အထက် ဗမာပြည်တာဝန်ခံကိုသိန်းအောင်ပြည့်က ပြောသည်။

“တချို့တက်ကြွလှုပ်ရှားသူတွေမှာ စိတ်ခံစားမှုတွေများသွားတဲ့အခါ ပြည်သူ့အရေးဆောင်ရွက်တာမဟုတ်ဘဲကိုယ်ကိုယ်ကိုယ်ထင်ပေါ်ချင်တဲ့လုပ်ရပ်တွေဖြစ်သွားတယ်။ ဒါမျိုးတွေက ဆင်ခြင်သင့်တယ်”ဟု မကြာမီရက်ပိုင်းအတွင်းက လျှပ်စစ်မီတာခများ တိုးမြှင့်လိုက်ခြင်းအပေါ် ဦးဆောင် ဆန္ဒပြခဲ့မှုကြောင့်တရားစွဲဆိုခြင်းခံထားရသူ ကိုသိန်းအောင်ပြည့်ကဆို သည်။

ထို့အပြင် လှုပ်ရှားတက်ကြွသူအချို့မှာ မိမိနာမည်ရရန်၊ အကျိုးရှိရန်အတွက်သာဦးစားပေးပြီး အစိုးရလုပ်ကိုင်သမျှမကောင်းဟု ရှုထောင့်တစ်ဖက်တည်းမှ သာချဉ်းကပ်၍ လုပ်ကိုင်မှုများရှိသည်ဟု ယခုနောက်ပိုင်း ဝေဖန်မှုများရှိလာသည်။ သို့သော် ငြိမ်းချမ်းရေးအတွက် လှုပ်ရှားသူများကဲ့သို့ စေတနာသန့်သန့်ဖြင့် ဆောင်ရွက်ပေးသူများလည်းရှိသည်။

“အခုပြောင်းလဲလာတဲ့ခေတ်နဲ့ အညီတက်ကြွလှုပ်ရှားသူတွေက တိကျတဲ့ ပန်းတိုင်နဲ့ ရည်မှန်းချက်ကိုထားပြီး လုပ်ဖို့လိုလာပါပြီ။ ကိုယ်ဘာကိုလိုချင်တာလဲ။ စေတနာအမှန်နဲ့ လုပ်ဖို့လိုတယ်။ သူများလုပ်လို့ လိုက်လုပ်တာမျိုးမဟုတ်ဘဲ ယုံကြည်ချက်နဲ့ လုပ်ဖို့လိုတယ်။ တက်ကြွလှုပ်ရှားသူတွေက ကိစ္စတစ်ခုမှာ ဘယ်လို ပုံစံရပ်တည်မလဲဆိုတာအရေးကြီးတယ်။ ပြည်သူတွေရှေ့မှာ မားမားမတ်မတ်ရပ်တည်မလား၊ ဒါမှမဟုတ် ပြည်သူတွေကိုပညာပေးရေးလုပ်မလား။ အဲလို ပုံစံနှစ်မျိုးရှိတယ်။ ဘယ်လိုပုံစံမျိုးနဲ့ပဲ ရပ်တည်၊ ရပ်တည်ကိုယ်လုပ်ဆောင်တဲ့ ကိစ္စအတွက် တာဝန်ယူမှုရှိရမယ်။ ပြီးတော့တာဝန်ခံရမယ်”ဟု Generation Wave အဖွဲ့ဝင် ကိုဘိုဘိုက ပြောသည်။

ဦးဆောင်လှုပ်ရှားတက်ကြွသူက အရေးကိစ္စတစ်ခုကို မကြိုက်သည်နှင့် အခြားအချက်အလက်ရေးနှင့် တိုက်ရိုက်ပတ်သက်သော ပြည်သူများအရေးမစဉ်းစားပဲ ကိုယ့်ဆန္ဒနှင့် ကိုယ့်အကျိုးစီးပွားအတွက် အစိုးရကိုအမြဲဆန့်ကျင်လျှင်ပြည်သူများသာ ထိခိုက်နစ်နာမည်ဟု ကိုဘိုဘိုက ဆက်ပြောသည်။

“တက်ကြွလှုပ်ရှားသူတွေအနေနဲ့တော့ ပရော်ဖက်ရှင်နယ်နဲ့ ပရဟိတကို မကွဲဘူး။ ပရော်ဖက်ရှင်နယ်ဆိုတာ လုပ်ငန်းတစ်ခုကို အောင်မြင်သည်ဖြစ်စေ၊ မအောင်မြင်သည်ဖြစ်စေ၊ အဖြေတစ်ခုထွက်အောင် လုပ်ရတာပဲ။ ပရဟိတကတော့ကိုယ်စိတ်ဆန္ဒရှိရင် ထလုပ်၊ မလုပ်ချင်လဲနေလို့ရတယ်။ ဒီနှစ်ခုက ကွဲပြားတယ်။ ဒီလိုမှ မခွဲခြားနိုင်ရင်နဲ့ တက်ကြွလှုပ်ရှားသူတွေဟာ ကိုယ့်အရေးကိုယ်ပြန်လုပ်သလို ဖြစ်နေမယ်။ မူလက သူကိုယ်တိုင်ဦးဆောင်ပါဝင်ခဲ့တဲ့ သူတွေရဲ့ အကျိုးကို လုပ်နိုင်တော့မှာ မဟုတ်ဘူး”ဟု အလုပ်သမား၊ လယ်သမားအရေး တက်ကြွလှုပ်ရှားသူ ကိုဖိုးဖြူကလည်းပြောသည်။

ဆယ်စုနှစ်ငါးခုကျော်အတွင်း တက်ကြွလှုပ်ရှားသူဆိုသော အသုံးအနှုန်းပေါ်ပေါက်ခွင့်မရရှိအောင် ဖိနှိပ်မှုများရှိခဲ့ပြီး ယခုအချိန်တွင် ပွင့်ထွက်လာသော ယင်းအလွှာမှာ နစ်နာမှုများ၊ အကျပ်အတည်းများအတွက် ဦးဆောင်ဖြေရှင်းပေးမှုတွင် လုပ်ဆောင်မှုများအတွက် တာဝန်ခံမှုနှင့် တာဝန်ယူမှုများရှိရမည်ဟု သတင်းစာဆရာ ဦးရဲနိုင်မိုးက သုံးသပ်သည်။

တိုင်းပြည်၏ နုနယ်သော အပြောင်းအလဲကာလတွင် ပြောင်းလဲမှုလမ်းကြောင်း သွေဖည်မှုမရှိစေရေးအတွက် တက်ကြွလှုပ်ရှားသူများအပေါ် အစိုးရအနေဖြင့် အကြမ်းဖက်ဖြေရှင်းသည့် နည်းလမ်းကို ရှောင်ဖယ်ကာ နှစ်ဖက်တွေ့ဆုံဆွေးနွေးမှုကို ဖန်တီးပေးရမည်ဟု နိုင်ငံရေးလေ့လာသုံးသပ်သူများကဆို သည်။

“ခေတ်က ပွင့်လင်းလာပြီဆိုတော့ အမှန်တကယ်လုပ်ဆောင်နိုင်တဲ့ သူတွေ၊ အရည်အချင်းရှိတဲ့ သူတွေ၊ ရည်ရွယ်ချက် ကောင်းတဲ့ သူတွေပဲ လူထုရဲ့ မှတ်ကျောက်တင်ခြင်းခံရမှာပါ”ဟု ကိုပြုံးချိုက ပြောသည်။

သို့

ဘကြီး

ခိုင်ခိုင်ကျော်က မြို့နယ် (၅) ခုမှာ ထမင်းပူး/ဟင်းပူးတွေ



လိုက်ရောင်းမယ့် Mobile ကား အစီအစဉ် စတော့မယ်တဲ့ ...

ကားတွေကြပ်ရတဲ့အထဲ ဘာဟင်းသွားဝယ်ပါဦး ... ခိုင်ခိုင်ကျော်က ဘာလေးစားချင်လို့ ခိုင်းချက်က လန်ထွက်တဲ့ ဘကြီးတူမအတွက်တော့ ကျွန်တော်နားအေးပြီ။

ရုံးအပြန် Mobile ကားတွေရပ်တဲ့နေရာ ဝင်ဝယ်လိုက်ရုံပဲ။

ဟိုနေ့က သူငယ်ချင်းမိန်မ မီးဖွားလို့ ... သတင်းမေးရင်း ဆေးရုံမှာ ထမင်းပူးတွေဝေနေတာ တံဆိပ်က ခိုင်ခိုင်ကျော် က ...

ကုတင်ပေါ်က သူ့မိန်းမကိုတောင် နောက်ဖြစ်သေးတယ် 'နင့်ဗိုက်ကတော့ပိန်သွားပြီ' မွေးနေ့ အလှူလုပ်တဲ့ ထမင်းပူးကတော့ ပူတုန်းပဲလို့ ...

ဘကြီးလည်း နယ်ပြန်ရင် ခိုင်ခိုင်ကျော်က ထမင်းပူးဝယ်သွား ... အစားအသောက်ဂျီးများတဲ့ ဒေါ်ကြီးတောင် ကားသစ်လေးကိုလမ်းမှာရပ်ပြီး ပူပူနွေးနွေးစားရတဲ့ ထမင်းပူးအရသာကို သဘောကျလို့ ခရီးသွားတိုင်း ခိုင်ခိုင်ကျော်ဖြစ်နေပြီ!

ဘကြီး တူက Bangkok က မှာလို့ ပြီးခဲ့တဲ့အပတ်က ချဉ်ပေါင်ကြော်နဲ့ ဝက်သားနီထမင်းပူးတွေ သယ်သွားပေးရသေးတယ်။ ဘကြီး Mobile ကားတွေ ရပ်တဲ့နေရာသိချင်ရင် လိပ်စာရေးပေးလိုက်မယ်။

ပါရမီဆိုင်ခွဲ - အမှတ် (၄၂/က)၊ ပါရမီလမ်းနှင့်ဝေဠုဝန်လမ်းထောင့်၊ ပါရမီဂုံးကျော်တံတားကြီးအနီး

ပြည်လမ်းဆိုင်ခွဲ (Break Fast) - မာလာဆောင်မှတ်တိုင်၊ ၅-မိုင်ခွဲ၊ ကမ္ဘောဇဘဏ်ဘေး၊ သုခကမ္ဘာဆေးရုံအဝင်လမ်း၊ ပြည်လမ်း၊ ရန်ကုန်တက္ကသိုလ်အနီး။ ဖုန်း ၀၉-၇၃၀၀၆၄၂၂ ၊ ၀၉-၄၃၁၃၆၆၉ ၊ ၀၉-၅၁၅၉၀၁၄ ၊ ၀၉-၇၃၀၀၀၇၀၇ ၊ ၀၉-၄၂၀၀၆၀၅၅၊ ၀၁-၅၂၄၂၀၈

ဂန္ဓမာဆိုင်ခွဲ - Gandamar Wholesale (တောင်ဥက္ကလာဂေါက်ကွင်းအနီး)

www.khaingkhaingkyawfoodcenter.com

**Schlumberger**

**Schlumberger Oil Field Services Company**

**Job Vacancy Announcement**

**"Financial Analyst"**

**Brief Job Description:**

- Analyze and control investment, perform monthly analysis and reviews of P&L, Balance sheet, cost and revenue.
- Financial planning, forecasting and monitoring of results and versus objectives and developing and evaluating financial matrices and drivers.
- Designing and implementing project controls, evaluating currency exposure.

**Minimum Qualifications:**

- B.Com, CPA /B.Com, MBA, ACCA Part III or equivalent.
- Minimum (5) years working experience as a management accountant.
- Excellent communication in English both in oral and written skills.
- Ability to work independently and a team, management skills.
- Proven strong mentoring skills and ability to accomplish objectives.

**Application Procedure:**

- Submit CV form, copy of academic qualifications and other documents and one passport photo at Schlumberger Personnel Department not later than **11th December 2013**.

**Address:**

- 6th Floor, Tower E, Diamond Condominium, Pyay Road, Kamayut Township, Yangon, Myanmar.
Phone: +95 (1) 230 5813 ~ 20

7 DAY NEWS JOURNAL
Vol.12, No.38 • NOVEMBER 27 , 2013

မျက်နှာဖုံးမှ

# အစိုးရနှင့်လွှတ်တော်ကြားက လစာဒီဘိတ်

ပြည်သူ့လွှတ်တော်တွင် အရပ်သား လွှတ်တော်ကိုယ်စားလှယ် ၃၃၀ နှင့် အမျိုးသားလွှတ်တော်တွင် ၁၆၈ ကျော်ရှိသည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အပါအဝင် လွှတ်တော်ကိုယ်စားလှယ်ပေါင်း တစ်ထောင်နီးပါးအတွက် လစာနှင့် နေ့တွက်စရိတ်များကို နှစ်ဆတိုးမြှင့်လိုက်ပါက နိုင်ငံတော်ဘတ်ဂျက်အတွက် ကုန်ကျစရိတ်များစွာ တိုးမြင့်လာနိုင်သည်ဟု အစိုးရအဖွဲ့က တွက်ချက်စိုးရိမ်မှုများ ဖြစ်ပေါ်လာခြင်းဖြစ်သည်။

ထို့ပြင် အစိုးရဝန်ထမ်းညွှန်ကြားရေးမှူးချုပ် အဆင့်ပင်လျှင် အပိုထပ်ဆောင်းပေးသည့် အသုံးစရိတ်နှင့် ပေါင်းပါက လစာမှာ နှစ်သိန်းကျော်သာဖြစ်သောကြောင့် လွှတ်တော်ကိုယ်စားလှယ်များကို လစာတိုးမပေးသင့်ကြောင်း ဝေဖန်မှုများ အစိုးရဝန်ထမ်းအသိုင်းအဝိုင်းတွင် ထွက်ပေါ်လာသည်။

သို့သော် ဖွံ့ဖြိုးပြီးနိုင်ငံများနှင့် အရှေ့တောင်အာရှဒေသတွင်း နိုင်ငံအချို့တွင်မူ လွှတ်တော်ကိုယ်စားလှယ်များ၏ အခန်းကဏ္ဍ၊ ခံစားခွင့်နှင့် အဆောင်အယောင်တို့မှာ ဝန်ကြီးတစ်ဦးနှင့် တန်းတူဖြစ်ပြီးကြောင်း အမျိုးသားလွှတ် တော်ကိုယ်စားလှယ်ဦးဖုန်းမြင့်အောင်က ပြောကြားသည်။

အစိုးရအဖွဲ့ကသာ စိုးရိမ်မှုများဖြစ်ပေါ်နေသော်လည်း လွှတ်တော်ကိုယ်စားလှယ်များကမူ လစာ တိုးပေးခြင်း၊ မတိုးပေးခြင်းကို အဓိကထားဆွေးနွေးခြင်းထက် အခြားသော နိုင်ငံများနည်းတူ လွှတ်တော်ကိုယ်စားလှယ်များ၏ အခန်းကဏ္ဍကိုမြှင့်တင်ပေးရန်သာ ဆွေးနွေးခဲ့ကြခြင်းဖြစ်ကြောင်း အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးလှဆွေကပြောကြားသည်။

"ထိုင်းမှာဆို လွှတ်တော်ကိုယ်စားလှယ်နဲ့ ဝန်ကြီးတွေ လစာတန်းတူပဲ။ အမေရိကန်မှာဆိုလည်း ပါးပါးလေးပဲ ဟထားတယ်။ ဒါကို ထောက်ပြတာ။ မြန်မာနိုင်ငံမှာ လွှတ်တော်ကိုယ်စားလှယ်က သုံးသိန်းပဲရချိန်မှာ ဝန်ကြီးက သိန်းသုံးဆယ်။ ဘယ်တိုင်းပြည်မှာမှ မရှိတဲ့ ကွာဟချက်ပေါ့။ ဒါပေမဲ့ ဝန်ကြီးကို ပေးသလောက် များများတိုးပေးဖို့ မဟုတ်ပါဘူး။ ဥပမာ လွှတ်တော်ကိုယ်စားလှယ် သုံးသိန်းဆိုရင် ဝန်ကြီးက သုံးသိန်းတစ်ထောင်လောက်ပဲ ယူသင့်တယ်" ဟု ၎င်းကပြောဆိုသည်။

မြန်မာနိုင်ငံက လွှတ်တော်ကိုယ်စားလှယ်များတွင် အခြားသော နိုင်ငံများကဲ့သို့ ရုံးအဖွဲ့လည်းမရှိ၊ ရုံးခန်းလည်းမရှိ၊ ဝန်ထမ်းလည်းမရှိဘဲ မိမိအိတ်စိုက်၍ လုပ်ကိုင်ရခြင်းများ ရှိသောကြောင့် လစာနှင့်ခံစားခွင့်များ တိုးမြှင့်ပေးပါက ပြည်သူ့အကျိုးပြုလုပ်ငန်းများ ပိုမိုလုပ်ကိုင်လာနိုင်မည်ဖြစ်ကြောင်း ဦးလှဆွေက ပြောသည်။

"အစိုးရက ညွှန်ကြားရေးမှူးအဆင့်ဆိုရင်ပဲ ကားတွေ၊ ဒရိုင်ဘာတွေ၊ ကိုယ်ရေးအရာရှိ (PSO) တွေ ရနေပြီ။ ကျွန်တော်ဆို လွှတ်တော်ကိုယ်စားလှယ်အပြင် လယ်ယာမြေစုံစမ်းရေး ကော်မရှင်မှာပါတော့ ဒီကော်မရှင်အတွက် လိုအပ်တဲ့ အစီရင်ခံစာတွေကိုတင်ဖို့အတွက် သပြေကုန်းဈေးက ကွန်ပျူတာဆိုင်မှာ သွားရိုက်ရတာ။ အခုအဲဒီဆိုင်မှာ ကျွန်တော့်အကြွေးကိုးသိန်းခွဲ ရှိတယ်။ ဒါကြောင့်လည်း လွှတ်တော်ကိုယ်စားလှယ်တွေအတွက် Facility လိုတယ်။ ရုံးဝန်ထမ်းလိုတယ်" ဟု ၎င်းက ပြောကြားသည်။

ဖွံ့ဖြိုးတိုးတက်ပြီးနိုင်ငံများတွင် လွှတ်တော်ကိုယ်စားလှယ်များ၏ အသုံးစရိတ်နှင့် လစာတို့မှာ ဝန်ကြီးအဆင့်နှင့် တန်းတူဖြစ် ခြင်းကြောင့် မြန်မာနိုင်ငံတွင်လည်း မူအရတိုးမြှင့်ပေးခြင်းကို သဘောတူကြောင်းနှင့် လွှတ်တော်ကိုယ်စားလှယ်များကို လစာတိုးမြှင့်ပေးခြင်းက မလိုလားအပ်သော အကျင့်ပျက်ခြစားမှုနှင့် အဂတိလိုက်စားမှုတို့ကို လျော့နည်းသွားစေကြောင်း သံလွင်နိုင်ငံရေးအင်အားစုမှ ဦးဇော်မင်းကျော်က ပြောကြားသည်။

"လွှတ်တော်ကိုယ်စားလှယ်တွေမှာ သူတို့မဲဆန္ဒနယ်တွေ သွားရတာရှိမယ်။ လူထုနဲ့ ထိတွေ့ရမယ်။ လုပ်ငန်းတွေလုပ်ဖို့ ရတဲ့လစာနဲ့ မလုံလောက်တဲ့အခါမှာ လာဘ်ပေးလာဘ်ယူမှုနဲ့ အကျင့်ပျက်ခြစားမှုတွေ ဖြစ်လာနိုင်တယ်။ ပြီးတော့ တခြားနိုင်ငံတွေလိုပဲ သူတို့မှာလည်း ကိုယ်ပိုင်ရုံးအဖွဲ့တွေ ရှိသင့်တယ်။ ဝန်ထမ်းတွေကလည်း ဒီနေ့ ကုန်ဈေးနှုန်းနဲ့ ယှဉ်ရင်တိုးပေးသင့်တာ အမှန်ပဲ။ ဆေးမြီးတိုနည်းနဲ့မဟုတ်ဘဲ ဝန်ထမ်းလစာတိုးဖို့ကိုလည်း Master Plan ချပြီး လုပ်သင့်ပါတယ်" ဟု ၎င်းက ပြောသည်။

သို့သော် အစိုးရဝန်ထမ်းများကလည်း လုပ်သက်နှစ်ပေါင်းများစွာလုပ်ကိုင်လာပြီးယနေ့အထိဝင်ငွေထွက်ငွေ မမျှတစွာ တွက်ချက်သုံးစွဲနေရကာ နေ့တွက်စရိတ်မှာလည်း ညွှန်ကြားရေးမှူးချုပ် အဆင့်ပင်လျှင် ၁၃၀၀ သာရှိခြင်းကြောင့် မကြာမီကမှ ပေါ်လာသော လွှတ်တော်ကိုယ်စားလှယ်များ၏ လစာနှင့် နေ့တွက်စရိတ်တိုးမြှင့်ရန် စီစဉ်နေခြင်းအပေါ် ဝေဖန်မှုများ ရှိနေကြခြင်း ဖြစ်သည်။

"ကျွန်မတို့လုပ်သက် ၁၇ နှစ်ရှိပြီ။ အခုလစာက တစ်သိန်းမပြည့်တပြည့်။ နေပြည်တော်မှာ အခု အစိုးရသစ်လက်ထက်ရောက်တော့ နေတဲ့အဆောင်ခ၊ မီတာခ အားလုံးပေးလာရတယ်။ လစာထဲကလည်း အခွန်ပုံမှန်ဆောင်ရတယ်။ နေပြည်တော်မှာ ဟိုနားဒီနား သွားလာဖို့က ဆိုင်ကယ်ကယ်ရီက တစ်ထောင်၊ ထောင့်ငါးရာ။ ကုန်ကျစရိတ်အရမ်းများတယ်။ အခု လွှတ်တော်ကိုယ်စားလှယ်တွေက လွှတ်တော်ထဲမှာ ဒီလိုသူတို့ခံစားခွင့်ကို တိုးတောင်းတော့ ကျွန်မတို့အတွက်လည်း တစ်ခုခု လုပ်ပေးစေချင်ပါတယ်" ဟု နေပြည်တော်ရှိဝန်ကြီးဌာနတစ်ခုမှ အထက်တန်းစာရေးတစ်ဦးက ပြောကြားသည်။

ထို့ပြင် ရန်ကုန်မြို့ထဲမှ မှော်ဘီအထိ နေ့စဉ်ရုံးတက်ရပြီး တစ်နေ့ခရီးစရိတ်ပင်လျှင် ၁၃၀၀ ခန့် ကုန်ကျနေရသည့် အစိုးရဝန်ထမ်းတစ်ဦးကလည်း လွှတ်တော်ကိုယ်စားလှယ်များ လစာတိုးပေးပါက မိမိတို့ကိုလည်း သင့်လျော်သည့် လစာကို တိုးပေးစေလိုကြောင်း ဆိုသည်။

"ကျွန်မတို့ဆို ကားခက တစ်လကို သုံးသောင်းခွဲ၊ လေးသောင်းလောက်ကုန်တယ်။ လစာကလည်း လောက်တယ်လဲမဟုတ်ဘူး။ အစ်မတို့က ဝန်ထမ်း၊ ပြောပိုင်ခွင့်လုပ်ပိုင်ခွင့်လည်း မရှိတော့ပေးတဲ့ လစာနဲ့ပဲ ကျေနပ်ရတာပေါ့။ တိုးပေးရင်တော့ အစ်မတို့အတွက်ပိုပြီးအဆင်ပြေပါတယ်" ဟု ဆိုသည်။

"ကျွန်တော်တို့ညွှန်ကြားရေးမှူးအဆင့်တောင် နေ့တွက်စရိတ် ၁၃၀၀ ပဲရတယ်။ ဒီစရိတ်နဲ့ နေပြည်တော်ကနေ ရန်ကုန်ကို ဘယ်လိုသွားမလဲ။ ကျွန်တော်တို့ ခရီးသွားရင် ကိုယ့်အိတ်စိုက်ရတာ။ လစာကလည်း ဘယ်လောက်မှရတာမဟုတ်ဘူး။ အခုလွှတ်တော်ကိုယ်စားလှယ်တွေ တိုးတောင်းတဲ့ ပမာဏက လစာမပါတောင် တစ်နေ့နှစ်သောင်းနဲ့ တစ်လဆို ခြောက်သိန်း။ လွှတ်တော်က ရှစ်ကြိမ်လုပ်တော့ ၄၈ သိန်း။ အမတ် ၆၀၀ ကျော်ဆို သုံးရမှာအများကြီး။ ဒီအခွင့်အရေးကတော့ မတောင်းသင့်ဘူးလို့မြင်ပါတယ်" ဟု ဝန်ကြီးဌာနတစ်ခုမှ ညွှန်ကြားရေးမှူးတစ်ဦးက ပြောသည်။

အစိုးရအဖွဲ့အနေဖြင့် နိုင်ငံစီးပွားရေးအခြေအနေ၊ ငွေကြေးမူဝါဒ၊ ဘဏ္ဍာရေးရည်မှန်းချက်များနှင့် လိုက်လျောညီထွေရှိစေလိုပြီး လွှတ်တော်ကိုယ်စားလှယ်များ လစာနှင့် နေ့တွက်စရိတ် တိုးခြင်း၊ လွှတ်တော်ရုံးများ၏ ဖွဲ့စည်းပုံကို တိုးချဲ့ခြင်း၊ မြို့နယ်ဖွံ့ဖြိုးရေးရန်ပုံငွေ သိန်းတစ်ထောင်သတ်မှတ်ခြင်း၊ နောင်တွင် မြို့နယ်များတွင် လွှတ်တော်ကိုယ်စားလှယ်ရုံးများ ဖွင့်လှစ်ပေးခြင်းစသည်တို့အတွက် တစ်နှစ်ဘဏ္ဍာငွေ မည်မျှကုန်ကျမည်ဆိုခြင်းကို လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များတွင် မတွေ့ရကြောင်း အစိုးရပြောခွင့်ရပုဂ္ဂိုလ် ဦးရဲထွဋ်က ပြောကြားသည်။

"လွှတ်တော်ကိုယ်စားလှယ်တွေရဲ့ တာဝန်ထမ်းဆောင်မှုအပေါ် အစိုးရဝန်ထမ်းများက လေးစားကြပါတယ်။ ဒါပေမဲ့ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးရဲ့ လစာကို ခြောက်သိန်း၊ နေ့တွက်စရိတ်ကို နှစ်သောင်းပြင်မယ်လို့ သတင်းထွက်နေတော့ တစ်နှစ်ဆိုရင် နိုင်ငံတော် အသုံးစရိတ် ဘယ်လောက်တက်သွားမလဲဆိုတာမျိုးတော့ တွေးမိတာပေါ့။ နောက်ပြီး ဝန်ကြီးအရေအတွက်နဲ့ လွှတ်တော်ကိုယ်စားလှယ် အရေအတွက် ကွာခြားမှု၊ လုပ်ငန်းသဘောသဘာဝနဲ့ တာဝန်ယူရမှု အတိုင်းအတာ ကွာခြားမှုဆိုတာတွေကလည်း ထည့်တွက်ရမယ့် အချက်ဖြစ်ပါတယ်" ဟု ၎င်းက ပြောကြားသည်။ ထို့ပြင် အွန်လိုင်းမီဒီယာအချို့တွင်လည်း လွှတ်တော်ကိုယ်စားလှယ်များ လစာတိုးမြှင့်ရန် အဆိုအား ဝေဖန်ရေးသားမှုများရှိနေပြီးပြည်သူအချို့ကလည်း ဝေဖန်ကြသည်။ သို့သော် လွတ်လပ်ပြီး တရားမျှတမှုမရှိသော ၂၀၁၀ ရွေးကောက်ပွဲအောက်တွင် ပေါ်ထွက်လာသည့် လွှတ်တော်အခန်းကဏ္ဍကို အားမလို၊ အားမရဖြစ်နေသည့် ပြည်သူများရှိနေမည်ဖြစ်ပြီး အမတ်တိုင်းရာနှုန်းပြည့်မကောင်းမွန်နိုင်ကြောင်း ဦးဖုန်းမြင့်အောင်က ပြောသည်။

မြန်မာနိုင်ငံတွင် အစိုးရဝန်ထမ်းပေါင်း ရှစ်သိန်းကိုးသောင်းကျော်ရှိကြောင်း အစိုးရအဖွဲ့ဝန်ကြီးဌာနများမှ ထုတ်ပြန်သော စာရင်းအရ သိရပြီး အစိုးရအဖွဲ့အတွင်း ဝန်ကြီးများ၊ ဒုဝန်ကြီးများ များပြားနေ၍ ကုန်ကျစရိတ်များ ပြားနေကြောင်း လွှတ်တော်ကလည်း ဝေဖန် ပြောကြားထားသည်။ ယင်းသို့ဝေဖန်နေသည့်ကြားမှ နိုဝင်ဘာ ၂၂ ရက်တွင် အစိုးရက လျှပ်စစ်စွမ်းအားဝန်ကြီးဌာနတွင်ဒုဝန်ကြီးတစ်ဦးအားထပ်မံခန့်အပ်လိုက်ရာ ဝန်ကြီး၊ ဒုဝန်ကြီးစုစုပေါင်း ၉၇ ဦး ရှိလာခဲ့သည်။

"လစာနဲ့ ခံစားခွင့် တိုးမြှင့်တာနဲ့ ထိုက်တန်တဲ့ အမတ်ကောင်းတွေလည်း လိုအပ်နေပါသေးတယ်။ ကျွန်တော်ကိုယ်တိုင်လည်း ကိုယ့်ကိုယ်ကိုယ် အမတ်ကောင်းတစ်ယောက် အရည်အချင်းနဲ့ ပြည့်စုံတယ်လို့ မထင်ပါဘူး။ ဒါပေမဲ့ ၂၀၁၀ အခြေအနေအရတော့ ဒီလောက်ပဲ ရမှာပါ။ တဖြည်းဖြည်းချင်းတော့ လွှတ်တော်က ပြောင်းလဲနေပါတယ်" ဟု ၎င်းက ဆိုသည်။

အုပ်ချုပ်ရေးပိုင်း အစိုးရအဖွဲ့အား ပြုပြင်တိုက်တွန်းမှုများ ပြုလုပ်နေသည့် လွှတ်တော်အပေါ် ယခုကဲ့သို့ ဝေဖန်မှုများမှာ အလောတကြီးဆန်နေပြီး မမျှတရာရောက်ကြောင်းနှင့် အချို့ပြုပြင်ပြောင်းလဲမှုကို မပြုလိုသည့် အမတ်များကြောင့် လွှတ်တော်အပေါ် အထင်အမြင်လွဲမှားမှုများ ဖြစ်နေကြောင်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရဲထွန်းက ပြောသည်။

"ကျွန်တော်ကတော့ အစိုးရဝန်ထမ်းကိုလည်း လစာတိုးပေးစေချင်ပါတယ်။ ဝန်ထမ်းတွေကို လုံလောက်အောင် တိုးပေးပြီးရင် ကျွန်တော်တို့ လွှတ်တော်အမတ်တွေကိုလည်း သင့်သလောက် ခံစားစေချင်ပါတယ်။ ဒါမှဝန်ထမ်းတွေနဲ့ လွှတ်တော်အမတ်တွေကြားမှာ အထင်အမြင်လွဲမှားမှုနည်းပါးသွားမှာပါ။ နေ့တွက်စရိတ်ကလည်း ကိုယ်စားလှယ်တစ်ဦးတည်းဆို လုံလောက်ပေမယ့် ကော်မတီကော်မရှင်တွေမှာ အလုပ်လုပ်နေသူတွေအတွက်တော့ နှစ်သောင်းက ဖြစ်သင့်ပါတယ်" ဟု ၎င်းက ပြောသည်။

လွှတ်တော်အစည်းအဝေးများကို တစ်နှစ်လျှင် နှစ်လတစ်ကြိမ်နှုန်းဖြင့် အများဆုံး ရှစ်ကြိမ်ခန့် ကျင်းပရန် လျာထားရာ လွှတ်တော်ကိုယ်စားလှယ်ဖြစ်လာပါက ကိုယ်ပိုင်စီးပွားရေးကိုပင် ဖိဖိစီးစီး လုပ်နိုင်မည်မဟုတ်၍ ခံစားခွင့်နှင့် လစာများကို တိုးပေးသင့်သည်။ သို့သော် ကိုယ်ပိုင်စီးပွားရေးကို လွှတ်တော်ကိုယ်စားလှယ်ဖြစ်နေသမျှ ကာလတစ်လျှောက် အမှန်တကယ်စွန့်လွှတ်ထားပြီး ပြည်သူ့အကျိုးစီးပွားကို ဖိဖိစီးစီး လုပ်ကိုင်သင့်ကြောင်းနှင့် သို့မှသာ ပြည်သူလူထုလိုအပ်သည့်အချိန် အသင့်ကူညီဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရဲထွန်းက ပြောကြားသည်။

လွှတ်တော်ကိုယ်စားလှယ်များ၏ ခံစားခွင့်နှင့် လစာမှာ တစ်နိုင်ငံနှင့်တစ်နိုင်ငံ တူညီမည်မဟုတ်ရာ လစာတိုးပေးခြင်း၊ မတိုးခြင်းအပေါ် မဆွေးနွေးလိုဘဲ တိုးပေးခြင်းအတွက် ရရှိနိုင်မည့် အကျိုးရလဒ်ကိုသာ တွက်ချက်စဉ်းစားလိုကြောင်း နိုင်ငံတော်သမ္မတ၏ စီးပွားရေးအကြံပေးဒေါက်တာအောင်ထွန်းသက်က ပြောကြားသည်။

SHWE PADAUK HOSPITAL

Open Daily 8:30 AM to 8:00 PM
ဆေးရုံခွဲမရှိပါ။

**မွေးလမ်းကြောင်းရောင်ရမ်းခြင်းဆိုသည်မှာ အဘယ်နည်း ?** မွေးလမ်းကြောင်း ရောင်ရမ်းခြင်းဟာ အမျိုးသမီးများတွင် အဖြစ်များသည့် မီးယပ်ရောဂါဖြစ်သည်။ မွေးလမ်းကြောင်းရောင်ရမ်းခြင်း၏ အဓိကလက္ခဏာများမှာ အဖြူဆင်းခြင်း၊ အနံ့ဆိုးထွက်ခြင်း၊ မိန်းမကိုယ် အပြင်ပိုင်းရောင်ရမ်းခြင်း၊ ဆီးသွားရာတွင် ဆီးလမ်းကြောင်းအောင့်ခြင်း စသည့်လက္ခဏာများဖြစ်သည်။

**ရွှေပိတောက်ဆေးရုံမှ သင့်အား သတိပေးနှိုးဆော်ချက်** - မီးယပ်ရောဂါဖြစ်လျှင် တက်ကျွမ်းသည့်အထူးကုဆေးရုံသို့ အချိန်မီ သွားရောက်ကုသသင့်ပါသည်။ မီးယပ်ရောဂါသည် အမျိုးသမီးများ၏ ကျန်းမာရေးကို ထိခိုက်စေသည့်အပြင်၊ လိင်ဆက်ဆံရာတွင် အမျိုးသားကိုပါ ကူးစက်နိုင်သည်။ အကယ်၍ ဘက်တီးရီးယားပိုးကြောင့် မွေးလမ်းကြောင်းရောင်ရမ်းခြင်းဖြစ်ပါက မိန်းမကိုယ်အင်္ဂါပိုးဝင်ခြင်းဖြင့် သားဆက်မြုံခြင်းများ ဖြစ်ပွားနိုင်သည်။ ကိုယ်ဝန်ဆောင်အမျိုးသမီးများတွင် သားအိမ်တွင်း ပိုးဝင်ခြင်း၊ မွေးလမ်းကြောင်း ပိုးဝင်ခြင်းတို့ကြောင့် သန္ဓေသားကို ထိခိုက်ပြီး ကိုယ်ဝန်ပျက်ကျခြင်းနှင့် လမစေ့ဘဲမွေးဖွားခြင်း စသည်တို့ဖြစ်နိုင်ပါသည်။

အမျိုးသမီးရောဂါ အထူးကုဌာန | အမျိုးသားရောဂါ အထူးကုဌာန | စအိုနှင့် အူမကြီးအောက်ပိုင်းဆိုင်ရာ ရောဂါ ကုသမှုဌာန




အမှတ် - ၃၄/၃၅၊ ရွှေပိတောက်ရိပ်မွန်၊ ဘုရင်နောင်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁ ၅၁၅၂၀၂ www.shwepadaukhospital.com

“လစာတိုးပေးရင် လွှတ်တော်အမတ်တွေ အဂတိလိုက်စားမှု နည်းသွားနိုင်တယ်။ နောက်တစ်ခုက အရည်အချင်းရှိတဲ့ အမတ်တွေရှိဖို့ လိုပြန်တယ်။ စီးပွားရေးပေတံအရ အစိုးရဝန်ထမ်းတွေတင်မကဘူး။ စက်ရုံအလုပ်ရုံအလုပ်သမားကအစ လစာသုံးဆတိုးတောင်းရင်သူ့မှာကုန်ထုတ်စွမ်းအားက သုံးဆမကတိုးရင်တော့ ပြဿနာမရှိဘူး။ အမတ်တစ်ထောင်ကျော်အတွက်လစာနှစ်ဆတိုးလိုက်ရင် ကုန်ကျမယ့် ဘတ်ဂျက်မှာ အကျိုးရှိ၊ မရှိ ချင့်ချိန်ဖို့ပဲ လိုပါတယ်”ဟု ၎င်းကပြောသည်။

ထို့ပြင် အစိုးရတွင်လည်း ဝန်ထမ်းများကို လစာတိုးပေးလိုက်ပါက မြန်မာနိုင်ငံတွင် အစဉ်အလာသဖွယ်ဖြစ်နေသော ကုန်ဈေးနှုန်းတက်မည့်ပြဿနာကလည်း အသင့်စောင့်ကြိုနေသည်။

“ဝန်ထမ်းလစာတိုးတိုင်း ကုန်ဈေးနှုန်းတိုးတယ်ဆိုတာလည်း ကုန်ထုတ်စွမ်းအားမရှိလို့ပဲ။ လစာတိုးလိုက်တဲ့အခါ လုပ်ချင်ကိုင်ချင်စိတ်ရှိလာပြီး ထုတ်လုပ်မှုတွေ တိုးလာရင် ဈေးကွက်မှာ ရောင်းလိုအားများတဲ့အခါ ကုန်ဈေးနှုန်းကလည်း ကျသွားမှာပဲ။ အဓိကက ထုတ်ကုန်တိုးဖို့ အားပေးရမယ်”ဟု ၎င်းကပြောကြားသည်။

သို့သော် မြန်မာနိုင်ငံ၏ အစဉ်အလာမှာ ဝန်ထမ်းလခတိုးမည့် သတင်းထွက်လျှင်ပင် ကုန်ဈေးနှုန်းတက်လေ့ရှိသည်။

လာမည့်နှစ်ဆန်းတွင် ပြန်လည်စတင်မည့် လွှတ်တော်အစည်းအဝေးများတွင် ဆက်လက်ဆွေးနွေးရန်ရှိသည့် ယင်းအဆိုအတွက် အစိုးရအဖွဲ့ထံကလည်း လွှတ်တော်သို့ ကန့်ကွက်မှုများ ပြုလုပ်လာဖွယ်ရှိနေပါသည်။

ဖွံ့ဖြိုးပြီး နိုင်ငံကြီးများနှင့် ယှဉ်၍ မြန်မာနိုင်ငံ လွှတ်တော်ကိုယ်စားလှယ်များက လစာနှင့်ခံစားခွင့်တို့ တိုးမြှင့်သင့်၊ မသင့်မှာမူ ၎င်းတို့ကိုရွေးကောက်တင်မြှောက်လိုက်သည့်ပြည်သူများ၏ သဘောဆန္ဒက အဓိကကျကြောင်း ဒေါက်တာအောင်ထွန်းသက်ကပြောသည်။

“ပြည်သူကရွေးကောက်တင်မြှောက်ထားတဲ့အတွက် ပြည်သူ့ဆန္ဒက ဘယ်လိုရှိလဲဆိုတာ အရေးကြီးပါတယ်”

မျက်နှာဖုံးမှ

# လူဦးရေ၏ ၉၉ ရာခိုင်နှုန်း အခွန်မဆောင်သောအခါ

ပြည်ထောင်စုလွှတ်တော်နာယက သူရဦးရွှေမန်း၏သား၊ ဇေကမ္ဘာကုမ္ပဏီ၏ မန်နေဂျင်းဒါရိုက်တာဦးတိုးနိုင်မန်းဖြစ်သည်။

၎င်းမှာ နိုင်ငံ၏ ဥပဒေပြုရေးမဏ္ဍိုင်ကို ဦးဆောင်နေသူ၏ သားဖြစ်သည့်အတွက်သာ ပတ်ဝန်းကျင်အခြေအနေ၊ လေ့ကျင့်သင်ကြားပေးမှုများအရ ဆောင်ရမည်ဟု ခံယူ၍ အခွန်ဆောင်ခြင်းသာဖြစ်ကြောင်း စီးပွားရေးလုပ်ငန်းခြောက်ခုကို လုပ်ကိုင်နေသည့် ဦးတိုးနိုင်မန်းက ပြောကြားခြင်းဖြစ်သည်။

စီးပွားရေး လုပ်ငန်းများ၏ ကုန်သွယ်ခွန် ပေးဆောင်မှု အပါအဝင် တစ်ဦးချင်း ဝင်ငွေအပေါ်တွင် ပေးဆောင်ရသော အခွန်ဆောင်မှုတွင် မရှိသလောက်ပင် နည်းပါးနေသေးခြင်းဖြစ်သည်။

အစိုးရက ထုတ်ပြန်သော အခွန်အများဆုံးပေးဆောင်သူ ၁၀၀ စာရင်းတွင် တစ်နှစ်အတွက် သိန်းရာဂဏန်း အခွန်ပေးဆောင်လျှင်ပင် ပါဝင်နိုင်ခြင်းက အခွန်ရငွေပမာဏ နည်းပါးမှုကို ထင်ဟပ်စေသည်။

နိုင်ငံ၏ ဂျီဒီပီထဲတွင် အခွန်ပါဝင်မှု အချိုးသည် ၃ ဒသမ ၄၅ ရာခိုင်နှုန်းမျှသာ ရှိသည့်အတွက် ပုံမှန်ရှိသင့်သည့် ပမာဏဖြစ်သော ၁၅ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းနှင့် ယှဉ်လျှင် အလွန်းနည်းပါးနေကြောင်း ပြည်တွင်းအခွန်များဦးစီးဌာနမှ သိရှိရသည်။

အခွန်ဆောင်ရန်အတွက် ပြည်သူများက အဓိကသိလိုသည့်အကြောင်းအရာမှာ အခွန်ဆောင်သည့်အတွက် ဘာပြန်ရမည်လဲဆိုသည့် အဖြေသာဖြစ်ကြောင်း ပြည်တွင်းအခွန်ဦးစီးဌာနမှ အကြီးတန်းအရာရှိက ဆိုသည်။

“ဒီလိုပြောရင် ကျွန်တော်တို့က ဘာမှပြန်ပြောစရာမရှိဘူး။ အခွန်ဆောင်ရတဲ့သူကို Tax Incentives မက်လုံးပေါ့။ အခွန်ဆောင်ရတာ ဂုဏ်ရှိတယ်ဆိုတဲ့ အလေ့အကျင့် ခံယူချက်ဖြစ်အောင်၊ အခွန်ဆောင်တဲ့သူက ဂုဏ်ရှိတယ်ဆိုတာမျိုးဖြစ်အောင်လည်း အစိုးရဘက်က လုပ်ဖို့လိုတယ်” ဟု အထက်ပါ အခွန်အရာရှိက ပြောသည်။

“ကျွန်မတို့က အခွန်ဆောင်ရမယ်ဆိုတာ သိတယ်။ တာဝန်သိသိ အခွန်ဆောင်တဲ့ နိုင်ငံသားလည်းဖြစ်ချင်တယ်။ တကယ်တမ်းဆောင်ဖို့မှာတော့ အစိုးရပိုင်းကို ယုံကြည်မှုရဖို့တို့၊ ပွင့်လင်းမြင်သာမှုရှိဖို့ဆိုတာတွေ လိုနေသေးတယ်”ဟုနည်းပညာကုမ္ပဏီတစ်ခု၏ ဒါရိုက်တာအဖွဲ့ဝင်တစ်ဦးက ပြောသည်။

အခွန်ဆောင်သူများအနေဖြင့် အခွန်စနစ်အပေါ်တွင် ယုံကြည်မှုရှိရန် လိုအပ်သည်။ ပထမဆုံးအချက်မှာ အခွန်စနစ်သည် မျှတမှုရှိသည်ဆိုသည်ကိုယုံကြည်ရရန် (မိမိလိုပင် တခြားသူများအားလုံးလည်း အခွန်ဆောင်ရသည်ဆိုသည့် ယုံကြည်မှု) နှင့် အခွန်ကို စီမံခန့်ခွဲသည့် အစိုးရအဖွဲ့သည် အလေအလွင့်နည်းစွာ၊ အကျိုးရှိစွာ စီမံခန့်ခွဲနိုင်သည်ဆိုခြင်းကို ယုံကြည်မှုရှိရန်မှာ အဓိကလိုအပ်ချက်ဖြစ်ကြောင်း ဦးတိုးနိုင်မန်းက ပြောသည်။

“ကိုယ်ကတော့ အခွန်ဆောင်ရတယ်။ သူများတွေက မဆောင်ဘူး။ မဆောင်လို့ ဘာဖြစ်လဲဆိုရင် ဘာမှမဖြစ်ဘူး။ ရှောင်လို့ရတယ်။ ဒါဆိုရင် ကိုယ်က ရူးလို့ဆောင်တာလား။ ဒါမျိုးဖြစ်လာပြီး၊ နိုင်ငံတည်ဆောက်တယ်ဆိုတာ အခွန်ကရမှတည်ဆောက်လို့ရတာ ဆိုတာ သိတယ်။ ကျွန်တော်တို့ကလည်း ဆောင်တဲ့သူတွေရဲ့ အကျိုးခံစားခွင့်က ဘာတွေလဲဆိုတာ သိချင်တယ်။ ကျွန်တော်တို့အခွန်ဆောင်တယ်၊ ဒီတော့ ဘာရမလဲ”ဟု ဆန်စက်လုပ်ငန်းရှင်တစ်ဦးဖြစ်သည့် ဦးမျိုးလှိုင်က သူ၏အမြင်ကို ပြောသည်။

“အခွန်ဆောင်ရင် ဘာရမလဲဆိုတော့ တိုက်ရိုက်အားဖြင့်တော့ ဘာမှမရဘူး။ ဒါပေမဲ့ နိုင်ငံသားတိုင်းက ဥပဒေအရ အခွန်ဆောင်ဖို့ တာဝန်ရှိတယ်။ အခွန်ကရတဲ့ငွေနဲ့ နိုင်ငံရဲ့ ဖွံ့ဖြိုးမှုကို လုပ်ရတာပါ”ဟု လွှတ်တော်ကိုယ်စားလှယ်၊ စီးပွားရေးပညာရှင်တစ်ဦးဖြစ်သော ဦးကြည်မြင့်က ပြောဖူးပါသည်။

လူတိုင်းအခွန်ဆောင်ချင်စိတ် ရှိရန်အတွက် ပညာပေးအစီအစဉ်များ လက်ကမ်းစာစောင်များ ပြုလုပ်နေပြီဖြစ်သကဲ့သို့ အခွန်ပေးဆောင်မှုကိုလည်း အစိုးရက ခေါ်ယူကြပ်မတ်သော စနစ် (OAS) မှ အခွန်ဆောင်သူက ကိုယ်တိုင်ဆောင်သော စနစ် (SAS) စနစ်သို့ ပြောင်းလဲခြင်းကိုလည်း ယခု ၂၀၁၄ ဘဏ္ဍာနှစ်တွင် စတင်မည်ဟု ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာလင်းအောင်ကဆိုသည်။

“ကျွန်မအနေနဲ့ အခုစနစ်ပြောင်းမယ်ဆိုတာကို ကြိုဆိုတယ်။ ကိုယ့်ရဲ့လုပ်ငန်းစာရင်းကို ကိုယ်တိုင်တင်ပြပြီး ဆောင်ရမှာဖြစ်တဲ့အတွက် ကြိုက်တယ်။ ဒီအတွက် ကိုယ်က စိတ်ပါနေတဲ့အခါမှာ တခြားသူတွေက သတိပေးကြတာရှိတယ်။ ဒီလိုအမှန်တွေအတိုင်း တင်လိုက်ရင် ဘာတွေဖြစ်မယ်ဆိုတာ မပြောနိုင်ဘူး။ ဘယ်လောက်ယုံရမလဲပေါ့။ ဒီလိုတွေလည်း ပြောကြတယ်။ ဒါကြောင့် ဆောင်ချင်တယ်၊ ဆောင်တဲ့အတွက် ဝန်ထုပ်ဝန်ပိုးတော့ မဖြစ်သင့်ဘူးပေါ့”ဟု နည်းပညာစီးပွားရေးလုပ်ငန်းကြီးတစ်ခု၏ ဒါရိုက်တာတစ်ဦးက ပြောသည်။

အစိုးရသစ်တက်လာပြီးနောက် တစ်နှစ်ထက်တစ်နှစ် ဘဏ္ဍာနှစ်များတွင် အခွန်ရရှိငွေ ပိုမိုမြင့်မားလာသည်ဟု ဆိုသော်လည်း မြန်မာနိုင်ငံ၏ လူဦးရေ သန်း ၆၀ အနက် ၀ ဒသမ ၇၅ ရာခိုင်နှုန်းဖြစ်သည့် လူဦးရေ လေးသိန်းခွဲခန့်ကသာ တစ်ဦးချင်းအခွန် (ဝင်ငွေခွန်) ကို ပေးဆောင်သည်။ ကုန်သွယ်ခွန်ကို ပေးဆောင်သည့် စီးပွားရေးလုပ်ငန်းအရေအတွက်မှာ မှတ်ပုံတင်ထားသော ပြည်တွင်းပြည်ပ စီးပွားရေးအဖွဲ့အစည်း လေးသောင်းနီးပါးအနက်မှ ၁၀ ရာခိုင်နှုန်းခန့် (၃၈၀၀ ခန့်)ကသာ အခွန်ပေးဆောင်သည်ဟု ပြည်တွင်းအခွန်ဦးစီးဌာန၏ စာရင်းများအရ သိရသည်။

“ဒီစာရင်းအရ ကြည့်ရင် အရမ်းနည်းနေတယ်။ ကျွန်တော်တို့ဘက်ကလည်း ဒီစာရင်းကိုကြည့်ပြီး ဒီလောက်နည်းနည်းလေးပဲဆောင်တာ၊ ငါမဆောင်လည်း ဘာမှမဖြစ်ဘူးဆိုတဲ့ အတွေးမျိုး မဖြစ်စေချင်ဘူး။ နည်းနေတဲ့အတွက် နိုင်ငံအတွက် အကျိုးရှိအောင် လူတိုင်းဆောင်တာမျိုးပဲ ဖြစ်စေချင်ပါတယ်”ဟု ပြည်တွင်းအခွန်များ ဦးစီးဌာန၏ လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမင်းဇော်က ဆိုသည်။

အခွန်ကောက်ခံရာတွင် ပိုမိုတိကျပြီး မြန်ဆန်စေရန်ဆိုလျှင် လုပ်ငန်းအချက်အလက်များရရန်၊ အိုင်တီနည်းပညာ၊ ပြည်သူများကို အခွန်အကောက်ဆိုင်ရာ နည်းပညာပေးရန်အတွက် လက်ကမ်းစာစောင်များ၊ ရှင်းလင်းပွဲများလုပ်ရန် လိုအပ်သော ပံ့ပိုးကူညီမှုပြု လုပ်ပေးရန်၊ အခွန်ထမ်းများ အခွန်ပေးဆောင်ရာတွင် သက်သောင့်သက်သာဖြစ်ရန်အတွက် သင့်လျော်သော နေရာထိုင်ခင်းများ ပေးရန် စသည်တို့သည် အခြေခံအချက်များအဖြစ် ပါဝင်သည်ဟု စီးပွားရေးလုပ်ငန်းရှင်တစ်ဦးက ပြောသည်။

အခွန်အများဆုံးပေးဆောင်သူ ၅၀၀ ဦးစာရင်းကိုထုတ်ပြန်ပေးခြင်းသည် နိုင်ငံတော်မှ အခွန်ဆောင်သူများကို ဂုဏ်ပြုခြင်းဖြစ်ပြီး အများဆုံး ဆောင်သူ သုံးဦး၏ စီးပွားရေးလုပ်ငန်းများ၊ နိုင်ငံတော်ကို သစ္စာရှိသူများအဖြစ် သတ်မှတ်၍ ဆုအဖြစ် ၎င်းတို့၏ စီးပွားရေးလုပ်ငန်းများကို ဦးစားပေး Green Line သတ်မှတ်ပေးသည်ဟု ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာလင်းအောင်က ပြောသည်။

လူတိုင်းအခွန်ဆောင်ရန်အတွက် နိုင်ငံတကာနှင့်ယှဉ်၍ အခွန်နှုန်းသတ်မှတ်ရန်အတွက်မူ နိုင်ငံတော်မူဝါဒနှင့် ငွေကြေးမူဝါဒပိုင်းများကို ပြုပြင်ပြောင်းလဲရမည်ဖြစ်ကြောင်း စီးပွားရေးပညာရှင်များနှင့် လုပ်ငန်းရှင်များက အကြံပြုသည်။

“နိုင်ငံခြားမှာ ကားဝယ်မယ်၊ အိမ်ဝယ်မယ်ဆိုရင် အကြွေးဝယ်လို့ရတယ်။ သူ့ရဲ့ စုဆောင်းငွေကို ထိစရာမလိုဘူး။ ကျန်းမာရေးအတွက်လည်း သူ့မှာ ထည့်ဝင်တဲ့ငွေရှိတဲ့အတွက် သူက ပေးရမယ့် အခွန်ကို ၂၀ ရာခိုင်နှုန်းလည်း ပေးနိုင်တယ်။ ကျွန်တော်တို့နိုင်ငံမှာ ဘာပဲလုပ်လုပ် ကိုယ့်အရင်းအနှီးနဲ့ကိုယ် လုပ်ရတဲ့အတွက် ဒါကို ၁၀ ရာခိုင်နှုန်းဆောင်ရင်တောင် အရင်းအနှီး လှည့်ပတ်သုံးစွဲငွေက လျော့သွားပြီ၊ ဒီတော့မဖြစ်နိုင်ဘူး။ မူဝါဒကို ပြောင်းရမယ်” ဟု အလတ်စားစီးပွားရေးလုပ်ငန်းရှင်တစ်ဦးဖြစ်သူ ဦးမြတ်သူက ဆိုသည်။

အခွန်များကို အပြည့်အဝရရန်အတွက် ဆိုပါက အစိုးရဝန်ကြီးဌာနများ၏ လုပ်ငန်းအများစု စီးပွားရေးလုပ်ငန်းများ အားလုံးကို အီလက်ထရွန်နစ်စနစ်ဖြင့် ဘဏ်မှတစ်ဆင့်ဆောင်ရွက်သော ဘဏ်လုပ်ငန်းများဖွံ့ဖြိုးလာမှသာ အခွန်စနစ်အောင်မြင်မည်ဟု ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းသန်းက ဆိုသည်။

အခွန်စည်းကြပ်မှုစနစ်များကို အလစ်အဟာမရှိစေရန်နှင့် တိုင်းနှင့်ပြည်နယ်အစိုးရများ၏ ရန်ပုံငွေအဖြစ် ကောက်ခံရရှိငွေ၏ ငါးရာခိုင်နှုန်းကိုပြန်လည်ခွဲဝေပေးသည့် စနစ်သည်လည်း သက်ဆိုင်ရာ အစိုးရများ၏ ကူညီမှုကြောင့် အောင်မြင်ကြောင်း အခွန်ဦးစီးဌာနမှ အကြီးတန်းအရာရှိတစ်ဦးက ပြောသည်။

သို့ရာတွင် အခွန်ဆောင်သူများအနေဖြင့် လိုလားသည်မှာ ဆောင်သူနှင့်မဆောင်သူအတွက် အခွင့်အရေးတန်းတူမပေးရန်သာဖြစ်သည်ဟု စီးပွားရေးလုပ်ငန်းရှင်များ အားလုံးက ဆိုသည်။

“အခွန်ကျေထားတဲ့သူနဲ့ မဆောင်တဲ့သူ လုပ်ငန်းချင်း ယှဉ်ရင် ဆောင်ထားတဲ့သူက ပိုပြီးအခွင့်ရေးရမယ်။ ဒါကျွန်တော်တို့လိုချင်တာ။ ဒီလိုမဟုတ်ဘဲ အားလုံးတန်းတူယှဉ်ရမယ်ဆိုရင်တော့ မဟုတ်ဘူး”ဟု ဇေကမ္ဘာကုမ္ပဏီမန်နေဂျင်းဒါရိုက်တာ ဦးတိုးနိုင်မန်းက ဆိုသည်။

“ကျွန်မဒီမြေပေါ် မှာနင်းနေသရွေ့၊ ဒီတံတားကိုဖြတ်နေသရွေ့ အခွန်ဆောင်ရမယ်ဆိုတာကို သိတယ်။ ဒါပေမဲ့ ကျွန်မတို့က ဒီယဉ်ကျေးမှုအောက်မှာ နေတာ နှစ်ပေါင်းကြာနေခဲ့ပြီ။ ဒီတော့ပြောင်းလဲဖို့ကိုလည်း အစိုးရက အချိန်ပေးရမယ်” ဟု အမျိုးသမီး စီးပွားရေးလုပ်ငန်းရှင်တစ်ဦးက ပြောသည်။ ။

CROWN EDUCATION Yangon Myanmar
KAPLAN HIGHER EDUCATION ACADEMY

“ မြန်မာနိုင်ငံရဲ့ အပြောင်းအလဲတွေမှာ နိုင်ငံတကာနဲ့ ယှဉ်ပြိုင်နိုင်အောင် စီးပွားရေးနဲ့ ပတ်သက်တဲ့ ဘယ်လိုဘာသာရပ်တွေကိုလေ့လာသင်ယူသင့်ပါသလဲ ”

စင်္ကာပူမှာသင်ယူပြီး မြန်မာနိုင်ငံမှာလည်း အလုပ်အကိုင်အခွင့်အလမ်းကောင်းတွေရရှိနိုင်မယ့် . . . .

- Banking, Securities & Investment Management, Financial Management ဘာသာသာရပ်များအကြောင်း
- “MBA နဲ့ MSc” , “ACCA နဲ့ CIMA”, “LCCI နဲ့ ABE”ဘာတွေကွဲပြားလဲ၊ ဘာကို သင်သင့်သလဲ
- INTERNATIONAL BUSINESS ဘာသာရပ်သင်ယူထားသူတွေအတွက် ဘယ်လိုအလုပ်အကိုင်အခွင့်အလမ်းတွေရှိလာနိုင်လဲ
- မြန်မာနိုင်ငံမှာ လေ့လာသင်ယူသွားမယ်ဆိုရင် ABE, LCCI, ACCA, Diploma in Business ဘာသာရပ်တွေမှာ ဘယ်လို ဒီပလိုမာ Certificate တွေက ပိုသင့်တော်မလဲ၊ အသုံးဝင်မလဲ

နေ့ရက် - နိုဝင်ဘာ (၃၀)ရက်၊ စနေနေ့
အချိန် - (၁၀)နာရီ မှ (၁၂)နာရီ
နေရာ - CROWN Edu Office



စင်ကာပူမှာ သင်ယူပြီး အောက်ပါတက္ကသိုလ်များမှ ပေးအပ်မည့်ဘွဲ့များ အကြောင်း အသေးစိတ်ရှင်းလင်း ပြောကြားပေးမည့်အစီအစဉ်

Murdoch UNIVERSITY
Royal Holloway University of London
northumbria UNIVERSITY
University College Dublin National University of Ireland, Dublin
University of Portsmouth
University of Bedfordshire

ပထမဆုံးစာရင်းပေးသွင်းမည့်ကျောင်းသား(၅)ဦးအတွက်
STUDY GRANT S$1000
Application Fee Waive

Call us : 01 527 838 - 09 732 732 77

စာမျက်နှာ(၂၄)မှ

## မင်းဒင်ရဲ့ သက်ခိုင်(၂)

တိုက်တိုက်ဆိုင်ဆိုင်ဗျာ။ သူကကျွန်တော် ဒီပါတောင်ကမ်းခြေမှာပဲရှိနေတာတဲ့။ "ခင်ဗျားဘာလုပ်နေတာတုံး"ဆိုတော့ "ကျွန်တော်ထုံးစံအတိုင်း ကားမောင်းနေတာလေ"တဲ့။

ကျွန်တော်လည်း စိတ်မရှည်တာနဲ့ "ခင်ဗျား ဒီပါတောင်ကမ်းခြေမှာ ဆူနာမီကို ကြုံတယ်ဆိုရင် ခင်ဗျားဘာမှ ဖြစ်မသွားဘူးလား" မေးတော့မှ "အဲဒီတုန်းက ကျွန်တော် ဒီပါတောင်ကမ်းခြေပေါ်မှာ ကားကိုခပ်ဖြည်းဖြည်းမောင်းနေတာ။ ဘေးမှာ ကျွန်တော့် သူငယ်ချင်းတစ်ယောက်ပါတယ်။ ဆူနာမီတက်တယ်ဆိုတဲ့ ဆူဆူညံညံအသံတွေကြားရပြီး စက္ကန့်ပိုင်းအတွင်းမှာ ကျွန်တော့်ကားရော ကျွန်တော်ပါ ကားလမ်းဘေးမှာရှိတဲ့ ဟိုတယ်ရဲ့ ဒုတိယထပ်ကို ရေလှိုင်းနဲ့အတူမြောက်တက်သွားတယ်။ ကျွန်တော့်သူငယ်ချင်း ဘယ်နေရာမှာ ဘယ်လိုကျန်ခဲ့မှန်းမသိဘူး။ အခုသူ့သတင်းကို စုံစမ်းနေတုန်းပါပဲ။ ကျွန်တော့်စိတ်ထင် သူ့ကို လှိုင်းလုံးကြီးတွေက ပင်လယ်ထဲကို ဆွဲချသွားတယ်ထင်တာပါပဲ။ လှိုင်းအမြင့်ဟာ ပေလေးငါးဆယ်လောက်ရှိမယ်ထင်တယ်ဗျာ။ ခင်ဗျားအခုကြည့်လေ။ ကမ်းခြေကအုန်းပင်တွေရဲ့ အဖျားတွေခြောက်နေတာတွေ့တယ်မဟုတ်လား"တဲ့။ ဆူနာမီလှိုင်းဘယ်လောက်ကြီးတယ်၊ ဘယ်လောက် အရှိန်ပြင်းတယ်ဆိုတာ ခင်ဗျား ဘာသာ စဉ်းစားပေတော့။

နေဦးဗျ။ အဲဒီဆူနာမီရေဘေးမှာ ထိုင်းဘုရင်မင်းမြတ်ရဲ့ အကြီးဆုံးသမီးရဲ့ ရင်သွေးသားကြီးသြရသလည်း ဆုံးရှာသတဲ့။ ကျွန်တော့်ဆီမှာ ယာဉ်မောင်းဒရိုင်ဘာလုပ်သွားတဲ့ ဖေကြည်ရဲ့ ဆူနာမီအတွေ့အကြုံကလည်း တစ်မျိုးတစ်ဘာသာခင်ဗျ။ သူကတော့ ဆူနာမီရေလှိုင်းတက်နေတာကို ဖူးခက်နဲ့ ကီလိုမီတာ ၃၀ လောက်ဝေးတဲ့ ပင်လယ်ထဲက ကျွန်းတစ်ကျွန်းကနေကြည့်နေမိကြတယ်တဲ့ဗျ။ အစကတော့ ကမ်းစပ်ကရေတွေ သိသိသာသာလျော့သွားတာကို သူသတိပြုမိတယ်ဆိုပဲ။ နောက်တော့ ပင်လယ်ထဲကနေ ရေမလှိုင်းလုံးကြီးတွေ တလိမ့်လိမ့်တက်လာတာကိုလည်းမြင်ရော သူလည်း နီးရာတောင်ကုန်းပေါ်ကို ပြေးတက်ရင်း အသက်ဘေးကလွတ်ခဲ့သတဲ့ဗျာ။

အေးဗျာ။ လွန်ခဲ့တဲ့ လေးဆယ့်ရှစ်နာရီက ကျွန်တော်တို့ မိသားစုရှိနေခဲ့တဲ့ ဖီဖီကျွန်းတစ်ကျွန်းလုံးရစရာမရှိအောင် ပျက်စီးသွားသတဲ့။ ကျွန်တော်မှတ်မိနေတာကတော့ အဲဒီကျွန်းပေါ်မှာ မကြာမီက အာဆီယံအစည်းအဝေးလုပ်ခဲ့ဖူးတာကြောင့် ပင်လယ်ပြင်ထဲကနေ ကျွန်းဆီကို လှမ်းကြည့်တဲ့အခါ လေထဲမှာ တလူလူလွင့်နေတဲ့ အာဆီယံဆယ်နိုင်ငံကအလံတွေပါပဲ။ ဆူနာမီဟာ အာဆီယံနိုင်ငံတော်တော်များများကို အကြီးအကျယ်ပျက်စီးဆုံးရှုံးစေခဲ့တယ်။

ကျွန်တော့်ကိုယ်တွေ့အရ အားလုံးသော ဒုက္ခသည်တွေထဲမှာ မျက်နှာအငယ်ရဆုံး ခိုကိုးရာအမဲ့ဆုံးကတော့ ထိုင်းနိုင်ငံဆူနာမီစက်ကွင်းမလွတ်တဲ့ အရပ်ဒေသတွေက မြန်မာအလုပ်သမားတွေပါပဲ။ ကျွန်တော်စပ်စုကြည့်သလောက်တော့ ဖူးခက်ကိုပထမဆုံးခြေချတဲ့ ခေတ်သစ်အလုပ်သမားလူတန်းစားဟာ မွန်ပြည်နယ်၊ လမိုင်းရွာသားတွေတဲ့ဗျ။ ဒီတော့ ဖူးခက်မှာ အလုပ်လုပ်နေကြတဲ့ မြန်မာအလုပ်သမားတွေထဲမှာ မွန်တွေအများစုလို့ဆိုရမယ်။ နောက်တော့ ကရင်တွေရောက်လာပြန်တယ်။ နိုင်ငံနှစ်ခုနယ်နိမိတ်ချင်းထိစပ်နေတဲ့ အရပ်ဒေသကလူတွေ အရင်ဆုံးရောက်လာကြတာပေါ့ဗျာ။ ဥပမာ ရေး၊ မြိတ်၊ ထားဝယ်၊ ကော့သောင်းလို မြို့တွေကလူတွေလာပြီး အလုပ်လုပ်ကြတယ်။ အခုအချိန်မှာတော့ ပဲခူး၊ ရောဝတီ၊ မကွေး၊ မန္တလေး၊ ရန်ကုန်လို ဖူးခက်ကနေ ဝေးလံသီခေါင်လှတဲ့ အရပ်က လူတွေတောင် အတော်များများရောက်နေကြပါပြီ။ ကျွန်တော်ပြောလိုက်ရင် ခင်ဗျားအံ့သြသွားမယ်။ မကွေးတိုင်း၊ ဆိပ်ဖြူဘက်ကလို ဖူးခက်ဆိုတာ ဘယ်အရပ်မှန်း မသိတဲ့ ရွာသူတွေ ဖူးခက်ကို ရောက်နေကြပြီဗျ။ ကျွန်တော်တို့တိုင်းပြည်က အုပ်ချုပ်သူတွေ သိမှ သိပါလေစဗျာ။ နိုင်ငံသားတစ်ဦးချင်းစီရဲ့ အခြေခံစားဝတ်နေရေးကိုတောင် ပြေလည်အောင်မဖြေရှင်းနိုင်ဘဲ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီးဆီသို့ဆိုတဲ့ စာသားပါတဲ့ဆိုင်းဘုတ်တွေကို ဘာကြောင့်များ လူတကာမြင်အောင် ချိတ်ဆွဲထားကြပါလိမ့်ဗျာ။

ဆူနာမီမှာ လူတွေအများကြီးသေကြကျေကြ၊ ပျက်စီးကြ ဒုက္ခရောက်ကြရတာ မျက်မြင်ကိုယ်တွေ့ တွေ့ရတော့ ကျွန်တော့်ဘဝအကြောင်းကို ကျွန်တော်ပြန်စဉ်းစားမိတယ်ဗျာ။ တကယ်တော့ ကျွန်တော်ဟာ ကြီးစွာသော ကံအကြောင်းတရားကြောင့် လူ့ဘဝကို ရခဲ့တယ်လို့ ပြောနိုင်တယ်ဗျ။ သေချာစဉ်းစားလေ ကျွန်တော်ဟာ ကံကြီးလွန်းလို့ လူ့ဘဝကို ရခဲ့တယ်ဆိုတာ ထင်ရှားလေပဲဗျ။ လူ့ဘဝဆိုတာ ဘယ်ဆီနေမှန်းမသိခင် ကျွန်တော်ဟာ လူ့ဘဝကို မရောက်နိုင်တဲ့ အကြောင်းတရားတွေရှိခဲ့လေရဲ့။

ခင်ဗျားစဉ်းစားကြည့်လေ။ ကျွန်တော့်အဖေဟာ ကျွန်တော့်ကိုမမွေးခင် လည်ပင်းကိုကြိုးတပ်ပြီး အသေသတ်ခံရမယ့်ဘဝကို ကြုံခဲ့ရဖူးတယ်။ အဖေအသတ်ခံရရင် ကျွန်တော်ဘယ်မှာလာ လူလာဖြစ်ပါတော့မလဲ။ ခင်ဗျားနဲ့ စကားပြောရတာတော်တော်လက်ပေါက်ကပ်တာပဲ။ နေဦး။ ခင်ဗျားနားရှင်းအောင် ကျွန်တော်ရှင်းပြပါဦးမယ်။

၁၉၅၀ ဝန်းကျင်၊ လွတ်လပ်ရေးရပြီးခါစ အချိန်ပေါ့ဗျာ။ ကျွန် တော့်အဖေနဲ့အမေက အိမ်ထောင်ကျခါစအချိန်။ အဖေဟာ သူ့အမေကျွန်တော့်အဘွားဒေါ်ရွှေဘွဲ့ရဲ့ တံပိုးကျဲ (ထမ်းပိုးကျည်း) ကိုကြောက်ပြီး အမေ့ကို လက်ထပ်ရတာလို့ ကျွန်တော်ပြောဖူးတာ မှတ်မိလား။ ထမ်းပိုးကျည်းဆိုတာက ဒီလိုဗျ။ နွားလှည်းမှာ နွားတပ်တဲ့အခါ နွားနှစ်ကောင်ရဲ့ကုပ်ပေါ်ကို ကန့်လန့်ဖြတ်တင်ရတဲ့ထမ်းပိုးတုံးဆိုတာရှိတယ်။ နွားလည်ပင်းတစ်ဖက်တစ်ချက်ကို ထိန်းဖို့ ထမ်းပိုးတုံးမှာ အပေါက်လေးနှစ်ပေါက်ဖောက်ပြီး ဝါးဆစ်တုတ် အနေတော်လေးတွေတပ်ထားတယ်။ အဲဒီတစ်ထောင့်ထွာလောက်ရှိတဲ့ ဝါးဆစ်တိုလေးတွေဟာ ထမ်းပိုးကျည်းပဲ။ ထမ်းပိုးကျည်းနှစ်ချောင်းအနက် အတွင်းဘက်ကျတဲ့ ထမ်းပိုးကျည်းက အတို၊ အပြင်ဘက် ထမ်းပိုးကျည်းက အရှည်ဆိုပါတော့။ ထမ်းပိုးကျည်းကို သိထားတာက ထမ်းပိုးကြိုးပေါ့ဗျာ။ အတွင်းဘက်ကို အတိုထားတာက ထမ်းပိုးကြိုးသီလို့ရအောင်တဲ့။ ရှင်းရတာ အာပေါက်ချက်။ ကျွန်တော့်အဘွားက ကျွန်တော့်အဖေကို အဲဒီထမ်းပိုးကျည်းတွေ လက်ကိုင်ထားပြီးသွန်သင်လေ့ရှိသတဲ့။ ဆန်းချက်တစ်မျိုးက ကျွန်တော့်အဘိုး ဦးချစ်မောင်ဟာ လူအေးတဲ့ဗျာ။ ကျွန်တော့်အဖေအပါအဝင် သားသမီးခြောက်ယောက်ကို ကျွန်တော့အဘိုးက လက်ဖျားနဲ့တောင် မတို့ဖူးဘူးတဲ့။ ကျွန်တော့်အဘွားလက်သံပြောင်ချက်ကတော့ ကျွန်တော့်အဖေ တစ်ခုခုထင်ရာစိုင်းလာပြီဆိုတာ သိတာနဲ့ ဟိတ် . . . အောင်မြ။ တင်းကုပ်ကတိုင်မှာ ကပ်လိုက်စမ်းဆိုပြီး ထမ်းပိုးကျည်းနဲ့ လက်စွမ်းပြလေ့ရှိသတဲ့။ ကျွန်တော်ခန့်မှန်းမိသလောက် အဘွားဟာ သူ့ရဲ့ဆွေဂုဏ်မျိုးဂုဏ်ကြောင့် အထိုက်အလျောက် စိတ်ဓာတ်မာကျောကြံ့ခိုင်ဟန်ရှိတယ်။ အဘိုးဦးချစ်မောင်ကတော့ အဘွားဒေါ်ရွှေလှဲ့ပြောသမျှ အေးပါး၊ အေးပါ ဆိုတဲ့အထဲက ထင်ပါရဲ့ဗျာ။ အမယ်သူလည်း သူ့ခေတ်နဲ့သူတုန်းက ဟိုစာဖတ်၊ ဒီစာဖတ်နဲ့ စာတိုင်ညိုစာရင်းဝင်သတဲ့ဗျ။ အဖေဟာ အဘွားရဲ့ တစ်ချက်လွှတ်အမိန့်ကြောင့် အမေ့ကို ယူခဲ့ရပေမယ့် မိုက်လက်စကတော့ မကုန်သေးဘူးတဲ့ဗျ။

စာမျက်နှာ(၂၀)မှ

## ဦးအောင်မင်းနှင့် တွေ့ဆုံခြင်း

တိုင်ပင်ပြီး ဆက်လုပ်ဖို့ရှိပါတယ်။

**ဒီရက်ပိုင်းထဲမှာပဲ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က စာထုတ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံ ဥပဒေပြင်ဖို့ သမ္မတရယ်၊ လွှတ်တော်ရယ်၊ ကာကွယ်ရေးဦးစီးချုပ်နဲ့ တွေ့ဆုံချင်ပါတယ်။ အဲဒီကိစ္စရော ဖြစ်နိုင်ခြေရှိပါသလား။**

ကျွန်တော်ကတော့ သမ္မတရဲ့ တပည့်၊ သမ္မတကို လုပ်ပေးနေတဲ့ လူဖြစ်တယ်။ သမ္မတအတွက်တော့ ကျွန်တော်ပြောမယ်။ သမ္မတကတော့ တွေ့မှာပဲ။ သို့သော် လွှတ်တော်အပိုင်းတော့ ကျွန်တော်မသိဘူး။ သမ္မတကတော့ လက်ခံမယ်လို့ ယူဆတယ်။

**ငြိမ်းချမ်းရေးဖြစ်စဉ်နဲ့ပတ်သက်ပြီး မေးပါရစေ။ တိုင်းရင်းသားတွေဘက်က တောင်းဆိုထားတဲ့ ဖက်ဒရယ်တပ်မတော်ဆိုတာရော ဖြစ်နိုင်ခြေရှိပါသလား။**

ဖက်ဒရယ် တပ်မတော်ဆိုတာ အဓိပ္ပာယ်မဖွင့်ရသေးဘူး။ အဓိပ္ပာယ်မဖွင့်ရသေးဘဲနဲ့ ပြောတဲ့အခါကျတော့ တပ်မတော်ပိုင်းကလည်း လုံခြုံရေးကို အဓိကထားတဲ့အတွက် ဒါကိုစိုးရိမ်တယ်။ ဟိုတစ်နေ့က ချင်းမိုင်မှာ ဦးဇော်အေးမောင် အင်တာဗျူးမှာပြောသွားတဲ့ စကားလေးကို ကြားလိုက်ရတော့ တော်တော်ဝမ်းသာသွားတယ်။ သူတို့ပြောတဲ့ ဖက်ဒရယ်တပ်မတော်ဆိုတာ အရင်တုန်းက ဗမာ့တပ်မတော်မှာရှိတဲ့ တိုင်းရင်းသားတပ်ရင်းတွေရှိတယ်။ ကချင် (၁)၊ ကချင် (၂)၊ ကချင် (၃)၊ ချင်း (၁)၊ ချင်း (၂)၊ ကယား (၁) ဒီလိုတပ်ရင်းတွေကို ပြောတာပါဆိုတော့ အရင်တုန်းကလည်း ရှိခဲ့ပြီးသား။ ဒါဘာမှလည်း ခက်တာမဟုတ်ပါဘူး။ ဒါ ဖက်ဒရယ်တပ်မတော်ပဲလေ။ တစ်ယောက်နဲ့တစ်ယောက် အဓိပ္ပာယ်မဖွင့်ဘဲနဲ့ ကြောက်နေကြတာ။

**တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့တွေနဲ့ အပစ်အခတ်ရပ်စဲရေး လုပ်ပြီးတော့ ကားပါမစ်တွေပေးခဲ့တာရှိတယ်။ ဘာရည်ရွယ်ချက်နဲ့ ပေးခဲ့တာလဲ။**

ကျွန်တော်တို့အပစ်အခတ်ရပ်စဲရေးတစ်ဖွဲ့ချင်းနဲ့ဆောင်ရွက်ပြီးတဲ့အခါမှာ အဖွဲ့တချို့အနေနဲ့ ဥပဒေနဲ့အညီ နေထိုင်လိုတယ်ဆိုပြီး အပစ်အခတ်ရပ်စဲပြီးဖြစ်တဲ့အတွက် အုပ်ချုပ်ရေး အဖွဲ့တွေသုံးနေတဲ့ ကားတွေကို ဥပဒေနဲ့အညီ လိုင်စင်ဆောင်ရွက်ပေးဖို့ သူတို့တွေဘက်ကတင်ပြလာတာရှိတယ်။ တင်ပြလာတော့ သက်ဆိုင်ရာအကြီးအကဲတွေဆီတင်ပြပြီးတော့ သူတို့လက်ဝယ်မှာရှိတဲ့ကားတွေကို ဥပဒေနဲ့အညီ မှတ်ပုံတင် ဆောင်ရွက်ပေးတာ။ စီးပွားကူးသန်းကပါမစ်နဲ့ ပေးသွင်းတာ မဟုတ်ဘူး။ သူတို့လက်ဝယ်မှာရှိတဲ့ ကားကိုပေးတာ။ ခေါင်းဆောင်ပိုင်းတွေ စီးတဲ့ ကားအချို့ကိုတော့ အခွန်ကင်းလွတ်ခွင့်ပေးခဲ့တယ်။ ယုံကြည်မှုတည်ဆောက်ဖို့အတွက်နဲ့ သူတို့လည်း အလုပ်လုပ်နိုင်ဖို့အတွက် ရည်ရွယ်ချက်နဲ့ပေးတာဖြစ်တယ်။ တခြား ဘာရည်ရွယ်ချက်မှမရှိဘူး။

**ကျွန်တော်ကတော့ မေးလို့ပြီးပါပြီ။ ဘာများ ဖြည့်စွက်ပြောကြားချင်ပါသလဲ။**

ကျွန်တော် ရိုးရိုးသားသား ပြောမယ်ဆိုရင် တစ်ခါမှ မရသေးတဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးကိုရအောင် ကျွန်တော်ကြိုးစားပြီး ဆောင်ရွက်နေပါတယ်။ ကျွန်တော့်ရဲ့ စိတ်ရင်းသဘောရင်းနဲ့ ဘာအကျိုးအမြတ်မှ မကြည့်ဘဲနဲ့ ကောက်ကျစ်စဉ်းလဲတဲ့ အကြံဉာဏ်တွေမပါဘဲနဲ့ ကျွန်တော်ဆောင်ရွက်နေတာ ဖြစ်တယ်။ ဒီလိုဆောင်ရွက်တဲ့အခါမှာ ကျွန်တော့်ကိုတိုက်ခိုက်လာရင် ကျွန်တော့်အနေနဲ့ ရှေ့သွားဖို့အတွက် အားတွေ လျော့လာတယ်။ အဲဒါကြောင့်မို့လို့ ကျွန်တော့်ကို ဒီအလုပ်မှာ ဆက်လုပ်စေချင်တယ်ဆိုရင် ကျွန်တော့်ကို မတိုက်ခိုက်စေချင်ဘူး။ ကျွန်တော်မှားတာလုပ်ရင်ပြောပါ။ ဒီလိုနိုင်ငံရေးတိုက်ခိုက်တာကျတော့ မဖြစ်စေချင်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ တိုင်းရင်းသားတွေကြားမှာ ယုံကြည်မှုတည်ဆောက်ပြီး လုပ်ရတဲ့ကိစ္စပါ။ တချို့ကိစ္စတွေမှာ တိုင်းရင်းသားတွေက သို့လောသို့လောဖြစ်တတ်တယ်။ အဲဒီဟာတွေက ထာဝရငြိမ်းချမ်းရေး တည်ဆောက်တဲ့အခါမှာ အနှောင့်အယှက်တွေဖြစ်လာတတ်တယ်။

**ကျေးဇူးတင်ပါတယ်။**

EDE မော်ဒယ်မြင့်ကားများအတွက်
ကွန်ပျူတာထိန်းချုပ်စနစ် OBD-II သင်တန်း
လက်တွေ့သင်ကြားရေးဌာနတိုးချဲ့ဖွင့်လှစ်ထားပါသည်။ **စနေနေ့တိုင်းမိတ်ဆက်(အခမဲ့)သင်တန်းဖွင့်လှစ်ပါသည်။**
Computer Diagnostic, Software, Wiring Diagram, Modern Automotive Technology
**အမှတ်စဉ်(၃၆)(၃၇)(၃၈)ပုံမှန်တန်းခွဲသစ်များကို ဒီဇင်ဘာလ(၂)ရက်နေ့တွင်စတင်ဖွင့်လှစ်ပါမည်။**
ပြစ်ချက်ရှာဖွေပေးသော Scan Toolsအမျိုးမျိုး သင့်တင့်သောဈေးနှုန်းဖြင့် ရောင်းချပေးပါသည်။
**Engine Doctor Engineering**
အမှတ် (၁၀၂)၊ မြေညီထပ်၊ ၅၂ လမ်း (အလယ်ဘလောက်) ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။
ဖုန်း-၀၉-၄၂၁၀၄၄၄၉၅၊ ၀၉-၄၂၁၀၄၄၄၉၆၊ ၀၉-၄၂၁၀၄၄၄၉၇




SUNLIFE
Authorized Distributor:
(01) 660923, (02) 61659
SUNLIFE
Zinc C E
ရေဆူအားဆေး
မက်မွန်သီးအနံ့အရသာ
Drink Sunlife
Be Fresh and
Healthy !
SUNLIFE
A brand that works !
Zinc
+Vitamin C
+Vitamin E
20 Effervescent tablets
Peach-Maracuja flavour
Sugar free
ကိုယ်ခံစွမ်းအားကို တိုးတက်ကောင်းမွန်စေရုံသာမက ဇင့်ဓာတ်ချို့တဲ့ပါကဖြစ်ပွားတတ်သော အသားအရေကြမ်းတမ်းခြင်း၊
ဝက်ခြံပေါက်ခြင်း၊ ဆံပင်ကျွတ်ခြင်း စသည့်အရေပြားနှင့်အလှအပဆိုင်ရာပြဿနာများကို လျော့ပါးသက်သာစေသည်။
Product of Germany
Premium Quality
SUGAR FREE


27th SEA GAMES MYANMAR 2013
Panasonic
Enjoy Moment with Special Sales
18th Nov to 25th Dec
မိုက်ခရိုဝေ့ဖ်မီးဖို
INVERTER
NN - CD997 (42 L)
NN - CS599 (27 L)
NN - DS592 (25 L)
• Excellent Grill and Covection Result
• Combination Cooking Advantages
• Versatile and easy to use 5-Way cooking
FREE GIFT :
MX-AC210S
TK-CS10
INVERTER
NN - GS597(25 L)
NN - CF770 (27 L)
NN - C784 (28 L)
• Inverter Power Delivery System
• Desired Cooking Control
• Stainless Steel Oven Cavity
FREE GIFT :
MX-AC210S
INVERTER
NN - GD692(31 L)
NN - ST651 (32 L)
NN - GD371(23 L)
• Inverter Power Delivery System
• 3-Way Speedy Cooking
• Stainless Steel Oven Cavity
FREE GIFT :
Luminarc
Panasonic Cooking
NN - GT353 (23 L)
NN - ST342 (25 L)
NN - SM332 (25 L)
• Inverter Power Delivery System
• One Touch Menu: 8 Categories
• Auto Reheat & Defrost
FREE GIFT :
Luminarc
ထမင်းပေါင်းအိုး
SR - MG182 (1.8L)
• Diamond Fluorine Coating
• Full Surface dimpled & charcoal coated inner pan
• Versatile Cooking & Taster Catcher
FREE GIFT :
SR - TEJ10 (1.0L)
SR - TEJ18 (1.8L)
• Black Finished, Non-Stick Inner Pan
• Smart Cap
• Concave Lid
FREE GIFT :
သစ်သီးဖျော်စက်
MJ - M176P
• Full Metal Stainless Steel Spinner
• Self Ventilating Inner Cap
• 3 Function in 1
FREE GIFT :
Luminarc
MX- GX1561/ GX1511
• Built in Circuit Breaker
• Self Ventilating Inner Cap
• 2 in 1 With Mil Function
FREE GIFT :
Luminarc
ဖုန်စုပ်စက်
cocolo
MC-CL305
• ECO power & Compact
• Air Dust Catcher System
• Blower Function
FREE GIFT :
MC - CG301/ CG300
• ECO power & Compact
• Air Dust Catcher System (CG301)
• Blower Function
FREE GIFT :
ရေငွေ့မီးပူ
NI-W410T/ W310T
• 360° Quick Multi Direction
• Titanium Coated Soleplate
• 360° Rotation Cord
FREE GIFT :
NI- E500T/ E400T
NI- E200T/ E100T
• U-Shape Steam
• Vertical Steam
• 360° Rotation Cord
FREE GIFT :
ရေပူ/ရေအေးရေချိုးစက်
30% Discount
110,000/-
DH-3JL2W 77,000/-
• Clean & Compact Design
• High safety & reliable product
• New Light Shower Head
FREE GIFT :
Road Show
28 Nov ~ 8 Dec
Capital (သာကေတ)
13 ~ 16 Dec
City Mart (မြေနီကုန်း)
Infinity Investment Co., Ltd.
City Martဆိုင်ခွဲများ၊ Capital (သာကေတ)၊ Super One
Ocean Super Center များ၊
Special Electronics


NOKIA
ASHA TOUCH ၏ထူးခြားသော
အရည်အသွေးများ
NOKIA ASHA 311 (GSM/WCDMA)
3.2 MP CAMERA
LONG-LIFE BATTERY
NOKIA ORIGINAL
OFFICIAL NOKIA PHONES IN MYANMAR
12 months service warranty
Built-in Myanmar font (selected models only)
facebook.com/nokiamyanmar
Nokia Care Hotline: 0931 621515
Available at all Nokia Preffered Partner
Nokia Showroom and Service Center: 152(A) West Shwe Gone Taing Road, Yae Tar Shay Quarter, Bahan Township, Yangon, Myanmar


နောက်အပတ်တွင် ကျင်းပမည်
AGRI LIVESTOCK '13
MYANMAR INTERNATIONAL AGRICULTURE, FEED & LIVESTOCK SHOW
2 - 4 DECEMBER 2013
TATMADAW HALL, YANGON
MYANMAR
MEET THESE INTERNATIONAL EXHIBITORS
ADEPTA
ADISSEO ASIA PACIFIC PTE LTD
ALLTECH THAILAND
ALTUNTAS HAV. TURIZM SAN TIC. A.S.
ANJARL ENTERPRISE CO LTD
ARDES
ASIA NUTRI-CHEMICAL SB
ASIA VETERINARY
ASTINO AGRO - HOUSE MULTI SYSTEM SDN BHD
AWILA ANLAGENBAU GMBH
BD AGRICULTURE (THAILAND) SDN BHD
BEIJING CENTRE BIOLOGY CO., LTD.
BEIJING ENHALOR INTERNATIONAL TECH CO., LTD
BEIJING SMILE
BEIJING YUNFENG LIMIN LIVESTOCK EQUIPMENT CO. LTD.
BIG DUTCHMAN AGRICULTURE SDN BHD
BIOCHEM DAEHENG
BIOMIN SINGAPORE PTE LTD
BUHLER
CERES AGRICULTURAL & CHEMICAL CO.
CEVA
CHAANG CHERNG CO., LTD
CITOFORTE ASIA PACIFIC PTE LTD
CPM/PACIFIC (PRIVATE) LTD
CUC
DAESANG GROUP
DEXCHEM INDUSTRIES SDN BHD
DR. ECKEL GMBH
EON ANIMAL HEALTH PRODUCTS LTD
EURODUNA
FARM INNOVATION TEAM GMBH
FORMOSA BIOMEDICAL INC
FRANCEAGRIMER
GUANGDONG DAHUANONG ANIMAL HEALTH PRODUCTS CO.,LTD
GUANGZHOU GUANGXING POULTRY EQUIPMENT CO., LTD.
GUANGZHOU HUANAN POULTRY EQUIPMENT CO., LTD
HAI-YU ENTERPRISE CO LTD
HANGZHOU PEPSHIFINE IMP. & EXP.CO., LTD
HONGHE CHEMICAL
HOWARD ALAT PERTANIAN
HUBEI SANJIANG SPACE MECHANICAL & ELECTRONIC EQUIPMENT CO., LTD.
IDAH CO., LTD.
IFIP
J.N.JORENKU
JANSEN POULTRY QUIPMENT
JAPFA
JIANG XI GAO XIANG INTERNATIONAL CO., LTD.
K-PRO GMBH
LLK AGRO SYSTEM SDN BHD
LOMON
MIRASCO INC.
MOBA GROUP
MUDANJIANG
MUNCH-EDELSTAHL GMBH
MUYANG GROUP
NAM PHARMA SDN BHD
NANOVA CO., LTD
NB GROUP
NUFOER
OLMIX
OSMOSIS NUTRITION SDN. BHD.
OTTEVANGER MILLING ENGINEERS
PAS REFORM HATCHERY TECHNOLOGIES
PETERSIME NV
PHARMACEUTICAL AND VETERINARY MATERIAL JSC (HANVET)
PHYTOBIOTICS FEED ADDITIVES
POTACHCORP
PRINZEN ASIA
PRISTINE DYNAMICS SDN BHD
PT PLASINDO BHAMA
QINGYUN JINYUAN COMPOSITE MATERIAL CO., LTD.
R & M RAS AQUACULTURE FARMING SYSTEMS
RANGE PHARMA
RIZHAO FANGYUAN CAGE CO., LTD
SASSO
SHANDONG SHIFENG GROUP
SHANDONG YINCHUN STEEL SILO MANUFACTURING CO., LTD
SHANGHAI ZHENGCHANG INTERNATIONAL MACHINERY & ENGINEERING CO., LTD.
SHT ENGINEERING SDN BHD
SNA
SOLO KLEINMOTOREN GMBH
SPARKLER FAR EAST LTD
STIF ASIA PTE LTD
STOLZ ASIA PTE., LTD
SUNCUE COMPANY LTD
SYK ENGINEERING
TAIWAN AGRICULTURAL BIOTECHNOLOGY CO LTD
TERMOTECNICA PERICOLI S.R.L
TFPMA
TODAY EXPOSITIONS BEIJING SHIFEN GROUP
UNCEIA
VALLI S.P.A
VOSTERMANS B.V.
VREUGDENHIL FEED DIVISION
XINFUTAI GLOBAL SYSTEM CO., LTD.
YELLOW MAIZE
ZAGRO SINGAPORE PTE LTD
LIST AS AT 1ST NOV 2013
မြန်မာ့ အကောင်းဆုံး စိုက်ပျိုးရေး နှင့်
မွေးမြူရေးလုပ်ငန်းဆိုင်ရာ နိုင်ငံတကာကုန်စည်ပြပွဲကြီး
ဒီဇင်ဘာ ၂ - ၄ ရက် အထိ ၊ တပ်မတော်ခန်းမ၊ ရန်ကုန်။
● နောက်ဆုံးပေါ် မွေးမြူရေးဆိုင်ရာ ဆေးပညာ၊အာဟာရ၊အစားအစာ ထုတ်လုပ်မှု ၊ခေတ်မီ မွေးမြူရေးစနစ် နှင့် ထုတ်လုပ်မှု နည်းပညာများကို လာရောက် ကြည့်ရှုလေ့လာ နိုင်ခြင်း
● နိုင်ငံပေါင်း ၁၈ နိုင်ငံမှ လာရောက်ပြသသူ ပေါင်း ၂၀၀ ကျော်နှင့် တွေ့ဆုံနိုင်ခြင်း
● နောက်ဆုံးပေါ် ထုတ်ကုန်အသစ်များကို တွေ့မြင်နိုင်ပြီး လုပ်ငန်းသစ်များစွာကို စတင်နိုင်ခြင်း
● နိုင်ငံတကာမှ ပညာရှင်များ၏ မွေးမြူရေးနှင့် အစာ ထုတ်လုပ်ခြင်း ဆွေးနွေးပွဲများကို အခမဲ့တက်ရောက်နိုင်ခြင်း
● ပြင်သစ်၊မလေးရှား၊စင်ကာပူ၊အီတလီ၊တရုတ် အစရှိသည့်နိုင်ငံများမှ လုပ်ငန်းပေါင်းများစွာကို လာရောက်လေ့လာနိုင်ခြင်း
Hosted by: Supported by: Platinum Sponsor: Gold Sponsors: Organised by:
Big Dutchman
JAPFA
MUYANG
Biomin
ZHENG CHANG
AMB EVENTS GROUP